www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက

စွေစင်း



No.78, November 2013

www.burmeseclassic.com

www.burmeseclassic.com


...ချုပ်အောင်ဆန်း၏
...အားအာနှင့်ဝတ်သက်သော
...ကြောင်းအရာများကို
...ညှိစုံစွာဖော်ပြထားသော

...သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့





ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်းနှင့်
ရဲဘော်သုံးကျိပ်


ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)






ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန် အတ္ထုပ္ပတ္တိ

Quality စာတည်းအဖွဲ့



ဆုပြည့်စုံထွန်းစာပေ


အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၇၈)၊ နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်

No. 78 November 2013

**လှည်းဝင်ရိုးသံ တညံညံ**
စောင်းညိုဖိုင်း (သန်လျင်) ၆

**အနက်ရောင်ကျိန်စာ**
ဇင်းရွှေသိန်း (ဇင်းကျိုက်) ၃၀

**အချစ်နှင့်အိမ်**
ကောင်းသူစ ၅၂

**လူထူးလူဆန်းတစ်ယောက်အကြောင်း**
ဆရာကြီးအရှိန္ဒာ ၆၅

**မြေလွှာထက်ရဲ့ ညှန်းတွဲ့သံစဉ်**
ခတ်ကုဏ်းမျိုးမြင့်အောင် ၇၆

**တောကြီးမာယာ**
ထောင်မှူးကြီးသိန်းဝင်း ၁၀၀

**လူကြိုက်ပိုင်က တစ္ဆေတောက်လမ်းများ**
ငါန်းငွေနီဖောင်ယွမ်းမွှန် ၁၀၅

**အညာသားဆောင်တလုတ်နှင့်မလုပ်ကောင်းလယ်**
ဆရာပု ၁၂၆

**စိမ့်နှံ့တဲ့ရှင်ဒွန်ရဲ့ ကိုယ်ပိုင်ဝဥ္စလက်**
နှိုးထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ) ၁၃၀

**လူနှစ်ယောက် ခက်ဘီးတစ်စီး သုသာန်ရှေ့ ဆောင်းတစ်ည**
ခင်ဘုန်းသိခ်သူ ၁၄၆

**ရွှေတစ်ကြက်ခွ**
ခင်းနှင်းမိုး ၂၀၀

**ဆောင်းညလေဒီ**
နုတ်စိမဟယ် ၂၂၀

**တစ္ဆေမော်တော်ကား**
ခနွတာမာန် ၂၄၂

**Next Month Preview** ၅

www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

အုပ်ချုပ်မှု အယ်ဒီတာ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့

ထုတ်ဝေသူ

မျက်နှာဖုံး
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်

ကွန်ပျူတာနှင့်ဖလင်
Quality

ပုံနှိပ်သူ

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

[illegible]အဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း


BURMESE CLASSIC .com

Next Month Preview











www.burmeseclassic.com

www.burmeseclassic.com

# လှည်းဝင်ရိုးသံ ကျွိကျွိ

ဆောင်ချမ်း (သန်လျင်)



ပန်းချီ ဇော်နိုင် ၊ ဝေမွန်လင်း



အချို့က ဒီကုန်းပေါ် မှာ မကောင်းတဲ့ခုစရိုက်မျိုးပြုလုပ်ရင် မိုးကြိုးပစ်သေ

ခြင်းခံရ ကြုံဖူးတော့ ဒီကုန်းကို မိုးကြိုးပစ်ကုန်းလို့ အဦးအစ ခေါ် တဲ့သူလည်

ခေါ် ခဲ့ကြတယ်။

အချို့ကလည်း ဒီကုန်းပေါ် မှာ ကုသိုလ်ကောင်းမှုများ သမထ၊ ဘာဝနာ

များများကျင့်ကြံရင် ထံကောင်းတယ်။ အန္တရာယ်ကင်းတယ်လို့လည်း ယူဆ

ကြတာကိုး ...။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ထူးခြားတာက ...

မိုးကြိုးပစ်ကုန်းပေါ်က ဘုန်းကြီးအိုကြီး ပျံလွန်တော်မူပြီး ရက်လည်တဲ့နေ့မှာအလွန်ကို သည်းထန်တဲ့ မိုးကြီး ရွာချလိုက်တာပဲ။

မိုးဟာ မွန်းတည့်ချိန်ကနေ ရွာလိုက်တာ မိုးစုပ်စုပ်ချုပ် ရောက်မှပဲ လုံးဝတိတ်သွားတော့တယ်။

ပိုပြီး ထူးခြားပြန်တာက ...

မိုးကြီး သည်းထန်စွာ ရွာပြီးနောက်ပိုင်း ကူးစက်ရောဂါတွေ အံ့ဖွယ်ကောင်းအောင် ပျောက်ကင်းသွားကြတာပဲကွယ်။

ရွာနီးချုပ်စပ်အားလုံး ဝမ်းသာလိုက်ကြတာ။ မိုးမရွာခင်တုန်းက ဟိုအိမ်ဒီအိမ် အလွန်မတတ်သာမှပဲ လူနာသတင်း သွားမေးရတယ်။

တော်ရုံနဲ့တော့ လူမမာသတင်း သွားမမေးကြဘူး၊ ရောဂါကူးမှာ ကြောက်ကြတာကိုး ...

ဆရာဝန်တို့၊ ဆေးမှူးတို့မရှိတဲ့အရပ်၊ ဖွံ့ဖြိုးမှုလုံးဝမရှိတဲ့အရပ်၊ ကလေးတွေတောင် ဘုန်းကြီးကျောင်းရှိမှ စာသင်ခွင့်ရတဲ့အရပ်ဆိုတော့ ...။

ကျန်းမာရေးကိစ္စ၊ ရောဂါကာကွယ်ရေးကိစ္စ ဗဟုသုတ နည်းပါးနေတာပေါ့ဗျာ။

နေ့မဝင်ခင် အမိုက်ပုံတွေ မီးရှို့၊ သံပုံးတီးပြီး အပကို နှင်ကြ ...။

အကြောင်းရှိရင် ဘုရားတ၊ ရေမန်းသောက်၊ ခုတော့ ... မိုးကြီးရွာချပြီးနောက်ပိုင်းမှာ ရောဂါဆိုးတွေ ထူးခြားစွာ ပျောက်ကွယ်သွားတော့ ဝမ်းသာကြတာပေါ့။

ပလိပ်ရောဂါနဲ့ ကာလဝမ်းရောဂါဟာ အလွန်ကြောက်ဖို့ကောင်းတယ်။


ကျေးလက်တောရွာ မြို့ဝေးဝေး အခေါက်များများမှာက စာမတတ်ကြတော့ ရောဂါ ဘာကြောင့်ဖြစ်တယ် မသိဘူး။

ကျုပ်တို့လည်း နောင်ကာလများစွာကြာပြီး မြို့နဲ့ အဆက်အသွယ်ရ ...။



ကြွက်သန်း၊ ကြွက်လှေးတွေမှာ အဲဒီရောဂါပိုး ပါရှိတတ်တယ်တဲ့။

လူတစ်ယောက်မှာ ပလိပ်ရောဂါပိုးရှိနေရင် အခြားလူတစ်ယောက်ကို ကူးစက်တာ မြန်တယ်။ ရောဂါရှင်ရဲ့ အရိအရွဲ သွေးပြည်၊ သလိပ်၊ ချောင်းဆိုးရာကနေ သူ့အဝတ်အစားကို မလျှော်မဖွပ် ဝတ်ဆင်ရာကနေလည်း ရောဂါကူးစက်တယ်။



ဒေသန္တရပညာရှင်များ၊ ဆေးမှူးများ လာရောက်ဟောပြောမှပဲ ပလိပ်ရောဂါရဲ့ဖြစ်မြစ်နဲ့ ကြောက်စရာကောင်းပုံကို သိရတယ်။

ပြင်းထန်ဆိုးရွားစွာ ရောဂါဝေဒနာခံစားရပြီး လူ့အသက်များစွာ ဆုံးရှုံးရတဲ့ ပလိပ်ရောဂါဟာ မသန့်ရှင်းတဲ့ ရောဂါရကြွက်ကနေ စ,လာတာပဲတဲ့။

မာစီးနီးယား(စ်) ပက်(စ်) တစ်(စ်) ဆိုတဲ့ ရောဂါပိုးကြောင့် ဖြစ်တာတဲ့ ရောဂါကို ပလိပ်ရောဂါလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီပိုးတွေဟာ ကြွက်နဲ့ ရှဉ့်သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ နေတတ်တယ်။

ကြွက်သန်း၊ ကြွက်လှေးတွေမှာ အဲဒီရောဂါပိုး ပါရှိတတ်တယ်တဲ့။

လူတစ်ယောက်မှာ ပလိပ်ရောဂါပိုးရှိနေရင် အခြားလူတစ်ယောက်ကို ကူးစက်တာ မြန်တယ်။ ရောဂါရှင်ရဲ့ အရိအရွဲ သွေးပြည်၊ သလိပ်၊ ချောင်းဆိုး [illegible] သူ့အဝတ်အစားကို မလျှော်မဖွပ် ဝတ်ဆင်ရာကနေလည်း ရောဂါ ကူးစက်တယ်။

ဆရာဝန်တွေ ရှင်းပြချက်အရဆိုရင် ...

အကျိတ်ထွယ်တဲ့ (ဗျူဘောနစ်ပလိပ်ရောဂါ) နှင့် အသက်ရှူလမ်းကြောင်းမှာဖြစ်တဲ့ (နျူမောနစ်ပလိပ်ရောဂါ) ဆိုပြီး နှစ်မျိုးရှိတယ်လို့ သိရတယ်။

ကျုပ်လည်း နားလည်လွန်းလို့ မဟုတ်ဘူးနော်။

ကျုပ်တို့ရွာတွေကို ဆေးမှူးတွေက ပညာပေး လက်ကမ်းစာစောင်တွေ၊ ပိုစတာတွေ လိုက်ပေးကပ်လို့ သိရတာ။

ဗျူဘောနစ် (အကျိတ်ပလိပ်) ဖြစ်လာရင် ကိုယ်အပူချိန်အံ့ဖွယ် (၁၀၄) ဒီဂရီအထိ တက်မယ်။ ချမ်းတုန်ပြီး မေ့ရိုက်နေမယ်။

အဲဒါ အကျိတ်ပလိပ်ကြွက်သန်း အကိုက်ခံရလို့ ဖြစ်တဲ့လက္ခဏာတဲ့။ သူဖြစ်ရင် ပေါင်တို့၊ ချိုင်းကြားတို့ လည်ပင်းတို့မှာရှိတဲ့ ပြန်ရည်ကျိတ်တွေ ရောင်ရမ်းကြီးထွားလာမယ်။

မကြာဘူး။ လူနာဟာ ကယောင်ကတမ်းတွေ ပြောလာရော။ ပလိပ်ရောဂါမှန်း မသိဘဲ ဆေးမြီးတိုတို့၊ ပယောဂဆရာတို့နဲ့ စုန်းတစ္ဆေ အမှောင့်ပယောဂ ဝင်တယ်မှတ်ပြီး ရမ်းသန်းကုလို့ကတော့ ...။

တစ်နည်း ...။

ပလိပ်ရောဂါ သဘောသဘာဝမှန်းမသိဘဲ တို့တို့တိတိကုနေရင် ...။



ရောဂါမှန်း သိပါလျက်ကယ်နဲ့ ထိထိရောက်ရောက် မကုခဲ့ရင် ငါးရက်အတွင်း သေရော ...။

နျူမောနစ် ပလိပ်ရောဂါလက္ခဏာကတော့ အဆုတ်ပလိပ်ရောဂါပဲ။ သူကလည်း အကျိတ်ပလိပ်ရောဂါလိုပဲ၊ ရုတ်တရက် ချမ်းတုန်ဖျားမယ်။

ခေါင်းအကြီးအကျယ်ကိုက်မယ်၊ အသက်ရှူကျပ်မယ်၊ ချောင်းဆိုးရင် သွေးစတွေ ပါလာမယ်၊ သူက မြန်တယ်။ ဆေးဝါးကောင်းကောင်းနဲ့ အလျင်အမြန်မကုခဲ့ရင် နှစ်ရက်အတွင်း သေရောတဲ့။

ကျုပ်တို့ဒေသမှာ အဲဒီပလိပ်ရောဂါရယ်၊ ဝမ်းရောဂါကြီးရယ် ဖြစ်ခဲ့တော့ ဆေးကောင်းဝါးကောင်းနဲ့လည်း မကုသရ။

ကာကွယ်ရေး၊ ကြိုတင်ကာကွယ်ရေးလည်း မသိ။ ဝေဒနာရှင်နဲ့ အတူနေ၊ လက်ပွန်းတတီးနေရာက အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် သေဆုံးခဲ့ရတာပေါ့ ...။

အချို့ဆို ကြောက်လို့ ရွာပစ်ပြေးကြတယ်။

အဲဒါ မိုးကြီးသည်းထန်စွာ ရွာပြီးနောက်ပိုင်းမှ ဘယ်ကလို ပျောက်မှန်း မသိဘူး၊ ပျောက်ကုန်တယ်။

☠

ဒီမှာ ကံကောင်းဆိုတဲ့ ကောင်လေးရဲ့အဖြစ်က အံ့ဩစရာပဲပေါ့။

ကံကောင်းရဲ့အမည်ရင်းက မောင်နီးတဲ့ကွ။

ပလိပ်ရောဂါကြောင့် ရွာသချိုင်းမှာ နေ့စဉ်လူစည်နေတာကလား ...

ညဘက် ချက်ချင်းအရေးပေါ်သင်္ဂြိုဟ်ရတယ်။

စက္ကာလ ငပိန်တောင် ရောဂါသည် မသာကို မြှုပ်ရင်း သူပါ ရောဂါဖြစ်ပြီး သေလို့၊ သချိုင်းကုန်း မြေမြှုပ်မည့်သူ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာရင်ကိုယ့်အရှင်းချင်း ချက်အရက်မူးအောင် သောက်ပြီး မြေကျင်းတူး ဖြစ်သလို မြေမြှုပ်ကြရတယ်။

သေတဲ့လူများနေတော့ မြေကျင်းလည်း စိမ်ပြေနပြေ ကျင်းနက်နက် မတူးကြတော့ပါဘူး။ ကိုယ်ပါ ဖျားနာပြီး ရောဂါကူး သေမှာစိုးလို့ ကျင်းတိမ်တိမ်တူး၊ အမြန်မြေဖို့ပြန်ပြေးရတာပဲကွ။

ကံဆိုးရင် မသာပို့ပြန်လာရင် အိမ်အရောက် ကိုယ်လည်း ရောဂါဖြစ်လို့ သေ၊ ချက်ချင်း အသုဘချ မြေမြှုပ်ရတာပဲ။

နောက်ဆုံးတော့…

ကိုယ့်အိမ်သားထဲက သေရင် ကိုယ့်မိသားစုလည်း ကျင်းအမြန်တူး၊ အမြန်မြေမြှုပ်ပဲ၊ သရဏဂုံတင်တာလည်း စတိပါပဲ၊ အရေးကြီးလာရင် သရဏဂုံ မတင်နိုင်ပါဘူး။ ရက်လည်လည်း မလုပ်တော့နိုင်ပါဘူး။

သေသူနောက် ကျန်လူက မနေးအမြန် လိုက်ရနေတာကိုး…

အနီစွ အမြဲမရှိပုံက မြန်တယ်ကွ။

မောင်နီးဆိုတဲ့ ကောင်လေးလည်း တစ်ညမှာ ပလိပ်ရောဂါနဲ့ ကိစ္စချောပါရောပေါ့၊ လူသေတာကို နီးရာလူက သေပြီလို့ အသိအမှတ်ပြုရင် သေပြီလို့ယူဆကြတာပဲ။

အသက်မရှုဘူး…

ခေါ်လို့မရဘူး၊ မျက်တောင်မခတ်ဘူး၊ အေးစက်တောင့်တင်းသွားရင် သေပြီလို့ ခပ်လွယ်လွယ်ပဲ လက်ခံကြတယ်။

ဒီလိုဆိုးရွားလွန်း ကူးစက်မြန်တဲ့ ရောဂါရှင်ကို သေ၊ မသေ စောင့်ကြည့်ပဦးဆိုတာ မလုပ်ကြတော့ဘူး။

မောင်နီး ညဘက်သေတော့ ဟိုးအဝေး ရွာပြင်က သင်္ချိုင်းမှာပဲ ညတွင်းချင်း သွားသင်္ဂြိုဟ်ရတယ်၊ အလောင်းမြှုပ်ဖို့ ကျင်းနက်နက်လည်း မတူးနိုင်ဘူး။ ခပ်တိမ်တိမ် အမြန်တူးမြှုပ်ပဲ၊



မြေပုံအသစ်တွေကလည်း နေရာချင်း ဆက်နေတယ်၊

ဖျာလိပ်စုတ်နဲ့ ပတ်လာတဲ့ မောင်နီးရဲ့အလောင်းကို ကျင်းတိမ်တိမ်မှာ မြေအမြန်ဖို့ခဲ့ပြီး အမြန်ဆုံး သင်္ချိုင်းကုန်းကနေ ပြေးခဲ့ရတယ်၊

ခွေးအူသံကလည်း ကြောက်စရာကြီး…

ငှက်ဆိုးတွေကလည်း သင်္ချိုင်းကုန်းပေါ်မှာ ဝဲပျံပြီး တဂီးဂီးနဲ့…

"အူ…ဝူ…ဝူ…ဝူ"

"အိန်…ဂိန်…ဂိန်…လိန်"

"ဂီး…ဂီး…ဂီး"

"ဂစ်…ဂစ်…ဂစ်"

"အူ…ဝူ…ဝူ…ဝူ"

ငှက်ဆိုးက သင်္ချိုင်းကုန်းပေါ်ကနေ ဟိုးရွာဘက်ကို ပျံရင်း တဂီးဂီးဂီး အော်နေတာ…။

"ဗွီ…ဗွီ"

"ဘုရား…ဘုရား"

"ဟော…ဟိုမှာ မီးတုတ်တွေနဲ့ဟ…"

"လူသေလို့ ချက်ချင်းချတာနေမှာပဲဟ…မြန်မြန်လာ"

သူတို့ မီးတုတ်တွေနဲ့ လာနေတဲ့ မသာရှင် ဘယ်သူလဲပေါ့လို့ မမေးရဲဘူး။ ဒီမှာ ညတွင်းချင်း အရေးပေါ်လာသင်္ဂြိုဟ်တဲ့ မသာမှန်ရင် တွေးမနေနဲ့၊

သူတို့ မောင်နီးရဲ့မြေပုံကို ကျောခိုင်းပြီး ရွာရှိရာကို ခပ်သုတ်သုတ် လှမ်းလာခဲ့လိုက်ကြတယ်၊

နောက် မိုးကြီးရွာပြီး တစ်လခန့်အကြာမှာ သေသွားတဲ့ မောင်နီး ရွာကို ပြန်ရောက်လာတယ်ဆိုပြီး တစ်ရွာလုံး ညံကြပါရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com

လူကောင်းတစ်ယောက်အဖြစ်နဲ့တော့ မဟုတ်ဘူး။

ဦးနောက်ပျက်သွားတဲ့ စိတ်ဝေဒနာရှင် အရူးတစ်ယောက် ဘဝအနေနဲ့ပါ၊

မောင်နိုးရဲ့ရုပ်ဆင်းအင်္ဂါကတော့ ခြေလက်မသန်တော့ဘူး၊ မျက်တွင်းကလည်း ဟောက်ပက်နဲ့ ...၊

အဝတ်အစားများကလည်း စုတ်စုတ်ပြတ်ပြတ်ဖြစ်ပြီး ပါးစပ်ကလည်း သွားရည်တများများနေတယ်၊

အမေ မုဆိုးမကြီးကလည်း သူ့သားမှန်းတော့ သိတယ်၊ ဒါပေမဲ့ ... မယုံဘူး၊

ရွာထဲက လူတွေကလည်း ဒါ ... သေသွားတဲ့ မောင်နိုးမှန်းသိတယ်၊ သို့သော် မောင်နိုးစစ်စစ်လို့ မယုံကြဘူး၊ ရုပ်ပျက်နေပြီကိုး ...၊

မောင်နိုးဟာ ပလိပ်ရောဂါနဲ့ သေသွားလို့ ညတွင်းချင်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာ သူတို့ကိုယ်တိုင်ပဲဥစ္စာ ...

ဒါပေမဲ့ ... ဒီအရူးရဲ့ရုပ်က သေသူ မောင်နိုးရဲ့ ရုပ်နဲ့အလွန်တူနေတယ်၊ ခြေမသန်၊ လက်မသန်နဲ့ ဦးနောက်မှုမမှန်တာပဲ ကွာနေတာကို အံ့ဖွယ်ဖြစ်နေရတယ်၊

"ဒေါ်ခွေးမ ... အဲဒါ ခင်ဗျားသား မောင်နိုး မဟုတ်လား"

"မောင်နိုးနဲ့တော့တူတယ်၊ ငါ့သား မောင်နိုးက သေသွားပြီလေ၊ သေတဲ့လူ၊ မြေမြှုပ်ခံရတဲ့လူဟာ ဘယ်လိုလုပ် ပြန်ရှင်မှာတုံး"

ဒေါ်ခွေးမကလည်း သူ့သားပါလို့ မယုံကြည်ဘူး၊

အရူး၊ ခြေမသန်၊ လက်မသန်ကလည်း သူ့ကို "အမေ" လို့ မခေါ်ပါဘူး၊ အရူး (မောင်နိုးနဲ့တူသူ)က ရွာတွေအနှံ့ လျှောက်သွားတယ်၊

ကြုံတဲ့အိမ်ရှေ့မှာ ပိုက်ဆံတောင်း၊ ထမင်းကျန်၊ ဟင်းကျန် လိုက်တောင်းစားတယ်၊



ဒီအရူးဟာ လွန်ခဲ့တဲ့ တစ်လခန့်က ကွယ်လွန်သွားတဲ့ မောင်နိုးနဲ့တူလွန်းလို့ ရွာကလူတွေက တွေ့ရင် မေးကြပါရောလား ...၊

"ဟေ့ကောင်လေး ..."

"အင် ... အင်"

"မင်းနာမည် ဘယ်လိုခေါ်တုံး"

"အင်း ... အင်း ... အဟင်း"

အရူးက သူကိုင်ထားတဲ့ တုတ်တောင်ဝေးတိုနဲ့ ကစားရင်းအင်း၊ အဟင်းပဲ အသံထွက်ထွက်နေတယ်၊

"မင်းနာမည် မောင်နိုးလား"

"အင်း ... အဟင်း"

"ဟေ့ကောင် ... မင်း ... ဒေါ်ခွေးမသား မောင်နိုးလားဟေ့"

"အင်း ... အဟင်း ... ဟင်း"

"ကိုမြကြီးရေ ... မေးမနေပါနဲ့တော့ဗျာ၊ မောင်နိုး မဟုတ်လို့သာနေမှာပါ၊ ဟုတ်ရင် ဟုတ်တယ် ပြောမှာပေါ့"

ဘယ်သူက မေးမေး မဖြေဘူး၊ ဟုတ်တယ်လို့ မပြောဘူး၊ သူ ဘယ်က လာတာလည်း လိုက်ကြည့်လျှင် ...၊

နေရာ အတိအကျ မရှိဘူး၊

တဲပျက်မှာ ဝင်အိပ်ချင် အိပ်မယ်၊ သချိုင်းကုန်းမှာ အိပ်ချင်အိပ်တယ်၊ တစ်ခုတော့ ထူးခြားတယ်၊

မုဆိုးမ ဒေါ်ခွေးမရဲ့အိမ်ရှေ့ရောက်လျှင် အတန်ရပ်ပြီး အိမ်ရှိရာကို ငေးကြည့်လေ့ရှိတာ ထူးခြား ထူးခြားတာပဲ၊ အရူးလေးက ခြံထဲကို မဝင်ဘူးနော်၊

တစ်နေ့ အရူးကလေး ဒေါ်ခွေးမအိမ်ရှေ့ကနေ အိမ်ထဲကို ငေးမောကြည့်နေတုန်း ဒေါ်ခွေးမက စားစရာလေးကိုင်ပြီး ထွက်တွေ့လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

“လူကလေး…”

“ဟဲ့…လူကလေး”

“အင်…”

“မင်းက…ငါ့သား မောင်နီးလား”

အရူးလေးက စကားပြန်မပြောဘူး။

“ပြောလေ…မင်းက ငါ့အိမ်ရှေ့ကနေ နေ့တိုင်းမင်းရပ်ရပ်ကြည့်နေတာ ငါမြင်တယ်၊ မင်းက ငါ့သား မောင်နီးပဲလား”

အရူးကလေးက ဒေါ်ခွေးမရဲ့မျက်နှာကို စိုက်ကြည့်ပေးမောရင်းက ရှာခနဲ လှည့်ထွက်သွားပါရော…။

“သား…အဲလေ”

“မောင်နီး…ဟုတ်ပေါင်တော်၊ ဟဲ့…လူကလေး၊ နေပါဦး…ရပ်ပါဦး တွယ်၊ ရော…ရော…သရက်သီးလေး ယူသွားပါဦး…ကလေးရဲ့”

နောက်ကနေ အပြေးလိုက်ပြီး လက်ထဲကို ထည့်ပေးမှ ယူပြီး ထော့နင်း ထော့နင်းနဲ့ သုတ်သုတ်နင်ပါလေရောပေါ့…။

နောက်တစ်ချက် ထူးခြားတာရှိသေးသကွယ့်…။

အရူးလေးဟာ ဒေါ်ခွေးမ ပေးလိုက်တဲ့ သရက်သီးမှည့်ကို မစားဘူးကွ၊ သူက မစားဘဲနဲ့ မိုးကြိုးပစ်ကုန်းပေါ်က ဘုရားပုံတော်ရှေ့မှာ သရက်သီးကို ကပ်လှူပြီး ပါးစပ်က တတွတ်တွတ် ရွတ်နေတာကို ကုန်းပေါ် ရောက်နေတဲ့ ရွာသူရွာသားအချို့က မြင်ခဲ့ကြတယ်၊

ဒီအကြောင်း ဒေါ်ခွေးမကို ပြန်ပြောပြကြတော့…

“ငါ့သားလေးများ ဖြစ်နေမလား မသိဘူးအေ…”

“ဟုတ်ပျာ…ဟုတ်ရောလား မသိဘူး…ကြီးတော်ရဲ့”

“ဟူး…ငါ့သား မောင်နီးက သေသွားပြီလေ”

“သေရွာကနေများ ပြန်ရှင်…”



“မဖြစ်နိုင်ပါဘူး မိသန်းမြတို့ရယ်၊ ငါတို့အရပ်မှာ သေရွာရောက်မှ ပြန်ရှင်တဲ့လူရယ်လို့ မကြားဖူးပါဘူးအေ…”

“ဟုတ်နေရင် ဘယ်လိုလုပ်မှာတုံး…ကြီးတော်ရဲ့”

“ငါလည်း တွေ့တိုင်း မေးပါတယ် မလှခင်ရယ်၊ မင်းက ငါ့သား မောင်နီးလားလို့ မေးရင် ဘာမှပြန်မပြောဘူး၊ လူတူလို့နေမှာပါအေ…”

“ကြီးတော်…”

“ဘာတုံးအေ…”

“တကယ်လို့များ ဒီကောင်လေးက ကြီးတော်သား အစစ်ဖြစ်နေရင် ဘယ်လိုလုပ်မှာလဲ ဟင်”

“ငါ့သား…”

“အေးပေါ့”

“သူက သေရွာပြန်”

“ဟုတ်ပြီလေ…သေရွာပြန် ကြီးတော်သား ဖြစ်ခဲ့ရင်”

“သား-သား-သေရွာပြန် ငါ့သားလေး ဖြစ်ခဲ့ရင် ဟီး-အင့်-ဟီး၊ ငါ့သားပဲအေ-သေရွာကပဲပြန်ပြန်၊ ငရဲပြည်ကပဲပြန်ပြန် ချစ်ရမှာပဲ၊ မွေးရမှာပဲ အေ့-ဟီး”

တိုတိုပြောရရင် ဒေါ်ခွေးမကလည်း သေသွားတဲ့သူ့သားလေးနဲ့ တူလွန်းလို့ သူ့အိမ်ရှေ့လာရပ်ကြည့်တိုင်း စားစရာတစ်ခုခုကို ပေးလေ့ရှိသလို…။

အရူးကလေးကလည်း ဒေါ်ခွေးမ ပေးသမျှ စားစရာများကို မိုးကြိုးပစ် ကုန်းပေါ်က ဗုဒ္ဓရုပ်ပွားပုံတော်ရှေ့မှာ ဆွမ်းတော်တင်တာ အစဉ်အမြဲပဲ၊

ကုန်းပေါ်မှာ ရွာသူရွာသားအချို့နဲ့ တွေ့ပေမယ့်လည်း မည်သူ့ကိုမှ စကား မပြောဘူး။



www.burmeseclassic.com

www.burmeseclassic.com

အမှိုက်လှဲစရာရှိ လှဲတယ်၊ အမှိုက်ကောက်ချင် ကောက်တယ်၊ ဒါမှ မဟုတ်တောင်ကုန်းပေါ်တက်တဲ့လမ်းကလေးကိုမြေဖို့မြက်နုတ်၊လမ်းနံဘေး ခဲလုံးများ စီပြီး ညီညာလှပအောင် လုပ်နေတတ်တယ်။

အဲဒါ ကြုံတဲ့လူက တစ်ပဲ၊ တစ်မူး ပေးသွားကြသလို ဟင်းကျန်၊ ထမင်း ကျန်များလည်း စားဖို့ ပေးကြတယ်။

နေဝင်ခါနီးမှ ဗုဒ္ဓရုပ်ပွားတော်ပုံကို အကြိမ်ကြိမ် လေးဝါးဆယ်ကြိမ် ဦးချ ကန်တော့ပြီးမှ ပြန်ဆင်းလေ့ရှိတယ်။

တစ်နေ့ နေဝင်ဖျိုးဖျအချိန် ...

ဘုရားကိုဦးအကြိမ်လေးဝါးဆယ်ကြိမ် ချပြီးပြန်အဆင်း၊ တောင်အဆင်း တစ်နေရာအရောက်မှာ ...

အရောင်ပြောင်လက်နေတဲ့ ဝိုင်းဝိုင်းပစ္စည်းလေးတစ်ခုကို တွေ့ပြီး ငုံ့ ကြည့်နေတုန်းမှာပဲ -

"မောင်လေး..."

"ဟင်..."

သူ တွေ့လိုက်ရတာ အလွန်ကို ချောမောလှပတဲ့ မိန်းမပျိုတစ်ဦးပဲ၊ လှ လိုက်တာ ...။

"ယူသွားလေ..."

"ရှာ..."

"မင်းနဲ့ ထိုက်လို့ရတာ၊ အဲဒါ ငွေဒင်္ဂါးလို့ ခေါ်တယ်၊ အဖိုးတန်တယ်၊ ဆေးကုလို့ရတယ်၊ မုန့်ဝယ်စားလို့ရတယ်၊ ကောက်ယူသွားလိုက်၊ သူများကို လျှောက်မပြနဲ့၊ လုယူသွားလိမ့်မယ်"

ဒါနဲ့ သူ ငွေဒင်္ဂါးပြားကို ဝမ်းသာအားရ ကောက်ယူပြီး ပုဆိုးခါးပုံစကြား မှာ ဖွက်သိမ်းလို့ သူ့အိပ်နေကျ လယ်တဲစုတ်လေးရှိရာကို အပြေးပြန်လာခဲ့ လိုက်တယ်။

☠



"ဟင်"

"ဒါ...ဘာပါလိမ့်တော်"

ဒေါ်ခွေးမ မိုးလင်းလို့ မျက်နှာသစ်မယ်ဆိုပြီး ဆင်းရော မြေပြင်မှာ ဝင်း ဝင်းဖွေးဖွေးပစ္စည်းတွေ့လို့ ကောက်ကြည့်လိုက်တော့ ...

"ဟင်...ငွေဒင်္ဂါးတစ်ပြားပါလား"

သူမ ငွေဒင်္ဂါး စစ်၊ မစစ် လက်နဲ့ တောက်ကြည့်ရော ...။

"ရွှင် ..."

"ငွေဒင်္ဂါးအစစ်ပဲတော်"

အဲဒါ အိမ်ရှေ့မြေပြင်ကနေ ငွေဒင်္ဂါးတစ်ပြား ကောက်ရတဲ့အကြောင်း အိမ်နီးနားချင်းများ ပြောမိတော့ ကြားရသူတွေ အံ့သြကြတာပေါ့။

ဒီမှာ ထူးဆန်းနေတာက ...

စနေနေ့ မနက်ရောက်တိုင်း အိမ်ရှေ့မြေပြင် မြံဝန်းထဲကနေ ငွေဒင်္ဂါး တစ်ပြား တစ်ပြား ရနေတာရယ်၊ အားလုံး ငွေဒင်္ဂါးလေးပြားတိတိ ရှိသွားပြီ၊

အိမ်နီးနားချင်းတွေလည်း အံ့သြလို့မဆုံး၊

"နတ်တွေ လာချပေးတာနေမှာပဲ ... မခွေးမရဲ့"

"ဟုတ်တယ်နဲ့ တူပါရဲ့တော်"

"လာဘ်ရရင် ကုသိုလ်ကောင်းမှု လုပ်ရတယ်တဲ့ ... မခွေးမရေ"

"ဟုတ်တယ်တော်၊ ကျုပ်မ ဘာလုပ်ရင်ကောင်းမှာလဲ၊ အိမ်ရှေ့မှာ လာ ရပ်တဲ့ အရှုးကလေးကိုလည်း ခေါ်ကျွေးတယ်၊ သို့သော် ခေါ်လို့မရဘူး၊ ဒါနဲ့ ထမင်းတစ်ထုပ် ထုပ်ပေးလိုက်မှ အရူးလေးက ဝမ်းသာအားရ ပြန်သွားရှာ တယ်။

ဒေါ်ခွေးမ ငွေဒင်္ဂါးများ စနေနေ့တိုင်း မြံထဲက ကောက်ရသည့်သတင်း က လူအဝန်းအဝိုင်းမှာ ပျံ့နှံ့သွားလိုက်တာ ...

ဒီသတင်းကို သိုက်ဆရာ ဦးတိုက်ကြီးတို့ ကြားသွားရော ...



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး ... ဒါ သိုက်က လာပေးတာနေမှာဗျ"

"ဖြစ်နိုင်တယ် ... မောင်စိန်သောင်းရဲ့ မြေကြီးတူးရင်း ရတာလဲမဟုတ်၊ စနေနေ့ မနက်တိုင်း အိမ်ခြံဝန်းထဲကနေ ငွေဒင်္ဂါးတစ်ပြား တစ်ပြား ရတယ်ဆိုတာ သိုက်က မပေးလို့ ဘယ်သူ လာပေးမှာတုံး - မောင်စိန်သောင်းရ"

"ဆရာကြီး"

"ပြော ... တပည့်"

"ဒေါ်ခွေးမ အိမ်ခြံမှာ ရတနာသိုက် ရှိနေလို့လားဟင်"

"စောင့်ကြည့်ရမယ် ... ဒီသိုက်ကို ငါတို့ပညာနဲ့ စီရင်၊ သိုက်ကြိုးချုပ်ပြီး ရှိတဲ့ရတနာတွေကို ယူရမှာပဲကွ၊ ငါ့တပည့် ... ဒေါ်ခွေးမတို့ လှုပ်ရှားမှုကို စောင့်ကြည့်၊ ထူးခြားရင် ဆရာကြီးကို ပြော"

ဒါနဲ့ သိုက်ဆရာ ဦးတိုက်ကြီးရဲ့ လက်ရင်းတပည့် မောင်စိန်သောင်းဟာ နေ့ရော ညပါ ဒေါ်ခွေးမအိမ် စောင့်ကြည့်နေတုန်း။

စနေနေ့၊ အရုဏ်တက်ချိန်မှာ ...

စိတ်မနှံ့တဲ့ အရူးကလေးရယ် ...

ထော့နင်း ထော့နင်းနဲ့ ဒေါ်ခွေးမခြံရှေ့ရောက်လာပြီး ခြံဝန်းထဲသို့ ပစ္စည်းတစ်ခု လှမ်းပစ်လို့ အသာပြန်ထွက်သွားတာကို မောင်စိန်သောင်း မြင်လိုက်ရတယ်၊

အရူးလေး မရှိတော့မှ ခွေးတိုးပေါက်ကနေ ဝင်ပြီး အရူးလေး ပစ်လိုက်တဲ့ပစ္စည်းကို ကောက်ယူကြည့်လိုက်ရော ...၊

"ဟင် ..."

"ငွေဒင်္ဂါးတစ်ပြားပါလား"

"ဒါဆိုရင် ... ဟုတ်ပြီ"




အရူးကလေးကလည်း ကံထူးနေတာပါပဲကွာ၊ တစ်ပတ်ကိုတစ်ခါ ငွေဒင်္ဂါးတစ်ပြားတစ်ပြား မိုးကြိုးပစ်ကုန်းပတ်ဝန်းကျင်က ကောက်ရနေတာတဲ့၊ ရတဲ့ငွေဒင်္ဂါးတစ်ပြားကို ဒေါ်ခွေးမခြံထဲ ပစ်ပေးနေတာလို့ သိုက်ဆရာ ဆရာ တပည့် သွားပြီး အဲဒီ အရူးလေးကို ဖမ်းပြီးမေးကြတယ်၊

"မှန်မှန်ပြော ... မင်း ဒီငွေဒင်္ဂါး ဘယ်ကရလဲ"

"ဟင့်အင်း ..."

"ဖောင်း ..."

"အား ..."



"ကိုင်း ... မိုးကြိုးပစ်ကုန်း

ဝန်းကျင်မှာ ရှိနေကြတဲ့

တောစောင့်၊ တောင်စောင့်များ၊

ရုက္ခစိုးကြီးများ ... ကျွန်ုပ်တို့

ဥစ္စာသိုက်ဖော်တဲ့ လုပ်ငန်းမှာ

ဝိုင်းဝန်းကူညီစောင့်ရှောက်ကြပါ။

အောင်မြင်ခဲ့ပါလျှင် သင်တို့ကို နတ်နန်းများ ဆောက်လုပ်၍

စားပွဲယ်များ ဆက်ပါမည်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီငွေဒင်္ဂါးမင်းကို ပြန်ပေးမယ်၊ ပြော…ဘယ်ကရတာလဲ"

"ဟင့်အင်း"

"ဖြန်း"

"အား…"

"ဖောင်း"

"အား…"

"ခွပ်"

"အား…အ…အ"

"မင်းအမှန်အတိုင်းမပြောရင်မင်းငွေဒင်္ဂါး…သွား…သွားပစ်ချပေးနေတဲ့ ဒေါ်ခွေးမကို အရင်သတ်မယ်"

"ဟင့်အင်း…မ…မလုပ်…ပါ…နဲ့"

"စိန်သောင်း"

"ဗျာ…ဆရာကြီး"

"ဒေါ်ခွေးမကို ဓားနဲ့ ထိုးသတ်လိုက်"

"မ…မလုပ်ပါနဲ့…ပြော…ပြောပါ့မယ်"

"ဒီလို လိမ္မာမှပေါ့၊ ကိုင်း…ပြောစမ်း၊ ဒီငွေဒင်္ဂါးတွေ ဘယ်နေရာက ရတာတုံး၊ လိမ်ပြောရင် မင်းရော၊ ဒေါ်ခွေးမရော - အသေပဲ"

ဒါနဲ့ အရှုးလေးက သူချစ်မြတ်နိုးတဲ့ ဒေါ်ခွေးမ အသတ်ခံရမှာစိုးလို့ မိုးကြိုးပစ်ကုန်း ကုန်းခြေက ကောက်ရတဲ့အကြောင်း ပြောပြလိုက်တယ်၊

"ဥစ္စာစောင့်မတွေ့ ပေးတာလား"

"ဟင့်အင်း…ကောက်ရတာပါ"

"အမွေးရန့်တွေ ရှုမိသလား"

"အင်း…"

"သီချင်းဆိုသံ…တစ်ခါတစ်ခါ ကြားရလား"



"အင်း…"

"မိန်းမချောချောလှလှရော မြင်ဖူးလား"

"အင်း…"

"ဟုတ်ပြီ… မောင်စိန်သောင်းရေ၊ မိုးကြိုးပစ်ကုန်းဝန်းကျင်မှာ ဥစ္စာသိုက် ရှိတာ ကျိန်းသေပြီပေါ့၊ ငါတို့ ဥစ္စာသိုက်ကို အမြန်ဖော်ရတော့မှာပေါ့ကွာ"

ညဥ့်သန်းခေါင်ယံမှာတဲ့ကွ…သိုက်ဆရာ ဦးတိုက်ကြီးနဲ့ သူ့တပည့် စိန်သောင်းတို့ဟာ ကန်တော့ပွဲတွေပေး၊ အစီအရင် ဖယောင်းတိုင်တွေကို မိုးကြိုးပစ်ကုန်းအခြေမှာ ထွန်းညှိပြီး စည်းချနေကြတယ်၊

"မောင်စိန်သောင်း"

"ဗျာ…ဆရာကြီး"

"ငါချထားတဲ့ သည်ဝိုင်းအတွင်းမှာပဲ နေနော်"

"ဟုတ်ကဲ့ပါ…ဆရာကြီး"

"ဘယ်သူလာခေါ်ခေါ် ပြန်မထူးနဲ့"

"ဟုတ်"

"တစ်ယောက်ယောက်က စားစရာတို့၊ ပစ္စည်းတို့ လာပေးရင်လည်း မယူနဲ့"

"ဟုတ်ကဲ့"

"စည်းပေါက်ရင် ငါတို့အသက် ဆုံးရှုံးလိမ့်မယ် - ကြားလား"

"ဟုတ်"

"ကိုင်း…မိုးကြိုးပစ်ကုန်းဝန်းကျင်မှာ ရှိနေကြတဲ့ တောစောင့်၊ တောင်စောင့်များ၊ ရုက္ခစိုးကြီးများ…ကျွန်ုပ်တို့ဥစ္စာသိုက်ဖော်တဲ့ လုပ်ငန်းမှာဝိုင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကူညီစောင့်ရှောက်ကြပါ။ အောင်မြင်ခဲ့ပါလျှင် သင်တို့ကို နတ်နန်းများ ဆောက်လုပ်၍ စားဖွယ်များ ဆက်ပါမည်"

"အနှောင့်အယှက်များကို ဖယ်ရှားတော်မူပါ"

"ဥစ္စာသိုက်စောင့်တို့ကို အရှောက်ပို့ပေးကြပါ"

"ဥုံ…ဖမ္မုဒီပါ၊ သရဲ၊ ပတ်ကုန်း၊ ကျွန်းလုံးနှံ့မျှ၊ အနန္တတည့်၊ ရက္ခဒေဝါ၊ မဟာရက္ခ အကုန်စသည့်နတ်များ သောင်းသောင်း၊ နတ်အပေါင်းတို့ …"

"နစ်သိန်းလေးသောင်း၊ အပေါင်းသရဲ၊ ပြည်မျက်နှာတွင်၊ နေထခြင်းသည်၊ ဒွေ့ရေမည်ရ၊ နတ်မိန်းမ၊ ထက်မိုးသိကြား၊ နတ်မင်းများကစ၍၊ နတ်မြတ်အကြီး၊ နတ်ပါးတီးက … ပြီးအောင် စောင့်ရှောက်ကူညီကြကုန်လော့"

"ဥုံ…ရက္ခတာ၊နတ်များစွာတို့၊ငါ့အားတစ်ဝ၊မသိမသာ၊နေမိပြားမှု၊ဘုရားစိမ်ရေ၊ တရားစိမ်ရေ၊ သံဃာစိမ်ရေ၊ တေမိစိမ်ရေ၊ နေမိစိမ်ရေ၊ လမင်းစိမ်ရေ၊ နတ်မင်းစိမ်ရေ…"

"ကျွန်ုပ် ခေါ်၍မှ၊ မလာနေလျှင်၊ နင့်အရိုးကို၊ သားရိုးပလွေ၊ ကျက်မလေ…"

"နင့်အရိုးကို စောင်းငြင်းပလွေ၊ ကျက်မလေ ဥုံ-ဥုံ-ဥုံ"

"ဝေါ…ဝေါ…ဝေါ"

"ဝူး…ဝူး…ဝူး"

"ဂရော…ဂရော…ဂရော…ဂျိမ်း…ဂျိမ်း…ဂျိမ်း"

"ဆရာကြီး…လေတွေ၊ မိုးတွေ ကျ… ကျလာပြီဗျ"

"ဥုံ…ငါ၏ရန်သူ ဟူလေသမျှ ရန်စရှာလျှင်"

"ဂျိမ်း"

"အမလေး"

"ဂျိုင်း"

"မကြာပင်လျှဦး၊ ပင်လယ်တွင်းမှာ၊ သဘော်ာပျက်သို့၊ လွှင့်ထွက်တစ်ပါး…"



"ဝေါ…ဝေါ…ဝေါ"

"ဝုန်း…ဂလုံး…ကလုံး"

"ငါနှင့်ပြိုင်က၊ မြင်းမိုရ်ခြားသို့၊ ပြုရာမနိုင်၊ ကျောက်စာတိုင်သို့၊ နိုင်ပါစေ-ဥုံ-ဥုံ"

"ဂလုံး…ဂလုံး…ဂလွမ်း"

"ဆ…ဆ…ရာကြီး…ကန်တော့ပွဲတွေ မှောက်ကုန်ပြီ၊ ဖယောင်းတိုင်တွေ ငြိမ်းကုန်ပြီ…ပြေး…ပြေး"

"ဝါး…ဟား…ဟား…ဟား…ဟား"

"ဟီး…ဟီး…ဟီး…ဟီး…ဟီး"

"ခစ်…ခစ်…ခစ်…ခစ်…ခစ်"

လေကြီး၊ မိုးကြီးကျပြီး ရယ်သံတွေ အရပ်ရှစ်မျက်နှာက ကြောက်ခမန်းလိလိ ကြားနေရတယ်။

တစ်မိုးလုံး မှောင်မည်းပြီး တောကိုးသံ၊ သစ်ပင်တွေ ပြိုလဲသံ၊ ငှက်ဆိုးသိုးသံများနဲ့အတူ …

"စိန်သောင်းရေ… စိန်သောင်း"

"ဆရာကြီး… ဦးတိုက်ကြီးရေ"

"စိန်သောင်းရေ… မောင်လေးရေ"

"ဆရာကြီး…ကျွန်တော်တို့နာမည်ကို ခေါ်နေကြပြီဗျ"

"မထူးနဲ့… လုံးဝမထူးနဲ့"

"ချိမ်း"

"ဂျိုင်း… ဂျိုင်း"

"ဝေါ-ဝေါ-ဝေါ"

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လေတိုက်သံ၊ ခေါ်သံ၊ အော်သံများနှင့်အတူ မိုးကြီး သည်းထန်စွာလို ပင်လယ်က ဒီရေတက်သံလို ကြားရပြီး သူတို့နစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကို ရေလုံးများ စီးမိုးလာလိုက်ပြီး ရေလုံးထဲ အရှိန်နဲ့ မျောပါသွားကြတော့တယ်။

☠

မိုးလင်းတော့ သူတို့နှစ်ဦးရဲ့ပက်လက်အလောင်းကို ကုန်းပေါ်သွားတဲ့ သူတွေ တွေ့မြင်ကြတော့ အံ့ဖွယ်ဖြစ်ကြရပါရောဟေ့။

အနီးမှာ ငှက်ပျောသီး၊ အုန်းသီးနဲ့ ဖယောင်းတိုင်တွေ ပြန့်ကျဲလို့ ...၊ ဇလုံနှစ်လုံးက သူတို့ သေသူနှစ်ဦးမျက်နှာပေါ် အုပ်နေလို့ လှန်လိုက်တော့မှ ...

သိုက်ဆရာ၊ အောက်လမ်းဆရာ နှစ်ဦးမှန်း သိရတယ်။

"သူတို့ ဒီနေရာမှာ ဘာလို့ လာသေကြတာတုံးဗျာ"

"ကြည့်ရတာ ... ဒီနေရာမှာ သိုက်တူးရင်း အသေဆိုးနဲ့ သေတာနေမှာပေါ့ကွ၊ သင်းတို့က အောက်လမ်းဆရာတွေလေ၊ ဒီမိုးကြိုးပစ်ကုန်းကို ပေါ့ပေါ့သေးသေးမှတ်ပြီး လာစမ်းကြတာကိုး"

"နေပါဦး ... ကိုမှတ်ကြီးရယ်၊ ဒီနေရာမှာ ဥစ္စာသိုက်ရှိတယ်လို့ ဘယ်သူက ပြောလို့တုံးတော်"

"မခွေးမ ... သူကသိုလ်ကံနဲ့သူ ငွေဒင်္ဂါးရနေတာကို သိုက်က ပေးတာထင်ပြီး ဒီနေရာမှာ လာရှာတာနေမှာပေါ့"

"ရင်ဘတ်တွေလည်း စုတ်ပြဲနေတာပဲ"

"ကြားဖူးတာကတော့ ဘုရားသိုက်တို့၊ ဥစ္စာသိုက်တို့ကို မတော်လောဘနဲ့ ရယူလိုမှုလုပ်ရင် မြေပြင်ကို ရေထင်ပြီး ကူးရရောတဲ့"

"အေး ...ညတုန်းက မိုးခြိမ်းသံ၊ မိုးရွာသံတော့ ကြားရသားဟဲ့၊ ကြည့်ရတာ ... သင်းတို့ဆရာတပည့် ကြောက်စရာကြုံပြီး သေရပုံပဲဟေ့ ... ကြည့်စမ်း ... မျက်နှာမဲ့ရွဲ့ ပါးစပ်ပြဲပြီး မျက်လုံးကို ပြူးနေတာပဲ"



"ကိုင်း ... သူကြီးကိုပြောပြီး မြေမြှုပ်ဖို့လုပ်ကြတော့"

နေ့ခင်းပိုင်းမှာဒဏ်ရာဒဏ်ချက်တွေနဲ့အရူးကလေးကိုမြင်ကြလို့သနားပြီး ဝိုင်းမေးကြတော့ သိုက်ဆရာနှစ်ဦးက သူ့ကို ရိုက်တဲ့အကြောင်းလည်း ပြောပြတယ်။

"မင်းကို သိုက်ဆရာက ဘာလို့ရိုက်ရတာတုံး"

"မသိဘူး"

"အကြောင်းရှိမှာပါကွာ၊ မင်း မှန်မှန်ပြောစမ်း"

"မသိဘူး"

အရူးက ဖြစ်ရပ်မှန်ကို လုံးဝကို မပြောတော့ လူကြီးတွေ စဉ်းစားရကြပ်တာပေါ့၊ ဝိုင်းစဉ်းစားကြတာတော့ ရှိတယ်။

ငွေဒင်္ဂါးက ဒေါ်ခွေးမခြံထဲ ဘယ်လိုရောက်လာရတာတုံး။

အရူးကို သိုက်ဆရာနှစ်ဦးက ဘာကြောင့် ရိုက်ရတာတုံး။

ငွေဒင်္ဂါးကိစ္စကို သိချင်ရိုးမှန်ရင် ဒင်္ဂါးပိုင်ရှင် ဒေါ်ခွေးမကိုပဲ ရိုက်နှက်ပြီး မေးရမှာပေါ့၊ ခုတော့ ...၊

အရူးကိုမှ ရိုက်ပြီးမေးတာ ဘာကြောင့်လဲ ...၊

စဉ်းစားရခက်နေကြတယ်။

ည သန်းခေါင်ယံလည်း ရောက်ရော၊ ရွာဖျား မိုးကြိုးပစ်ကုန်းဝန်းကျင်ကနေ ဆူဆူညံညံအသံတွေ ကြားကြရပါရောဟေ့။

"ကလုံး ... ဂလုံး ...ကလုံး"

"ကျွီ ... ကျွီ ... ကျွီ"

"ဟဲ့ ... သားကြီးရ ... ဟဲ့ ... ပြေးပါဟ"

"ရွှမ်း ... "

"ဝပ်ထိန်း ... ဖွး ... ဝပ်ထိန်း"

"ဂလုံ ... ကလုံ ... ဂလုံ"



www.burmeseclassic.com

www.burmeseclassic.com

ရှုရှုည့်ည့်အသံတွေကြောင့် အိပ်ပျော်နေသူ အချို့ပင် နိုးလာပြီး နားစွင့်ကြတယ်။

"ဘာသံတွေတုံးဟ..."

"နွားလှည်းအုပ်ကြီးကို မောင်းသွားနေတဲ့အသံဗျ..."

"ဟုတ်တယ်... နွားအော်သံဖော့"

"လှည်းတွေလည်း များပုံပဲကွ"

"ဘယ်က လှည်းများတုံးတော်"

"အေးကွာ... အချိန်မတော်ကြီး ဘယ်ကများပါလိမ့်"

မိုးကြိုးပစ်ကုန်းဘက်ကမို့ သချိုင်းဟောင်းနဲ့လည်း နီးနေတဲ့နေရာဖြစ်တော့ ဘယ်သူမှ သွားမကြည့်ရဲကြဘူး။

ရွာကနေ လှမ်းကြည့်တော့ မီးတုတ် မီးရောင်တွေနဲ့ လှည်းတန်းကြီးဟိုအဝေးအရပ်ကို တရွေ့ရွေ့သွားနေတာကို မြင်ကြရသတဲ့။

မိုးလင်းတော့မှ ရွာထဲကလူတွေ မိုးကြိုးပစ်ကုန်းဝန်းကျင်ကို သွားကြည့်တော့ ကုန်းဝန်းကျင်လမ်းမမှာ နွားလှည်းဘီးရာရော၊ နွားခြေရာများပါ လုံးဝအရာမထင် ကျန်ရစ်တာကို အားလုံး အံ့ဖွယ်မြင်လိုက်ရတယ်။

"အရမ်းကို ထူးဆန်းတယ်ဗျာ"

"ညက ကျုပ်တို့မီးရောင်နဲ့ လှည်းတွေ၊ လှည်းသမားတွေကို မြင်ရတာဥစ္စာကွာ။ အခု ... ဘာခြေရာ၊ ဘီးရာမှ မကျန်ရစ်ခဲ့တာ အရမ်းအံ့သြစရာကောင်းတယ်"

ဒီမှာ အဘိုးအို ဦးသက်ကြီးက ...

"ငါ ထင်တာတော့ ..."

"ပြောပါ ... ဘကြီးသက် ... ပြောပါ"

"သိုက်ဆရာ တိုက်ကြီးတို့ သေရတာကို ငါ ဆက်စပ်တွက်ပြီး ပြောရရင် ဒါ သိုက်ပြောင်းသွားတာပဲကွယ့်"



"ဗျာ... သိုက်ပြောင်းတာ။ ဘာသိုက်လဲဟင် ... ဘသက်"

"ဥစ္စာသိုက်ပေါ့ကွာ။ ဘုရားသိုက်လည်းဖြစ်ချင်ဖြစ်မှာပေါ့။ လူယုတ်မာနဲ့တွေ ရှိလာတော့ သိုက်စောင့်တွေက လောဘသားတွေနဲ့ဝေးရာ၊ လွတ်ရာကို သူတို့ စောင့်ရှောက်ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ညတွင်းချင်း ရွှေ့ယူသွားကြတာမို့ လူခြေရာ၊ နွားခြေရာ၊ လှည်းဘီးရာ မကျန်တော့မှာပေါ့ မောင်ရင်တို့ရယ်"

**⇨ မောင်ညီမြိုင်း (သန်လျင်)**

## စာမူရှင်များသို့

'**ဂမ္ဘီရစွယ်စုံ**' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# အနက်ရောင်ကျိန်စာ

မင်းရွှေသိန်း (စင်းကျိုက်)

## ကျိန်စာ

"တိုက်တယ် ကျိန်ဆဲတယ်ဆိုတာတွေဟာ လူတွေရဲ့ နူးညွှတ်လွယ်တဲ့စိတ်ကို လှည့်စားပြီး ခြိမ်းခြောက်ထားတဲ့ စကားလုံး အကွရာတွေပါဗျာ၊ ယုံကြည်လွယ်တဲ့ လူတွေအဖို့တော့ ဥပါဒါန်ဖြစ်ပြီး ဥပါဒါန်ကြောင့် ဥပါဒါန်ရောက်သွားတွေလည်း ရှိချင်ရှိမှာပေါ့၊ အမှန်တော့ ဘာပါပဲဗျာ၊ ကမ္ဘာသကာတာ၊ သမ္မာဒိဋ္ဌိဆိုတဲ့အတိုင်း အတိတ်ကရော ပစ္စုပ္ပန်မှာပါ ကိုယ့်ရဲ့အကောင်းအဆိုး ပြုလုပ်ခဲ့တာ မှန်သမျှကို အကျိုးပေးလာတဲ့ တစ်နေ့နေ့ပြန်ခံစားရတာလို့ပြောရင်လည်းမမှားပါဘူး၊ ထောင်ချောက်က ခြွက်နောက်ကို လိုက်နေတာမဟုတ်ဘူး၊ ကြွက်က ထောင်ချောက်ဆီ ရောက်သွားတာပါ၊ ကိုမင်းမင်းရာ - ယုတ္တိမရှိတဲ့ ခင်ဗျားရဲ့အစွဲအလမ်းကြီးကို ဖယ်လိုက်စမ်းပါဗျာ"

ဘာသာရေးစာပေများကိုသာ ရေးသားလျက်ရှိသော မိတ်ဆွေစာရေး ဆရာတစ်ယောက်၏နှစ်သိမ့်စကားပင်ဖြစ်သည်၊ အကြောင်းတိုင်းဆိုင်လေ

www.burmeseclassic.com

တိုင်း ကျိန်ဆဲခြင်းနှင့် ပတ်သက်သော လက်တွေ့ခံစားခဲ့ရဖူးသည့် ဖြစ်စဉ်တစ်ခုအား ရေးခြောက်ရေနူးသကဲ့သို့ ဖွဲ့နွဲ့စားမြုံ့ပြန်လေ့ ရှိတတ်သော ကျွန်တော့်အား တရားချနစ်သိမ့်ခြင်းဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ သို့သော် ကျွန်တော်ကိုယ်တိုင်က ဥပါဒါန်ထူပြောသူ ဖြစ်၍လား သို့မဟုတ် ဆုံးရှုံးခဲ့ဖူးသော ကျွန်တော် အလွန်တွယ်တာ မြတ်နိုးသည့် သက်ရှိရုပ်ဝတ္ထု တစ်ခုအား အကြောင်းပြုလျက် ကြေကွဲဝမ်းနည်းခြင်းများကို သိမ်းဆည်းမထားနိုင်သေးသည့် သာမန်ပုထုဇဉ်ဖြစ်နေ၍လား မဆိုနိုင်၊ မိတ်ဆွေ စာရေးဆရာမည်သို့ မည်မျှပင် နစ်သိမ့်တရားချစေကာမူ နဖူးတွေ့ဒူးတွေ့ခံစားခဲ့ရသော ကျွန်တော့်အနေနှင့်နစ်ပေါင်းကာလကြာမြင့်ခဲ့သည့်တိုင် လောလောလတ်လတ် ဖြစ်စဉ်တစ်ခုကဲ့သို့ စွဲလမ်းနေဆဲဟုပင် ဆိုရပေတော့မည်။

◣ ◣ ◣

ကြာတော့ကြာခဲ့ပါပြီ...

(၁၉၆၉)ခုနှစ်၊ ဇန်နဝါရီလ၏နောက်ဆုံးပတ်အတွင်း၌ဖြစ်၍ နှစ်ပေါင်း (၄၀)ပင် စွန်းခဲ့ပြီဟု ဆိုနိုင်ပါသည်။

ကချင်ပြည်နယ်၊ အရှေ့မြောက်ဒေသဖြစ်သော ချီဘွေမြို့နယ်ထဲသို့ တောခေါင်းရာထူးနှင့် တာဝန်ထမ်းဆောင်ခဲ့ရစဉ်က ဖြစ်သည်။ ကျယ်ပြောမြင့်မားလှသော တောတောင်တို့ဖြင့် အထီးပြီးသော ဒေသဖြစ်သည့်အလျောက် တောခေါင်းများအား ကြိုးဝိုင်းနယ်မြေအလိုက် သတ်မှတ်တာဝန်ပေးရာတွင် မဂျန်းယန်ဆိုသော အိမ်ခြေ(၃၀)ခန့်သာ ရှိသည့် ရွာကလေးကို ကျွန်တော် ရွေးချယ်ခဲ့ပါသည်။

မဂျန်းယန်ရွာဆိုသည်မှာတောင်စောင်းမြေပြန့်အနည်းငယ်သာရှိသော နေရာများတွင် သက်ကယ်အမိုးအကာ အိမ်ကလေးများ ဟိုတစ်လုံး၊ သည်တစ်လုံးပြန့်ကျဲလျက်ရှိသောရွာကလေးဖြစ်သည်။တံငါချောင်းကလေးသည် ရွာတောင်ဘက်မှ ကွေ့ဝိုက်သော အနောက်ဘက်မေခမြစ်ထဲသို့ စီးဝင်သွားရာ ချောင်းနေရာတွင် ဖြူလွလွ ကျောက်စရစ်ခဲများ တစ်ညီတစ်စုတည်း ခင်းကျင်းထားသကဲ့သို့ အလွန်လှပနေလေသည်။ ရွာ၏ကုန်းအမြင့်ဆုံးထိပ်၌ သက်ကယ်မိုးထားသော ဘုရားရှိခိုးကျောင်းကလေးနှင့် ခနော်နီခနော်နဲ့ စာသင်ခန်းကလေးတစ်ခု ရှိနေ၍သာ ရွာဟု ဆိုသော်လည်း လမ်းပန်းဆက်သွယ်မှု ခက်ခဲကြမ်းတမ်း၍ အလွန်ခေါင်လွန်းသော ရွာဟုဆိုသော်လည်း မှားမည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ရွာအနိမ့်ပိုင်းချောင်ကြားထဲ၌ မြစ်ကြီးနား တစ်ဖက်ကမ်း ပိုင်းမော်မြို့မှနေ၍ ချီဘွေအထိပေါက်သော မြေလိမ်မြေကောက်မြေသားလမ်းတစ်ကြောင်းရှိသည်၊ ထိုလမ်းသည် နယ်ချဲ့ကိုလိုနီခေတ်၊ ထောင်ဂေါ်၊ လောခေါင်အင်္ဂလိပ်ခံတပ်များရှိရာသို့လက်နက်ခဲယမ်းနှင့်ရိက္ခာပို့ရန် ဖောက်လုပ်ထားသော ကားလမ်းဟုဆိုကြသည်၊ နှစ်ပရိစ္ဆေ ကြာလာသည်နှင့်အမျှ လမ်းများပျက်စီးလာသည့်အပြင် ပြည်တွင်းသောင်းကျန်းမှုကြောင့် သက်ဆိုင်ရာက ပြင်လိုက်၊ သောင်းကျန်းသူများက ဖျက်လိုက်နှင့် ကားများမောင်းနှင်သွားလာခြင်း မပြုနိုင်သည်မှာ ကြာပြီဖြစ်သည်၊ အရေးတကြီး သွားလာရန်လိုအပ်ပါက ခြေကျင်သို့မဟုတ် ခန်တင်လားများ ငှားရမ်းကာ မိုင် (၆၀)ကျော်ရှိမည့် မြစ်ကြီးနားမြို့နှင့် ဆက်သွယ်ကာ ကုန်စည်များ ကူးသန်း ဝယ်ယူကြရပါသည်၊

ဤမျှ ခေါင်လွန်းသော ရွာကလေးအား ကျွန်တော်အဘယ်ကြောင့် ရွေးချယ်ခဲ့ရပါသနည်းဟုဆိုလျှင် ဆံထုံးနောက်သျှောင်ပါခဲ့၍လည်းဖြစ်လိမ့်မည်ထင်သည်၊ ကျွန်တော်နှင့်ပူပူနွေးနွေးလက်ထပ်ပြီးခါစ ဇနီးသည်ကွာရွယ်သည်ရင်းမဂျန်းရွာသူဖြစ်ရုံသာမက ရွာ၏ထောက်ပံ့ကြေးဖြင့်ကလေးများကို တသင်ပေးရသော ရွာခံကျောင်းဆရာမတစ်ဦး ဖြစ်နေခြင်းကြောင့်လည်း တစ်အိုးတစ်အိမ် ထူထောင်လျက် တူနှစ်ကိုယ်တဲအိုပျက်တွင် နေထိုင်ကြရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်လေသည်၊ ရွာတောင်ဘက်ဖျားကုန်းမြင့်ပေါ်၌ သက်ငယ်အမိုးအကာ မြေစိုက်အိမ်ကလေးဖြင့် နေထိုင်ရာတွင် တံငါချောင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲ ငါး၊ ဖား၊ ခရုများ ရှာဖွေခြင်းဖြင့်လည်းကောင်း၊ အားလပ်ရက်များတွင် တောပစ်ထွက်၍ ရလာသော သားကောင်များကို ရွာသားများနှင့် မျှတ၍ လည်းကောင်း အိမ်ပတ်ဝန်းကျင် တောင်စောင်း၌လည်း တောင်ယာစပါးနှင့် ရိက္ခာအတွက် ပူပန်ရခြင်းအလျဉ်းမရှိဘဲ သီးခြားကမ္ဘာလေးတစ်ခုကဲ့သို့ လင်ကိုယ်မယားအလွန်ပျော်ပိုက်ခဲ့ကြရသောကာလဟုဆိုပါကပို၍မှန်ကန် လိမ့်မည် ထင်ပါသည်။

ဒေသရာသီဥတုကလည်း ဩချရလောက်အောင်ကြမ်းတမ်းလှသည်။ နေသာရှိန်နွေရက်များ နည်းပါးပြီး တောင်နိုးတောင်ငွေနှင်းမိုးတို့ဖြင့် အမြဲတမ်းစွတ်စိုထိုင်းမှိုင်းနေလေ့ရှိခြင်းတို့ကြောင့် အိမ်ထဲ၌ပင်လျှင် သစ်လုံး သစ်မြစ်တို့ဖြင့်ရာသီမရွေးမီးဖိုပေးမှသာနေသာထိုင်သာရှိရလေသောဒေသ ဖြစ်သည်။ သို့သော် အချစ်တစ်ခုရှိလျှင် အရာရာ ပြည့်စုံပြီဟု ထင်ကြရလေ သော ချစ်စကြင်နာစအိမ်ထောင်သည်ဘဝထုံးစံအတိုင်း ဒုက္ခဆင်းရဲအပေါင်း ကိုပင် သုခအဖြစ် ပြောင်းလဲလျက် ထိုဘဝအားတင်းတိမ်ရောင့်ရဲစွာ လက်ခံနိုင်ခဲ့ခြင်းမှာ အံ့သြစရာတော့ ဟုတ်မည် မထင်ပေ။

"နိုးရာသီကုန်လို့ ပွင့်လင်းရာသီထဲ ရောက်ပြီဆိုတော့ တောခေါင်းတွေ အားလုံး ကိုယ်တာဝန်ကျရာ ကြိုးဝိုင်းထဲဝင်ပြီး နှစ်ဦးအစမှာ လုပ်နေကျဖြစ် တဲ့ ဝထမအကြိမ်တိုင်းတာ စာရင်းမှတ်တာတို့ ထူးခြားတာတွေရှင် မှတ်တမ်း တင်ဖို့ အလုပ်တွေ စကြရတော့မယ်။ ဒီနှစ်မှာ အထူးဂရုစိုက်ရမှာက သစ်နက် ပင်ကြီးတွေ လေလွင့်ဆုံးရှုံးမှု မရှိအောင် ကာကွယ်ဖို့ပါပဲ။ ကျွန်တော်တို့ နောက်ဆုံးရထားတဲ့ သတင်းအရဆိုရင် လောခွန်ထန်တောင် အရှေ့ဘက် နှစ်နိုင်ငံနယ်စပ်နားက သစ်နက်ပင်ကြီးတွေကို မသမာတဲ့စီးပွားရေးသမား အချို့က ခုတ်ယူပြီး ရောင်းစားဖို့ ကြံစည်နေကြတယ်ဆိုတဲ့ သတင်းပဲ ဖြစ်ပါ တယ်။ ဒါကလည်း ကိုမင်းမင်းရဲ့နယ်မြေကြိုးဝိုင်းထဲ ဖြစ်တဲ့အတွက် ကြိုးဝိုင်း ထဲဝင်ပြီး သေသေချာချာ စုံစမ်းစစ်ဆေးကြည့်ဦးပေါ့။ သတင်းအရ နိုင်လုံ တယ်ဆိုရင်တော့ အမြန်ဆုံး အစီရင်ခံစာရေး တင်ပြပါ။ ကျွန်တော်တို့အင်နဲ့ အားနဲ့ ဖွဲ့စည်းပြီး ကြိုတင် ကာကွယ်တာတွေလုပ်ဖို့ စီစဉ်ပါ့မယ်"



လက္ကန်ရက်တွင် ရိက္ခာနှင့်လခထုတ်ရန်တစ်စုတစ်ဝေးတည်း ရောက် ကြသော တောခေါင်းများအား ချီဒွေမြို့နယ် သစ်တောဦးစီးဌာနမှူး များ၏ အမှာစကား ဖြစ်သည်။ သူ ပြောသကဲ့သို့ပင် အလွန်ရှားပါး၍ တန်ဖိုး ကြီးမားသော သစ်နက်ပင်ဆိုသည်က ကျွန်တော်၏ ကြိုးဝိုင်းဧရိယာထဲ၌ သာ ရှိပါသည်။ များများစားစားတော့ မဟုတ်ပေ။ ပြီးခဲ့သောနှစ်၏ စာရင်း ဇယားအရ အပင်တစ်ရာကျော်ပင် မပြည့်သည်ကို တွေ့ရသည်။ ဂန္ဓာလရာဇ် ပြည်မှ သူဌေးကြီးများသည် ၎င်းတို့အသက်အရွယ်ကြီးအိုမင်းလာသောအခါ မကွယ်လွန်မီကပင် တန်ဖိုးကြီးမားလှသော ခေါင်းတလားထွင်းထုထားပြီး ဂုဏ်ယူစွာ ဆောင်ထားလေ့ရှိတတ်ကြသည်။ ခေါင်းတလားထွင်းထုရာတွင် လည်း အတတ်နိုင်ဆုံး နှစ်ရှည်ခံ သစ်အမျိုးအစားများဖြင့်သာ အပ်နှံပြုလုပ် ကြသဖြင့် ရနိုင်မည်ဆိုလျှင် ငွေကြေးမည်မျှပင် ပေးရပါစေ သစ်နက်သားဖြင့် သာ လုပ်လိုကြသည်။ သစ်နက်သား၏ အာနိသင်မှာ အရောင်အသွေး မည်းနက် တောက်ပြောင်လျက် အမြဲတစေ အဆီပြန်နေလေ့ရှိသည့်အပြင် မြေကြီးထဲမြှုပ်နှံထားပါကလည်း နှစ်ပေါင်းမည်မျှပင် ကြာသည် ဖြစ်စေ၊ ဆွေးမြည့်အက်ကွဲခြင်း ပိုးထိုးခြင်းများမရှိသည်မှာ ထူးခြားသော အရည်အသွေးဟုသာ ဆိုရလိမ့်မည်ဖြစ်လေသည်။

သစ်နက်သား ရရှိရန်ဆိုသည်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။ ပေ ပေါင်းငါးထောင်တစ်သောင်းနီးပါးတောင်များကို ကျော်ဖြတ်ကာ ထင်းရှူးပင် များနှင့် ရောယှက်ပေါက်ရောက်လေ့ရှိသော သစ်နက်ပင်ကို ရှာဖွေရဦးမည်။ တွေ့ပြန်လျှင်လည်း လူသူမသိစေရန်နှင့် သစ်တောဝန်ထမ်းများ မရောက် နိုင်သည့် လျှိုအနက်ပိုင်းထဲသို့ ခုတ်ပြီးသား သစ်နက်လုံးအား ဆွဲချဦးမည်။ ၎င်းလျှိုထဲ၌ သစ်နက်လုံးအား ခေါင်းတလားပုံကြမ်းပေါ်သည်အထိ ခုတ်ထစ် ဖြတ်တောက်၍ ပေါ့ပါးလောက်ပြီဆိုမှ ဝန်တင်လားဖြင့် သယ်ဆောင်လျက် မှာကြားထားသူ ကုန်သည်မှတစ်ဆင့် သူဌေးထံသို့ ပို့ဆောင်ရလေသည်။ ဤမျှ ခက်ခဲ၍လည်း သစ်နက်ပင်မှာ နှစ်ရှည်ကြာစွာ ရှင်သန်နေကြခြင်းဟု ပင် ပြောရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... ဒီတစ်ခေါက်ကြိုးဝိုင်းဝင်ရင် သစ်ခွပန်းပင်တွေ ခပ်များများ ခူးလာပေးပါနော်၊ ဂျာရွယ်တို့အိမ်နားမှာ သစ်သားခွက်လေးတွေနဲ့ ချိတ်ပြီး စိုက်ထားရင် တစ်ခါတလေ မြစ်ကြီးနားဆင်းတဲ့အခါ သစ်ခွပန်းဆိုင်တွေမှာ ရောင်းစားလို့ ရတာပေါ့"

ယခုတစ်ခေါက် ကြိုးဝိုင်းဝင်တော့မည်ဆိုသည်နှင့် ဇနီးချောအသစ်စက်စက်ကလေးဂျာရွယ်၏ ပူဆာစကားအား ပထမဦးစွာ စတင်ကြားရခြင်းဖြစ်သည်၊ ဤဒေသ၌ သစ်ခွပန်းဆိုသည်မှာ သစ်ပင်ကြီးအတော်များများတွင် တွယ်ကပ်ပေါက်ရောက်လေ့ရှိသည့်အပြင် အမျိုးအစားအရောင်အသွေးကလည်းစုံလှသည်၊ သို့သော်တောတောင်များနက်ရှိုင်းကာလူသူများပေါက်ရောက်နိုင်ရန် မလွယ်ကူသော ဒေသဖြစ်ခြင်းကြောင့် သစ်ခွရှာသမားများ ရောက်မလာဘဲ သူ့ဟာသူ သဘာဝအတိုင်းပွင့်လန်းစိုပြည်လှပလျက် ရှိနေကြသည်က များပါလေ၏။

ဇန်နဝါရီလ နောက်ဆုံးပတ် ရောက်သည်နှင့် ကျွန်တော်တို့၏ကြိုးဝိုင်းခရီးစတင်ရာတွင် လူအင်အားများများစားစားတော့ မပါပေ၊ လမ်းပြမုဆိုးကြီးအဘဦးလရောင်အပါအဝင် ကျွန်တော့်တပည့်နှစ်ယောက်၊ ဝန်တင်လားနှစ်ကောင်အတွက် လားထိန်း ရှမ်းတရုတ်နှစ်ယောက်တို့သာ ဖြစ်သည်၊ ကျွန်တော်တို့၏အိပ်ရာဝန်စည်စလယ်များဖြင့် ကျောပေါ်အပြည့်အမောက်၊ ခရီးစသည့် နံနက်အစောပိုင်းတွင် မိုးလင်းနေပြီ ဖြစ်သော်လည်း မြူနှင်းငွေများကြောင့် ရှေ့ကိုက်ငါးဆယ်ခန့်အကွာသို့ပင် သဲကွဲစွာ မြင်ရရန် မလွယ်ကူလှပေ၊

ရွာနားမှ အငွေ့တထောင်းထောင်းနှင့် အေးစက်လျက်ရှိသော တံငါချောင်းကလေးအားဖြတ်ကူးကြပြီးချိန်တွင် မုဆိုးကြီးအဘဦးလရောင်သည် အရက်ပြင်းတစ်ပုလင်း၊ ကြက်ဥပြုတ်၊ ကြက်ဥအစိမ်း၊ ဆေးလိပ်တို့အား တစ်ပင်ထီးထီးရှိသော သစ်ကြားပင်အိုကြီးအရင်း၌ တောပိုင်တောင်ပိုင်တို့အားပသတ္တာင်မြှောက်ရန်ပြင်ဆင်ရာတွင် သူတို့တွင်ပါလာသောယမ်းတောင်



ရှေ့ကို အနည်းငယ်ခန့်ဆက်၍ လျှောက်လိုက်ချိန်တွင် အကိုင်းအခက်တို့ အုပ်ဆိုင်းဝေဆာလျက်ရှိသော ဝက်သစ်ချပင်ကြီး၏ အောက်ဆုံးအကိုင်း ခွဆုံတစ်နေရာ၌ ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ် လုံးဝမတွေ့ဘူးသော အပွင့်အလက်တို့ဖြင့် ဝေဆာကိုင်းကျကာ လှချင်တိုင်း လှနေသော သစ်ခွအုံကြီးအား နိမ့်နိမ့်ကလေး တွေ့လိုက်ရသည်။ ကတ္တီပါအနက်ရောင် တောက်ပနေသော ပွင့်ဖတ်ပေါ်တွင် နှင်းမြူရောင်မွေးညင်းနုများဖြင့် အလွန်ရှားပါးသောသစ်ခွပန်းအနက်ဟု ဆိုရပေတော့မည်။



ဗုံးသေနတ်သုံးလက်နှင့် ဓားများကိုပါ သစ်ပင်ကြီးအရင်းမှာ မှီပြီးထောင်ထားကြသည်ကို တွေ့ရသည်၊

"တောခေါင်းလေး ... သေနတ်ကို သစ်ပင်မှာ ထောင်လိုက်လေကွာ၊ ပြီးတော့ငါတို့နဲ့အတူ တောင်ပိုင်တောင်ပိုင်သခင်ကြီးတွေကို ခွင့်တောင်းကြတာပေါ့"

"ဟာ ... အဘတို့ပဲ ကိုယ်ယုံကြည်သလို လုပ်လိုက်ကြပါဗျာ၊ တောတောင်ရေမြေအားလုံးဟာ နိုင်ငံတော်က ပိုင်တာလို့ သိထားတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

အစိုးရဝန်ထမ်းဖြစ်တဲ့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်က ပေးတဲ့တာဝန်အရ အလုပ်လုပ်ဖို့ သွားတာပဲဟာ ဘယ်သူ့ဆီကမှ ခွင့်တောင်းဖို့ မလိုပါဘူး အဘရာ"

လူငယ်ဖြစ်သည့် အပြင် ခေတ်ပညာအတော်အတန်တတ်သည့် လူတစ်ယောက်ဖြစ်သည့်အလျောက် ဤသို့သောကိစ္စရပ်မျိုးကို ယုံကြည်ခြင်းမရှိသလိုမည်သည့်အခါတွင်မျှလည်းကျွန်တော်မပါခဲ့ဘူးပေ၊ ကျွန်တော်ကိုယ်တိုင်က အမှန်တကယ် ယုံကြည်လက်ခံခြင်း မရှိသော အလုပ်အား ဟန်ဆောင်ပန်ဆောင် ရောရီရောရောလုပ်လေ့မရှိသည်မှာလည်းကျွန်တော်၏ ပင်ကိုအကျင့်ပင် ဖြစ်လေသည်၊ သို့သော် သူတစ်ပါး၏ ဓလေ့ထုံးစံ ယုံကြည်ကိုးကွယ်မှုများကိုမူ ဝင်ရောက်ဝေဖန် ဆန့်ကျင်ကန့်ကွက်ပြစ်တင်ရှုတ်ချခြင်းအလျဉ်းမလုပ်ဘဲ သူ့အစွဲအလမ်းအပေါ်သံသယကင်းလိပ်ပြာသန့်စွာ လုပ်လိုရာ လုပ်ကြပါစေဟုဆိုကာ စိတ်ရှည်ရှည်ဖြင့်ပင် စောင့်ဆိုင်းပေးခဲ့ခြင်း ဖြစ်သည်၊ ကိစ္စဝိစ္စများ ပြီးစီး၍ ခရီးဆက်လက်ထွက်ခွာ လာကြရာတွင်အဘဦးလရောင်၏မျက်နှာအား အကဲခတ်ရသည်မှာ ရွာက ထွက်စတုန်းကကဲ့သို့ အားကြီးမာန်တက် လန်းဆန်းတက်ကြွနေဟန်မျိုးကို မတွေ့ရတော့ချေ၊ စကားတစ်ခွန်း ပြောရန်ကိုပင် အလွန်ဝန်လေးနေဟန် ငြိမ်သက်တိတ်ဆိတ်လျှက် ရှိနေသည်မှာကျွန်တော်၏စိတ်ထဲပဟေဠိတစ်ပုဒ်အလား ရှုပ်ထွေးဝေဝါးလျှက် ရှိနေပါသည်၊

ပွင့်လင်းရာသီဟုသာ ပြောရသည် နှင်းမိုးများနေ့ညမစဲတမ်းတဖြောက်ဖြောက် ကျနေခြင်းကြောင့် တောင်တက် တောင်ဆင်းလမ်း အားလုံးရွှံ့စေးပေါက်ပွက်ထူနေရာ လူရော ဝန်တင်လားများပါ လဲပြိုလျှက် ချောက်နက်ထဲ ကျမသွားစေရန်အတော်ထိန်း၍သွားလာနေရသည်၊ ခရီးကသိပ်မတွင်လှဟု ဆိုသော်လည်းအားပြည့်အင်ပြည့် တစ်နေ့နှင့်တစ်ည ချီတက်ကြပြီးချိန်ဝယ် မွန်းလွဲပိုင်းလောက်၌ လော်ခွန်ယန်တောင်စောင်းထင်းရှူးပြာတောထဲသို့ ကျွန်တော်တို့ ရောက်ရှိသွားကြသည်၊



"ဒီနေ့တော့ ဒီမြေပြန့်စောင်းမှာပဲ ညအိပ်စခန်းချလိုက်ကြရအောင်နော်၊ တောခေါင်းလေးရှေ့လျှောက်လို့အနက်ပိုင်းထဲဆက်သွားရမှာဆိုတော့ မှောင်နေရင် မကောင်းဘူးလေ"

ဤနယ်မြေဒေသတွင်ကျွမ်းကျင်ပြီးသားဖြစ်သော အဘဦးလရောင်၏ အစီအမံအပေါ် ကျွန်တော်လုံးဝ စောဒကတက်ရန် မရှိပေ၊ သူပြောသော ထင်းရှူးတော မြေပြန့်ကလေးမှာပင် မိုးကာတဲများ ထိုးသူထိုးလျက် မီးမိုခြင်း၊ ချက်ပြုတ်ခြင်းများ လုပ်သူကလုပ်နေချိန်တွင် ကျွန်တော်သည် မြေပုံတစ်ချပ်ဖြင့် ပတ်ဝန်းကျင်အား စုံစမ်းရင်း တောင်စောင်းအတိုင်း လှည့်ပတ်ကြည့်ရှုရာ မိုးတွင်းကာလ ရေပြင်းဒဏ်ကြောင့် အမြစ်ထောင်ကိုင်းညွတ်နေသော ထင်းရှူးပြာပင်ကြီးများအတော်များများတွေ့ရသည်၊ လက်လှမ်းမီသလောက် ကာရင်းပြုစု၍ တင်ပြရန်ကိုပါ သတိရလိုက်သည်၊

ရှေ့ကို အနည်းငယ်ခန့်ဆက်၍ လျှောက်လိုက်ချိန်တွင် အကိုင်းအခက်တို့ အုပ်ဆိုင်းဝေဆာလျှက်ရှိသော ဝက်သစ်ချပင်ကြီး၏အောက်ဆုံးအကိုင်းနှင့်ဆုံတစ်နေရာ၌ ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ် လုံးဝမတွေ့ဘူးသော အပွင့်အလက်တို့ဖြင့် ဝေဆာကိုင်းကျကာ လှချင်တိုင်း လှနေသော သစ်ခွအုံကြီးအား နိမ့်နိမ့်ကလေးတွေ့လိုက်ရသည်၊ ကတ္တီပါအနက်ရောင်တောက်ပနေသော ပွင့်ဖတ်ပေါ်တွင် နှင်းမြူရောင်မွေးညင်းနများဖြင့် အလွန်ရှားပါးသော သစ်ခွပန်းအနက်ဟု ဆိုရပေတော့မည်၊ သစ်ခွပန်းများ ခွာလာရန် ဖနီးသည်အားရွှယ်မှာလိုက်သော စကားကိုလည်း ချက်ချင်း အမှတ်ရလာသဖြင့် လက်လှမ်းမီလျှက်ရှိသော ထိုသစ်ခွပန်းအား အမြစ်ပါပါအောင် ဆွဲခွာပြီးသား ဖြစ်သွားရသည်၊

"မ - မလုပ်နဲ့ တောခေါင်းလေး ...ဟာ - ခွာလိုက်ပြီးပါရောလား၊ ဒုက္ခပါပဲကွာ၊ ဒီတောင်ပေါ်မှာ တောစောင့်တောင်စောင့်သခင်ကြီးတွေက အနက်ရောင်ဆိုတာအားနှစ်သက်ကြတာကွ၊ သူတို့ဆီ ခွင့်မတောင်းဘဲနဲ့ဘယ်သူမှ အနက်ကိုဘယ်သူမှကိုင်ရဲကြတာမဟုတ်ဘူး၊ အင်းလေ - တောခေါင်းလေးက



www.burmeseclassic.com

www.burmeseclassic.com

နူးပြီးပြီဆိုမှတော့လည်း သခင်ကြီးတွေကိုတောင်းပန်တိုးလျှိုးကြည့်ကြတာပေါ့"

မည်သည့်အချိန်ကတည်း ကျွန်တော့်နောက်မှ ရောက်နေသည် မသိရသော အဘဦးလရောင် လှမ်းတားနေစဉ်မှာပင် သစ်ခွနက်အုံကြီးသည် ကျွန်တော်၏ ဘေးလွယ်ခြင်းတောင်းထဲ ရောက်နေပြီ ဖြစ်သည်။ သူ့စကားကိုလည်း ကျွန်တော် စိတ်ဝင်စားခြင်း မရှိသည်မှာ အမှန်။ ယုတ္တိဗေဒနှင့် အလှမ်းဝေးကွာလှသော တောပိုင်တောင်ပိုင်သခင်ကြီး ရှိနေသည်ကိုလည်း ယုံကြည်သူ မဟုတ်သောကြောင့် မည်သို့သော တောင်းပန်တိုးလျှိုးခြင်းမှ မလုပ်ဘဲ ရင်းညတွင် မိုးကာတဲထဲ စောစီးစွာပင် ဝင်ကွေးလိုက်မိပါသည်။

"နိုင်း - ဝေါ - ဝေါ"

ကျယ်လောင်လှသော ပေါက်ကွဲသံကြီးတစ်ခုနှင့်အတူ တောင်နံရံတစ်လျှောက် တော်တော်နှင့်စဲသွားခြင်း မရှိသော ပဲ့တင်သံအထပ်ထပ်ကြောင့် ကျွန်တော် ဖျတ်ခနဲ ထထိုင်ပြီးသား ဖြစ်သွားသည်။ အိပ်ရာဘေးမှ ဒသမ (၃၀၃) ရိုင်ဖယ်အားဆွဲ၍ မိုးကာတဲအပြင်ဘက်သို့ ထွက်လိုက်ချိန်တွင် ညဥ့် (၁၁) ခွဲမျှသာ ရှိပါသေးသည်။ ရှက်ဖျင်တဲများနှင့် ခပ်ဝေးဝေးနေရာ၌ရှိသော မီးဖိုကြီး (၃) ခု၏ အလင်းရောင်ကလည်း ထိန်လျက်ရှိခြင်းကြောင့် အဘဦးလရောင်နှင့် ကျွန်တော့်အဖွဲ့သားများ ယောက်ယက်ခတ်လျက်ရှိကြသည်ကိုပါ ကောင်းစွာ လှမ်းတွေ့နေရပါသည်။

"ဘာတွေလို့ပစ်တာလဲ အဘ၊ အိပ်ကောင်းတုန်းဗျာ၊ အလန့်တကြား"

"ကျားသစ်နက်လေကွာ - ဟိုးမှာ ချည်ထားတဲ့လား (၃) ကောင်ဆီ သစ်ကိုင်းပေါ်ကနေ ခုန်အုပ်လိုက်တာကို ကင်းစောင့်တဲ့ ဇော်ယော်မြင်လို့ ထိုးပစ်လိုက်တာလို့ ပြောတယ်၊ တောခေါင်းလေး"

"ဗျာ ... ကျားသစ်နက် ဟုတ်လား"

"ဟုတ်တယ်ကွ - ဒီကောင်မျိုးတွေက တစ်ကိုယ်လုံး နက်ပြောင်ပြီး သန်လည်းသန်ကြတယ်၊ တောခေါင်းလေး - လူတွေတိရစ္ဆာန်တွေကို ဆော်



တော့မယ်ဆိုရင် ဘယ်တော့မှ မြေကြီးပေါ်က မလာဘူး၊ သစ်ကိုင်းတွေကနေ အစ်ဆင့်ပြီးတစ်ဆင့် ခြေသံလုံလုံနဲ့ကူးလာပြီးမှ ဆော်တာကွ၊ ဟဲကောင်း ဘယ်လိုပြောရမယ်ထင်တယ်၊ လားတစ်ကောင်ကောင် မိသွားလို့ကတော့ ဒါတို့ ဝန်စည်စလယ်တွေ ပစ်ခဲ့ရမှာလေ"

ကင်းသမားဇော်ယော်ပစ်ချလိုက်သည်ဆိုသော ကျားသစ်နက်ပြုတ်ကျနေရာနေရာသို့ ကျွန်တော်တို့ အပြေးအလွှား ကြည့်လိုက်ရာ နင်းရည်တို့ဖြင့် စွန်းလျက်ရှိသော ထင်းရှူးရွက်ခြောက်များပေါ်၌ သွေးကွက်ကြီးတစ်ကွက်နှင့်အတူ သွေးစက်များ အနှံ့အပြားတွေ့ရသည်။ ကျားသစ်နက်က သေနတ်မှန်ပြီး ပြုတ်ကျသည်နှင့် ဝေါင်းခနဲ အော်ကာ နောက်ကျွမ်းပစ်၍ တောင်ခြေတောထဲ ပြေးဝင်သွားသည်ဟုလည်း ဇော်ယော်ပြောပြသဖြင့် သိရပါသည်။

"အင်း ... သတိတော့ အတော်လေးထားရတော့မယ် ဟေ့ - လားကိုတောင် ခုန်အုပ်တာဆိုတော့ အတော်ကြီးမယ့်အကောင်ပဲဟေ့၊ ပြီးတော့ ဒီကောင်မျိုးတွေက ဉာဏ်များသလို အင်မတန်မှ စိတ်မှတ်ကြီးတာနော်၊ ပွဲချင်းပြီး မသေဘဲ အခုလို ဒဏ်ရာရသွားပြီဆိုရင် ဝေးဝေးသွားမှာ မဟုတ်တော့ဘူး၊ တို့ကို လက်စားချေ တုန့်ပြန်ဖို့ ပြန်ချောင်းလိမ့်မှာ သေချာတယ်၊ ဟဲ - နိုးနိုးကြားကြားနဲ့ သတိထား အိပ်ကြပါကွာ၊ ကင်းစောင့်တာလည်း နှစ်ယောက်တွဲ စောင့်ကြမယ် ကြားလား"

အဘဦးလရောင်သည် အတွေ့အကြုံများသော မုဆိုးပီပီ စိုးရိမ်ထိတ်လန့်ခြင်းအား အတတ်နိုင်ဆုံး ဖုံးဖိလျက် ယနေ့ညအတွက် လုံခြုံရေးအစီအမံများကို ဟာကွက်မရှိအောင် ဂရုစိုက်လျက်ရှိသည်။ မီးဖိုထဲသို့ ထင်းရှူးကိုင်းများ အပ်မံထည့်ခြင်း၊ တူမီးသေနတ်ပြောင်းများထဲသို့ သားကောင်ကြီးများကိုသာ ပစ်ခတ်သော စရိတ်ခဲသီး အကြီးစားတို့ဖြင့် လဲလှယ်စေခြင်းများဆောင်ရွက်ပြီးမှ သူမိုးကာတဲထဲ ဝင်သွားသည်ကို တွေ့ရသည်။ ရင်းည၌ နှင်းမိုးများ တဖွဲဖွဲကျနေသည့်အပြင် တောင်ကြားလေတဖြူးဖြူးကြောင့် အရိုးထဲထိ စိမ့်သည့်တိုင် အေးလာသဖြင့် ကျွန်တော်ကိုယ်တိုင်လည်း မိုးကာတဲထဲဝင်ကာ ဆေးလိပ်တစ်လိပ်ဖြင့် ထိုင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာက အထွက်မှာပင် အဘဦးလရောင်တို့ တောပိုင်တောင်ပိုင်သခင်ကြီးများအား ခွင့်ပန်ရာ၌ ကျွန်တော်ပါဝင်ခဲ့ခြင်း မရှိ၍ သည်ကဲ့သို့ သဲထိတ်ရင်ဖိုဖွယ်ရာ အန္တရာယ်ဖြင့် ကြုံတွေ့ရလေခြင်းလား။ ထို့အပြင် ညနေပိုင်းက ဝက်သစ်ချပင်ကြီးမှ သစ်ခွနက်အား ကျွန်တော်ခူးယူခဲ့ခြင်းသည်လည်း ယခုဖြစ်ရပ်နှင့် သက်ဆိုင်နေခြင်းလားဆိုတာကို ကျွန်တော်အတွေးများ ဝေဝါးလျက် ရှိသည်မှာ တော်ရုံနှင့်အိပ်မရပဲ မိုးစင်စင်လင်းခဲ့ရပါတော့သည်။

◣ ◣ ◣

မိုးလင်း၍ခရီးဆက်ထွက်ကြရာတွင် ကျားသစ်နက်ရန်အား သတိထားရင်း မိုးလင်းခဲ့ကြရသဖြင့် အဖွဲ့သားများအားလုံး အိပ်ရေးပျက် ထိုင်းမှိုင်းကြရလျက် ခြေလှမ်းများ လေးကန်နေကြရသည်။ လောခွင်ယန်တောင်စောင်းအတိုင်း ကွေ့ကာဝေ့ကာနှင့် ချီတက်လာကြရာမှ မွန်းတည့်ချိန်လောက်တွင် တောင်အနိမ့်ပိုင်းလျှိုထဲသို့ ရောက်သွားကြသည်။ ဤလျှိုထဲမှနေ၍ ရှေ့၌ထောင်မတ်လျက်တွေ့ရသောပေ(၃၀၀၀)ခန့်ရှိမည့်တောင်တစ်တောင်အား တက်ရပေဦးဟု အဘဦးလရောင် ပြောသဖြင့် လျှိုထဲ၌ပင် နံနက်စာချက်ပြုတ်စားသောက်ရန် ကျွန်တော်အမိန့်ပေး လိုက်ရသည်။

အဘဦးလရောင်တို့ချက်ပြုတ်သူ၊ လားအစာကျွေးသူတို့နှင့်အလုပ်ရှုပ်နေကြစဉ်ထူးဆန်းသော သစ်ခွပန်းပင်များရှာဖွေကြည့်ရန် ရိုင်ဖယ်တစ်လက်ထမ်းကာ အောက်ခြေအထိ ရောက်အောင် တောတိုး၍ ဆင်းလာရာမြူခွတ်လျက်ရှိသော ကျောက်စရစ်ခဲများကို မြင်ရသည်အထိ ကြည်လင်လှသော စမ်းချောင်းကလေးတစ်ခုအားကြိမ်တောအုပ်ကြီးအုပ်ဆိုင်းနေသည့်အောက်တွင် တွေ့လိုက်ရသည်။ တပြိုမ့်ပြိုမ့် စီးဆင်းနေသော စမ်းရေအား လက်ခုပ်ဖြင့် ခပ်ယူလိုက်စဉ်မှာတ်လိုက်သကဲ့သို့ကျင်စက်သောအထိအတွေ့ကြောင့် လက်ကိုအလန့်တကြား ရုတ်လိုက်မိသည်။ ယခုကဲ့သို့ နေထွက်ချိန်ဆိုလျှင် မြောက်ဘက်တောင်ထိပ်များမှ နှင်းခဲများ အရည်ပျော်လေ့ရှိသောကြောင့် တောင်ကျစမ်းအားလုံး ခါတိုင်းထက်ပို၍ စိမ့်အေးလာတတ်ကြောင်း ယခုမှ ကျွန်တော် သတိထားမိခြင်း ဖြစ်သည်။

စမ်းချောင်းဘေးအတိုင်း ထူပြောလှသော မြက်ရိုင်းတောအား တဖြည်းဖြည်းတိုးရင်း ရှေ့သို့ ဆက်သွားခဲ့ရာ နာရီဝက်ခန့်ပင် ကြာမည် ထင်သည်။ အရာတစ်ခုအား တဒုန်းဒုန်းနှင့်ခုတ်သံ၊ ထစ်သံများ အဆက်မပြတ်ကြားရသဖြင့် အတော်ကြာအောင်ရပ်လျက် နားစွင့်ထားမိသည်။ လူသူလေးပါးပေါ်ပေါက်ရောက်ရန် မလွယ်ကူလှသော ဤတောတောင်ထဲ၌ မည်သည့်အရာက မြည်နေခြင်းဖြစ်မည်နည်း။ သစ်တောက်ငှက်ကဲ့သို့သောတိရစ္ဆာန်အချို့၏ အပြုအမူကြောင့် ထွက်ပေါ်နေသော အသံလား။ မည်သို့မျှပင် ခေဝခွဲနိုင်သည့်အဆုံး ကျွန်တော်၏ ခြေလှမ်းများသည်ရှေ့သို့သာဦးတည်လျက် ရှိပါတော့သည်။

"ဟာ – သစ် – သစ်သူခိုးတွေပါလား။ သစ်နက်ပင်ကိုမှ ခေါင်းတလားခွင်းနေကြတာကိုး"

ကျွန်တော်၏နှုတ်မှ အမှုမှတ်မဲ့ရွှာ ရေရွတ်ထွက်ပေါ်လာသော အာမေဋိတ်စကားလုံးများကို ချက်ချင်း ရုတ်သိမ်းလိုက်ကာ ရှေ့မှထင်ရှူးပင်ကြီးဘေးပြေးကပ်ပြီး ကိုက်တစ်ရာကျော်ခန့်သာရှိမည့် လျှိုအောက်ခြေသို့ လှမ်းကြည့်လိုက်ရာ တောင်နိုးနှင့်မီးနိုးငွေ့များကြောင့် မှောင်မှိုင်းသလို ဖြစ်နေသော်လည်း ကြာလာသည်နှင့်အမျှ မြင်ကွင်းက သဲကွဲပီပြင်လာသည်။ ရှစ်ပေခန့်ရှိမည့် သစ်နက်သားပင်စည်ကြီးအား ဘေးသားလေးဖက် လှီးထားပြီးနောက်ထိပ်တွင်ပေါက်တူးအသေးစားကဲ့သို့ကိရိယာ တပ်ဆင်ထားသော အရိုးရှည်ရှည် တံစည်းဖြင့် သစ်လုံး၏ ဝမ်းတွင်းမှအစာများ ဖွာခနဲ၊ ဖွာခနဲ ထွက်လာအောင် ထွင်းနေသော လူနှစ်ယောက်။ အခြားတစ်ယောက်တစ်ယောက်ကလည်း ထွက်လာသော သစ်စအစာများဖြင့် ဖိုထားသည့်မီးဖိုတွင် ချက်ပြုတ်နေသည်မှာ မီးခိုးတလူလူ။



www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်မှနေ၍ သူတို့နေရာအရောက် မြက်ရိုင်းပင်များ လဲလျက်ရှိသော စွပ်ကြောင်းကြီးအား ကြည့်ခြင်းအားဖြင့် ဤမျှကြီးသော သစ်လုံးကြီးအား ခက်ခဲ ပင်ပန်းစွာ လျှိုထဲအရောက် လိမ့်ချဆွဲချခဲ့လိမ့်မည်မှာလည်း သေချာသည်။

ကျွန်တော်ဆိုသည့်ကောင်ကလည်း အလွန်ပင် စိတ်မြန်လက်မြန် ရှိသူဖြစ်သည်။ နောက်ကြောင်းပြန်၍ အဘဦးလရောင်တို့အား အကြောင်းကြားရန်ပင် သတိမရတော့ဘဲ ရိုင်ဖယ်သေနတ်ပြောင်းထဲသို့ ဂလောက်ခနဲကျည်တစ်တောင့်ထိုးသွင်းကာ ရှေ့သို့ပြေးထွက်သွားလိုက်သည်။ မြက်ရိုင်းတောထဲမှ ရုတ်တရက် ပြေးထွက်လာသော ကျွန်တော့်ကို မြင်သည်ဆိုလျှင်ပင် ခေါင်းတလားထွင်းလျက်ရှိသော ဘောင်းဘီတိုပွပွဝတ် လူနစ်ယောက်သည် ခွေးခြောက်ကြောင်အမ်း၍ကြည့်ပြီးမှ ကျွန်တော်၏လက်ထဲမှ ရိုင်ဖယ်သေနတ်ကြောင့် သစ်တောဝန်ထမ်း ဆိုသည်ကို ရိပ်စားမိဟန်တူလေသည်။ သစ်တုံးပေါ်မှ လွှားခနဲ ခုန်ဆင်း၍ မြေနစ်ဖက်ကားပြီး ရင်ဆိုင်လာကြသည်မှာ အတော်မြန်သည်။

"သစ်နက်ပင်တွေနဲ့ ပတ်သက်ပြီး သစ်တောဦးစီးဌာနက ကန့်သတ်ထားတာ ခင်ဗျားတို့ နားမလည်ဘူးလား။ ခင်ဗျားတို့ ဘယ်ရွာက လာလုပ်ကြတာလဲ"

ကျွန်တော်၏ မေးခွန်းများသည် မည်သို့မှ အရာရောက်မည့်ပုံ မတွေ့ရတော့။ ရှေ့တွင်ရှိသော လူနစ်ယောက်အား မေးမြန်းနေစဉ်မှာပင် မီးဖိုဘေးမှလူသည် ထင်းရှူးပင်ရင်း၌ လှဲထားသော ယမ်းထောင်းတူမီးသေနတ်အား ဆွဲယူကာ ခပ်လှမ်းလှမ်းမှနေ၍ ကျွန်တော်အား ထိုးချိန်လိုက်သည်ကို သတိပြုမိလိုက်သည်။ တစ်ယောက်နှင့်သုံးယောက်ဆိုသော်လည်း ကျွန်တော်သည် လက်လျှော့လွယ်သော သတ္တိကြောင် သွေးနည်းသူ မဟုတ်ပေ။ ထိုအချိန်တွင်ကျွန်တော်ရှေ့ရှိ လူနစ်ယောက်အနက်မှ ခေါင်းဆောင် ဖြစ်ဟန်တူသောလူက မျက်နှာကြောတင်းတင်းဖြင့် ရှေ့ကိုပင်သုံးလေးလှမ်းတိုးလာသည်ကို တွေ့ရသည်။



"တစ်ခါတလေခက်ခက်ခဲခဲလုပ်စားကြရတာဒီတစ်ကြိမ်တော့နားလည်ခွင့်လွှတ်ပေးဖို့ ကောင်းပါတယ်ဗျာ"

"ကျွန်တော်တို့ သစ်တောဥပဒေမှာ ခွင့်လွှတ်ဖို့ ပြဋ္ဌာန်းထားတာမှ မရှိဘဲဗျာ။ ကျွန်တော်ကတော့ တာဝန်အရ လုပ်သင့်တာ လုပ်ရလိမ့်မယ်ဗျာ"

"ကျုပ်တို့က အဖမ်းမခံဘူးဆိုရင်ကောဗျာ"

"ဒါကတော့ နောက်ဆုံးအဆင့်အနေနဲ့ လိုအပ်လာရင် ပစ်ခတ်ဖမ်းဆီးရမှာ ကျွန်တော့်အလုပ်ပဲလေ၊ ကဲ - ခင်ဗျားတို့ လက်ထဲက လက်နက်တွေအောက်ချပြီး အသာတကြည် အဖမ်းခံလိုက်ကြပါဗျာ။ ဥပဒေဘောင်ထဲကနေ ရင်ဆိုင်လိုက်တာ အကောင်းဆုံး ဖြစ်လိမ့်မှာပါ"

သို့သော် ရှေ့မှလူနစ်ယောက်သည် အလျှော့ပေးလိုဟန် မတွေ့ရဘဲ တိုင်ထားသောတံစည်းများကိုမြှောက်လိုက်ချိန်တွင် ကျွန်တော်၏လက်ထဲမှ ရိုင်ဖယ်သေနတ်သည်လည်း မြှောက်ပါးပျဉ်းထောင်သကဲ့သို့ ဖျတ်ခနဲ ထိုးချိန်ပြီးသား ဖြစ်သွားသည်။ စက္ကန့်ပိုင်းမျှသာ ကျွန်တော် နောက်ကျသွားသည်ဟု ဆိုရပါချေမည်။ တူမီးသေနတ်ကိုင်လူဆီမှ ပေါက်ကွဲသံတစ်ချက်နှင့်အတူ ကျွန်တော်၏ ညာဘက်ပခုံးပူခနဲ တစ်ချက်ဖြစ်သွားသည်နှင့် မြက်ရိုင်းတောထဲ သုံးလေးပတ်လိမ့်ကာ သေနတ်သမားထံရောက်အောင် ချဉ်းကပ်လိုက်ချိန်နှင့် တစ်ပြိုင်နက်တည်း ....။

"ဒိုင်း - ဝေါ - ဒိုင်း - ဝေါ"

တူမီးသံနစ်ချက်နှင့်အတူ ညာသံပေးကာ တောင်စောင်းအတိုင်း ပြေးဆင်းလာကြသော အဘဦးလရောင်တို့ အဖွဲ့အား မြင်လိုက်သည်နှင့် သတ္တိအလွန်ကောင်းပုံရသော သစ်သူခိုးသုံးယောက်သည် ချက်ချင်းပင် နောက်ကြောင်းလှည့်ကာတောင်ပေါ်သို့တကွဲတပြားပြေးတက်သွားသည်မှာ လျှပ်ပြက်သကဲ့သို့ မြန်ဆန်လှသည်။

"တောခေါင်းလေး တစ်ယောက်ထဲ ထွက်သွားတာကြာနေလို့ စိုးရိမ်ရတာနဲ့ ငါတို့ လိုက်လာတာ ကံကောင်းပေလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ပန်းဒက်ရာသည် ရုပ်ထိရုံမျှသာ ဖြစ်သဖြင့် အဘဦးလရောင်ရောင်ကပင် မချစ်ရှက်ကို ခြေနယ်၍ အုံပေးပြီး နောက်သစ်သူခိုးများ စွန့်ပစ်ခဲ့ကြသော တူမီးနစ်လက်အား သိမ်းဆည်းကောက်ယူလိုက်ကြ၏။ ထို့နောက် ရက်ကြာ၍ ရိက္ခာများ လျော့ပါးနေပြီဖြစ်သော ဝန်တင်လားတစ်ကောင်ပေါ်သို့ သစ်နက်သားခေါင်းတလားအား စက်ခဲစွာတင်၍ ခိုင်ခံ့အောင် ချည်တုပ်ကြရသည်။ ခေါင်းတလားအား ထားခဲ့၍ မဖြစ်ပေ။ သက်သေခံပစ္စည်းအဖြစ် တင်ပြရဦးမည်။ ထားခဲ့ပါကလည်း ကျွန်တော်တို့ ပြန်သွားသည်နှင့် သစ်သူခိုးများ လာရောက်သယ်ယူသွားမည်မှာ သေချာသည်။

လျှိုထဲ၌ပင် နံနက်စာ စားသောက်ပြီးကြသည်နှင့် ရည်မှန်းချက်သို့ ခရီးဆက်ရန် ကျွန်တော်တို့အဖွဲ့ တာစူလိုက်ကြသည်။ နှင်းမြူတောင်နိုးတို့သည် ထင်ရှူးပြာတောကြီးတစ်ခုလုံးအား ကတ္တီပါဝတ်ရုံဖြူ အုပ်ဆိုင်းထားသကဲ့သို့ ကြည့်လေရာတိုင်း မှိုင်းမှိုင်းမှုန်လျက်ရှိသည်။ အလွန်အံ့ဩဖွယ်ရာဟု ဆိုရမည်မှာ သစ်သူခိုးများ ပြေးတက်သွားသော တောင်ထိပ်နေရာတွင် မှုန်ဝါးဝါးသဏ္ဍာန်ပေါ်လိုက် ပျောက်လိုက်နှင့် လူတစ်ယောက် ရပ်နေသည့် သဏ္ဍာန်ကို ကျွန်တော် တွေ့လိုက်ရခြင်း ဖြစ်လေသည်။

"အဲဒီ ... ခေါင်းတလားကြီးကို ယူသွားကြပေ့ ... မင်းတို့အိမ်သားတွေ သေရင် သုံးပစ်လိုက်ကြကွ"

အဆိုပါ မှုန်ဝါးဝါးသဏ္ဍာန်သူဆီမှ အော်ဟစ်လိုက်သော စကားသံသည် တောင်ကမ်းပါးယံ အထပ်ထပ်ပဲ့တင်လျက် ကျွန်တော်၏ နားထဲစူးနစ်၍ ဝင်လာကြသည်။ သေနတ်တစ်ကမ်းလည်းမမီ၊ လိုက်ရန်ဆိုသည်မှာလည်း ဤမျှ နက်ရှိုင်းလှသော တောတောင်ထဲ မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်ပေ။ စိတ်လျှော့ကိုယ်နွမ်းဦးတည်ရာ ခရီးလမ်းကြောင်းအတိုင်း ချီတက်ကြရန်သာ ရှိတော့သည် မဟုတ်ပါလား။



ကျွန်တော်တို့အဖွဲ့သည် ရည်မှန်းချက် ဇရိယာဖြစ်သော ကြိုးဝိုင်းထဲ၌ နှစ်ရက်ခန့်သာ အလုပ်လုပ်ချိန် ရကြပါသည်။ သစ်နက်ပင်များ၏ လက်ရှိအရေအတွက်နှင့် အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးသွားသော [illegible]ရင်းအား အတိအကျရအောင် ဆောင်ရွက်ကာ လေဒက်ဖြင့် လဲပြိုလျက်[illegible]ကြသော ထင်းရှူးပြာပင်ကြီးများကို သက်ဆိုင်ရာမှ လေလံစနစ်ဖြင့် ရောင်းချ[illegible]င်ရန်ကိုလည်း အတတ်နိုင်ဆုံး စာရင်းပြုစုရပါသေးသည်။ နောက်ဆုံးတွင် [illegible]က္ခာလက်ကျန် အခြေအနေအရ ကျွန်တော်တို့အဖွဲ့ တပ်ခေါက်ပြန်ကြရန် [illegible]ဖြတ်လိုက်ကြရပါသည်။

အပြန်ခရီးတွင် ဝန်လေးဆို၍ သိမ်းဆည်းလာသော သစ်နက်သား[illegible]င်းတလားတစ်ခုသာ ရှိတော့သဖြင့် ဝန်တင်လားနစ်ကောင်တစ်လှည့်စီ [illegible]ယ်လာကြခြင်းကြောင့် ခရီးအလွန်တွင်ခဲ့ပါသည်။ လမ်း၌ တစ်ညအိပ်ပြီး [illegible]ောက်တစ်နေ့တွင် ပေသုံးထောင်ခန့်မြင့်သည့် တောင်တစ်လုံးအား [illegible]ကျော်လိုက်ပြီးသည်နှင့် တောင်နိုးမြူမှုန်များကြားတွင် မဂျန်းယန်ရွာကလေး [illegible] လှမ်းမြင်နေရပြီ ဖြစ်သည်။ မေခမြစ်နှင့်တံငါချောင်းဆုံရာ ထောင့်ချိုး[illegible]နေရာ၌ရှိသော ရွာကလေးသည် မြူမှုန်တစ်ဝက် ဆည်းဆာရောင်တစ်ကွက် [illegible]ထဲရောက်နေခြင်းကြောင့် လှချင်သလောက် လှနေသော ရွာကလေး၏ [illegible]တွင်းသည် ကျွန်တော်တို့၏ ခြေလှမ်းများအား ပို၍ပင် သွက်လက်မြန်ဆန် [illegible]သည်မှာ အမှန်ပင်။

ကျွန်တော် လွယ်ထားသော ခြင်းပလိုင်းတောင်းကလေးထဲမှ ကတ္တီပါ [illegible]ရောင် သစ်ခွပန်းခိုင်၏ နူးညံ့မွေ့သက်သော အထိအာတွေ့အား စမ်းသပ် [illegible]သော ပျော်မြူးသွားမည့် ဇနီးချော ဂျာရွယ်၏ မျက်နှာဝင့်လ ပုံရိပ်လွှာ [illegible]ကျွန်တော်သည် မြင်ယောင်နေမိလျက်ရှိသည်။ တောင်ခြေတံငါချောင်း [illegible]သို့ ရောက်ချိန်၌ ညအမှောင်ထုသည် အလင်းရောင်မှန်သမျှကို ဖုံး[illegible] ဖြစ်သဖြင့် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - တောခေါင်းလေး - ရွာထိပ်ဘက်ကိုကြည့်လိုက်စမ်း၊ မီးတုတ်တွေ လက်နှိပ်ဓာတ်မီးတွေနဲ့ ဘာလုပ်နေကြသလဲ မသိဘူးနော်၊ လူတွေ ရှုပ်ယှက်ခတ်နေကြတာ တွေ့ရဲ့လား"

နောက်မှနေ၍ အဘဦးလရောင် အော်ပြောလိုက်မှ သာတံငါချောင်း တစ်ဘက်ကမ်း၌ လူစုလူဝေးနှင့် မီးတုတ်၊ လက်နှိပ်ဓာတ်မီးရောင်များကို သတိထားလိုက်မိသည်၊ ကျွန်တော်တို့အဖွဲ့ကလည်း အော်ဟစ်သံပေးလျက် တံငါချောင်းအား ဖြတ်ကူးလိုက်ပြီးသည့်အချိန်တွင် ရွာသူကြီးဦးလဘန်လ သည် လူအုပ်ကြားထဲမှ တိုးထွက်လာကာ ကျွန်တော့်အား ကြိုဆိုလျက် ရှိသည်ကိုတွေ့ရသည်၊ သူ၏မျက်နှာအားကြည့်ရသည်မှာ အလွန်စိတ်မချမ်း မြေ့ဟန်ညှိုးငယ်နေသည့်အပြင် အရေးကြီးအကြောင်းအရာတစ်ခုခုကိုပြော ရန် အရှိန်ယူသလိုလို သက်ပြင်းချလျက် ရှိသည်မှာလည်း အကြိမ်ကြိမ်၊

"နင်တို့ဘာလုပ်လို့လူတွေမီးတွေနဲ့အလုပ်များနေကြတာလဲလဘန်လ၊ လက်ထဲမှာလည်း တူမီးသေနတ်တွေ၊ ဓားလေးတွေနဲ့ပါလား"

"အင်း ... ကျား ... ကျားသစ်နက်ကြီးလေဗျာ - ငါးတောင်လောက် ရှိလိမ့် မယ်လို့ ပြောကြတယ်၊ အဲဒါ တစ်ညနေလုံး ငါတို့လိုက်ရှာတာ အရိပ်အရောင် မတွေ့ကြဘူး ဦးလရောင်ရေ"

"ကျားသစ် ... ဟုတ်လား၊ လဘန်လ ... မင်းတို့ - သေသေချာချာမြင်လိုက် ကြလား"

"ဟုတ်တယ်ဗျာ၊ ဘယ်က ရလာတဲ့ ဒဏ်ရာကြီးလည်း မသိပါဘူး၊ သွေး တစက်စက်နဲ့ အဲဒါ မွန်းလွဲပိုင်းတုန်းက ချောင်းထဲရေဆင်းခပ်တဲ့ ဆ - ဆ - ဆရာမလေး ဂျာ - ဂျာရွှယ်ကို"

ဂျာရွှယ်ဆိုသော နာမည်ကိုကြားလိုက်သည်နှင့် ဦးလဘန်လ နားကပ် လျက် ကျွန်တော့် နှုတ်ခမ်းဝမှ မေးခွန်းများ စိုးရိမ်စကြီးနှင့် ရှန်းကန်ထွက် သွားသည်မှာ ကျယ်လောင်လွန်းလှသည်၊



"ဂျာရွှယ် ... ဟုတ်လားဦးလဘန်လ - ဂျာရွှယ်ဘာဖြစ်လို့လဲဦးလဘန်လ၊ ခု - ခု - သူ - သူ ဘယ်မှာလဲ"

"ငါတို့လည်း စိတ်မကောင်းကြပါဘူးကွာ၊ တံငါချောင်းထဲ ရေဆင်းခပ် နေတဲ့ ဆရာမလေးဆီက အလန့်တကြား အော်သံကြီး ကြားရတော့ နီးတဲ့ အိမ်တွေက ရွာသားတချို့ပြေးသွားကြတာပေါ့၊ ဒဏ်ရာရထားတဲ့ ကျားသစ် နက်ကြီးတဲ့ကွာ တစ်ဖက်ကမ်း ကျောက်တုံးအကွယ်ကနေ ဆရာမလေးဆီ ခုန်အုပ်ပြီး လည်ကုပ်ကို ကိုက်ချီသွားတာ တွေ့ရလို့ ရွာသားတွေ ညာသံပေး နောက်လုန့်လိုက်လို့ ဆရာမလေးကို ပြန်လွှတ်ချခဲ့တာ တောခေါင်းလေး ရယ်၊ ကျားသစ်နက်ကတော့ သစ်ကြားပင်အကိုင်းတွေက တစ်ဆင့် တောထဲ ပြေးသွားတယ်လို့ ပြောတာပဲ"

"ဂျာ . . . ဂျာရွှယ် . . . ဘယ်မှာလဲ . . . ဒဏ်ရာ အတော်ပြင်းသလား ဦးလဘန်လ . . ."

"ဆရာမလေး မရှိတော့ပါဘူး တောခေါင်းလေးရယ်၊ ငါတို့ ရောက်လာ ပြီး သူ့ကို ပွေ့ချီကြတာ လည်ကုပ်နေရာက ဒဏ်ရာကြီးကြောင့် သွေးထွက် လွန်နေလို့ အသက်မရှင်တော့ပါဘူးကွာ"

"ဟာဗျာ ..."

ဆွံ့အသွားပြီးလား မဆိုနိုင်ပေ၊ ကျွန်တော့်ထံမှ မည်သို့သော စကားသံ မျှ ထွက်မလာတော့ဘဲ ရင်ထဲတစ်ဆို့လျက် မွန်းကြပ်သလို ခံစားနေရသည်၊ ဦးလဘန်လ ဦးဆောင်ခေါ်သွားသော ကျွန်တော်တို့အဖွဲ့သည် ဘုရားရှိခိုး ကျောင်းဆောင်း မြေကွက်လပ်၌ ဝါးကွပ်ပျစ်ပေါ်တင်ထားသည့် ဂျာရွှယ်၏ အလောင်းနားသို့ရောက်သွားကြစဉ် ဂျာရွှယ်ကို ချစ်ကြသော သူ့တပည့်ငယ် လေးများနှင့် ရွာသားများဝိုင်းကာ ဝမ်းနည်းပက်လက်ဖြင့် ဆုတောင်းပေးနေ ကြသည်ကို ထင်းရှူးမီးတိုင်များ ပတ်လည် ထွန်းထားခြင်းကြောင့် ပီသ ထင်ရှားစွာ တွေ့နေရသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဂျာရွယ်ရယ်"

ဤမျှ အသံကလေးထွက်ရန်ပင် အတော်ပင်ပန်းစွာ အားစိုက်နေရသည်၊ ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။ ဂျာရွယ်၏ မျက်နှာကလေးသည် ကျွန်တော်စူးစိုက်ကြည့်နေရင်းမှ တံလျှပ်လှိုင်းတွန့်များကဲ့သို့ ဝေဝါးစွာ တုန်ခါနေကြသည်ဟု ထင်နေရသည်၊ ဘေးလွယ်ခြင်းပလိုင်းထဲမှ သစ်ခွပန်းများ တစ်ခိုင်ပြီးတစ်ခိုင် ဆွဲထုတ်ကာ ဂျာရွယ်၏ ရင်ဘတ်ပေါ်တင်ပေးနေရင်းမှ လက်ထဲပါလာသော သစ်ခွနက်ကြီးကြောင့် ရုတ်တရက် တုန်လှုပ်သလို ဖြစ်လျက်အဝေးသို့ လွှင့်ပစ်လိုက်သည်မှာလည်း အရှုံးတစ်ယောက် သဖွယ်၊

သစ်ခွနက် ...

ကျားသစ်နက် ...

နောက်ဆုံး သစ်နက်သားခေါင်းတလားကြီး၊

အဘဦးလရောင်ပြောသည့်တောပိုင်တောင်ပိုင်သခင်ကြီး၏ ကျိန်စာတွေလား၊

မည်သို့ပင်ဆိုစေ -

ဂျာရွယ်အားမြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် နောင်နှစ်ပေါင်း ကာလများစွာကြာရှိန်၌အလွမ်းပြေပြန်ကြည့်ဦးမည်ဆိုလျှင်မဆွေးမမြည့်ပိုးမထိုးခြမကိုက်သော သစ်နက်သားခေါင်းတလားဖြင့် ထည့်သွင်း သင်္ဂြိုဟ်မှ ဖြစ်ပေမည်၊ သစ်နက်သား ခေါင်းတလားကလည်း ကျွန်တော်တို့နှင့် အဆင်သင့်ပါလာသည် မဟုတ်ပါလား၊ သို့သော် ...

အတွေးစိတ်ကူးတို့ဖြင့် တည်ငြိမ်ခါစ ရှိနေရှိန်ဝယ် အရပ်လေးမျက်နှာ ပိတ်မှောင်လျက်ရှိသော မြူမှုန်တောင်နံရိုးများကြား ထိုးဖောက်ပဲ့တင်သံ အထပ်ထပ်မြည်ဟိန်းစလာသောအသံနက်ကြီးကြောင့်ကျွန်တော်၏အသိမှ



လျက်ရှိသည့် ဦးခေါင်းအား သွက်သွက်ခါသည်အထိ ခါယမ်းမိလျက်ရှိပါတော့သည်၊

"အဲဒီ ခေါင်းတလားကြီးကို ယူသွားကြဖော့ ...

မင်းတို့ အိမ်သားတွေသေရင် သုံးပစ်လိုက်ကြကွ"

॥▬▬➡ **ခင်းရွှေထိန်း** (ဖင်းကျိုက်)

**စာမူရှင်များသို့**

'**ဂရိုရစွဝင်း**' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌
အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊
နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့်
အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူ
နိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com

# အချစ်နှင့်အိမ်

ကောင်းသုခ



# "အချစ်နှင့်အိမ်"

ကောင်းသုခ

## ကျွန်ုပ်သည်

ဝန်ထမ်းတစ်ဦး ဖြစ်သော်လည်း ဝါသနာအလျောက် သတ္တဗေဒပညာရပ်များကို (၁၉၆၈)ခုနှစ်မှ စတင်၍ လေ့လာခဲ့လေ၏။ (၁၉၈၆)ခုနှစ်တွင် ဟောခန်းဖွင့်လှစ် ဟောပြောခဲ့လေ၏။ ထိုသို့ ဟောပြောရာတွင် မိမိမှုလတာဝန် ရှိသည့်အတွက် အားလပ်သော ကိုယ်ပိုင်အချိန်များအတွင်သာ ဟောပြောလေ၏။ လူတစ်ဦးလျှင် (၁၅) ကျပ်မျှ၍ ဟောပြောခဲ့ရခြင်းဖြစ်ပြီး စေတနာအလျောက် ဟောပြောခဲ့ရသည်များလည်း များစွာရှိခဲ့လေ၏။ ဟောပြောရာတွင် မိမိသည် ငွေကြေးရလိုမှုသက်သက်ဖြင့် ဟောပြောခြင်းမဟုတ်၊ မေးမြန်းခြင်းအခက်အခဲများကို ဖြေရှင်းပေးလိုသော မေတ္တာစိတ်ဖြင့်အခြေခံဟောပြောခြင်းဟု သစ္စာပြုဟောပြောခြင်းဖြစ်လေ၏။ ထို့အတူ မိမိအား ယနေ့အထိမည်သူ တစ်ဦးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တမျှ ပညာရပ်များကို ပြသ သင်ကြားပေးခြင်းမရှိ၍ သင်ဆရာမရှိခဲ့သော သင်ယူမှုဘဝသာ ဖြစ်ခဲ့လေ၏။ လေ့လာဆည်းပူးသော မြန်မာ့ရိုးရာ မဟာဘုတ်၊ စန်း၊ အင်္ဂဝိဇ္ဇာ၊ နာမက္ခရ စသည်မှ နက္ခတ်ဗေဒင်ပညာ၊ (K.P)စနစ်၊ ဂဏန်းဗေဒင်၊ တားရော့၊ ဖုန်းရွှေ အစရှိသဖြင့် များပြားလှစွာ ပညာရပ်များမှာမူ စာအုပ်စာတမ်းများ၊ ကျမ်းဂန်များမှသာ ဦးနှောက်အငွေ့ပျံမတတ် နားလည်စေရန် ဖတ်ရှုခဲ့ရခြင်း ဖြစ်လေ၏။ သင်ဆရာဟူ၍ မရှိသော်လည်း မြင်ဆရာကျမ်းဂန်စာအုပ်ပြုစုသူ ထောင်ပေါင်းများစွာသော ရေးသားသူများစွာ လက်ဦးဆရာများသာ ဖြစ်ကြလေ၏။ ထို့ကြောင့် ဟောပြောမှု ပြုရာတွင် ရှေးဦးစွာ ကြားဆရာ၊ သင်စရာ၊ မြင်ဆရာတို့နှင့် ဘုရားရှင်၏ ဂုဏ်တော်ကို ဦးနိုက်ပြီးမှ ဟောပြောမှုပြုလေ၏။ ထိုသို့ သင်ယူမှု အခက်အခဲကို ကောင်းစွာဖြတ်ကျော်ခဲ့ရသည့်အတွက် မိမိထံ ပညာရပ်လာရောက်ဆည်းပူးနေသော ချာလီဆွေသက်ကဲ့သို့တပည့်မျိုးကို စိတ်ရှည်သည်းခံစွာဖြင့် သိသမျှ သင်ပြပေးနေခြင်း ဖြစ်လေ၏။

ချာလီဆွေသက်မှာ တစ်ခါတစ်ရံ အူကြောင်ကြောင် အတွေးအခေါ်များရှိခြင်း၊ တစ်ခါတစ်ရံ သင်ယူမှု၌ အာရုံစူးစိုက်မှုလျော့နည်းခြင်းမှအပ ဉာဏ်ရည်နိမ့်ကျသူ မဟုတ်၍ သင်ပြမှု အခက်အခဲ မရှိလှချေ။ သင်ကြားသည်ဟု ဆိုရာတွင်လည်း စနစ်တကျ အချိန်ပေး၍ သင်ကြားနေခြင်းမဟုတ်၊ ရှင်းပြ၍ လေ့လာစရာ စာအုပ်ကို ပြသပေးခြင်း၊ ဟောပြောချိန်တွင် လေ့လာခြင်း စသည်ဖြင့်သာ ပညာပေးဝေခြင်းဖြစ်လေ၏။ ပညာသင်၊ ပညာပေးခြင်းများ၊ အတွက် ငွေကြေးတန်ဖိုးပေးရန် မလို၊ လာလိုသော အချိန်လာ၊ ပြန်လိုသော အချိန်ပြန်၊ ပေးလိုလျှင်လည်း ဝင်၍စားသောက်နိုင်ခြင်းကြောင့် ဆရာတပည့် နှစ်ဦးစလုံးအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်သော နေထိုင်ခြင်း ဖြစ်လေ၏။ ချာလီဆွေသက်မှာ ဘွဲ့ရလူငယ်ဖြစ်ပြီး မိဘများက အမွေပေးထားသော လယ်ယာများကို သီးစားချ၍စာပေသမားယောင်ယောင်၊ ဗေဒင်ပညာယောင်ယောင်



နှင့် နေထိုင်သူ ဖြစ်လေ၏။ ၎င်းအတွက် စားဝတ်နေရေး၊ ငွေကြေးကိစ္စမှာ မရှိမရှားဖြစ်၍ အပူပင်နည်းသော လူငယ်ဖြစ်ပြီး ငယ်စဉ်ကပင် မိမိနှင့်အတူ နေထိုင်ဖူးသောလုပ်ငန်းခွင်မှ တပည့်ကောင်းလည်းဖြစ်၍ ပြောမနာ၊ ဆိုမနာဖြစ်လေ၏။ ၎င်းအား ကျွန်ုပ်က နောက်ပြောင်နေသော်လည်း သူ၏ ဘတ်ဝန်းကျင်တွင်မူ "ဆရာလေး - ဆရာလေး" ဟု ခေါ်ဝေါ်ပြီး လေးစားသမှု ခံယူရသူ ဖြစ်လေ၏။ ချာလီဆွေသက်မှာ လူငယ်ပီပီ ရွယ်တူသူငယ်ချင်းများ စိတ်ဝင်စားသော ရာသီခွင်နှင့် တားရော့ပညာကို အထူးလေ့လာပြီး ကျွန်ုပ်က မိမိဘဝ ဖြတ်သန်းခဲ့ရသည့်အတိုင်း Self Study ကိုယ်တိုင်လေ့လာခြင်းဖြင့် တတ်မြောက်စေရန် ကြိုးစားစေ၏။

တစ်နေ့သ၌ ကျွန်ုပ်၏ ဗေဒင်လက္ခဏာ ဟောပြောခန်းသို့ လူငယ်တစ်ယောက် ရောက်ရှိလာလေ၏။ လူငယ်မှာ အတန်ငယ် ဝါကျဉ်သော ကော်လံခေါင်းတုံး ရှပ်လက်တိုအဖြူနှင့် လုံချည်နက်ပြာရောင်အကွက်ကို ဝတ်ဆင်ထားသဖြင့် ဝန်ထမ်းတစ်ဦး ဖြစ်နိုင်သည်ဟု မှန်းဆရလေ၏၊ ဆိုင်ကယ်၊ ကားမပါလာသည့်အတွက် ပစ္စည်းဥစ္စာ ပြည့်စုံသူမဟုတ် (သို့မဟုတ်) ရပ်ဝေးခရီးသည် ဖြစ်ဟန်တူလေ၏။ လူငယ်အား နေရာထိုင်ခင်းပေးပြီး သိလိုသော အချက်များကို မေးမြန်းရလေ၏။

လူငယ်က ၎င်း၏အမည်မှာ "အောင်ဆက်ပိုင်"ဖြစ်ပြီး မင်းလှဇာတိဖြစ်ကြောင်း နေပြည်တော်တွင် တာဝန်ကျ၍ ထမ်းဆောင်နေကြောင်း ရာထူးအဆင့်မှာ အထက်တန်းစာရေးဖြစ်ပါကြောင်း၊ ယခုတာဝန်ဖြင့် မကွေးသို့ ရောက်ရှိနေခြင်းဖြစ်ပြီး ဇာတိမင်းလှ (အထက်မင်းလှ) သို့လည်း လည်ပတ်ရင်း မိတ်ဆွေများပြီး လမ်းညွှန်ချက်အရ ဗေဒင်လက္ခဏာမေးရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောပြလေ၏။ ကျွန်ုပ်လည်း မွေးသက္ကရာဇ်စသည့် အချက်အလက်များတောင်း၍ လိုအပ်သော ရာထူးတိုးမြှင့်ရေး၊ နေရာဒေသပြောင်းရွှေ့ခြင်း၊ စီးပွားရေး၊ ကျန်းမာရေးစသည်များကို ဟောပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆက်ပိုင်အားအချစ်ရေး၊အိမ်ထောင်ရေးဟောပြောရန်စကားစသော အခါ အောင်ဆက်ပိုင်က…

"ဒီလိုပါ … ဆရာ အားမနာပဲ ပြောရရင် ဆရာဟောတာတွေက မှန်ပါတယ်။ ဒါပေမဲ့ - အဓိက သိချင်တာကတော့ ကျွန်တော့်အချစ်ရေး၊ အိမ်ထောင်ရေးပါခင်ဗျာ။ အဲဒီအကြောင်းကို နည်းနည်း ပြောပြလို့ ရမလားဆရာ" ဟု ပြောလေ၏။

"ရပါတယ် … သိလိုတာ ရှင်းလင်းဖို့ လိုအပ်တဲ့ သိချင်တာတွေ ပြောပြတော့ အဓိကအချက်တွေ လွတ်မသွားဘူးပေါ့။ ပြောပါ … ဆရာကလည်း မင်းတို့ လူငယ်တွေအတွက် ပြောပြမလို့ပါပဲ"



မေမြတ်နွန်တို့ အိမ်ထောင်ရတ်သား ချပေးဖို့လည်း သူ့မိဘတွေက ရေနံဝန်ထမ်းထဲက အဝန်အဆင့်တစ်ဦးနဲ့ စဉ်းစားနေပါတယ်။ ဟိုဘက်ကလာပြီး ကမ်းလှမ်းနေတာပါ။ ဒီတော့ လောလောဆယ် ကျွန်တော် အလုပ်သင့်တယ်ဆိုတာ ဝေ့ခွဲဝရ ဖြစ်နေပါတယ် ခင်ဗျာ။ အဲဒါကို အတြမြ ဟောပြောပေးပါ'



ကျွန်တော်က မင်းလှဇာတိဆိုပေမယ့် မိဘတွေက တောင်သူတွေဆိုတော့ ငယ်စဉ်ကတည်းက မိဘတွေရဲ့မိတ်ဆွေရင်းဖြစ်တဲ့ ရေနံအရာရှိကြီးတစ်ယောက် အိမ်ကို ပို့လိုက်ပါတယ်။ အဓိကတော့ အဖေနဲ့အမေက ကျွန်တော့်ကို ပညာတတ် ဖြစ်စေလိုတာပါ။ အဲဒီအရာရှိကြီးကလည်း သမီးတစ်ယောက်လည်း ရှိပါတယ်။ ယောကျ်ားလေးလိုချင်တော့ ကျွန်တော့်ကို (၆)နှစ်သားအရွယ်ကတည်းကခေါ်ထားပါတယ်။ သူတို့လည်းကူဖော်လောင်ဖက်ရပြီး လူတစ်ယောက်ကိုကျွေးထားနိုင်တဲ့သူတွေပါ။ ပြီးတော့ ကျွန်တော့်ကို အလုပ်သမားလို ထားတာမဟုတ်ပါဘူး။ ကျောင်းလည်း ထားပေးပြီး အားတဲ့အချိန်မှာ အိမ်အလုပ်တွေ ကူလုပ်စေရတာပါ။ ဒါကလည်းအလုပ်လို့ မခေါ်နိုင်ပါဘူး။ လက်ဖက်ရည်ဝယ်ပေးရတာ၊ ဈေးထဲလိုတာ ပြေးဝယ်ပေးရတာလောက်ပါပဲ၊ ဒါကလည်း အလုပ်လို့ မခေါ်နိုင်ပါဘူး။ သူကလည်း အရာရှိဆိုတော့ တပည့်တပန်း ပေါပါတယ်၊ အဲဒီအရာရှိကြီး ငယ်စဉ်က အဖေတို့အမေတို့ အိမ်မှာ နေသွားဖူးပြီး ခင်မင်နေကြတာပါ။

ကျွန်ုပ် ကိုယ်တိုင်က ရေနံဝန်ထမ်း ဖြစ်နေသော်လည်း ပြောပြသူ၊ ဆိုလိုရင်းများ အဟုန်အတား မဖြစ်စေရန် ဝင်းစကားကိုသာ နားထောင်ခြင်း၊ တားထောက်ခြင်းသာ ပြုလုပ်လေ၏။

"အဲဒါက … ဘယ်နေရာလဲကွဲ့"

"ရေနံမြေကို ပြောတာပါ"

"အော် … ဟုတ်ကဲ့ ချောက်ရေနံမြေပါခင်ဗျာ၊ ချောက်ရေနံမြေက မူလ ဘီအိုစီကုမ္ပဏီပိုင်ဆိုင်ခဲ့ပြီး အရာရှိတွေ အိမ်ဆိုတာ အကြီးကြီးပဲခင်ဗျာ၊ ဟိုခေတ်အခါကတော့ မာလီ၊ ထမင်းချက်၊ စားပွဲထိုး၊ ညစောင့်တွေပါပေးထားတယ်လို့ သိရတယ်ခင်ဗျာ၊ အိမ်ခန်းတွေကလည်း အကျယ်ကြီးခင်ဗျာ၊ ဘားကိုဒေါင်၊ ပန်းခြံ၊ ရေကူးကန်တွေပါရှိခဲ့ဖူးတယ်လို့ပြောပါတယ်၊ ကျွန်တော် နှစ်တန်းလောက်ရောက်တော့ စီးပွားရေးမှာ သူတို့အိမ်က နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com

ကြပ်တည်းလာတယ်၊ အရာရှိသာဆိုတယ် လစာက ဘာမှ သိပ်မရပါဘူး၊ ကျွန်တော့်ကျောင်းစရိတ်အပါအဝင် လုံလောက်ရုံပဲ ရှိပါတယ်၊ အပိုမသုံးနိုင်ပါဘူး၊ ရုံးတက်တော့တော့ အစိုးရအရာရှိစီးတဲ့မာဇဒါဂျစ်နဲ့ပါပဲ၊ ဈေးဝယ်တော့ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်သာ ဝယ်နိုင်တာပါ၊ ဒီလိုနဲ့ အဲဒီ အရာရှိကြီးရဲ့အမေက တော်တော်အသည်းအသန် ဖြစ်လိုက်တော့ သူတို့ရွာဖြစ်တဲ့ ကြီးနီရွာရှိတဲ့ဘက်မှာသွားပြီးပြုစုရ၊ ဆေးကုရနဲ့ အရင်က စုဆောင်းတာလေးတွေပါပြုတ်ကုန်ပါတယ်"

"ဟုတ်ပြီ ... မောင်အောင်ဆက်ပိုင်ရယ် ... လူကလေး ဇာတ်လမ်းမှာ အမိကကျတဲ့ မိန်းကလေးက အဲဒီအိမ်က အရာရှိရဲ့ သမီး မဟုတ်လား၊ မင်းသမီးက ဇာတ်လမ်းမှာ ပျောက်နေတယ်"

ကျွန်ပ်က ထိုသို့ ပြောလိုက်သဖြင့် အောင်ဆက်ပိုင်မှာ အနည်းငယ်ရှက်ဟန်ပြပြီး -

"ဟုတ်ကဲ့ ... အဲဒီကောင်မလေးက ကျွန်တော်နဲ့အသက်တူပါပဲ၊ ကျောင်းသွားအတူတူ ကစားလည်းအတူပဲကွယ်ဆိုတဲ့ သီချင်းလိုပေါ့ဆရာ၊ (၉)တန်း၊ (၁၀)တန်းလောက်ရောက်တော့ ကျွန်တော့်စိတ်တွေလည်း သိပ်မဟုတ်တော့ဘူးခင်ဗျာ၊ သူ့အပေါ်စိတ်ဝင်စားလာပါတယ်၊ ငယ်စဉ်ကတည်းက မောင်နှမအရင်းလို နေလာခဲ့ပြီး ကျေးဇူးလည်းရှိတော့ ဖွင့်ပြောဖို့ တော်တော်ခက်နေခဲ့ပါတယ်၊ ဒါနဲ့ မျိုသိပ်နေရတော့တာပေါ့ဆရာ၊ ကောင်မလေးနာမည်က "မမြတ်မွန်" လို့ ခေါ်ပါတယ်၊ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး (၁၀)တန်းအတူတူ အောင်ပါတယ်၊ မမြတ်မွန်က အမှတ်အသင့်အတင့်ကောင်းပါတယ်၊ ဒါနဲ့မိဘတွေက "မကွေးပညာရေးကောလိပ်" ကိုပို့လိုက်ပါတယ်၊ အဲဒီကျောင်းက အဆောင်ရှိတယ်၊ စားစရိတ် မကုန်ဘူး၊ သက်သာတယ်၊ အလုပ်ရဖို့လည်း သေချာတယ်၊ ကျွန်တော်ကတော့ စာပေးစာယူနဲ့ အင်္ဂလိပ်စာမေဂျာ ရပါတယ်၊ အဝေးသင်ပေါ့ဆရာ၊ ကျွန်တော့်

မွေးစားမိဘတွေနဲ့ အခြေအနေအရ ဆောက်လုပ်ရေးဌာနမှာ အလုပ်သမားဝင်လုပ်ရင်း ဘွဲ့ရအောင် ယူရတာပေါ့ခင်ဗျာ၊ ကျွန်တော်က ငယ်စဉ်ကတည်းက တစ်တောင် သူ့မိဘတွေနဲ့ နေခဲ့ရတော့ ဒီအလုပ်ကို ပင်ပန်းတယ် မထင်ပါဘူး၊ ရတဲ့ နေ့စားခနဲ့ အသင့်အတင့် တော့ သက်သာရာရစေတာပေါ့၊ ဆရာနားထောင်ရတာ အဆင်ပြေရဲ့လားခင်ဗျာ"

"ဆက်ပါဦးကွယ် ... စိတ်ဝင်စားပါတယ်"

"တိုတိုပြောရရင် မမြတ်မွန်က ဆရာမ ဖြစ်နေပါပြီ၊ ကျွန်တော်က ဘွဲ့ရပြီး နေပြည်တော်က ဌာနတစ်ခုမှာ အထက်တန်းစာရေး ဖြစ်နေပါပြီ၊ နေတာကတော့ သဇင်လူပျိုဆောင်မှာပါ၊ မမြတ်မွန်ရဲ့မိဘတွေကတော့ မကြာမီ ပင်စင်ယူကြတော့မှာပါ၊ အဲဒီအချိန်မှာ မမြတ်မွန်ကို အိမ်ထောင်ရက်သား ချပေးဖို့လည်း သူ့မိဘတွေက ရေနံဝန်ထမ်းထဲက သာမန်အဆင့်တစ်ဦးနဲ့ စဉ်းစားနေပါတယ်၊ ဟိုဘက်ကလာပြီး ကမ်းလှမ်းနေတာပါ၊ ဒီတော့ လောလောဆယ် ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာ ဝေခွဲမရ ဖြစ်နေပါတယ်ခင်ဗျာ၊ အဲဒါကို အကြံပြုပေးပြောပေးပါ"

"ဟုတ်ပြီ . . . ခုတော့ လိုရင်းရောက်ပါပြီ၊ ဆရာမေးပါရစေဦး . . . မိန်းကလေးက လာကမ်းလှမ်းတာကို ဘယ်လိုသဘောရသလဲ"

"ဘယ်လိုမှ . . . သဘောမရပါဘူး၊ ခေါင်းမခါ ခေါင်းမညိတ်ပါပဲ"

"ဒါဆိုရင်မောင်အောင်ဆက်ပိုင်အပေါ်မှာရှိတဲ့ သူ့သဘောထားကိုကော မခန့်မှန်းမိဘူးလား"

"အဲဒါက ခက်တာပါပဲ၊ မမြတ်မွန်က တည်ကြည်တယ် ခင်ဗျ၊ ခုထိ ရည်းစားလည်း မရှိဘူး၊ လိမ္မာတယ်၊ ကျွန်တော့်အထင် ပြောရရင် ကျွန်တော် တမ်းလှမ်းရင်လည်း သူ့သဘောက မိဘတွေကသဘောပဲလို့ ပြောမှာပါပဲ၊ တန်ကွက်မှာ မဟုတ်သလို မိဘတွေ သဘောမပါဘဲလည်း ခေါင်းညိတ်မှာ မဟုတ်ဘူး၊ သူ့ရင်ထဲ ဘယ်လို ရှိတယ်ဆိုတာ သိဖို့ ခက်ပါတယ်၊ သူ့တာ ချစ်တုံ့ပြန်ခဲ့ရင်တောင် မိဘကျေးဇူးကို ဦးစားပေးမှာပါပဲ"




www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်ကကော'သူ့အပေါ်မေတ္တာရှိတဲ့ အရိပ်အယောင်ပြခဲ့ဖူးသလား"

"ဂရုစိုက်တာ သည်းခံတာ အလိုလိုက်တာ စသည်ဖြင့် ရှိတာပေါ့ဆရာ၊ ဒါပေမဲ့ - အဲဒီလိုတော့ သိသိသာသာ မပြသခဲ့ဖူးပါဘူး"

"ဟုတ်ပြီလေ ... ဒီလောက်သိရရင် ဆရာ အကြံပေးပါမယ်"

ထို့နောက် ကျွန်ုပ်လည်း တားရော့ကတ် ဆွဲယူစေ၏။ ထွက်ရှိလာသော တားရော့ကဒ်မှာ No.1 Magician ဟူသောကတ်ဖြစ်၏။ မော်ဆရာဟုလည်း မြန်မာမှုပြုကြ၏။ ကျွန်ုပ်က -

"အောင်ဆက်ပိုင်အနေနဲ့ တစ်စုံစုံ ဆုံးဖြတ်ရမယ့် လမ်းဆုံ ရောက်နေပြီ၊ ဘယ်လမ်းကို လိုက်မယ် ဘာကို ရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ရမယ့် အချိန်ရောက်နေပြီ၊ အသစ်တစ်စုံစုံကို စတင်ရတော့မယ်၊ ခြေလှမ်းသစ် စတင်ရမယ့် သဘောပါ၊ ဆုံးဖြတ်ပြီးရှေ့ကို လှမ်းလျှောက်ရတော့မယ်၊ တနင်္လာနံ ပါတဲ့ သူ့ကို ဂရုပြုပါ"

"ဟုတ်ကဲ့ ... ဆရာပြောတာတွေက ယေဘုယျ ဆန်ပါတယ်ခင်ဗျာ၊ ကျွန်တော် သိချင်တာက မေမြတ်မွန်ကို ဖွင့်ပြောသင့်မသင့်ဆိုတာပါ"

"ဖွင့်ပြောလိုက်ပါ၊ ဖွင့်ပြောမှရတော့မယ့် အခြေအနေသစ်လို့ ဆရာ ပြောနေတာပါ၊ ခြေလှမ်းစပါ၊ အခွင့်အရေး ရှိနေတယ်လို့ ဆိုလိုတာပါ"

"ဟုတ်ကဲ့ ... ရှင်းပါပြီ ခင်ဗျာ"

တစ်နေ့သ၌ ကျွန်ုပ်၏တပည့်ကျော်ချာလီဆွေသက်သည် ရင်းကိုယ်တိုင် ဟောပြောခဲ့သော တားရော့အဟောများနှင့် ပတ်သက်၍ အတွေ့အကြုံများကို ပြောပြနေလေ၏။ ကျွန်ုပ်လည်း လိုအပ်သည်များကို ဖြည့်စွက်မှာကြား အကြံပေးခြင်း ပြုလုပ်နေလေ၏။ ချာလီဆွေသက်က ကတ်ပြားများကို ဂုလားဖန်ထိုးရင်း No.1 Magician ဟူသောကတ်ကိုထုတ်ယူလိုက်ပြီး ...

"ဒါနဲ့ ... ဆရာ လွန်ခဲ့တဲ့ (၆)လလောက်က ဗေဒင်လာမေးတဲ့ ချောက်က အောင်ဆက်ပိုင်ဆိုတဲ့ လူငယ်ကလေးရဲ့ အချစ်ရေးကိစ္စမှာ ဟောဒီ No .1 Magician ဆိုတဲ့ကဒ် ထွက်လာတယ်ဆရာ၊ ကျွန်တော့် မှတ်စုထဲမှာလည်း အဲဒီလို မှတ်တော့တယ်၊ အဲဒါ သူတို့အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေသွားပြီလားဆရာ"

"မပြေပါဘူးကွာ ... ကောင်မလေးက တခြားသူနဲ့ အိမ်ထောင်ပြုသွားတယ်"

"ဟောဗျာ . . . ဒါဆိုရင် ဒီကတ်က အဲဒီအချိန်က ဆရာဟောခဲ့သလို အဆင်ပြေရမယ်ဆိုတာ မဟုတ်ဘူးပေါ့"

"ဟုတ်ပါတယ်ကွာ ... အဆင်ပြေရမှာပါ"

"ဟာ ... ရှုပ်သွားပြီဆရာ ပြေရမယ်ဆိုရင် ခုတော့ ဘာလို့ အဆင်မပြေရတာလဲ"

"မရှုပ်ပါဘူးကွာ - အဲဒီအချိန်က ငါက သေချာအကြံပြုခဲ့တာပါ၊ ဖွင့်ပြောလိုက်ပါ၊ ကောင်မလေးက လက်ခံပါလိမ့်မယ်လို့ ဟောခဲ့တယ်လေ"

"ဟုတ်တယ်လေ ... ဒါပေမဲ့ - ခုတော့ လက်မခံလို့ တခြားသူနဲ့ လက်ထပ်သွားတာပေါ့၊ မင်းကိုရေလည်အောင် ရှင်းပြရဦးမှာပေါ့ဗျာ၊ ဆရာ့ဝတ်ဆိုတာ ဒါပဲ၊ မင်းသိတဲ့အတိုင်း ငါတို့ရေနံဝန်ထမ်းဆိုတာက စီမံကိန်းတွေ၊ အစမ်းတွင်းတွေမှာ ဘားတိုက်လို့ခေါ်တဲ့ ယာယီအိပ်စင်တွေမှာ နေရတယ်၊ မိသားစု ခေါ်ရဘူး၊ ဒါပေမဲ့ - ဝန်ထမ်းတွေက စားဝတ်နေရေးနဲ့ တခြားအကြောင်းကြောင်းတွေကြောင့် မိသားစုခေါ်ပြီး အခန်းကျဉ်းကလေးမှာ စုပြုံဖြစ်သလို နေထိုင်ကြရတယ်၊ ရေနံမြေတွေမှာ အိမ်ရာတွေ ရှိပေမယ့် ဝန်ထမ်းက



www.burmeseclassic.com

www.burmeseclassic.com

ထောင်ကျော်ရှိပြီး အိမ်ရာက ရာဂဏန်း မပြည့်တပြည့်ရှိတော့ ဘားတိုက်တွေမှာ ဖြစ်သလို နေကြရပြန်တယ်။ ရေနံမြေမှာရှိတဲ့ အိမ်ရာတွေကတော့ လူနေထိုင်ဖို့ သီးခြားဖြစ်ပြီး မိသားစုအတွက် သင့်တော်တာပေါ့ကွာ”

“ဆရာက ... ဘာတွေ ပြောနေတာလည်း အဲဒါက ဆရာလည်းသိ၊ ကျွန်တော်လည်းသိတဲ့အခြေအနေတွေပဲ၊ အခုမေးတာနဲ့ ဘာမှမပတ်သက်ဘူး”

“မင်းရဲ့နှုတ်သီးကိုမင်းရဲ့အမြီးနဲ့ပြန်ချည်ပြီး ချိုး(ကျိုး)မလှုပ်ဘဲ နားထောင်စမ်းပါကွာ။ ဆိုင်လို့ ပြောနေတာပေါ့။ ဘယ်ရောက်သွားပါလိမ့်။ အဲဒီ အိမ်ရာတိုက်ခန်းဆိုတာက ဝန်ထမ်းတွေအနေနဲ့ အငြိမ်းစားမယူခင်အထိသာ နေထိုင်ခွင့် ရှိတာလေ။ အငြိမ်းစားယူပြီး ဖယ်ပေးရတယ်”

“ဖယ်ရမှာပေါ့ ... ကိုယ်ပိုင်မှ မဟုတ်တာ အစိုးရအိမ်တွေပဲ”

“အေး .. ဒါပေမဲ့ – ဝန်ထမ်းတိုင်းဟာ အငြိမ်းစားယူတဲ့အခါ ဘဝကံကြမ္မာအကြောင်းသင့်ပြီး ငွေစက်ကလေးရှိမှသာ ကိုယ်ပိုင်အိမ်၊ ဒါမှမဟုတ် အငှားနေနိုင်တာကွ၊ ကိုယ်ပိုင်အိမ်မရှိလို့ တဲထိုးနေရတဲ့သူတွေ၊ ကမ်းပါးယံကို ပေါက်ပြားနဲ့ပေါက်ပြီး တဲကုပ်မှာ အဖီချပြီး ကပ်ရပ်နေရသူတွေ ရေနံရှာလို့ ခေါ်တဲ့ သူပုန်တဲစုကလေးတွေလို မြေကွက်လပ်တွေမှာ တဲစုကလေးတွေနဲ့ နေရသူတွေ အများကြီးရှိတယ်ကွ”

“ဟုတ်ပါတယ် ... သိပါတယ်ဆရာ”

“အေးကွ ... အဲဒီလိုပဲ မြေဖြတ်မွန်ရဲ့မိဘတွေက အရာရှိဆိုပေမယ့် အစိုးရတိုက်အိမ်ကြီးက အငြိမ်းစားယူပြီး ဆင်းပေးရတဲ့အခါ နေစရာအိမ်မရှိဘူးကွ၊ ကိုယ်ပိုင်အိမ်၊ ခြံမြေမဝယ်နိုင်ဘူး။ ဘဝကံအကြောင်းမလှလို့ ငွေမစုမိနိုင်ခဲ့ဘူး။ ဒီတော့ ပင်စင်လစာကလေးနဲ့ ဘဝမရပ်တည်နိုင်ဘူး။ သမီးကလည်း ကျောင်းဆရာမ မူလတန်းပြဆိုတော့ ရုန်းကန်ရတဲ့ဘဝပဲ။ နောက်ပြီး အောင်ဆက်ပိုင်ဆိုတဲ့ ကောင်လေးကလည်း အစိုးရအိမ်တိုက်ခန်းမရှိဘူး၊



လူပျိုဆောင်ဆိုတာကတော့ တစ်ကိုယ်စာပေါ့ကွာ။ ဒါနဲ့ ဇာတိမြေလည်း စွန့်နိုင်၊ အခြေလည်း မပျက်ရတဲ့ ရေနံဝန်ထမ်းတစ်ယောက်ကို ရွေးလိုက်တာပေါ့ကွာ၊ အဲဒီကောင်လေးကတော့ “ကျော်ကျော်နိုင်” ဆိုတဲ့ တနင်္လာသား လုံခြုံရေးဝန်ထမ်းပါပဲ။ အဲဒီကျော်ကျော်နိုင်ရဲ့အဖေကလည်း ရေနံဝန်ထမ်းပါပဲ၊ အစဉ်အလာအရ မိဘနေတဲ့ ဝန်ထမ်းအိမ်မှာ သားသမီးကလည်း ဝန်ထမ်းဆိုရင် ဆက်ပြီးနေခွင့်ရတော့ မြေဖြတ်မွန်ရဲ့ မိဘတွေဟာ ပင်စင်ယူပြီး အရာရှိအိမ် မဟုတ်ပေမယ့် သာမန်အောက်ခြေဝန်ထမ်း အိမ်ကလေးမှာတော့ ခိုလှုံခွင့် ရသွားရာတာပေါ့ကွာ”

“ဟောဗျာ ... ဒါဆို မြေဖြတ်မွန်က အောင်ဆက်ပိုင်ကိုငြင်းပြီး ကျော်ကျော်နိုင်ကို ရွေးလိုက်တာပေါ့”

“မဟုတ်ဘူးကွ ... အောင်ဆက်ပိုင်က ပြောကို ဖွင့်မပြောလိုက်ဘူး။ သူကိုယ်တိုင်က မကယ်နိုင်တဲ့ဘဝဖြစ်ပြီး သူ့ကျေးဇူးရှင်တွေကိုပိုပြီး နစ်နာစေမှာဖြစ်တာကြောင့် ငါက ဘယ်လိုအကြံပေးခဲ့ပေမယ့် ဖွင့်မပြောတော့ဘဲ မျိုသိပ်နေလိုက်ပြီး ချစ်သူကို အိမ်ရှိတဲ့ဝန်ထမ်းလက်ထဲ မွေးစားမိဘတွေအတွက် ငဲ့ကွက်ရှောင်ထွက်ပြီး ထိုးအပ်ခဲ့ရတာကွ”

“ဒုက္ခပါပဲ ... ဆရာရယ် ... နေစရာအိမ်မရှိလို့ အချစ်ကိုပစ်ပယ်ပြီး ဘဝကို ရွေးချယ်ရတဲ့ အခြေအနေပါလား”

“ဒါကြောင့် ... ငါ ဟောတာကတော့ မမှားဘူး။ သူရှေ့တိုး ဆုံးဖြတ်ရင် ဆုံးဝည်းရမှာပါ။ ကောင်မလေးက လက်ခံသလို မိဘတွေက ငြင်းမှာ မဟုတ်ဘူး။ ဒါပေမဲ့ အရေးကြီးတာက “အိမ်” မဟုတ်လား။ ဒီအဖြစ်က ပြောရင် ယုံမှာမဟုတ်ဘူး။ နေစရာအတွက်ရွေးပြီး ချစ်သူကို မရွေးနိုင်ပဲ အိမ်ကိုပဲ ရွေးခဲ့ရတဲ့ ရေနံမြေဝန်ထမ်းတွေရဲ့ အချစ်ဇာတ်လမ်းက အဖြစ်မှန်တွေပဲကွ၊ ဒါမျိုးတွေ အများကြီးရှိတယ်”

“ဟုတ်ပါပြီ ... ဆရာရယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ရင် ... မင်းမှတ်စုမှာ ဟောဒီလိုသေချာရေးထားလိုက်"

စာဖတ်သူခင်ဗျား ...။

စာရှသူဟာ တားရော့ကတ်ကလေးများကို စိတ်ဝင်စားလို့ အသုံးပြုခဲ့မယ် ဆိုရင် No. 1 Magician ကတ်ရဲ့သဘောသဘာဝကို ရှင်းလင်းတင်ပြပါရစေ။

(၁) ဒီကတ်က မေးခွန်းမေးပြီး ဆွဲယူခဲ့ရင် အဆင်ပြေမယ်၊ ကောင်းမယ် လုပ်ပါ၊ OK ပါတယ်လို့ ပြောနိုင်ပါတယ်။

(၂) ကတ်သဘောဝက လှည့်ဖြားမှုရှိတော့ ဖြောင့်ဖြောင့်တန်းတန်း ရိုးစင်းတဲ့ သဘောတော့ မရှိပါဘူး။ အကွေ့အဝိုက်ကလေးတွေ ရှိပါတယ်။

(၃) အဆုံးအဖြတ်ပေးရတော့ အခြေအနေ ရောက်နေတယ်လို့ပြဲဆိုတာပါ။ ဆုံးဖြတ်ပါ၊ အောင်မြင်ပါမယ်။

(၄) မိမိကိုစွမ်းမှာ နာမည်ထဲ တနင်္လာနံပါသူကြောင့် အနှောင့်အယှက်တော့ ဖြစ်ရတတ်ပါတယ်။

(၅) မရှင်းလင်းလို့ ဆက်သွယ်မေးမြန်းရင်လည်း တိုရှင်း၊ လိုရင်း ဖြေကြားပေးပါမယ်။

။ ➡ ကောင်းသုခ



www.burmeseclassic.com

# လူထူးလူဆန်းတစ်ယောက်အကြောင်း

သေကျော်ကြီး အရိုးမှာ

## အံ့ကျွန်ုပ်သည်

အဖော်မွန် ဝါးတောင်ဝေး လက်ကိုင်တုတ်လေးတို့ အဖော်ပြုကာ တပည့်ဖြစ်သူ စောဘီလူးနှင့်အတူ မြန်မာနိုင်ငံအနှံ့ ကျေးလက်တောရွာတောင်တန်းအနှံ့ကို ဂန္ဓာရီစရီး လှည့်လည်ရင်း မကွေးတိုင်း၊ ပွင့်ဖြူ မြို့နယ်၊ ဇီးကိုင်းရွာကလေးသို့ ရောက်ရှိသွားခဲ့၏။

ဇီးကိုင်းရွာကလေးသို့ ရောက်ရှိခိုက် လူကြီးသူမတို့၏ ပြောကြားချက်အရ လူထူးလူဆန်းကြီး ဦးဆန်းအကြောင်းကို တစ်စွန်းတစ်စ ကြားသိခဲ့ရ၏။

တစ်ခါတစ်ခါတွင် ပြောပြပါလျှင် မယုံကြည်နိုင်လောက်အောင် ထူးဆန်းပြားသော ဖြစ်ရပ်များသည် လူ့လောကတွင် အမှန်တကယ် ဖြစ်ပျက်တတ်၍ ရင်သပ်ရှုမော အံ့သြကြရ၏။



လူကြီးသူမများ ပြောပြ၍ သိရှိရသော ဦးဆန်း၏ အဖြစ်အပျက်များမှာ ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းလွန်းလှသောကြောင့် အံ့ကျွန်ုပ်သည် ဂမ္ဘီရမှတ်စုပဒေသာ စာအုပ်တွင် ရေးမှတ်ပြီး မှတ်တမ်းတင်ထားခဲ့သည်။ ယင်းသို့ဂမ္ဘီရမှတ်စုပဒေသာစာအုပ်တွင်ရေးမှတ်ထားသည့်အတိုင်းပြန်လည် တင်ပြပါအံ့။

### ပျောက်ဆုံးသွားသော မောင်ဆန်း

လွန်လေခဲ့သော နှစ်ပေါင်း (၇၀)ကျော် ကာလကဖြစ်၏။

မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ဇီးကိုင်းရွာကလေးသည် မောင်ဆန်း၏ အတိချက်ကြွေ မွေးရပ်မြေဖြစ်သည်။ မိဘများမှာ မိရိုးဖလာ လယ်ယာ ဆိုင်းကျွန်း လုပ်ကိုင်ကြသူများပင် ဖြစ်ကြ၏။

မောင်ဆန်း (၅)နှစ်သား အရွယ်က ဖြစ်၏။

အချိန်ကာလမှာ စပါး၊ ပဲ၊ ပြောင်း စသည်တို့ကို ရိတ်သိမ်းပြီးချိန် နွေဦး ပေါက် တပေါင်းလ သမယတွင် ဖြစ်၏။

မြန်မာနိုင်ငံတွင် နာမည်ကျော် ရွှေစက်တော် ဗုဒ္ဓပူဇနိယပူဇော်ပွဲသို့ မောင်ဆန်းတို့ မွေးချင်းဆွေမျိုးတစ်စု ဘုရားဖူးသွားကြ၏။


ထိုစဉ်သမယကယခုမျက်မှောက်ခေတ်ကာလကဲ့သို့ကားများမရှိသေး၊ နွားလှည်းများဖြင့်သာ ညအိပ်ညဉ့်နေ သွားလာကြရ၏။

မန်းစက်တော်ရာသို့ ရောက်လျှင် မန်းချောင်းသဲပြင်တွင် လှည်းများ စီးခွဲကာ စိတ်အေးလက်အေး ဖြစ်နေကြရသည်။ နွားလှည်းဝိုင်းကြီးမှာ အမျှော်တခေါ် ရှည်လျားလှသည်၊ ကြည့်လျှင်ကား မျက်စိတစ်ဆုံး ဖြစ်နေ ကြ၏။



www.burmeseclassic.com

www.burmeseclassic.com




ဘုရားဖူးများကား ကြိတ်ကြိတ်တိုး စည်ကားနေတော့၏။

ထိုစဉ်တွင် မောင်ဆန်းသည် လူအုပ်ကြားထဲတွင် လူကြီးများနှ
ကွဲသွားတော့သည်၊ မောင်ဆန်းသည် လူအုပ်ကြားထဲတွင် ညပ်၍ ကျန်ရ
ခဲ့၏။

မောင်ဆန်း၏ မိဘဆွေမျိုးများက လူစုခွဲကာ နေရာအနှံ့သို့ ရှာဖွေကြ
သည်၊ သို့သော်မောင်ဆန်းကိုရှာ၍မတွေ့၊ ထို့ကြောင့်လေး - ငါး - ဆယ်ရက်
နေထိုင်ပြီး ဂရုတစိုက် ရှာဖွေကြသည်၊ မောင်ဆန်းကိုကား အရိပ်အယောင်မျှ



တွေ့၊ ပျောက်ချင်းမလှ ပျောက်ဆုံးနေ၍ နောက်ဆုံးတွင် မောင်ဆန်းအား
ဆုံတော်ဖွင့်ခြင်းကို လက်လျှော့လိုက်ရတော့၏။

ထိုကဲ့သို့ မောင်ဆန်းပျောက်ဆုံးခဲ့သည်မှာ နှစ်ပေါင်း (၅၀)ကျော်
ကြာမြင့်ခဲ့လေပြီ၊

## မမျှော်လင့်ဘဲ ပြန်လည်ရောက်ရှိလာ

"သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့"

ဟူသော ဆိုစကားရှိသည်၊ မောင်ဆန်းကလေးမှာ မသေသော်လည်း
ရှာ၍မတွေ့လေသောကြောင့်ဇီးကိုင်းရွာကလေးရှိလူများသည်အချိန်ကာလ
ကြာလာသည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေကြလေပြီ၊

တစ်ချိန်သောကာလ သမယက ပျောက်ချင်းမလှ ပျောက်ဆုံး၍ သွားခဲ့
သည့် မောင်ဆန်းကလေးသည် ဦးဆန်းအဖြစ်နှင့် မမျှော်လင့်ဘဲ ရွာသို့
ပြန်လည်ရောက်ရှိလာတော့၏။

ဦးဆန်းသည် ဇီးကိုင်းရွာကလေးသို့ ပြန်လည်ရောက်ရှိလာချိန်ဝယ်
သူ၏ မိဘများက မရှိရှာကြတော့၊ ကွယ်လွန်အနိစ္စ ရောက်ကြပြီ ဖြစ်သည်၊
သူ၏ ဆွေမျိုးသားချင်းများနှင့်သာ တွေ့ဆုံခွင့် ရတော့၏။

တစ်ချိန်တစ်ခါက ပျောက်ဆုံးသွားခဲ့သော မောင်ဆန်းကလေးသည်
ဦးဆန်းအဖြစ်နှင့် ဇီးကိုင်းရွာကလေးသို့ ပြန်လည်ရောက်ရှိလာချိန်ဝယ်
သူသည် ယောနယ်ဘက်သို့ လူကြီးတစ်ယောက်က ခေါ်ဆောင်သွား၍
ထိုက်ပါ၍ သွားခဲ့ပြီး အနေကြာခဲ့သည်ဆို၏။ သူ့မွေးစား ဖခင်ကြီးနှင့်အတူ
နေရာအနှံ့ သို့ သွားကာ စီးပွားရှာဖွေခဲ့ရကြောင်း ကို ပြောပြခဲ့၏။

— ၁၇၉ —



www.burmeseclassic.com

www.burmeseclassic.com

## သုံး၍ မကုန်သော ငွေတစ်ကျပ်

ဦးဆန်း၏ဥပမိရုပ်ကိုလည်း ကြည့်ပါဦး၊

ဦးဆန်းသည် အရပ်ထောင်ထောင်မောင်းမောင်း၊ မဟာနဖူးနှင့် ဖြစ်သည်။ မျက်လုံးမျက်ဖန် ကောင်းသည်၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးမရှိ ချောင်ထုံးနှင့် ကြည့်၍ခန့်သည်။ ယောကျ်ားပီသသော ဥပမိရုပ်ရှိသည်။ ဘုန်းကြီးရသည်။ အနေအထိုင် တည်၏။

ဦးဆန်းသည် ရွာတွင်းရှိကလေးသူငယ်လေးများကို ချစ်တတ် ခင်တတ်သည်၊ အလိုလည်း လိုက်သည်။ အားလျှင် ကလေးသူငယ်များနှင့် ပျော်ပျော်ပါးပါး နေထိုင်ကာ ကလေးသူငယ်တို့၏ အနှံ့အတာကိုလည်း ခံ၏။

နွေဦးပေါက်ကာလ တစ်နေ့တွင် ဖြစ်၏။

ကျောင်းတော်ရာတပေါင်းပွဲသို့ သွားကြရန်ပြင်ဆင်နေကြသော ရွာတွင်းရှိ ကလေးသူငယ်တစ်သိုက်အား ဦးဆန်းက ဆီးရွက်တစ်ရွက်စီ ယူလာခဲ့ကြဟု၍ ပြောကြား၏။

ကလေးသူငယ်များကလည်း ဦးဆန်းကို ချစ်ခင်လေးစားကြ၍ ဆီးရွက်တစ်ရွက်စီရှာကာ ဦးဆန်း၏ လက်ထဲသို့ ထည့်ပေးလိုက်ကြ၏။

ဤတွင် ဦးဆန်းက ကလေးသူငယ်များပေးသော ဆီးရွက်ကို သူ့လက်ထဲသို့ ထည့်၍ ဆုပ်ကိုင်လိုက်ပြီး...

"ကဲ... ကလေးတို့ မင်းတို့သေချာ ကြည့်ကြ"

ဟူ၍ ပြောပြီး သူ၏ ဆုပ်ကိုင်ထားသော လက်ကို ဖြန့်လိုက်သော အခါတွင် ဆီးရွက်ဘဝမှ တစ်ကျပ်တန် ငွေဒင်္ဂါးချပ်များ ဖြစ်သွားသည်ကို အံ့ဩဖွယ် မြင်လိုက်ကြရ၏။

ငွေဒင်္ဂါးတစ်ကျပ်ကို သုံးလိုက်သော်လည်း နောက်ငွေဒင်္ဂါးတစ်ကျပ်က အလိုလိုအိတ်ထဲတွင် ရှိနေပြန်သည်။ သို့သော် ငွေဒင်္ဂါးတစ်ကျပ်ထက်ပို၍လည်း သုံးစွဲ၍မရပါ။

— ✿ —



## ဝက်ဝယ်သောတရုတ်

တစ်နေ့သ၌ ရေနံချောင်းမှ တရုတ်ကုန်သည်နှစ်ဦးသည် ပွင့်ဖြူမြို့နယ် ဒီကိုင်းရွာသို့ ဝက်များ ဝယ်ယူရန် ရောက်ရှိလာကြ၏။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်ရှိ ရွာကလေးများသို့လည်း မကြာခဏ ဝက်များဝယ်ယူရန် ရောက်ရှိလေ့ရှိ၏။

ထိုသို့ ရွာတွင်းရှိ ဝက်များကို ဝယ်ယူရာတွင် တရုတ်ကုန်သည် နှစ်ဦးသည် သူများတကာပေးသော ဈေးကိုမပေး၊ ငွေလို၍ ဝက်ရောင်းသူများကို ဈေးနှိမ်၍ ဝယ်ယူခြင်း၊ ငွေများ ချန်ခြင်းများကို ပြုလုပ်တတ်ကြောင်း ကို ဦးဆန်းက သတိပြုမိ၏။

ထို့အတွက်ကြောင့် ဦးဆန်းက သူ့ညီမဖြစ်သူအား...

"တရုတ်ဝက်ကုန်သည်တွေ ရွာထဲကို ရောက်နေတယ်လို့ ကြားတယ်၊ သွားခေါ်စမ်း ... ဝက်ရောင်းရအောင်"

"ဘာကောင်မှ မရှိဘဲနဲ့ အစ်ကိုကလဲ"

"အို... သွားမှာသာ သွားစမ်းပါ၊ ဝက်ထီးကြီးနှစ်ကောင် ရောင်းစရာ ရှိတယ်လို့ ပြော"

ဦးဆန်းက ခိုင်းလိုက်၍ ညီမဖြစ်သူသည် တရုတ် ဝက်ကုန်သည်များ ထံသို့ ထွက်သွားခဲ့သည်။ ဦးဆန်းသည် အိမ်နံဘေးရှိထင်းပုံသို့ သွားရောက်၍ သစ်တုံးကြီးနှစ်တုံးကို လက်ဖြင့် ရိုက်ပုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဝက်ထီးကြီးနှစ်ကောင် ဘွားခနဲ ပေါ်ထွက်လာတော့၏။

ညီမဖြစ်သူ ခေါ်ဆောင်လာ၍ တရုတ်ဝက်ကုန်သည်နှစ်ယောက်သည် ဦးဆန်းတို့နေအိမ်သို့ ရောက်ရှိလာသည်။ အသင့်ပါလာသော နွားလှည်းပေါ်သို့ တင်ဆောင်သွားတော့၏။

တရုတ်ဝက်ကုန်သည်နှစ်ယောက်က ဦးဆန်းထံမှ ဝက်ထီးကြီး နှစ်ကောင်ကို ဈေးလည်းနှိမ်၍ဝယ်သည်။ ငွေကိုလည်း အပြေအလည်မရှင်း ဘဲ ချိုတစ်ဝက်ကို ချန်ထားခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးဆန်းက ဘာမျှ ပြန်၍ မပြော၊ တရုတ် ဝက်ကုန်သည်နှစ်ယောက် လုပ်ကိုင်ပုံကို ပြုံးရုံသာ ပြုံး၍ နေတော့၏။

— ✿ —

## လက်ပြုတ် ပေါင်ပြုတ်

တစ်နာရီခန့်သာ ကြာသည်။

တရုတ်ဝက်ကုန်သည်နှစ်ဦးသည် နွားလှည်းကို ဒုန်းစိုင်းကာ ပြန်လာကြသည်။ ဒေါသတကြီး ရှုးရှုးရှဲရှဲနှင့် ဦးဆန်းတို့ အိမ်တွင်းသို့ ဝင်ရောက်၍ လာပြီး ...

"ကျုပ်တို့က ဝက်ဝယ်ချင်ကာ ဘာဖြစ်လို့ သစ်တုံးတွေကို ပေးလိုက်တာလဲ ... ဘယ်မှာလဲ ဟိုလူကြီး"

ဦးဆန်း၏ ညီမဖြစ်သူက...

"အစ်ကို အိမ်ပေါ်မှာ အိပ်နေတယ်"

ဦးဆန်းက အိမ်အပေါ်ထပ်တွင် စိတ်အေးလက်အေးဖြင့် ခြေပစ်လက်ပစ် အိပ်မောကျနေသည်။ တရုတ်ဝက်ကုန်သည်နှစ်ဦးသည် ဒေါသတကြီးဖြင့် အိမ်ပေါ်သို့ တက်ရောက်လာကြ၏။

ဦးဆန်းက နီးချောဖျာတစ်ချပ်ပေါ်ဝယ် စိတ်အေးလက်အေးဖြင့် ခြေပစ်လက်ပစ် အိပ်မောကျ၍နေသည်။ တရုတ်ဝက်ကုန်သည်နှစ်ဦးက ဦးဆန်း၏ ခြေသလုံးတစ်ဖက်ကို ဆောင့်ဆွဲကာ နိုးသည်။ ကျန်တစ်ဦးက လက်တစ်ဖက် ကို ဆွဲမလိုက်၏။

ဦးဆန်း၏ ခြေတစ်ချောင်းမှာ ပေါင်ရင်းမှ ပြုတ်ပါသွားတော့သည်။ လက် တစ်ဖက်မှာလည်း အရင်းမှ ပြုတ်ပါသွား၏။

တရုတ် ဝက်ကုန်သည်နှစ်ဦးမှာ သူတို့မြင်တွေ့နေရသော မြင်ကွင်း အံ့သြထိတ်လန့်ဖွယ် ဖြစ်နေ၍ မိမိ၏ မျက်စိကိုပင် မယုံနိုင်ဖြစ်ကာ...



"အမလေး သရဲခြောက်တယ်"

ဟု၍ သံသေးသံကြောင်ဖြင့် လန့်ပြီး ဟစ်အော်ကာ အိမ်ပေါ်မှ ပြေးဆင်း၍ သွားကြတော့၏။

## လက်ထိတ်ပြုတ်ကျ

နောက်တစ်နေ့မနက်တွင် ဖြစ်သည်။

ဦးဆန်း၏ အိမ်ရှေ့သို့ ကုန်းဖောင်းရွာ ရဲစခန်းမှ ရဲသားသုံးဦးနှင့်အတူ တရုတ်ဝက်ကုန်သည်နှစ်ဦး လိုက်ပါလာ၏။

ဦးဆန်းအား လိမ်ညာမှုနှင့် တိုင်ချက်ဖွင့်ထား၍ ...

"ကျုပ် ငွေလိုချင်လို့ လုပ်တာမဟုတ်ဘူး။ ဝက်ကုန်သည် နှစ်ယောက်ကို ...ပြီး ပညာပေးချင်လို့ လုပ်တာပါ။ ဈေးနှိမ်ငွေချန်ပြီး သမ္မာအာဇီဝ လုပ်ကိုင် ...သောက်နေကြတဲ့ လူတွေမဟုတ်လို့ အစုလို သင်ခန်းစာပေးလိုက်တာ ...

"စခန်းရောက်မှ စခန်းမှူးနဲ့ ပြောစရာရှိတာပြောပါ ဦးလေး"

ထိုသို့ ပြောပြောဆိုဆိုနှင့် ဦးဆန်း၏ လက်နှစ်ဖက်ကို လက်ထိတ် ခတ် ...တ်တော့၏။

ခဏကြာသော် ... ဖြောင်းခနဲ အသံမြည်ကာ လက်ထိတ်မှာ မြေပေါ်သို့ ...၍ ကျသွားတော့သည်။ လူအများက အံ့သြဖွယ် တွေ့ရပြန်၏။

ရဲသားတစ်ဦးက မြေကြီးပေါ်သို့ ပြုတ်၍ ကျသွားသော လက်ထိတ်ကို ...ကောက်ယူပြီး ပြန်လည်ခတ်ရန်ပြင်ဆင်သည့်အခါ ဦးဆန်းက တည်ငြိမ်သော ...၊ လေးနက်သော အသံဖြင့် ...

"ဟော့... သူငယ်၊ မင်းတို့ငါ့ကို လက်ထိတ်ခတ်လို့လဲ အပိုပဲ၊ ငါဖြုတ်ချင်တဲ့ ...မှာ ဖြုတ်လို့ရတယ်၊ ခတ်လည်း မနေနဲ့၊ ဒီလောက်ဆိုရင် မင်းတို့ သဘော ...ကြဖို့ကောင်းပြီ။ ငါ အေးအေးဆေးဆေး ရဲစခန်းကို လိုက်ခဲ့မယ်၊ မင်းတို့ ... သွားနှင့်ကြ"



www.burmeseclassic.com

www.burmeseclassic.com

"တောင်းပန်ပါတယ်ဗျာ . . .ကျွန်တော်တို့နဲ့ တစ်ပါတည်းလိုက်ခဲ့ပါ ဦးလေး။ ကျွန်တော်တို့..."

"တော့... မင်းတို့ ဘာမှ မစိုးရိမ်ကြနဲ့၊ ငါ့ကြောင့် မင်းတို့တစ်တွေကို လုံး အပြောအဆို မခံစေရဘူး။ နောက်က ငါမီအောင် လိုက်ခဲ့မယ် သွားနှင့်ကြ"

ရဲသားများက မယုံရဲယုံရဲဖြင့် ဦးဆန်းကို ချန်ထားကာ ရှေ့မှနေ၍ သွားကြ သည်၊ သွားသာသွားနေကြရသည်။ စိတ်ထဲတွင်တော့ တထင့်ထင့်ဖြစ်နေ သည်။ ကုန်းဖောင်းနှင့် ဇီးကိုင်းရွာမှာ သုံးမိုင်သာ ဝေး၏။

သူတို့တစ်တွေ ကုန်းဖောင်းကို ခြေချမိ၍ ရဲစခန်းဘက်သို့ မျက်နှာမူ လိုက်ကြသည်၊ ရဲစခန်းဝတွင်ကား ဦးဆန်းသည် ရပ်၍ သူတို့အား စောင့်နေ သည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရ၏။

— ၃၇ —

## မြန်မာ့ဂမ္ဘီရသိပ္ပ ဝိဇ္ဇာဓရ လောကီပညာ

ဤဖော်ပြပါ ဦးဆန်း၏ ဖြစ်ရပ်ဆန်းမှာ ပုံပြင်ဒဏ္ဍာရီဆန်ဆန် ဖြစ် ကောင်းဖြစ်နေပေမည်။ အမှန်အတိုင်း ဝန်ခံရပါလျှင် ပုံပြင်လည်း မဟုတ် ဒဏ္ဍာရီလည်းမဟုတ်။ လွန်လေခဲ့သော နှစ်ပေါင်း (၇၀)ကျော်ကာလက မြန်မာ့ကျေးလက်တောရွာလေး တစ်ရွာတွင် သူမသိ လူမသိနှင့် အမှန် တကယ် ကြုံတွေ့ဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်၏။

ဦးဆန်း နေထိုင်ခဲ့သော ရွာကလေးအိမ်ဝိုင်းကို သိမီလိုက်ကြသည့် လူကြီးသူမများ၊ ဦးဆန်းနှင့် ဆွေမျိုးသွေးမကင်းသည့် မျိုးနွယ်စုများသည် မျက်မှောက်ကာကလတိုင် သက်ရှိထင်ရှား ရှိနေကြပါသေး၏။

သိမီလိုက်ကြသော လူကြီးသူမတို့ ပြောပြသော ဦးဆန်းအကြောင်း အကျွန်ုပ်သည် ဂမ္ဘီရမှတ်စုပဒေသာ စာအုပ်တွင် "လူထူးလူဆန်းထ ယောက်" အဖြစ် ရေးမှတ်၍ မှတ်တမ်းတင်ထားခြင်းဖြစ်၏။



မြန်မာ့ဂမ္ဘီရသိပ္ပ၊ဝိဇ္ဇာဓရလောကီပညာရပ်ဆိုသည်မှာ တိမ်မယောင်နှင့် တော၊ လွယ်မယောင်နှင့် ခက်ခဲသော ပညာရပ်မျိုးနှင့် တိမ်နေသည့် အဖြစ်မျိုး နှင့်လည်း ကြုံတွေ့ရတတ်၏။

မွင့်ဖြူမြို့နယ်၊ ဇီးကိုင်းကျေးရွာက ဦးဆန်း ပြုလုပ်ပြသသွားခဲ့သော ပညာရပ်သည် မည်သို့ ပညာရပ်မျိုးဖြစ်ပါသနည်း။

ထိုသို့သောလောကီပညာရပ်မျိုးကို တတ်မြောက်အောင်ဦးဆန်းသည် မည်သို့မည်ပုံ သင်ကြားခဲ့ပါသနည်း။

ထိုပညာရပ်၏ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့သည်း မည်သို့ မည်ပုံ ဖြစ်လေသနည်း။

ယင်းတို့နှင့် ပတ်သက်၍ လူထူးဆန်းကြီးဖြစ်သော ဦးဆန်းသည် မည်သည့်သဲလွန်စလေးမျှ မထားရစ်ခဲ့ပါ။

မည်သို့ပင် ဖြစ်စေ၊ ဦးဆန်းတတ်မြောက်ခဲ့သော ပညာရပ်သည် မြန်မာကြီးတို့၏ မြန်မာ့ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရ လောကီပညာ၏ တစ်စိတ် တစ်ပိုင်း ဖြစ်နေသည်ကို ကားငြင်း၍ မရနိုင်ပါ။

လောကတွင် သဘာဝထက် ဆန်းကြယ်နေလျှင် အံ့ဖွယ်ဖြစ်နေတတ် သည်တကား။

▮▭▬⇨ ဆရာကြီး အဓိဋ္ဌာန

www.burmeseclassic.com

www.burmeseclassic.com





ဓာတိဂုဏ်မျိုးမြင့်အောင်

င်လှရေ...ဟေ...မောင်လှ'

များ အရေးကြီးလာပြန်တာလဲ...ကိုဦးဟန်'

ကလည်းကွာ ဝီရိယကောင်းနေလိုက်တာ။ အဲဒါတွေ ခကာထားခဲ့ပါ။

အကာလိုက်ခဲ့ဦး၊ လိုင်စင်ဝင်ရမယ့်ရက်က သုံးရက်လောက် လိုပါသေး

ငါ့ကိုစွက ပိုပြီး အရေးကြီးတယ်။ မင်းကို မပြောလို့မဖြစ်ဘူး၊ ငါလည်း

သလိုမျိုး ရလာခဲ့တာကွ။ တော်တော်ကြာမင်းလိုမျိုးဖြစ်ရမှာကိုလည်း

ကတယ်။ ငါ့မြင်းမကြီးကိုလိုက်ကြည့်ပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com

# မြမှုခက်ရဲ့ ဆွန်းစွဲ့သံခဲ့

တက်ရိုက်မျိုးမြင့်အောင်

## မြင်းရထားများ

လိုင်စင်ဝင်ရမည့်ရက် နီးလာပေပြီ။ မြေလတ်ပိုင်း အညာဒေသများတွင် မြင်းလှည်းကို ရထားဟုခေါ်ကြ၏။ ၁၉၆၀ ဝန်းကျင် အချိန်ကာလဖြစ်သဖြင့် မကွေးမြို့တွင် မြင်းလှည်းများသာလျှင် ပေါများ၍ ကားဆိုသည်မှာ ရှာမှရှား။ ထိုအချိန်က မကွေးမြို့တွင် သွားလာရေးအတွက် မြင်းလှည်းနှင့် ဆိုက်ကားများသာလျှင် အဓိကဖြစ်ခဲ့၏။ ကျွန်ုပ်သည်ပင်လျှင် အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ခါစအရွယ်မျှသာ ရှိသေး၏။ မကွေးမြို့ရှိ မြင်းလှည်းများ လိုင်စင်ဝင်ရတော့မည်ဆိုလျှင် ပြန်လည်မွမ်းမံပြင်ဆင်ပြီးမှသာ လိုင်စင်ထုတ်ပေးလေ့ရှိ၏။ တစ်နှစ်တစ်ခါ ပြုလုပ်ရစမြဲ။ သို့အတွက် ကျွန်ုပ်တို့သားအဖသည် ရထားဘီးများကို ချွတ်၍ ဆေးကြောသန့်စင်ပြီးလျှင် သဘော်ဆေးအစိမ်းပုပ်ရောင်သုတ်နေခြင်းဖြစ်၏။ ဦးမောင်ဟန်သည် အဖေနှင့် အလွန်ရင်းနှီးသူဖြစ်ပြီး သူ့ကိစ္စ၊ ကိုယ့်ကိစ္စမရွေး ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် ပြုလုပ်နေကျဖြစ်၏။ ယခုလည်း သူဝယ်ယူလာခဲ့သော မြင်းမကြီးတစ်ကောင်အား လာရောက်ကြည့်ရှု စစ်ဆေးပေးရန်အတွက် အဖေ့အား လာခေါ်ခြင်းဖြစ်၏။

❖

ထိုကာလက မကွေးမြို့တွင် မြင်းလှည်းအရေအတွက်မှာ (၇၈) စီးရှိ၏။ မြင်းလှည်းသမားလောကတွင် အားလုံးက တညီတညွတ်တည်း အသိအမှတ်ပြုထားကြသော အဓိပတိဆရာကြီး (၃) ဦးရှိကြ၏။ မြင်းတို့တွင် သူတို့အား ကောင်းကျိုး၊ ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သော ကြန်အင်လက္ခဏာများ ရှိကြ၏။ ထိုသို့ ဂမ္ဘီရဆန်၍ လျှို့ဝှက်စွာ တည်ရှိနေကြသော မြင်းလက္ခဏာနှင့် မြင်းဇွေများကို အထူးတတ်ကျွမ်းနားလည်ကြသူများကို အဓိပတိကြီးများဟု ခေါ်ဆိုကြခြင်းဖြစ်၏။ ပထမတစ်ဦးကတော့ ဦးဖန်မြင့်၏။ ထိုသုံးဦးတွင် အသက်အကြီးဆုံးဖြစ်ပြီး ဝိုက်းချုပ်ကြီးဟု ခေါ်ကြ၏။ ဒုတိယတစ်ဦးမှာ ဦးမောင်ဟန်ဖြစ်၏။ ဦးမောင်ဟန်ကတော့ မြင်းတို့၏ လက္ခဏာနှင့် ဇွေများကို အသင့်အတင့်သာ ကျွမ်းကျင်သူ ဖြစ်သော်လည်း မြင်းနှင့် ပတ်သက်သော သတင်းစကားမှန်သမျှကို ဦးစွာသိရှိအောင် လေ့လာစုံစမ်းနိုင်သူဖြစ်၏။ ထို့ကြောင့် မြင်းသမားလောကတွင် ကိုဦးဟန်ဟု အမည်တွင်ရလေသည်။ တတိယတစ်ဦးမှာတော့ အဖေဖြစ်၏။ အသက်အငယ်ဆုံးဖြစ်သော်လည်း မြင်းရေးမြင်းရာတို့တွင် ကျွမ်းကျင်မှုရှိခြင်း၊ မြင်းတို့တွင် ဖြစ်ပေါ်လာသော ရောဂါမှန်သမျှကို ဆေးကုသပေးနိုင်ခြင်းနှင့် မြင်းတို့အား ယဉ်ကျေးလိမ္မာလာအောင် လေ့ကျင့်ပေးနိုင်စွမ်းရှိသဖြင့်အားလုံးက မြင်းဆရာဟုသာ ခေါ်ဝေါ်လေ့ရှိပေသည်။ ဦးမောင်ဟန်၏ အိမ်သည် ကျွန်ုပ်တို့အိမ်၏ အနောက်ဘက် (၁၀)အိမ်ကျော်မျှသာ ကွာဝေးသဖြင့် သိပ်မကြာခင် အဖေက ကျွန်ုပ်အား...





www.burmeseclassic.com

www.burmeseclassic.com

"ကဲ - လူလေး၊ ခဏ နားကြမယ်ကွာ၊ ပစ္စည်းတွေကို သိမ်းထားလိုက်ပါဦး။ ပြီးရင် - မင်း ဦးဦးဟန်အိမ်ကို သွားကြရအောင်"

"ဟုတ်ကဲ့ - အဖေ"

ကျွန်ုပ်လည်း ပစ္စည်းများကို သိမ်းဆည်းလိုက်၏။ ဦးမောင်ဟန်က ကျွန်ုပ်အား...

"ဟေ့ကောင် - သိုက်ဖွား၊ မင်းလည်း ကြီးလာရင်တော့ မြင်းဝိဇ္ဇာဖြစ်လာဦးမှာပဲ"

"ဟာ - ဦးဦး ဟန်ကလည်း ကျွန်တော်က ဆေးကုတာကိုပဲ ကြိုက်တာပါ"

သို့ဖြင့် ကျွန်ုပ်တို့သည် ဦးမောင်ဟန်အိမ်သို့ သွားကြတော့၏။ (၁၀) မိနစ်ခန့် လမ်းလျှောက်ရ၏။ လမ်းလျှောက်ကြရင်းဖြင့် အဖေက ဦးမောင်ဟန်အား...

"ဆိုစမ်းပါဦး - ကိုဦးဟန်၊ ကျုပ်ကို လာခေါ်ရလောက်အောင် ခင်ဗျားကိစ္စက ဘာတွေများ ထူးဆန်းတာရှိနေတယ်လို့ ထင်ခနလို့လဲ"

"ရှိမယ်လို့တော့ မထင်မိပါဘူး၊ ငါ သိသမျှတော့ ကြည့်ရှုပြီးပါပြီ၊ သူတို့ မယ်နတောင် (မယ်လှတောင်) ရွာက ဝယ်လာတာကွ၊ မင်း - ဟိုမြင်းကြီးကို ရသလိုပဲ၊ ငါလည်း မင်းလိုမျိုး ရလာတာ၊ ပြောရရင် မြင်းပေါက်ဈေးသာသာပဲ၊ ပေးလိုက်ရတယ်၊ အဲဒါကြောင့်ကိုပဲ စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေတာ၊ ဟိုမြင်းကြီးတုန်းက မင်းလို မြင်းဝိဇ္ဇာတောင် လိပ်ပြာလွင့်တော့မလို ဖြစ်ခဲ့ရသေးတာပဲ၊ ငါလည်း မင်းလိုမျိုးဖြစ်မှာကိုတော့ ကြောက်တယ်ကွ၊ ဒါ့ကြောင့် မင်းကိုလာပြီး တိုင်ပင်ရတာ"

"ကျုပ်လို အဖြစ်မျိုးတွေ့ဖို့ ဆိုတာကတော့ ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်ပါဘူး၊ ကိုဦးဟန်ရယ် - လူတစ်ထောင်မှာမှ တစ်ယောက်တွေ့ဖို့ လွယ်လို့လား"

"ဟုတ်ပါတယ် - ငါလည်း သိနေတာပဲ၊ ဒါပေမဲ့ - ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသလိုပဲ ဝိဇ္ဇာလူရဲ့၊ မင်းမြင်းကြီးတုန်းက အရှိန်ပါနေသလား မသိပါဘူးကွာ"





ထိုကဲ့သို့သောမြင်းတို့၏
ကြန်အင်လက္ခဏာများနှင့်
ပွေဆိုးများမှာလည်း များပြားပေစွ။
အထူးအားဖြင့် နလုံးခွံ၊ ငိုသံကြား၊
ခွေးဆွဲ၊ မုန်ရှော့၊ အလောင်းတင်
အစရှိသော ပွေဆိုးများဖြစ်ကြ၏။
လွန်ခဲ့သော (၃) လခန့်အကြာက
ကျွန်ုပ်၏အဖေသည် သေအံ့ဆဲဆဲ
အခြေအနေသို့ဆိုက်ရောက်သွားခဲ့ရ၏။

"ခဦးမလျှတ် ကိုဦးဟန်ရယ်၊ ဒါနဲ့ ဝိုက်းချုပ်ကြီးကိုရော ပြကြည့်ပြီးပြီလား"

"ပြပြီးခဲ့ပါပြီ... သူကလည်း ဘာအပြစ်မှ ရှာလို့မတွေ့ဘူးတဲ့"

"အဲဒီမြင်းပိုင်ရှင်တွေကိုရော သေသေချာချာ မေးမကြည့်ခဲ့ဘူးလား"

"ဟာ - မမေးဘဲနေပါ့မလား၊ သူတို့ကလည်း ဒီမြင်းမကြီးကို ကြောက်လို့ရောင်းတာ၊ ဝယ်ရဲမှဝယ်ပါလို့ ပြောင်ပြောင်တင်းတင်းပြောပြီး လျှော့ဈေးနဲ့ ရောင်းနေတာ၊ ဝယ်မယ့်လူတွေက စဉ်းစားနေတုန်း ငါက ဝင်ပြီးကြည့်တာ ဘယ်လိုအန္တရာယ်ကောင်ကိုမှ ရှာလို့မတွေ့ဘူး၊ နှစ်ခါပြန်တောင် ကြည့်တာ၊ ဘာမှမတွေ့တာနဲ့ပဲ ငါ ဝယ်ဖို့ဆုံးဖြတ်လိုက်တယ်၊ ငါက မြင်းပိုင်ရှင်တွေကို ဘာဖြစ်လို့ကြောက်တာလဲလို့ ပြောင်ပြောင်တင်းတင်း မေးလိုက်တယ်၊ သူတို့ပြောတာကတော့ ဒီမြင်းသူတို့အိမ်ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာပြီး ခြောက်လလောက်မှာ အမှုဖြစ်တယ်။ ယာတွေကို ပေါင်လိုက်ရတယ်တဲ့။ အဲ-နောက်သိပ်မကြာခင်မှာပဲ ကလေးတစ်ယောက် ဆုံးပါးသွားလို့ ဒီမြင်းမကြီးအပေါ် မသင်္ကာတာနဲ့ပဲ အခုလို လျှော့ဈေးနဲ့ ရောင်းထုတ်မှာလို့ ပြောတာ။ ငါကလည်း ငါ့ပညာနဲ့ စစ်ကြည့်တော့ ဘာအပြစ်မှမရှိဘဲ တိုက်ဆိုင်လို့ပဲ ဖြစ်တာနေမှာဆိုပြီး ရဲရဲတင်းတင်းပဲ ဝယ်လာခဲ့တာပဲ"

"ခင်ဗျားပြောသလိုဆိုရင်တော့ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ပဲ ဖြစ်တာနေမှာပါဗျာ။ ကျုပ်လည်း သေသေချာချာ ကြည့်ပါဦးမယ်"

ပြောရင်းဆိုရင်းဖြင့် ဦးမောင်ဟန်၏အိမ်သို့ ရောက်လာကြ၏။ အိမ်ရှေ့၌ရှိသော ဆီးချုံပင်အောက်တွင် အနီရောင်ရှိသော မြင်းမတစ်ကောင်အား ကြိုးချည်ထားသည်ကို တွေ့ရ၏။ အဖေနှင့် ဦးမောင်ဟန်တို့သည် ထိုမြင်းမကြီးအား လှည့်ပတ်ကြည့်ရှု စစ်ဆေးနေကြ၏။ ဦးမောင်ဟန်ပြောသော အန္တရာယ်ကောင်တွေဆိုသည်မှာ လူတို့အား စီးပွားပျက်စီးစေတတ်သော သေကြေပျက်စီးစေတတ်သော ဖွေဆိုးများကို ဆိုလိုခြင်းဖြစ်၏။ ထိုကဲ့သို့သော မြင်းတို့၏ ကြန်အင်လက္ခဏာများနှင့် ဖွေဆိုးများမှာလည်း များပြားပေ၏။ အထူးအားဖြင့် နလုံးခွဲ၊ ငိုသံကြား၊ ခွေးဆွဲ၊ မှန်လျှော၊ အလောင်းတင် အစရှိသောဖွေဆိုးများဖြစ်ကြ၏။ လွန်ခဲ့သော (၃) လခန့်အကြာက ကျွန်ုပ်၏အဖေသည် သေအံ့ဆဲဆဲ အခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရ၏။ မြင်းထီးကြီးတစ်ကောင်ကို ဈေးပေါပေါဖြင့် ရသောကြောင့် ဝယ်ယူခဲ့ရာ ထိုမြင်းမှ နိုက်ခြင်းဖြစ်သည်ဟု မြင်းသမားများက သတ်မှတ်ခဲ့ကြပေသည်။

ထိုမြင်းသည် အစိပတိ (၃) ဦးတို့ ဝိုင်းဝန်းကြည့်ရှုခဲ့ကြရာ မကောင်းသော လက္ခဏာနှင့် ဖွေဆိုးများ လုံးဝကင်းစင်သော မြင်းတစ်ကောင်ပင် ဖြစ်၏။ သို့သော်လည်း လျှို့ဝှက်နက်နဲပြီး ဂမ္ဘီရဆန်သော "ဟိတ်" အားဖြင့် နိုက်နိုင်စွမ်းရှိသည့် မြင်းဖြစ်နေသည်ကို အချိန်မီသိခွင့်ရသဖြင့်သာ အဖေ အသက်ဆက်လက်ရှင်သန်ခဲ့ရခြင်းဖြစ်၏။ လောကီရတနာအုပ်စုထဲတွင်ဆင်၊ မြင်း စသည်တို့လည်း အပါအဝင်ဖြစ်သောကြောင့် အကျိုးပေးရာတွင်



အမှတ်တူအောင် အကျိုးပေးနိုင်စွမ်းရှိသလို ထိခိုက်ပျက်စီးစေရာတွင်လည်း အမှတ်တူပင် ဖြစ်တော့၏။ ပစ္စယဆင်ဖြူတော်၊ အသဿတိုရ်မြင်း စသည်တို့သည် နိပါတ်တော်၌ပင် လာသည်ကို တွေ့ရှိရ၏။ မြင်းတို့၏ များစွာသော အင်္ဂါ၊ လက္ခဏာများထဲမှ "ဟိတ်" သည် ကြီးကျယ်စွာသော ကောင်းကျိုး၊ ဆိုးဖြစ်များကို ဖန်တီးနိုင်စွမ်းရှိသည်ဟု ရှေးရှေးကာလကတိုင်၊ မြင်းပညာရှင်များ ဆိုစမှတ်ပြုခဲ့ကြ၏။ အဖေ့အား "ဟိတ်"ဖြင့် နိုက်စေခဲ့သော မြင်းသည် မြင်းဘီလူးဖြစ်နေသည်ကို တွေ့ခဲ့ရ၏။

ထိုမြင်းဘီလူး၏ "ဟိတ်" သည် လူသိမခံပေ။ လူအများ အိပ်စက်နေကြသော အချိန်အခါမျိုးတွင်မှသာလျှင် ပေါ်ထွက်လာပြီး အစွမ်းပြလေ့ရှိကြ၏။ ကံအားလျော်စွာ ထိုမြင်းဘီလူးမှ "ဟိတ်"ထွက်နေစဉ် သိရှိခွင့်ရခဲ့သဖြင့် အဖေ၏အသက် မဆုံးရှုံးခဲ့ရခြင်းဖြစ်၏။ ထိုကဲ့သို့ တွေ့ကြုံခဲ့ရဖူးသောကြောင့် အဖေနှင့် ဦးမောင်ဟန်တို့သည် မြင်းမကြီးအား သေချာစွာ ရှုတစိုက် စစ်ဆေးလေ့လာနေကြခြင်းဖြစ်၏။ နာရီဝက်ခန့် လေ့လာပြီးကြသောအခါ အဖေနှင့်ဦးမောင်ဟန်တို့သည် အိမ်ရှေ့အဖီတွင် တင်ပါးလွှဲထိုင်လိုက်ကြ၏။ အဖေက ရေနံချောင်းမှ ထုတ်လုပ်သော မလှရှင်ဆေးလိပ်အလတ်စားကို မီးညှိဖွာရှိုက်ရင်း...

"ကိုဦးဟန်-ဒါလည်း တစ်မျိုးတော့ ထူးနေတာပဲဗျ။ စဉ်းစားစရာပဲ၊ ကျုပ်တုန်းကလည်း စောင့်ကြည့်ရင်း စောင့်ကြည့်ရင်းနဲ့ပဲ ခံလိုက်ရတာလေ၊ ခင်ဗျားလည်း တစ်ယူသန်ပီပီ ပေါ့ပေါ့ဆဆတော့ လုပ်လို့ရမှာမဟုတ်ဘူး။ သေသေချာချာ နှံ့ရော၊ ညပါ စောင့်ကြည့်ပါဗျာ။ ကျုပ်လည်း ဒါပဲ ပြောလို့ ရတော့တယ်၊ ဘယ်လို အပြစ်အနာအဆာမှ ရှာလို့မတွေ့ဘူးဗျ။ အေး-ဒါပေမဲ့-တစ်ခုတော့ရှိတယ်။ ထီးဖြူ (ဘုရင်ဖွေ) ဖွေနေရာမှာရှိနေတဲ့ ဖွေကဝိုင်းမနေဘဲ အလျားလိုက်၊ နစ်လက်မလောက်တောင် ရှည်မျောမျော ဖြစ်နေတာကတော့ ထူးဆန်းသလိုပဲ။ ထီးဖြူဖွေမဟုတ်တာတော့ သေချာတယ်၊ အလောင်းတင်လည်း မဟုတ်ပြန်ဘူး၊ အဲဒါ ဘာဖွေမှန်း ကျုပ်တော့



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး တကယ်ပဲဗျာ - အဲဒီဗွေသာ မတ်စေ့တစ်စေ့စာလောက် ဝိုင်းလိုက်ယ်ဆိုရင် ခင်ဗျားအတွက်ကတော့ ပြောလို့မကုန်တဲ့ မင်္ဂလာတွေဖြစ်လာမှာ"

"အေးကွ - ငါလည်း အဲဒါကိုမြင်တာယ်၊ ဝိဇ္ဇာလူတော့ သိမယ်လို့ထင်တာ၊ တို့ - ဂိုက်းချုပ်ကြီး (ဦးဖန်)ကလည်း ပြောတယ်၊ အဲဒီဗွေသာ ဖွေမှန်ဖြစ်ခဲ့မယ်ဆိုရင် ထီးဖြူဗွေဖြစ်မှာတဲ့၊ သူကလည်း ဘာဗွေမှန်းမသိဘူးလို့ ပြောတယ်"

"ဗွေရဲ့ တည်နေရာက မှန်ပါတယ်၊ ပုံစံက မမှန်ဘဲဖြစ်နေတာက ခက်တာပဲ"

ကျုပ်လည်း မတွေ့ဖူးဘူးဗျ၊ စောင့်တော့ ကြည့်ကြရဦးမှာပါပဲ"

"အေးပေါ့ကွာ . . . ထူးခြားတာတွေရင် ငါပြောပါ့မယ်၊ ကဲ . . . မင်းတို့သားအဖ လုပ်လက်စအလုပ်ကရှိသေးတော့ ပြန်လိုက်ကြဦး"

❖

ကျွန်ုပ်တို့သားအဖလည်း မြင်းလှည်း ကြံ့ခိုင်ရေးအလုပ်ကို ဆက်လုပ်ရမည်ဖြစ်သဖြင့် ပြန်ခဲ့ကြတော့၏၊ ဦးမောင်ဟန်၏အိမ်သည် အိမ်ငယ်လေးတစ်လုံးမျှသာဖြစ်၏၊ ထို့ကြောင့်မြေလွတ်နေသော ခေါင်းရင်းဘက်တွင် သမန်း(မြက်) သက်ကယ်ဖြင့် အမိုးသေးသေးချ၍ ထိုမြင်းမကြီးအတွက် မြင်းဇောင်းပြုလုပ်လိုက်၏၊ ဦးမောင်ဟန်သည် အဖေ့ထံသို့ (၂) ရက်ခြားတစ်ခါ၊ (၃)ခြားတစ်ခါ လာရောက်လည်ပတ်၍ စပ်မိစပ်ရာ စကားပြောလေ့ရှိပါသည်၊ ည(၈)နာရီခန့်တွင် ရောက်လာလေ့ရှိပြီး (၁၀)နာရီ (၁၁) နာရီခန့်တွင် ပြန်သွားလေ့ရှိ၏၊ ကျွန်ုပ်တို့၏ အိမ်ရှေ့ရှိ မြင်းများထားသော မြင်းဇောင်း၏ အနောက်ဘက်တွင် ကပ်၍ (၆)ပေပတ်လည်မျှရှိသော ဝါးကွပ်ပျစ်တစ်ခုထားရှိပါသည်၊ အဖေသည် မြင်းများကို စောင့်၍ကျွေးရင်းမြင်းကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းနှင့် အလျဉ်းသင့်ရာ အမြည်းတစ်မျိုးမျိုးကိုစားသောက်လေ့ရှိပါသည်၊ ဧည့်သည်များ ရောက်လာလျှင်လည်း ထိုကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းဝိုင်းဖြင့် ဧည့်ခံ၍ စကားစမြည်ပြောဆိုခြင်း ပြုပါသည်၊ ဦးမောင်ဟန်တစ်ယောက် ကျွန်ုပ်တို့အိမ်သို့ အလည်မလာသည်မှာ တစ်ပတ်ကျော်မျှပင် ကြာပေပြီ၊ အဖေကတော့ ရောက်လာသော မြင်းမကြီးအား ဂရုတစိုက် စောင့်ကြည့်လေ့လာနေသဖြင့် အလာကျဲသွားခြင်းဖြစ်မည်ဟု ပြောပါသည်၊ (၁၀) ရက်ခန့်အကြာတွင်တော့ ဦးမောင်ဟန်သည် အလည်လာနေကျ ည(၈)နာရီခန့်တွင် အဖေ့ထံသို့ ရောက်ရှိလာပါသည်၊ အဖေရေနွေးကြမ်းသောက်နေသော ဝါးကွပ်ပျစ်တွင် ဝင်ထိုင်လိုက်ပြီး ခဏအကြာတွင် . . .

"ကဲ . . . ဝိဇ္ဇာလူရေ . . . ငါ့မြင်းမကြီးမှာ ထူးတာတစ်ခုတော့ တွေ့ပါပြီမှာ"

"ဟုတ်လား - ကဲ ဆိုစမ်းပါဦး၊ ဘယ်လိုထူးတာမျိုးတွေ့ရတာလဲ"

"ငါလည်း ကြောက်အားကြီးပြီး ညလုံးပေါက်မအိပ်ဘဲ အိပ်ရာထဲကနေအိပ်ချင်ယောင်ဆောင်ပြီး စောင့်စောင့်ကြည့်နေတာ၊ မင်းအကောင်ကြီးအန်းဘာလို ဂုတ်တုတ်ကြီးလည်း မထိုင်ဘူး၊ ခေါင်းကိုလည်း ဘယ်ပြန်ညာပြန် မလှဲဘူး၊ လျှာကလည်း အရှည်ကြီး မထွက်ဘူး၊ မျက်လုံးပြူးပြီးအစိမ်းရောင်တွေလည်း ထွက်မနေဘူး၊ အခုထိတော့ လူတွေအိပ်နေတဲ့အချိန်မှာ ဘာမှမလုပ်တာတော့ သေချာနေပြီ၊ အဲ - မနေ့ကပေါ့ကွာ၊ သူတို့မြင်းလှည်းကဖြုတ်ပြီး စားခေါင်းကို (မြင်းကျွေးသည့်ဇလား) ပို့ပေးလိုက်တယ်၊ ခါတိုင်းဆိုရင် အငမ်းမရ နှိုက်စားနေတဲ့ကောင်မက စားခေါင်းကိုနှိုက်သေးဘဲနဲ့ တွေတွေကြီး ရပ်နေတော့ ငါလည်း အံ့သြပြီး ရပ်ကြည့်နေမိတယ်၊ တအောင့်လောက်ကြာတော့ မြင်းစားခေါင်းရှေ့မှာ ရပ်နေရာကနေ လှဲတော့တာပဲဟေ့"

"ဘယ်လိုဗျ . . . ဘယ်ကိုလှဲတာလဲ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ညာဘယ်လက်ကို မြှောက်ပြီး ဘယ်ဘက်ကို ကိုယ်လုံးကြီးက ယမ်းသွားလိုက်၊ ဘယ်ဘက်လက်ကို မြှောက်ပြီး ကိုယ်လုံးကြီးက ညာဘက်ကို ယမ်းသွားလိုက်နဲ့ တောက်လျှောက်ပါပဲကွာ။ နားမနေဘဲ လွှဲတာကွ။ မြင်းစားခေါင်းရှေ့က သူ လက်ထောက်တဲ့နေရာက မြေကြီးတွေဖထောင်အောက်ကို ခွက်ဝင်ကုန်တယ်။ ဆယ်မိနစ်လောက် လွှဲပြီးမှ ရပ်သွားပြီး အစာခွက်ကို နှိုက်တော့တယ်။ အဲဒါ ထူးတာပဲ ဝိဇ္ဇာလူရေ"

"အလို - ကိုဦးဟန် ခင်ဗျားတော့ ရတနာပုံဆိုက်ပြီဗျ။ ဂရုစိုက်မှလည်း ဖြစ်မယ်"

"ဟေ - ဝိဇ္ဇာလူ။ မင်းဥစ္စာကလည်းကွာ ငါကြိုက်တဲ့ဝက်သားကို သဲလူးပြီး ကျွေးသလိုပါပဲလား။ ဘယ်လိုရတနာပုံဆိုက်တာလဲ။ ဘယ်လို ဂရုစိုက်ရမှာလဲ။ သိရင်လည်း ရှင်းအောင် လင်းအောင် ပြောပြပါကွာ"

"ခင်ဗျားရဲ့မြင်းမက မြပုစက်အမျိုးအစားဗျ"

"မြပုစက်တဲ့လား။ နာမည်ကတော့ တော်တော်ကောင်းသားပဲ"

"ဒါမျိုးဆိုတာကလည်းခင်ဗျားအပေါ်မှာပဲမူတည်တယ်။ ကိုဦးဟန် အဲဒီမြင်းမျိုးကလည်း "ဟိတ်" ခတ်ဝင်နေတဲ့ အမျိုးအနွယ်ထဲကပဲ။ သခင်တာကောင်းရင် ကောင်းကျိုးအလွန်ပေးပြီး သခင်က ဆိုးရင်ဆိုးကျိုး အလွန်ပေးသတဲ့ဗျ။ ကျုပ်ငယ်ငယ်တုန်းကကျုပ်ဦးလေးမှာအဲဒီလိုမြင်းမျိုးတစ်ကောင်ရှိတာ တွေ့ခဲ့ဖူးတယ်။ ခင်ဗျား မြင်းမကြီးလို လွှဲတာမျိုးပဲ။ ကျုပ်ဦးလေးလည်း အဲဒီမြင်းရောက်လာကတည်းက စီးပွားတက်လိုက်တာ လွန်ရောပဲ။ အဲဒီမြင်းမှာတုန်းကတော့ နလုံးခွံဖွေဗျ။ (လူကို သေစေတတ်သောဖွေဖြစ်ပြီး မြင်း၏ရှေ့လက်နှစ်ဖက်အကြား ရင်ပုံအလည်တည့်တည့်၌ မတ်စေ့ခန့်ရှိသောဖွေ) ဒါပေမဲ့ခင်ဗျားမြင်းလိုပဲ ရှည်မျောမျောဖြစ်နေတာပဲ။ မြင်းပိုင်ရှင်တွေက အဲဒါကို နလုံးခွံဖွေပါတဲ့ မြင်းဆိုပြီး ကျုပ်ဦးလေးကို ဈေးပေါပေါနဲ့ ရောင်းလိုက်တာ၊ ကျုပ်ဦးလေးကလည်း ခင်ဗျားလို တစ်ယူသန်၊ တဇောက်ကန်းပဲ။ ဒါပေမဲ့ သူကမြင်းဆိုရင်အလွန်ချစ်တတ်တဲ့သူဗျ။ သူက အဲဒီမြင်းကို သေသေချာချာ ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်တော့ ကြီးပွားတာပေါ့။



ကျုပ်ဦးလေးဟာ တဖြည်းဖြည်းနဲ့ ငါးနှစ်လောက်ကြာတော့ မကွေးမြို့မှာ သူဌေးစာရင်းဝင်သွားတယ်။ ခုနစ်နှစ်လောက်ကြာတော့ အဲဒီမြင်းသေသွားတယ်။ အဲဒီနောက်မှာတော့ ကျုပ်ဦးလေးလည်း စီးပွားကျသွားတော့တာပဲ။ ဒီတော့ ဒီမြင်းမကြီးကို ခင်ဗျားဂရုစိုက်ဖို့ပဲ လိုတယ်ဗျ။ ရောင်းလိုက်တဲ့ မြင်းပိုင်ရှင်တွေက အလောင်းတင် ဖွေပါတယ်ထင်လို့ ရောင်းလိုက်တာဖြစ်မယ်၊ ကျွန်တော့်အထင် ခင်ဗျားတော့ အဆင်ပြေတော့မယ်ထင်တယ်"

"မင်းလည်း ငါ့အကြောင်းကို သိပါတယ်ကွာ။ ငါက ငါ့ဆီကို ရောက်လာတဲ့ဘယ်မြင်းကိုမဆိုဂရုတစိုက်ကျွေးမွေးစောင့်ရှောက်တာပါ။ ငါ့ဆီရောက်လာတဲ့ မြင်းပိန်မြင်းခြောက်တွေမှန်သမျှ ဝဝဖီးဖီးဖြစ်လာကြတာချည်းပါပဲ"

"ဟုတ်ပါတယ် - စေတနာကောင်းရင် ကံကောင်းမှာပါဗျာ"

ထိုနေ့ညက ဦးမောင်ဟန်သည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြန်သွားလေသည်။ သူဝယ်လာသော မြင်းမကြီးသည် မြပုစက်ဖြစ်နေသည်ကို သိရ၍တစ်ကြောင်း၊ သူကိုယ်တိုင်က မြင်းများအပေါ် ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်သော ဝါသနာရှိသည်ကို ယုံကြည်၍တစ်ကြောင်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ပြန်သွားခြင်းပင်ဖြစ်၏။ ထိုနေ့မှစ၍ ဦးမောင်ဟန်သည် အမြဲတမ်းလိုလို အခါတိုင်းကဲ့သို့ပင် (၂) ရက်ခြား၊ (၃)ရက်လာ အလည်လာတတ်လေ့ရှိသည်ကို တွေ့ရ၏။ သီတင်း(၂)ပတ်ခန့်အကြာတွင် ဦးမောင်ဟန်သည် မြပုစက်၏ နောက်ထပ်ထူးခြားမှုတစ်ခုကို တွေ့ရကြောင်း အဖေ့အား ပြောပြ၏။ ထိုထူးခြားမှုမှာ သူ၏မြင်းမကြီးသည် ဘယ်ညာလွှဲယမ်းနေရင်း တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးရွေ့တိုးရွေ့လာသည်မှာ တံတောင်ခန့်ပင် ရှိကြောင်း ပြောပြ၏။ မြင်းစားခေါင်းနှင့် မြင်းမကြီး၏ ရင်ပုံမှာ ထိနေရုံမျှ အောက်မှမြေကြီးများမှာလည်း နိမ့်သွားသဖြင့် မော့၍ စားနေရကြောင်းတို့ကိုပါ ပြောပြ၏။ အဖေကလည်း သူ၏ မြင်းပညာအတွေ့အကြုံအရ ရှေ့တိုးတိုး၍ လွှဲသော မြပုစက်သည် ကောင်းကျိုးတို့ကို ပေးသည်သာ ဖြစ်ကြောင်း ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် တစ်ပတ်မျှပင် မကြာပါ။ ဦးမောင်ဟန်ထံသို့ ထူးခြားသော ကံကောင်းခြင်းတစ်ခုသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့၏။ အဖေ့ထံသို့ လာရောက်၍ ဦးမောင်ဟန်က အကြောင်းစုံပြောပြသဖြင့် သိရှိရပါတော့သည်။ ဦးမောင်ဟန်သည် သူ၏မြင်းမကြီး အစာစားရန် ခက်ခဲနေသဖြင့်လည်းကောင်း၊ ရေလက်နစ်ချောင်းကို ဘယ်ညာပြောင်း၍ နင်းပြီး လွှဲယမ်းသောကြောင့် မြေကြီးများ နိမ့်ဝင်သွားသဖြင့်လည်းကောင်း မြင်းမကြီး၏ ရေလက်နစ်ချောင်းနေရာတွင် ရေရှည်ခိုင်ခံ့စေရန် အုတ်ခုံပြုလုပ်မှသာဖြစ်မည်ဟု စဉ်းစားမိ၏။ သို့အတွက် မြင်းမကြီးအား အိမ်ရှေ့ရှိ ဆီးချုံပင်အောက်သို့ လွှဲယမ်းနေစဉ်မှာပင် ပြောင်းရွှေ့ချည်ထားလိုက်၏။ ၎င်းနောက် အုတ်ခုံပြုလုပ်ရန်အတွက် မြေကြီးတူးရန် သံတူးရှင်းကိုယူ၍ မြင်းခွာရာများကြောင့် နိမ့်ဝင်သွားသော မြေနေရာသို့ ကြည့်လိုက်ရာတွင် ရွှေဒင်္ဂါး (၂) ပြား ပေါ်နေသည်ကို တွေ့ရတော့၏။ မြင်းမကြီး၏ ရေလက်နစ်ဖက်ဖြင့် အကြိမ်ကြိမ်နင်းရာမှ ထိုရွှေဒင်္ဂါးများ ပေါ်ထွက်လာခြင်းဖြစ်၏။

ထိုရွှေဒင်္ဂါး နှစ်ပြားကိုယူ၍ မြေကြီးကို ဆက်လက်တူးရာ တစ်မိုက်ခန့်တွင် နောက်ထပ် ရွှေဒင်္ဂါး (၈) ပြားကို တွေ့ရပြန်သည်။ (၁) ပေသာသာတွင် ငွေဒင်္ဂါးအပြား (၅၀) ပါသော စဥ့်အိုးငယ်တစ်လုံးကို ထပ်မံတွေ့ရှိလေသည်။ ဤသို့ဖြင့် ဦးမောင်ဟန်သည် ချမ်းသာသည့် ဘဝသို့ ချက်ချင်းပင် ရောက်ရှိသွားတော့၏။

◆◆

ထို့ကြောင့် ဦးမောင်ဟန်သည် ထည်ဝါခန့်ညားလှသော နှစ်ထပ် ပျဉ်ထောင်ပျဉ်ကာ၊ သွပ်မိုးအိမ်ကြီးကို ဆောက်လိုက်တော့၏။ ရန်ကုန်အနောက်ပိုင်း အခေါ်(မြို့)၊ မကွေးဒေသအခေါ်(ဝိုင်း)ဟုခေါ်သောနေရာတွင်(၄)ပင်အိမ်ရာ ဆောက်ထားသဖြင့် ဝိုင်းအပြည့်၊ အိမ်အပြည့် ဖြစ်သွားတော့၏။ နောက်ဖေး ဘက်တွင် မြေအနည်းငယ်မျှသာ အကျန်ရှိတော့၏။ မြို့ပေါင်းရပ်ကွက် ထဲတွင် ဦးမောင်ဟန်၏ အိမ်ကြီးမှာ ခမ်းနားထည်ဝါလှပါသဘိ၊ မြို့ပေါင်း ရပ်ကွက်တွင် ရေလုပ်သားများ ပေါ်များလှသဖြင့် ဦးမောင်ဟန်သည် ငါးဒိုင် တစ်ခုကိုတည်ထောင်လိုက်၏။ ငါးအရောင်းအဝယ်ကိစ္စများကိုလည်း လူငှား များကို လွှဲထားလိုက်ပြီး သူကိုယ်တိုင်ကတော့ အေးဆေးစွာအနားယူနေ တော့၏။ မြင်းမကြီးကိုလည်း သေးမဲ့ပေး၍ ကောင်းမွန်စွာကျွေးမွေးစောင့် ရှောက်ထား၏။ အနည်းငယ်မျှ ကျန်ရှိနေသောမြေနေရာတွင် သမံတလင်း ခင်း၍သွပ်မိုးပြုလုပ်ကာမြင်းမကြီးကိုထားပေး၏။ အဖေ့ထံသို့လည်း ယခင် ကလောက် မလာဖြစ်တော့၊ တစ်လတွင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်မျှသာ ရောက်လာတတ်၏။

(၆)လခန့်မျှအကြာတွင် ဦးမောင်ဟန်သည် အဖေ့ထံသို့ ရောက်ရှိလာ၏။ အလည်လာနေကျအချိန်တွင် ရောက်လာပြီး ဝါးကွပ်ပျစ်တွင် ဝင်ထိုင် လိုက်၏။ အနည်းငယ်ပိန်သွားပြီး ယခင်ကလို တက်တက်ကြွကြွ အမူအရာ များလည်း မရှိတော့သည်ကို တွေ့ရ၏။ ယခင်ကဆိုလျှင် စကားဝိုင်းကို ဦးဆောင်၍ပြောလေ့ရှိသူ၊ ယခုကား ထိုသို့မဟုတ်တော့၊ သို့ဖြစ်၍အဖေက ဦးစွာပင်လျှင် စတင်စကားပြောရတော့၏။

"ကိုဦးဟန် - ပေါ်မလာတာ ကြာပြီပဲ။ ခင်ဗျား - ပိန်သွားတယ်၊ နေလို့ ထိုင်လို့ရော ကောင်းရဲ့လား။ စီးပွားရေးကတော့ အဆင်ပြေမှာပါ"

"တရှောင်ရှောင်နဲ့ နေမကောင်းဖြစ်နေတာ အတော်ကြာပြီ ဗိုက်ဆာလူရဲ့။ စားလို့သောက်လို့လည်း သိပ်မကောင်းလှဘူး၊ တစ်ခါတစ်ရံ ချောင်းဆိုး လိုက်ရင် တော်တော်နဲ့မပြီးနိုင်ဘူး၊ စီးပွားရေးကလည်း မကောင်းပါဘူး၊ သူတို့ စားလို့ ဝပြီး အကြွင်းအကျန်ကျမှ ငါ့ကိုပေးတာ၊ အဲဒါတွေ ထားလိုက် ပါတော့ကွာ၊ ငါတို့အချင်းချင်းတော့ ပြောရမှာပဲ၊ အတွင်းပစ္စည်းတွေ ကုန် သလောက်ဖြစ်နေပြီ၊ ဟန်နဲ့ထိန်းနေလို့သာ လူမသိတာ"

"ကျွန်တော်တောင် ခင်ဗျားကိုယ်တိုင်ပြောတာမို့ ယုံလိုက်ရတာ"

"မင်းနဲ့ငါ့ကြားမှာ ဘာမှ ကွယ်ဝှက်စရာမရှိပါဘူးကွာ၊ ဒြော် . . . ဒါနဲ့ ပြောဦးမယ်၊ ငါ့ မြပုခက်ကြီးလည်း အစာသိပ်မစားဘူးဖြစ်နေတယ် အဲ -





www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီးတော့ တစ်ခုထူးတာက လွှဲရင်း–လွှဲရင်းနဲ့ နောက်ကို ဆုတ် ဆုတ်သွားတာ၊ အခုဆိုရင် တံတောင်လောက်ရောက်နေပြီ၊ မြပုခက်တွေက ကျန်းမာရေးမကောင်းရင် နောက်ဆုတ်ပြီး လွှဲသလား၊ သခင်နေမကောင်းရင်လည်း နောက်ဆုတ်လွှဲတာပဲလား၊ ငါလည်း သိချင်တာနဲ့ပဲ မင်းဆီကို လာခဲ့တာ"

"ကျွန်တော်သိထားတာကတော့ရှေ့တိုးလွှဲရင်ကောင်းတယ်၊လွှဲရင်း–လွှဲရင်း ညာဘက်ကနေ ဘယ်ဘက်ကို ရွှေ့သွားရင်ကောင်းတယ်၊ နောက်ဆုတ် လွှဲရင် မကောင်းဘူး၊ လွှဲရင်း–လွှဲရင်း ညာဘက်ကို ရွှေ့သွားရင် မကောင်းဘူး၊ အဲဒီလောက်ပဲ သိတာဗျ၊ အခုလွှဲပုံအရဆိုရင် မကောင်းဘူးပေါ့ဗျာ၊ ခင်ဗျားလည်း သိပ်နေမကောင်းဘူးဆိုတော့ သတိကို ပိုပြီးထားမှဖြစ်မယ်၊ သတိထားနေတဲ့ကြားကတောင် ကျွန်တော့်တုန်းက ခံလိုက်ရသေးတာကို ခင်ဗျားလည်း သိပြီးသားပဲ၊ ခင်ဗျားတို့ ကျုပ်တို့ တွေ့ကြုံကြရတဲ့ "ဟိတ်" မျိုး "ဟိတ်" နှယ်ဆိုတာမျိုးက "ရတနာ" တွေမှာ ကပ်ရောက်နေရင် အလွန်စွမ်းအားကြီးတယ်ဆိုပဲ"

"အင်း–ဝိဇ္ဇာလူပြောသလိုဆိုရင်မြင်းရတနာဖြစ်နေတော့သူ့စွမ်းအားကသေးမှာမဟုတ်ဘူး၊ငါကသူ့ကိုကျေးဇူးရှင်အဖြစ်နဲ့ထားတာကိုမင်းလည်းသိပါတယ်၊ သူ့ကို ဘေးမဲ့ပေးပြီး ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ထားတာပါ၊ သူ့ကို နိုင်းမိမှာစိုးလို့ မြင်းလှည်းကိုတောင် ရောင်းပစ်လိုက်တာပဲ၊ သမန်းမြက်အမိုးနဲ့ မိုးမလုံ၊ လေမလုံ ထားရာကနေပြီး သမံတလင်း၊ သွပ်မိုးနဲ့ ထားပေးတာပါ၊ ငါ့ဘက်ကတော့ ချွတ်ယွင်းချက် မရှိဘူးထင်တာပဲ"

"ပြည့်စုံကောင်းမွန်ပါတယ် ကိုဦးဟန်၊ ကျွန်တော်လည်း မြင်တွေ့နေရတာပဲ၊ ဒီလိုတော့ ရှိပါတယ်ဗျာ၊ သတ္တဝါဆိုတာမျိုးဟာ ဖျားချိန်တန်ဖျား နာချိန်တန်နာ၊ သေချိန်တန် သေကြရတာပဲမဟုတ်လား၊ ခင်ဗျားဘက်ကတော့ ချို့ယွင်းချက် မရှိလောက်ဘူးထင်တာပဲ၊ ဒါမှမဟုတ် တစ်ခုခုများ လိုအပ်နေလို့လား"



"ငါလည်း အဲဒီလို တွေးဖူးတယ်၊ ဒါပေမဲ့ – ဘယ်လိုမှ တွေးလို့မရဘူး"

"တိုက်ဆိုင်နေတာပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်ဗျာ"

"လောလောဆယ်တော့ ငါလည်း အဲဒီလိုပဲ လက်ခံထားပါတယ်၊ ဒါကြောင့် ငါက သူ့ကို မညှပ်ပါဘူး၊ သူလည်း နေမကောင်းဖြစ်နေတာပဲလေ၊ ညတိုင်း–ညတိုင်း သူ့အနားကိုသွားပြီး ချစ်သမီးကြီး ကျန်းမာပါစေ–ချမ်းသာပါစေ၊ ဒီဘဝက ကျွတ်ခဲ့ရင်လည်း နောက်ဘဝမှာ မြင့်မြတ်တဲ့ဘုံဘဝကို ရောက်ရှိပါစေဆိုပြီး မေတ္တာပို့လာတာလည်း တစ်ရက်မှ မပျက်ခဲ့ပါဘူးကွာ၊ ကဲ – ငါ့ဘက်က ဘာလိုသေးလို့လဲ၊ သူ့ကြောင့် ငါ့ကြောင့်တော့ ဘတ်မယ်မထင်ပါဘူး၊ ကမ္ဘာသကာလို့ပဲ အောက်မေ့ထားတာ ကောင်းမယ်ထင်တာပဲ"

"ကိုဦးဟန်ပြောတာ ငြင်းစရာမရှိပါဘူး၊ ဖြစ်ချိန်တန်ရင် ဖြစ်ပြီး ပျက်ချိန်တန်ရင် ပျက်တယ်လို့ ခံယူထားရင် ဘာပဲဖြစ်ဖြစ် သက်သာတာပေါ့ဗျာ"

"ကဲ – ဝိဇ္ဇာလူလေးရဲ့စကားပြောလို့တော့ ကောင်းပါတယ်၊ နေရထိုင်ရတာ သိပ်အဆင်မပြေတော့လို့ ပြန်ဦးမှ ဖြစ်မယ်"

"ကောင်းပါပြီဗျာ – ကိုယ့်ကိုယ်ကိုယ်တော့ ဂရုစိုက်ဦးနော်"

ဦးမောင်ဟန်သည် ထိုညက ပြန်သွားပြီးနောက် တော်တော်နှင့် ပေါ်မလာခဲ့ပါ။ (၁၀) ရက်ခန့်ကြာမှ တစ်ခေါက် ရောက်လာပါသည်၊ ဒီတစ်ခေါက် ရောက်လာရသည်မှာ သူ၏ မြင်းမကြီးအတွက် အဖော်ထံ ဆေးလာယူခြင်း ဖြစ်၏၊ သူ၏မြင်းမကြီးသည် ဖောင်းကောနာဝင်နေပြီဖြစ်၏၊ အစာကိုပင် ခဲယဉ်းယဉ်းစားနေရပြီး အနည်းငယ်မျှသာ စားနိုင်တော့၏၊ မျက်စိနှစ်ဖက်မှ မျက်ရည်တို့သည် အဆက်မပြတ် ကျဆင်းနေရုံမျှမက နှာခေါင်းပေါက်မှလည်း အရိအရွဲများ ယိုစီးနေပေပြီ၊ ဖောင်းကောနာဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း မြင်းများအတွက် အလွန်ဆိုးရွားစွာ ခံစားစေရပြီး အသက်အန္တရာယ်နှင့် အလွန်နီးကပ်သော ရောဂါတစ်မျိုးဖြစ်ပေသည်။ မျက်စိနှစ်ဖက်မှအစ ပြု၍ နှာခေါင်းနှစ်ပေါက်တိုင်အောင် ကြီးမားသော အဖုကြီးဖြစ်သည်အထိ ရောင်ကိုင်းလာသော ရောဂါဖြစ်၏။ ဦးမောင်ဟန်သည် အဖေ့ထံမှ လိုအပ်သော ဆေးဝါးများကို ယူ၍ပြန်သွားပါသည်။ အဖေကတော့ မြင်းမကြီး၏ ရောဂါမှာ လွန်နေပြီဟု ပြောပြလိုက်ပါသည်။ တစ်လပင် မကြာပါ၊ ဦးမောင်ဟန်၏ မြင်းမကြီး သေဆုံးသွားကြောင်း ကြားသိရတော့၏။ ထိုအခါတွင် အဖေနှင့် ကျွန်ုပ်သည် လူရင်းများဖြစ်နေကြသောကြောင့် ဦးမောင်ဟန် အိမ်သို့သွား၍ကူညီလုပ်ကိုင်ပေးရပါသည်။ ဦးမောင်ဟန်သည် သူ၏မြင်းမကြီးအတွက် ဆွမ်းနှင့်ဆွမ်းဟင်းများကို ဖွယ်ဖွယ်ရာရာ စီမံ၍ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းပြီးလျှင် အမျှဝေခြင်းကို ပြုလုပ်ရှာပါသည်။ မြင်းမကြီးသေပြီးသည့်နောက်ပိုင်းတွင်ဦးမောင်ဟန်၏ရောဂါမှာလည်းသက်သာလာသည်ဟုမရှိဘဲ တဖြည်းဖြည်းနှင့် တိုးရွေ့တိုးရွေ့သာ လာသည်ကို တွေ့ရ၏။ တောင်ဝှေးတစ်ချောင်းကို အားပြု၍ လမ်းလျှောက်ရသည့်အဆင့်သို့ပင် ရောက်နေပေပြီ။ တစ်နေ့တွင် ဦးမောင်ဟန်သည် တောင်ဝှေးကို အားပြု လျက်ဖြင့် အဖေ့ထံသို့ ရောက်ရှိလာပြီး ထူးဆန်းသောစကားကို ပြောတော့၏။

"ဝိဇ္ဇာလူရေ...ရှေးလူကြီးသူမတွေပြောခဲ့တဲ့ ရှေးထုံးတစ်ခုကိုတော့-အင်း...ပြောင်းပြန်လုပ်လိုက်မှ အမှန်ဖြစ်မယ်ဆိုတာ သေချာနေပြီ"


❖

အံ့ဩစရာပင် တစ်သက်လုံး ရှေးစကားများကိုသာ အလေးအနက်ထား၍စကားပြောလာခဲ့သူက ယခုအချိန်ကျမှ ပြောင်းပြန်ပြုလုပ်ဖို့ရန် ပြောလာ၏။ အရင်းမပါ၊ အဖျားမရှိ၊ တုံးတိတိနှင့် ပြောချလိုက်သောစကားကို အဖေက နားမလည်စွာဖြင့်...



"ကိုဦးဟန်-ခင်ဗျားစကားက ဆန်းလွန်းနေပြီ၊ ဘယ်လိုကြောင့် ဘယ်စကားကို ပြောင်းပြန်လုပ်မှ အမှန်ဖြစ်မှာလို့ ပြောရတာလဲ။ ခင်ဗျား နေရောကောင်းရဲ့လား"

"ဟ-ကောင်းပါတယ်ကွ၊ ငါက အမှန်ကိုပြောမလို့ပါ။ မင်းတို့၊ ငါတို့ အရင်က ပြောခဲ့ကြဖူးတဲ့ စကားလေ၊ "မယားဆိုး" "မြင်းကပ်" လူတတ်မလုပ်နဲ့လို့ဆိုခဲ့ကြတယ်မဟုတ်လား။အဲဒါမဟုတ်ဘူးကွ၊ "မယားကပ်" "မြင်းဆိုး" လူတတ်မျိုးမရှိလို့ ပြောင်းမှဖြစ်မယ်။ မြေလတ်တစ်ခွင်မှာ ငါတို့မြို့ဟာ မြင်းညာရှင် အလွန်ပေါတဲ့မြို့ပဲ။ မြင်းဝိဇ္ဇာဘွဲ့ရတဲ့လူ၊ သုံးယောက်တောင်



အဖေက အလှူမလုပ်ခဲ့ဘူးလေ၊ နောက်ပြီး ...
အကုသိုလ်တွေ အများကြီးလုပ်မိလိုက်တော့ သမီး ဝမ်းနည်းလွန်းပြီး
တောက်လျှောက်ငိုခဲ့ရတာအဖေသိပါတယ်။ ဝိုပြီးဆိုးတာက ယုတ်ညံ့တဲ့
နောက်ပေးဘက်ကို ပို့လိုက်တာပဲ။ အဲဒီတော့ သမီးမှာ မြဟုဘက်တို့ရဲ့ထုံးစံအတိုင်း
အကျိုးယုတ်အောင် လုပ်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ရှိပါလျက်နဲ့ အဲဒီလူတွေကိုယ်တိုင် မသိလို့ ခံလိုက်ကြရတာတွေ ရှိသေးတယ်ဆိုတော့ ငါပြောသလို ရှေးစကားကို မပြောင်းသင့်ဘူးလား၊ ဗိဇ္ဇာလူတောင်မှ မြင်းဘီလူးကြောင့် သေရမလို ဖြစ်ခဲ့သေးတာပဲ၊ အခု ငါလည်း လွန်သွားပြီ၊ ဘာလုပ်လို့ ရတော့မှာလဲ"

"ခင်ဗျားပြောတာတွေကိုကျုပ်တော့ဘယ်လိုမှနားလည်လို့မရဘူးဖြစ်နေတယ်၊ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောပြလို့မရဘူးလား ကိုဦးဟန်"

"ရပါတယ်ကွာ ရပါတယ်၊ ငါပြောပြပြီးရင် မင်းလည်း လက်ခံလာမှာပါ၊ ပြီးခဲ့တဲ့ သုံးရက်ကပေါ့၊ ငါက ခဏခဏ ချောင်းဆိုးရတဲ့ လူဆိုတော့ ကောင်းကောင်းအိပ်ရတယ်လို့မှ မရှိပဲ၊ အဲဒီညက သုံးနာရီလောက်ရှိမှာပေါ့၊ ငါ ချောင်းဆိုးပြီး နိုးလာတယ်၊ အဲဒါနဲ့ ပက်လက်ကုလားထိုင်မှာ ပြောင်းထိုင်ပြီး မောမောနဲ့ မှိန်းနေရင်း မှေးခနဲ အိပ်ပျော်သွားတယ်၊ အဲဒီတော့ ငါက အိပ်ရာထဲမှာ ပက်လက်ဖြစ်နေတယ်၊ ငါ့အနားကို ဆယ့်ငါးနှစ်ကျော်ကျော်လောက်ရှိပုံပေါ်တဲ့ ကလေးမလေးတစ်ယောက် ငါ့ခေါင်းမှာ လာထိုင်တယ်၊ တော်တော်လှတဲ့ ကလေးမလေးပဲ၊ ငါ့ခုတင်မှာ တင်ပါးလွှဲထိုင်ပြီး ငါ့ဘက်ကို တစောင်းလှည့်ကြည့်ပြီး . . . "ဘဘ - တော်တော်နေမကောင်းဖြစ်နေတာလား" လို့ မေးတယ်၊ ဘာမဆိုင် ညာမဆိုင် ငါတစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးတဲ့မိန်းကလေးကမေးနေတော့ငါလည်းအံ့အားသင့်သွားတာပေါ့၊ဒါနဲ့ပဲ ငါက "ဟဲ့ - ကလေးမ နင်က ဘယ်သူတုံး၊ ဘယ်ကလာတာတုံး၊ ငါ့ကို ဘယ်တုံးက သိခဲ့လို့လာတာတုံး" လို့ မေးတာပေါ့ကွာ၊ အဲဒီတော့ ကလေးမလေးကပြုံးပြီးတော့ "အဖေ့သမီးမို့အဖေ့ဆီကိုလာတာပေါ့၊အဖေ့ကျေးဇူးတွေက များလွန်းလို့ အဖေ့ကို ကျေးဇူးဆပ်ဖို့ လာတာပါ" လို့ ပြောတော့ ငါ့အဖို့အတွေးရခက်သွားတာပေါ့၊မင်းလည်းသိပါတယ်၊ငါတို့မှာသားသမီးမှ မထွန်းကားခဲ့တာ၊ အဟွတ် - အဟွတ် - အဟွတ်"

ဦးမောင်ဟန်သည် ပြောနေရင်း အဆက်မပြတ် ချောင်းဆိုးနေသဖြင့် အဖေက . . .

"ကဲ - ကဲ ကိုဦးဟန်၊ မောနေပါ့မယ်ဗျာ၊ ဖြည်းဖြည်းပေါ့ နားပါဦး"



(၅)မိနစ်ခန့်အကြာတွင် ချောင်းဆိုးရပ်သွား၏၊ သို့သော် မောဟိုက်နေပေသည်၊ နောက်ထပ် (၁၀)မိနစ်ခန့်ကြာမှ အမောပြေသွားပြီး အသက်ရှူမှန်လာတော့၏၊ ထိုအခါကျမှ ရေနွေးကြမ်းတစ်ခွက်ကို တဖြည်းဖြည်းချင်း သောက်လိုက်ပြီးနောက် . . .

"ငါကလည်း - ပြောတာပေါ့ကွာ၊ "ငါ့မှာ သမီးမှမရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး မိန်းကလေးက ငါ့သမီးဖြစ်တယ်လို့ ပြောရတာလဲ" ဆိုတော့ အဲဒီမိန်းကလေးက "အဖေပဲ - သမီးကို - သမီးမြပုခက်ရေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကောင်းမြတ်တဲ့ ဘုံဘဝကိုရောက်ပါစေလို့ နေ့တိုင်း မေတ္တာပို့ပေးခဲ့တာမဟုတ်လား"လို့လည်း ပြောလိုက်ရော ငါ့မှာ အိပ်မက်ထဲမှာတောင် အံ့လုပ်သွားတာပဲ၊ ဒါနဲ့ "သမီးက မြပုခက်လား" လို့မေးတော့ "ဟုတ်ပါတယ် အဖေ" လို့ ဖြေတယ်ဗျာ၊

နောက်ပြီးတစ်ဆက်တည်းပြောတော့တာပဲ "အဖေ - သမီးတို့မြပုခက်နွယ်ဆိုတာမျိုးဟာမြင့်မြတ်ခြင်းရဲ့အမှတ်အသားတွေပါ" မိုးမလုံတဲ့မြက်တတ်ကယ်တဲလေးနဲ့နေခဲ့ရပေမယ့်ခေါင်းရင်းဘက်မှာထားတော့အဖေ့ကို ပေလို့ ရတာပေါ့၊ သမီးတို့က မ,စသင့်လို့ မ,စပြီးရင် အလှူဒါနနဲ့ အမျှဝေဘာမျိုးကို စောင့်မျှော်နေကြရတဲ့ သူတွေပါ၊ အဖေက အလှူမလုပ်ခဲ့ဘူးလေ၊ နောက်ပြီး . . . အကုသိုလ်တွေ အများကြီးလုပ်ပစ်လိုက်တော့ သမီး သိမ်နည်းလွန်းပြီး တောက်လျှောက်ငိုခဲ့ရတာ အဖေသိပါတယ်၊ ပိုပြီး ဆိုးတာက ယုတ်ညံ့တဲ့ နောက်ဖေးဘက်ကို ပို့လိုက်တာပဲ၊ အဲဒီတော့ သမီးမှာ မြုခက်တို့ရဲ့ထုံးစံအတိုင်းအကျိုးယုတ်အောင် လုပ်ရတော့တယ်၊ အမြဲတမ်း သမီးကို မေတ္တာပို့နေတဲ့အဖေ့ကို အဲဒီလိုအကျိုးယုတ်အောင် လုပ်နေရတာ စိတ်မချမ်းသာတာနဲ့ပဲ ခွင့်ပန်ပြီး ရောဂါကို တောင်းယူလိုက်ရတာပါ၊ ဒါပေမဲ့ သမီးအတွက် စေတနာကောင်းကောင်းထားပြီး ဆွမ်းချိုင့်ပို့ အမျှဝေခဲ့တဲ့ ကုသိုလ်ကြောင့် ဒီလိုမြင့်မြတ်တဲ့ ဘုံဘဝကို သမီးရခဲ့ရတာပါ၊ အဖေဖြစ်စေချင်သလို သမီးဖြစ်ခဲ့ပါပြီ၊ အဲဒီကျေးဇူးတွေကို အကောင်းဆုံး ပြန်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com

အဖေ့ဆီကို လာခဲ့တာပါ။ ဒီနေ့ကစပြီး နေ့စဉ်မပြတ်အောင် ပဌာန်းကို များများပူဇော်ပါ၊ မေ့လို့မဖြစ်ဘူးအဖေ၊ အချိန်စေ့ပြီ၊ သမီးပြန်ရတော့မယ်၊ ပဌာန်းကိုသာ ပူဇော်နိုင်သမျှ ကြိုးစားပြီး ပူဇော်ပါ” ဆိုပြီး ဖျတ်ခနဲ ပျောက်သွားတော့တာပဲ၊ အဲဒီကျမှ ငါလည်း ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်သွားရင်းက လန့်နိုးသွားတော့တာပဲ”

❖

ဦးမောင်ဟန်သည်ရှောင်းမဆိုးတော့သော်လည်းအဖော်ပင်မောလာပြီဖြစ်သောကြောင့်အနားယူလိုက်ပြီးရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍သောက်လိုက်၏၊ အဖေကလည်း ဆေးလိပ်ကို ဖြည်းညင်းစွာ ဖွာရှိုက်ရင်း အတွေးနယ်ချဲ့နေပုံရ၏။ သူတို့နှစ်ယောက် အတန်ကြာအောင်ပင် ငြိမ်သက်နေကြ၏။ ကျွန်ုပ်လည်း ကုန်ခါနီးနေသော ရေနွေးကြမ်းအားယူ၍ အသစ်လဲပေးလိုက်ပါသည်၊ တစ်မြို့နယ်လုံးအသိအမှတ်ပြုထားသောမြင်းဗိဇ္ဇာအဖေပင်လျှင် ယခုတစ်ခါတော့ဖြင့် လွန်စွာ သံဝေဂ ရသွားပုံပေါ်၏။ သက်ပြင်းရှည်ကြီးချလိုက်ပြီးနောက် ညည်းညူသောအသံဖြင့်…

“ကိုဦးဟန်ရယ် – အခုကိစ္စမှာ အသိတစ်ခု တိုးရပြန်တာပေါ့၊ ခင်ဗျားပြောသလို “မယားကပ်” “မြင်းဆိုး” “လူတတ်မျိုးမရှိ” ဆိုတာက ပိုပြီး မှန်သင့်ပါတယ်ဗျာ၊ ကျုပ်တို့သာ သေသွားရောရှိရမယ်၊ နောက်ထပ် တစ်ခုပြီး တစ်ခု တိုးရဦးမှာတွေက ဘယ်လောက်တောင်ရှိနေဦးမယ်ဆိုတာ မသိနိုင်ဘူးလေ၊ မြင်းလောကမှာ ကျုပ်တို့ရထားတဲ့ နာမည်တွေက တကယ့်အမှန်မှာတော့ ရှက်စရာကြီးပါဗျာ၊ ကျုပ်တင်မကဘူး အခု ခင်ဗျားရောပါ မသိလို့ခံရပြန်ပြီလေ၊ တခြားပညာတွေကိုတော့ ကိုယ်နားမလည်လို့ မပြောတတ်ပါဘူး၊ မြင်းပညာကတော့ သေသွားတဲ့အချိန်အထိမသိတာတွေအများကြီးကျန်နေဦးမှာပါပဲ”



အာမောပြေသွားပြီးအသက်ရှူမှန်လာပြီဖြစ်သော ဦးမောင်ဟန်က…

“ဒါ့ကြောင့် – ကျောက်နဲ့မြင်း စိုးစဉ်းသိက ထမင်းဝလို့ ဆိုခဲ့တာဖြစ်မယ်”

“လာပြန်ပြီ – အဲဒီရှေးစကားကိုလည်း အခုလိုပဲ ပြောင်းပြန် ပြန်လုပ်ဖို့ အခြေအနေမျိုး နောင်တစ်ချိန်မှာ ဖြစ်မလာဘူးလို့ ပြောနိုင်မှာတဲ့လား”

“မပြောနိုင်လောက်ပါဘူး မောင်လှရယ်၊ ငါတို့ မသိခဲ့တာ သံသရာနဲ့ချီနေပါပြီ၊ တစ်လောကလုံးကို ပြီးပြည့်စုံအောင် သိတာဆိုလို့ ဘုရားတစ်ပါးပဲရှိတာလေ”

“မှန်လိုက်လေဗျာ၊ ကဲ – ခင်ဗျားသမီး မမြပုခက် ပြောသွားတဲ့အတိုင်း ပဌာန်းကိုသာ နေ့ညမပြတ် ပူဇော်ဖို့ ကြိုးစားပေတော့၊ ကျုပ်လည်း ပူဇော်မယ်ဗျာ”

“အေးပါကွာ – ဒီအလုပ်ဟာ ငါ့ဘဝရဲ့နောက်ဆုံးအချိန်တွေကို လွှမ်းမိုးနေစေရမယ်၊ စိတ်သာချ – ငါ့သမီးက မိုးပေါ်တက်ဖို့ လှေကားအရှည်ကြီးပေးခဲ့တာကို အဝီစိဆင်းသွားမိခဲ့တဲ့ ငါ့အပြစ်အတွက် မကျေမချမ်း မသေချင်းပေါ့ကွာ၊ ငါ့သမီးရဲ့ စေတနာကို ပြန်ပြီးပေးဆပ်ဖို့အတွက် အဖေတစ်ယောက်အနေနဲ့ တာဝန်တစ်ခုပါပဲ၊ ဒါဟာ အထူးတာဝန်တစ်ခုလို့ ခံယူပြီး ငါကြိုးစားမယ်၊ ကဲ – သိပ်ပြီး ထိုင်လို့ မရတော့ဘူး၊ ငါ ပြန်ချင်ပြီ ငါ့ကို တွဲပြီး ပို့ပေးပါဦး”

“ဟာဗျာ – ပို့ပေးပါ့မယ်၊ ကိုမောင်ဟန်ရယ်…၊ ကဲထ သွားကြစို့”

အဖေသည် ဦးမောင်ဟန်ကို တွဲထူဖေးမလျက် အိမ်အရောက် ပို့ပေးလိုက်ပါသည်၊ သူတို့၏နောက်ဆုံးစကားများတွင်မောင်လှနှင့်ဦးမောင်ဟန်အဖြစ်သို့ အလိုလို ရောက်ရှိသွားကြသည်ကို တွေ့ရ၏၊ ထိုနေ့ညက စကားဝိုင်းသည် တရားသဘောဖြင့် အပြီးသတ်ခဲ့သည်ဟု ဆိုရပါမည်၊ မကြာမီနေ့၊ ဦးမောင်ဟန်သည် သူ၏အိမ်ကြီးအားရောင်းလိုက်ရပြီးအိမ်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးမျှသာ ပြန်ဆောက်နိုင်ခဲ့၏၊ စီးပွားရေးနှင့် ကျန်းမာရေးတို့မှာ ဆိုးဆိုးရွားရွား ကျဆင်းနေသောကြောင့် ရောင်းလိုက်ရခြင်းပင်ဖြစ်၏၊

ထိုအိမ်ငယ်လေးပြန်ဆောက်ပြီးနောက် များမကြာမီမှာပင် ဦးမောင်ဟန် ကွယ်လွန်သွားပါတော့သည်၊ ဦးမောင်ဟန်၏ အသုဘသို့ ကျွန်ုပ်တို့ သားအဖနှစ်ယောက် သွားခဲ့ကြပါသည်၊ ဦးမောင်ဟန်၏ အလောင်းသည် ပက်လက်အနေအထားဖြင့် ရှိနေပြီး သူ၏ မျက်နှာပေါ်၌ ကျေကျေနပ်နပ်ဖြင့် ပြုံး၍နေသော အနေအထားမှာ အထူးပင် ပေါ်လွင်လှ၏၊ သံဝေဂရရန် လာရောက်ကြသော ဧည့်သည်ပရိသတ်များပင်လျှင် ပြောစမှတ်ဖြစ်ကြရ၏၊

ဦးမောင်ဟန်သည် ပဌာန်းပစ္စယနိဒ္ဒေသကို မသေမီကာလအတွင်း ကြိမ်ဖန်များစွာ ပွားများခဲ့သည်မှာ သေချာလှပေသည်၊ သူပြောခဲ့သည့်အတိုင်း သူ၏တာဝန်ကို အထူးတလည် ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုရပါရှိမ့်မည်၊ ထို့ကြောင့်ပင် "မဲ့"၍ မနေဘဲ "ပြုံး" ၍သာလျှင် သေခဲ့သော ဦးမောင်ဟန်ဟု သတ်မှတ်ကြရခြင်းဖြစ်ပါလိမ့်မည်၊ မည်သို့ပင်ဆိုစေ လျှို့ဝှက်နက်နဲဆန်းပြားလွန်းလှပါသော ဂမ္ဘီရပုံရိပ်များသည် ဤကမ္ဘာလောက၌ များပြားစွာရှိနေကြလိမ့်ဦးမည်ဟု နိဂုံးချုပ်ရမည်ဖြစ်၏၊

တိုက်ဆိုင်လွန်းပေစွ၊ ဤဝတ္ထုကို နိဂုံးချုပ်နေစဉ်မှာပင် ရပ်ကွက်ထဲရှိ မင်္ဂလာဆောင်မှ အဆိုတော် တွံတေးသိန်းတန်၏ ဆွတ်ပျံ့ကြည်နူးဖွယ်ရာ သံစဉ်စာသားများ ပေါ်ထွက်လာပါသည်၊

"မြပုခက်တွင် အိပ်စက်ရင်းမှ × × × ကြီးပြင်းလာပြန်တော့ကွယ် × × × မြပဝါနှစ်သက်သလားကွယ် × × × လရောင်အောက်ဆီက × × × ချစ်စွာသော မောင့်သက်ထားနဲ့ × × ×"

ကိုသိန်းတန်ကတော့ သမုဒယ သမုဒ်ပြင်ကျယ်ကို မင်ခြယ်ရည်မဝှံမဲ့ ဖြစ်နေရှာသော ချစ်သူအား ရဲဝံ့စွန့်စားစေလိုသည့်အကြောင်း မြပုခက်ကို ကိုယ်စားပြုလျက် နှလုံးသားမှ သံစဉ်များကို မွေးဖွားခြင်း ပြုခဲ့၏၊ ကျွန်ုပ်တို့၏ မြပုခက်မှ ညွှန်းဆိုသီဖွဲ့ခဲ့သော သံစဉ်ရှုရှုလေးများသည်...

- သာယာမြူးကြွ အထူးပင်လှပစေခဲ့သော သံစဉ်များ ပေလား...
- ရင်မှာနွမ်းလျ သောကကို ဖြာဝေစေခဲ့သော သံစဉ်များလေလား...

ခွဲခွဲခြားခြား ပြောဆိုနိုင်ဖို့ကိုတော့ စဉ်းစားရပါလိမ့်မည်၊

(ပညာရှိနှင့်၊ မညှိမဆ၊ မလှစီးပွား၊ ရေနစ်ဆားသို့ ⅄ ⅄ မယဒေဝ ⅄)

ဇာတိဂုဏ်မျိုးမြင့်အောင်

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com




# တောကြီးမာယာ

ထောင်မှူးကြီးသိန်းဝင်း

## ကျွန်တော်

သုံးတန်ကူးစခန်းက မအူပင်ဆိပ်စခန်းခွဲ (၁) သို့ ပြောင်းရသည်၊ ထိုစခန်းက ထောင်မှူးမှာ ဗျားနာသဖြင့် ဆေးရုံတက်ရန် ခွင့်ရက်ရှည်ယူခြင်းဖြစ်သည်၊ ထို့ကြောင့် ကျွန်တော် စခန်းခွဲတာဝန်ခံအဖြစ် အရေးပေါ် ပြောင်းရွှေ့ရခြင်းဖြစ်ပါသည်၊

မအူပင်ဆိပ်စခန်းခွဲ (၁)မှာ ကျွန်းတောကြီးအတွင်း ကုန်းပြန့်ကလေး အပေါ်၌ တည်ရှိသည်၊ ရဲဘက်အင်အား (၁၀၀)ခန့်၊ ဝန်ထမ်းအင်အား (၁၀) လောက်ခန့်သာ ရှိသဖြင့် အလုပ်လည်းပါးပြီး တာဝန်လည်း နည်းသည်၊ ထိုယတာဝန်ခံအဖြစ် တပ်ကြပ်ကြီး ဦးအိုက်ရီက အုပ်ချုပ်သည်၊ နှစ်ချို့ရဲဘက်ကြီး စခန်းဖြစ်သဖြင့် ခြေကျင်းရဲဘက်မရှိ၊ အားလုံးအပြာဝတ်ရဲဘက်ကြီးများ ဖြစ်ကြပြီး စခန်းလုပ်ငန်းပြီးသည်နှင့် ငါးရှာဖားရှာ၊ အသီးအရွက်ရှာရန် ခွင့်ပြုထားသည်၊ စခန်းအား သံဆူးကြိုးဝင်း ခတ်ထားသော်လည်း


www.burmeseclassic.com

www.burmeseclassic.com

အိပ်ရန် ခွင့်ပြုထားသည်။ စခန်းအား သံဆူးကြိုးဝင်းခတ်ထားသော်လည်း အိပ်ဆောင်အဝင် တံခါးအား သော့ခတ်မထား။ ညအချိန် ထောင်ပိတ်လူပေါင်းစာရင်းယူပြီးပိတ်သည်မှတစ်ပါးနေ့ဘက်တွင် တစ်ချိန်လုံးတံခါးဖွင့်ထားသည်။ ရဲဘက်ကြီးများ ဖြစ်ကြ၍ စိတ်ချရသည်။ ရဲဘက်ပြေးမှုမရှိ။ ပဲခူးဘက်မှ ဖောင်းတူရှောင်းအတိုင်း မော်တော်ဖြင့်လာပြီး မိသားစုတွေ့သည် တွေလည်းရှိသည်။ စခန်းသက် (၆)လပြည့်သည်နှင့် အလှည့်ကျခွင့်ရက်ရှည် (အိမ်ပြန်ခွင့်) ပေးသည်လည်းရှိသည်။ ခရီးဝေးလျှင် (၁၀) ရက်၊ ခရီးနီးလျှင် (၇) ရက် ဖြစ်သည်။ နေ့စဉ်လုပ်အားခလည်းပေးသဖြင့် အပြန်ခရီးတွင် ထမင်းစားရိတ်၊ ခရီးစားရိတ် သုံးနိုင်သည့်အပြင် အစိုးရပိုင် ကားရထား၊ သင်္ဘောများကိုလည်းခရီးသွားဝါးရမ်းဖြင့်အခမဲ့စီးနိုင်ပါသေးသည်။ ထို့ကြောင့် သူတို့ ပျော်ကြသည်။ ရဲဘက်များ ပျော်တော့ ဝန်ထမ်းများလည်း အုပ်ချုပ်မှု တာဝန်ပေါ့သည်။ ပိတ်ရက်ရှည်များတွင် ပြဇာတ်က ကြသည်။ ဝါသနာတူ ပညာရှင်များပါကြ၍ တောတွင်းပြဇာတ်ဖြစ်သော်လည်း အဆင့်ရှိသည်။ ဟာသပြက်လုံးများအလွန်ထိရောက်သည်။ တဝါးဝါး၊ တဟားဟားဖြင့်ရဲဘက်တွေပျော်တော့ကျွန်တော်တို့ဝန်ထမ်းများလည်းပျော်ရပါသည်။ ကျွန်တော်စခန်းခွဲ တာဝန်ခံဖြစ်သဖြင့် အားပေးသည့်အနေဖြင့် ပြဇာတ်အခွဲဆုချလေ့ရှိသည်။ ထို့ကြောင့် ကျွန်တော့်အား စခန်းတစ်ခုလုံး ချစ်ကြောက်ရှိသေကြသည်။ သူတို့ ရှာဖွေရလာကြသော ဟင်းချက်စရာနှင့် သစ်ခွပန်းများ ပျားရည်များက ကျွန်တော့်အတွက် အလျှံပယ်ပင်။

★

ကျွန်တော့် ရုံးခန်းက ရဲဘက်စခန်းအရှေ့ဘက် ကားလမ်းခြားတွင် တည်ရှိသည်။ စလူရွက်မိုး၊ ဝါးခင်းဝါးကာ၊ တံခါးမရှိ။ ရုံးခန်းအတွင်း၌ လှနှစ်ဖက်စာခန့် ပျဉ်းမပင်ဖြတ်ပိုင်းကြီး (ထုတစ်ပေခန့်) ကို အောက်က လူ တစ်ဖက်စာခန့် ပျဉ်းကတိုးတုံးကြီး မြေစိုက်၍ တင်ထားသည်။ ထိုင်ခုံအဖြစ် အချင်း(၁)ပေခန့် ပျဉ်းကတိုးသား၊ ဝုံရှည်များအား စားပွဲပတ်လည် မြေတွင် မြှုပ်၍ ထိုင်ခုံလုပ်ထားသည်။ ထိုနေရာက ကျွန်တော်တို့၏ ရုံးစားပွဲ၊ ထမင်းစား စားပွဲ၊ စာရေးခုံ၊ ကျွန်တော် နေ့လယ်နေ့ခင်း နားနေရန်အတွက်တော့ ရဲဘက်တပည့်များက ကြိမ်ပက်လက်ကုလားထိုင် (၂)လုံး လုပ်ပေးထားသည်။

တပ်ကြပ်ကြီး ဦးအိုက်ရီက နောက်တန်းတာဝန်ခံ ဖြစ်သော်လည်း ဝန်ထမ်းနှင့် ရဲဘက်ဗိုကြီးကိုလည်း တာဝန်ယူသူ ဖြစ်သည်။ ကျွန်တော်က ဆော့ပြောင်းရွှေ့လာစဉ်ကတည်းက တပည့်ကျော်ရဲဘက်မှုဆိုးအောင်သန်းနှင့် တင်သောင်းတို့အပြင် ထမင်းချက်ရဲဘက်လှအေးပါ ပါလာသဖြင့် အဆင်ပြေသည်။ ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်ကို ရိက္ခာက ထုတ်ပေးသည်။ ဟင်းချက်စရာ အသီးအနှံနှင့် အကောင်ပလောင်ကို မုဆိုးအောင်သန်းနှင့် တင်သောင်းက နေ့စဉ်ရှာပေးသည်။ တင်သောင်းမှာ သစ်ပင်တက် အလွန်တော်သဖြင့် စခန်းတစ်ခုလုံးက သူ့အား မျောက်ဘွဲ့ထူးပေးထားသည်။ ထို့ကြောင့် မျောက်တင်သောင်းဟု ခေါ်ကြသည်။ တစ်ကယ်ပင် မျောက်တစ်ကောင်အလား စွမ်းဆောင်နိုင်ရည်ရှိသူဖြစ်သဖြင့် အလွန်အားကိုးရသည်။

ကျွန်တော်တို့ စခန်းအလုပ်တာဝန်မှာ လမ်းအူကြောင်းရှာ၊ သစ်ပင်ခုတ်၍ တောရှင်းရခြင်းဖြစ်သည်။ လမ်းနယ်မြေ ပေ (၆၀၀) အပြောင်ရှင်းခြင်းက မင်းကုန်းစခန်းနှင့် ရေနက်ကြီးစခန်းအထိသာ ရောက်သေးသည်။ ထို့ကြောင့် အလုပ်ပါးသည်။ မေလအတွင်း မိုးကျတော့မည်ဖြစ်သဖြင့် စခန်းကို အမိုးအကာလုံခြုံအောင် ပြုပြင်ရသည်။ စခန်းပတ်လည်တွင်အင်ပင်များနှင့် မျှင်ဝါးများက ပေါသည်။ တတ်ကျွမ်းသူ ရဲဘက်က နည်းပြပေးသည်နှင့် အင်ဖက်များအား ခနိပျစ်စီသလို သီစီ၍ အတန့်လိုက် မိုးရခြင်းဖြစ်သည်။

စခန်းအနီး ပတ်ဝန်းကျင်တွင် မိုးတစ်ပြိုက် နှစ်ပြိုက် ကျသည်နှင့် မြေတွင်းအောင်း မြွေနှင့်ဖား၊ ပွေး၊ ဖွတ်၊ ပုတတ်များ ပေါ်သလို မှိုနှင့် ဆိတ်ဖုး၊ ဆလာဖုးများက အစီအရီမြေထဲက ထွက်လာကြသည်။ ကြခတ်မျှစ်၊ မျှင်ဝါး၊





www.burmeseclassic.com

www.burmeseclassic.com

ကြံသောင်းဝါး၊ ဝါးဘိုးဝါးမျှစ်များက အလွန်ပေါသည်။ ကျွန်တော် အကြိုက်ဆုံးက မြေကားလမ်းဘေး၊ စက်ကြီးထိုးထားရာ မြေအောက်များ၌ တုတ်ခိုင်သန်မာပြီး အညိုရောင်စိန်နေသော်အစို့ကြီးများဖြစ်သည်။ အချို့က လက်ဖျံခန့်ရှိသည်။ ပြုတ်တို့လို့လည်း ရသည်။ ငါးပေါက်ကလေးများဖြင့် ချဉ်ရည်ဟင်းချက်စားလျှင် အလွန်ကောင်းသည်။ ကြော်စားလျှင်လည်း ပျစ်ချွဲချွဲနှင့် ခံတွင်းကို မြိန်စေသည်။ မာလာဖူးကတော့ အစိမ်းရောင်နှင့် နီညိုရောင် နှစ်မျိုးရှိသည်။ ပြုတ်၍တို့ရခြင်းဖြစ်သည်။ ထိုအပင်ကဘဝနှစ်မျိုး၊ နွေရာသီတောတွင်းမီးလောင်ကွက် ဝါးရုံပင်များအောက်၌ ပုတတ်စာအဖြစ် အပွင့်ဖြူဖြူကလေးများ ပွင့်သည်။ တို့စရာနှင့် ဟင်းခါးချက်စားလျှင် အလွန်ကောင်းသည်။ မိုးရာသီကျတော့ ထိုအပင်မှပင် မာလာဖူးအဖြစ် ထွက်လာပြန်သည်။

ဆိတ်ဖူးကတော့ သန့်သောမြေနေရာ၌ ပေါက်တတ်သည်။ တောင်ပို့မြေကိုကြိုက်သည်။ မှိုလိုပင် အုံနှင့်၊ ကျင်းနှင့် ပေါက်တတ်သည်။ အလွန်မွှေးသော ဥကလေးများပါသဖြင့် အစိမ်းတို့စား၍ လည်းရသည်။ ကြက်ရိုးဟင်းကို ဆိတ်ဖူးထောင်းထည့်၍ ဟင်းခါးအရည် သောက်ချက်စားပါက နှုတ်ကို အလွန်မြိန်စေသည်။ ဝမ်းနာပန်းနာ ရောဂါ ပျောက်ကင်းစေသည်။ သိကြားမင်းနှင့် အသူရာမင်းတို့ စစ်ဖြစ်လျှင် ပွင့်သော သခွပ်ပွင့်များကလည်း မိုးဦးကျ၊ မိုးမြိမ်းသံနှင့်အတူ တစ်ပင်လုံး ဆွတ်ဆွတ်ဖြူနေအောင် ပွင့်တတ်သည်။ သခွပ်ပင်ရင်း၌ သခွပ်ပွင့်များက မိုးလင်းလျှင် အခြေ၌ ဖွေးဖွေးလှုပ်အောင် ကြွေတတ်သည်။ အတန်ငယ် သက်သော်လည်း မှိုစားရသလို ဝါး၍အလွန်ကောင်းသည်။ ပြုတ်စား၊ သုတ်စား၍ အလွန်ကောင်းသည်။ လေကို ကြွေစေသည်။ ဝမ်းပျော့ ပျော့သွားသည်။ လိပ်ခေါင်းရောဂါသည်များအတွက် အလွန်သင့်သည်။

တို့အတူမိုးဦးကျကာလတွင်အလွန်ပေါသည်ကကြောင်လျှာသီး၊ ကြောင်လျှာပွင့်နှင့် ကြောင်လျှာရွက်နကို ပြုတ်၍ တို့ရသည်။ ပြုတ်၍ သုတ်စားသည်။ ကြောင်လျှာသီးကိုတော့ ကြော်စား၊ မီးဖုတ်၍ တို့စား၊ အချဉ်



စိမ်၍တို့စားကြသည်။ ကြောင်လျှာပင်ကအလွန်ဆေးဘက်အသုံးဝင်သည်၊ နားရောဂါအမျိုးမျိုးကို အသီး၊ အရွက်၊ အပွင့် စားခြင်းဖြင့် နားပူနားကိုက်၊ နားပြည်တည်ခြင်းများ ပျောက်ကင်းချမ်းသာစေသည်။

နောက်တစ်မျိုး မိုးရာသီ၌ ပေါ်သည်က ကတက်ဥ၊ ဥဆိုသော်လည်း အမွေးအမှင်များနှင့် ဖြူဖြူအမြစ်ဥကလေးသာ ဖြစ်သည်။ ဟင်းချိုချက်ပြီး ဝင်စိမ်းရွက်ခပ်ရသည်။ ချွဲချွဲကလေးဖြင့် ပူပူနွေးနွေးသောက်ရသည်။ နှုတ်ကို မြိန်စေသည်၊ သုက်ကို ပွားစေသည်၊ နာလန်ထလူမမာများအတွက် အစားမဝင်သော အစာအိမ်ကို ပြုပြင်ကာကွယ်ပေးသည်၊ အချွဲဓာတ်ပါ၍ လိပ်ခေါင်းရောဂါသမားများအတွက် ဆေးဘက်ဝင်သည်၊ အစာဟောင်းအိမ်ကို သန့်ရှင်းပေးသည်ဟုဆိုသည်။

နောက်တစ်ခု မိုးရာသီ၌ ထွက်သည်က ယင်းတိုက်ရွက်နုကလေးများဝင်၊ အဖန်ဓာတ်များသည် နှုတ်ကို မြိန်စေပြီး ခံတွင်းကောင်းစေသည်၊ သို့သော် အဖန်ဓာတ်များသဖြင့် ချုပ်တတ်သည်။ လိပ်ခေါင်းရောဂါသမားများနှင့် အမျိုးသမီးများအတွက် မတည့်ပါ။ ယင်းတိုက်သားမှာ မဲနက်ပြောင်လက်ပြီး မာကြောလွန်းလှသဖြင့် လက်ကိုင်တုတ်အဖြစ် အသုံးပြုကြသည်၊

မိုးဦးကျကာလတွင် လူအများ စိတ်ဝင်စားဆုံး၊ သဘာဝအစားအစာကတော့ ထီးဖြူဆောင်း၍ မင်းလောင်းပေါ်သော မှိုအမျိုးမျိုး ဖြစ်ပါသည်။ ဆက်ဆွတ်မှို၊ တောင်ပို့မှို၊ ဝါးရုံမှို၊ ကြခတ်မှို၊ ကြွက်နားရွက်မှို၊ ဝါးမှို၊ သစ်တုံးမှို အမျိုးမျိုးရှိကြသည်။ သဘာဝမှိုများဖြစ်သည့် အဆိပ်ရှိသော မှိုက ခြေကျင်းပါတတ်သည်။ အရောင်ရှိသော မှိုများကို မစားသင့်၊ မှိုပွင့်ကို ချေကြည့်ပါက အရောင်ပြောင်းသွားလျှင် အဆိပ်ရှိသည်။ မစားသင့်၊ မှိုအမျိုးမျိုးမှာ ဗီတာမင်များစုံပါသည်။ နှုတ်ကို မြိန်စေသည်၊ ကန်စွန်းရွက်နှင့် ငရုတ်သီးစိမ်း ထည့်ကြော်လျှင် အလွန်စားကောင်းသည်။ ကြွက်နားရွက်မှိုနှင့် ဝါးမှိုများကတော့ သစ်တုံးအဆွေး၊ ဝါးပင်အဆွေးများ၌ ပေါက်တတ်သည်၊ ဟင်းခတ်ပစ္စည်းများဖြစ်ပါသည်။ အင်ဖက်မှိုကတော့ အင်ဥဟုလည်း ခေါ်သည်။ အင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

အဆွေးများအောက်၌ ဥသဖွယ် အလုံးကလေးများဖြစ်ကြသည်။ ဝက်သားနှင့်ရောချက်စားရသည်။ အင်ပျဉ်ဟုခေါ်သော ခန္ဓာကိုယ်မှ ထွက်သည့်ယားနာကို ပျောက်ကင်းစေသည်။ ပျဉ်းတွဲတွဲဖြစ်ပြီး မှိုနံ့ရသော်လည်း မှိုအရသာနှင့် မတူပါ။ တောဝက်သားဖြင့် ချက်လျှင်တော့ အလွန်စားကောင်းသည်။ တောဝက်အခေါက်ကမာသလို အင်ဥကလည်း အခေါက်ကိုပင်ကြွက်နားရွက်မှိုမှာ သစ်တုံးဆွေးများ၌ ပေါက်တတ်သဖြင့် သရက်တုံးမှိုကအန္တရာယ်ကင်းသည်။ မှိုခြောက်ပန်းခြောက်အဖြစ် ဟင်းချို၊ ဟင်းခါးများတွင် အသုံးပြုတတ်ကြသည်။

ရာသီစာများအကြောင်းရေးရင်း တောဆေး၊ တောင်ဆေး၊ မုဆိုးဆေးဖြစ်သွားချေပြီ။ တောနေလူများအတွက်တော့ အသုံးတည့်ပါလိမ့်မည်။ တစ်ကယ်လည်းမိုးဦးကျ၌ပေါ်သောတောစာ၊တောင်စာများဖြစ်ကြပါသည်။ တစ်ကယ်တမ်းလည်း အရသာရှိပြီး ဆေးဖက်ဝင်သော ရာသီစာများဖြစ်ကြပါသည်။ တောကို ချစ်မြတ်နိုးသော ကျွန်တော်တို့ တောပျော်မုဆိုးများအတွက်တော့ အရသာထူးသည့် သဘာဝဟင်းလျာများ ဖြစ်ကြသည်။ စားတတ်လျှင်ဆေး၊ မစားတတ်လျှင် ဘေးဆိုသည်ကိုတော့ သတိထားရပေမည်။ တောသည် နှစ်သက်ဖွယ် ကောင်း၏။ တောထွက်ပစ္စည်းများကစားစရာကိုပေး၏။ အဖိုးတန်လှပေသည်။ သို့သော် တစ်စုံတစ်ရာ မှားယွင်းမိပါက တောသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှချေသည်။ အသက်ကို ရန်ရှာတတ်ပါသည်။ အစားမတော်တစ်လုတ်ဖြင့် အုပ်စုလိုက် သေဆုံးရသော သာဓကများစွာရှိသည်။

★

တနင်္ဂနွေနေ့အလုပ် ပိတ်ရက်တစ်ရက်၊ အလုပ်နား၍ စခန်းတွင်ဝန်ထမ်း၊ရဲဘက်စုံလင်လှသည်။ မနက်စောသေး၍ဖြစ်သည်။ (၇) နာရီထိုးသည်နှင့် လူစုကွဲပြီး တောတွင်းဝင်၍ အရှာအဖွေထွက်ကြပေလိမ့်မည်။



ကျွန်တော်တို့လည်း ဟင်းစားပြတ်ချေပြီ။ တစ်ပတ်လုံး မအားလပ်၍တောမလှည့်နိုင်၊ တပည့်များ ရှာဖွေကျွေးသော တောကြက်၊ တောငှက်လောက်တော့ စားရပါသည်။ ကျွန်တော့်သဘောက တစ်ပတ်တစ်ခါလောက်တော့ တောဝက်ဖြစ်စေ၊ ဆတ်ဖြစ်စေ၊ စခန်းတစ်ခုလုံးကို ကျွေးချင်သည်။ သို့သော် စခန်းပတ်ဝန်းကျင်တွင် တောကောင်များက ပါးလျားစပြုပြီ။ တောဝက်၊ ချေ၊ ဆတ်က တောနက်အတွင်းမှာသာ နေကြသဖြင့် ယနေ့နေ့လယ်စာထမင်းထုပ်ပါယူ၍ တောထိုးရန် စီစဉ်ထားသည်။

"ကဲဟေ့ . . . အားလုံး အဆင်သင့်ပဲလား၊ အောင်သန်းနဲ့ တင်သောင်းပါမက လှအေးလည်းလိုက်ခဲ့၊ စားရည် တစ်ရှောင်းပါဆောင်ခဲ့"

"ဟုတ်ကဲ့ပါ ဆရာ . . ."

ကျွန်တော်တို့ ဆရာတပည့်၊ စခန်းမှထွက်၍ စခန်းအနောက်ဘက်နှီးမတောထဲသို့ ဦးတည်၍ ထွက်ခဲ့ကြပါသည်။ စခန်းအနီး ပတ်ဝန်းကျင်တွင်တော့ ဘာကောင်မှ မတွေ့။ ရေချောင်းကလေးကျော်ပြီး တောစိုထဲဝင်တော့ မျောက်အော်သံနှင့် တောကြက်တောငှက်တွန်သံများကြားလာရသည်။ မုဆိုးအောင်သန်းက လက်မထောင်ပြသည်။ အခြေအနေကောင်းသည့်သဘော။

ကံကောင်းချင်တော့ တောဝက်အုပ်နှင့် တိုးသည်။ ကျွန်တော်လည်းအသင့် မောင်းထိုးသည့် ဒသသမ – ၃၀၃ အမေရိကန် ရိုင်ဖယ်ကြီးဖြင့် ရှေ့ဆုံးမှ အကြီးဆုံးကောင်ကြီးကို ပစ်ထည့်လိုက်သည်။

"ဒိုင်း ..."

တစ်ချက်ဆို တစ်ချက်ပါပင်။ ကျည်ဆန်လက်ပပ်ကြား ဝင်၍ လဲသည်။ သို့သော် . . .

လဲသောအကောင်မှာ ခေါင်းဆောင်ဝက်ထီးကြီးမဟုတ်၊ အစွယ်ကတိုနံ့နံ့ဖြင့် အကောင်ကတော့ ထွားသည်။ ဝက်မများ ကစဉ့်ကလျားဦးတည်ရာပြေးကြစဉ် ဝက်အုပ်အတွင်းမှ ပေါ်လာသည်က အစွယ်ကြီး ကော့လန်နေပြီး မျက်လုံးနီရဲ၍ စိတ်အလွန်ဆိုးနေသော ဝက်သိုးကြီး၊ အခြား[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ငါ...ဟိုးကညင်ပင်ကြီးကရက္ခစိုး၊ လှအေးဆိုတဲ့ကောင်က ငါ့ကိုမတောင်းပန်ဘဲ ငါ့အပင်ခြေရင်းမှာ မတ်တတ်အပေါ့စွန့်တယ်၊ အဲဒါ . . . ငါမကျေနပ်ဘူး၊ လုံးဝ မကျေနပ်ဘူး . . ."



တစ်ကောင်ကောင်နှင့် အသေအလဲတိုက်ခိုက်လာသည့် ပုံစံမျိုး၊ ကျွန်တော် ရှောင်ရှိန်မရ၍ ထပ်မံထိုးထားသော ကျည်သစ်ဖြင့် တန်းထိုးပစ်လိုက်ရသည်၊

"ဒိုင်း..."

ထိသည်၊ လဲကျသည်၊ သို့သော် သေတွင်းဟုတ်ဟန်မတူ၊ ယိုင်၍ လဲသော်လည်း ကုန်း၍ ထလာသည်၊ တရှူးရှူးအသံမြည်နေသည်၊ ကျည်ထပ်မံထိုးစဉ် ကျည်က ပွနေသဖြင့် ပြောင်းရင်းထဲမဝင် ကျပ်နေသည်၊ ထို့ကြောင့် ကျည်ထိုးရင်းတန်းလန်းဖြင့် ရိုင်ဖယ်သေနတ်ကြီးအား စားလွယ်သိုင်းအမြန်လွယ်၍ အနီးရှိ မအူပင်ပေါက်ပေါ်သို့ ပြေးတက်ရသည်၊ မအူပင်မှာထွားဆိုင်ခန့်သာရှိပြီး စိတ်ချရသည်တော့မဟုတ်၊ အကိုင်းအလက်များ၍ တက်ရသည်ကတော့ လွယ်ကူသည်၊ ကျွန်တော် ကိုင်းခွဆုံပေါ်သို့ ရောက်သည်နှင့် ဝက်သိုးကြီးက မအူပင်အား ပြေးတိုက်သဖြင့် ဒိန်းခနဲမြည်ကာ ယမ်းခါသွားသည်၊ မကြာခင် မအူပင်ပေါက်ပြိုလဲပေတော့မည်၊ ပြောင်းရင်း၌ ကျည်ပွကြီးက တစ်ဝက်ဝင်ပြီး မောင်းထိုးမရ၊ ဖြုတ်မရ၊ ကျွန်တော် တပည့်များကိုကြည့်တော့ သစ်ပင်အသီးသီးပေါ်တွင် စိုးရိမ်ဟန်ဖြင့် ကြည့်နေကြသည်၊

"ဟဲ့ကောင်တွေ – မင်းတို့ဘက်ကလည်း အသံပေး ဒီမှာ ကျည်ပွကြီးခံနေလို့ မောင်းထိုးမရဘူး"

တပည့်များ ဂူးဂူးဝါးဝါး အော်ဟစ်ကြစဉ် ကျွန်တော် ကျည်ပွကြီးအား အသင့်ဆောင်လာသည့် တောလိုက်ဓားမြှောင် ဦးချွန်ဖြင့် ကလော်၍ ထုတ်ရာ ကံကောင်းစွာ ထွက်ကျသွားသဖြင့် ကာစလ ကျည်သစ်ကို ထိုး၍ မောင်းတင်ပြီးကြည့်တော့ ကျွန်တော်လိုပင် မအူပင်ပေါက်ပေါ်တွင် ပင်စည်အား ဖက်တွယ်ထားသော မောင်လှအေးအား ကြောက်ရွံ့ဟန်ဖြင့် တွေ့လိုက်ရသည်၊

"လှအေး မကြောက်နဲ့၊ ငါကျည်ထိုးလို့ရပြီ၊ ပင်စည်ကို မြဲမြဲဖက်ထား"

ကျွန်တော် ပြောပြောဆိုဆို ဝက်သိုးကြီးအား အမိအရချိန်သည်၊ ကျွန်တော် တက်နေသော မအူပင်က အကိုင်းအခက် ရှုပ်နေ၍ ချိန်သားမမိသဖြင့် အောက်ကိုင်းအဆင့်သို့ ဆင်းရသည်၊ ပစ်ကွင်းကောင်းတော့ ဝက်သိုးကြီးက မောင်လှအေးနေသော မအူပင်ပေါက်အား ပြေး၍ တိုက်ချေပြီ၊

"ဒုန်း...ခွမ်း...အား..."

သစ်ပင်နှင့် တိုက်မိ၍ မောင်လှအေးအပင်ပေါ်မှ ပြုတ်အကျ၊ တောဝက်ကြီးလည်း ခေါင်းစိုက်နေစဉ် ကျွန်တော် တောဝက်ကြီး၏ နောက်လက်ပံကြားအား အမိအရ ချိန်၍ ပစ်ထည့်လိုက်သည်၊

"ဒိုင်း"

တောဝက်ကြီး တစောင်းလဲသည်၊ ကျွန်တော်တို့ သစ်ပင်ပေါ်မှ ဆင်းကြတော့ တောဝက်ကြီးလည်း ဇိဝိန်ချုပ်ပြီး တပည့်မောင်လှအေးလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြောက်အားလန့်အားဖြင့် အတွေ့အကြုံမရှိသဖြင့်သတိလစ်နေပါတော့သည်။ ကျွန်တော်တို့ မောင်လှအေးအား ဝိုင်းဝန်းပြုစုကြမှ မောင်လှအေး "အင်း...အီး..အားဟု အော်ပြီး သတိပြန်လာသည်။ သို့သော် မျက်လုံးက ကြောင်တောင်တောင်၊ ကျွန်တော်တို့ ဝိုင်းဝန်းပြုစုနေသူများအား စိမ်းစိမ်းကြည့်သည်။ ကျွန်တော်တို့ လှအေး တစ်ကိုယ်လုံးအား စစ်ဆေးကြည့်ကြသည်။ ကျိုးပဲ့ဒဏ်ရာရခြင်းမရှိ၊ ပွန်းပဲ့သွေးစို့ခြင်းပင် မရှိပါ။ မအူပင်ပေါက် အကိုင်းက (၅)ပေခန့်သာမြင့်ပြီး ဝက်လူးအိုင်ထဲ ပြုတ်ကျသဖြင့် ဒဏ်ရာရခြင်းပင် မရှိပါ။ ဂို့သော်...

"အင်း..ဟင်း...ဟင်း"

ညည်းသံ ကြား၍ ကျွန်တော်တို့ မောင်လှအေးအား ဝိုင်းအုံကြည့်ကြတော့၏။

"တောက်"

ဟု ကျယ်လောင်စွာ တောက်ခေါက်သည်။

ကျွန်တော်က စိုးရိမ်စွာဖြင့်...

"မောင်လှအေး ဘာဖြစ်လို့လဲ" ဟုမေးရာ..

"ငါလှအေးမဟုတ်ဘူး" ဟုဆတ်ဆတ်ဖြေသည်။ မျက်ထောက်ကြီးက နီရဲနေသည်။

ကျွန်တော်လည်း စိတ်တိုဒေါသထွက်ကာ...

"ဒါဖြင့် ဘာကောင်လဲ"

"ငါ...ဟိုး – ကညင်ပင်ကြီးက ရုက္ခစိုး၊ လှအေးဆိုတဲ့ ကောင်က ငါ့ကို မတောင်းပန်ဘဲ ငါ့အပင်ခြေရင်းမှာ မတ်တတ်အပေါ့စွန့်တယ်၊ အဲဒါ...ငါ မကျေနပ်ဘူး၊ လုံးဝ မကျေနပ်ဘူး..."

ကျွန်တော်က သရဲပူးသည်၊ ကပ်သည်ကို အယုံကြည်ရှိသူမဟုတ်၊ သို့သော် ဘာလုပ်ရမှန်းမသိ၊ နားမလည် မဖြေရှင်းတတ်ပါ။

တောအတွေ့အကြုံများသော မုဆိုးအောင်သန်းက ချက်ချင်းသဘောပေါက်ပြီး လက်အုပ်ကလေးချီ၍ ရှိသေစွာဖြင့်...



"ခွင့်လွှတ်ပါ အရှင်ကြီး ခင်ဗျား... ကျွန်တော်မျိုးက ကိုလှအေး ကိုယ်စား တောင်းပန်ပါတယ်။ သူကတောအတွေ့အကြုံမရှိလို့ပါ"

"အေး . . အဲဒါဆို မင်းတို့ မုဆိုးထုံးစံအတိုင်း ငါ့ကို ကျေနပ်အောင် တောင်းပန်၊ စိတ်ဆိုးအောင်မလုပ်နဲ့၊ ခုချက်ချင်း တောင်းပန်"

"ဟုတ်ကဲ့ – နားလည်ပါပြီ၊ ကညင်ပင်ကြီးခြေရင်းမှာ ရှိရှိသေသေ ပူဇော်ပြီး တောထုံးစံနဲ့ တောင်းပန်ပါ့မယ်"

"အေး . . . ကျေနပ်လိုက်မယ်၊ မင်းကောင်ကို ပြောထား၊ နောက်တစ်ကြိမ်ဆိုမလွှယ်ဘူး၊ အသေပဲ"

"ဝါး...ဟား...ဟား...ဝါး"

ဟုအော်ပြီး ရုက္ခစိုးကြီးထွက်သွားသည်။ မောင်လှအေးကတော့ ကျွန်တော်တို့အား အံ့ဩစွာ ကြောင်တောင်ကြည့်နေသည်။ မျက်ထောက်ကြီးကမနီတော့၊ ကျွန်တော်ကရေဘူးလှမ်းပေးတော့အငမ်းမရတဂွတ်ဂွတ်သောက်သည်။

"ဆရာ – ကျွန်တော် ဘာဖြစ်တာလဲ"

ကြောင်တောင်တောင်နှင့် မေးတော့...

ကျွန်တော်က ရှင်းပြရသည်။ နားလည်ကြသော တောမုဆိုးများဖြစ်ကြသည့်အောင်သန်းနှင့်တင်သောင်းကချက်ချင်းပင်မောင်လှကိုင်ဆောင်လာသည့် ဓားရှည်ကြီးဖြင့် တောဝက်များ၏ နားရွက်ဖျား၊ ခွာဖျား၊ အမြီးဖျားများကို ဖြတ်၍ အင်ဖက်ကြီးဖြင့်ထုပ်ကာ ကညင်ပင်ကြီး၏ ပင်စည်အခြေ၌ တင်လှူပူဇော်ကြသည်။

"အရှင် ရုက္ခစိုးကြီး၊ အမိုက်အမဲများ၊ အမှားအယွင်းရှိပါက ဖွေမယူပါနှင့်၊ ကိုလှအေးမှာ တောအတွေ့အကြုံမရှိသဖြင့် ကျူးလွန်မိသော အပြစ်အား ခွင့်လွှတ်တော်မူပါ။ ရုက္ခစိုးနတ်မင်းကြီး ကျန်းမာချမ်းသာပါစေ"

မုဆိုးအောင်သန်း တိုင်ပေးသမျှ ကိုလှအေးမှာ ကြုံ့ကြုံ့ကလေးထိုင်၍ လိုက်ဆိုနေသည်။ အတော်လည်း ကြောက်လန့်သွားပုံရသည်။ တောမို သည်မှာ အတွေ့အကြုံ မရှိပါက လွန်စွာ ဖမ်းစားတတ်သည်။ တော၏



www.burmeseclassic.com

www.burmeseclassic.com

မာယာမှာ အလွန်ကြောက်စရာကောင်းလှသည်။ မှားယွင်းပစ်ခတ်မိသော မုဆိုးပုံပြင်များလည်း များစွာရှိပါသည်။ ကျွန်တော်တို့ ယူနီဖောင်းဝတ်များ အနေဖြင့်တော့ အစိုးရဝန်ထမ်းဖြစ်၍လားမသိ၊ အမှားအယွင်းမရှိခဲ့ဘူးပါ။ သို့သော် တောခြောက်၊ တောမှောက်ခြင်းတော့ ခံရဖူးသည်။ ဤသည်က လည်း အမဲလိုက်မုဆိုးများ ရံဖန်ရံခါ ခံစားရလေ့ရှိသဖြင့် အထူးအဆန်း ကိစ္စတော့ မဟုတ်တော့ပါ။

တောဝက်ကြီးက (၂)ကောင်၊ လူ (၄)ယောက်၊ တောကောင်များအား ဝက်တုပ်၊ တုပ်၍ဝါးလုံးလျှိုထမ်းတော့ ကျွန်တော်လည်း မထမ်း၍မရတော့၊ ကျွန်တော်နှင့်မုဆိုးအောင်သန်းကတစ်တွဲ၊ မျောက်တင်သောင်းနှင့်လှဒေး ကတစ်တွဲ၊ အသီးသီး ထမ်းခဲ့ကြသည်။ ကျွန်တော်နှင့် မုဆိုးအောင်သန်း ထမ်းသည်က ဝက်သိုးကြီးအချိန် (၆၀)ကျော်၊ တင်သောင်းနှင့် လှဒေး ထမ်းသည်က အချိန် (၅၀) ခန့် ဝက်မဖြစ်သည်။ သို့သော် လှဒေးမှာ အတွေ့ အကြုံမရှိသဖြင့် မကြာခဏ အနားပေးရသည်။ တောစိုက ထွက်၍ မအူပင် တောထဲ နားနေကြစဉ် နေ့လယ်စာ ထမင်းစားရန် သတိရလာကြသဖြင့် ထမင်းစားရန် ထမင်းထုပ်များအား ဖွင့်ကြသည်။

ထိုစဉ် တောမှာ တဝေါဝေါမြည်၍ အဝေးဆီမှ သစ်ပင်ကြီးများ လဲပြိုသံ၊ တဝုန်းဝုန်းမြည်သံ၊ သစ်ကိုင်းကျိုးသံများကို ကြားရသည်။ သို့သော် ကျွန် တော်တို့ နားခိုနေသော မအူပင်က တုတ်တုတ်မျှမလှုပ်၊ လေမတိုက်၊ မိုး လည်း မရွာပါ။

မုဆိုးအောင်သန်းက ကျွန်တော့်အား ခေါင်းညိတ်ပြပြီး...

"တောခြောက် သတိပေးတာပါဆရာ၊ ကျွန်တော်တို့ သတိမေ့သွား တယ်"

သူက ပြောပြောဆိုဆို အပိုယူလာသော ထမင်းထုပ် တစ်ထုပ်ထဲသို့ ဟင်းများ စုပုံထည့်ပြီး နားခိုရာ မအူပင်ကြီး အမြစ်ဆုံပေါ်သို့ တင်၍ ပ.သပူ ဇော်သည်။



"သုံးဆောင်တော်မူပါ - အရှင် ရက္ခစိုး နတ်မင်းကြီး - တပည့်တော်တို့ အား အပြစ်မှ ခွင့်လွှတ်ပြီး ဝဝလင်လင် မြိန်ယှက်စွာ သုံးဆောင်တော်မူပါ၊ ဘေးရန်ကင်းပြီး ချမ်းသာအောင်လည်း စောင့်ရှောက်တော်မူပါခင်ဗျား"

တော်လဲသံများ ရုတ်ချည်းရပ်သွားသည်။ လေသည် ငြိမ်သက်သွား သည်၊ တောမှာ ပကတိငြိမ်သက်သွားသည်။ တော၏မာယာမှာ ဆန်းကြယ် လှစွ၊ ကျွန်တော်တို့ နေ့လယ်စာ ထမင်းစားသောက်ကြပြီး တောနက်ကြီး အထဲမှတရွေ့ရွေ့ထွက်ခွာခဲ့ကြသည်၊ ရေချောင်းကလေးအကူး၌ချေမောင်နှံ ရေသောက်ဆင်းနေကြသည်။ ကျွန်တော်တို့ အုပ်စုကို မြင်သော်လည်း လန့်မပြေး၊ ရေအဝသောက်ပြီးမှ တောနက်ထဲ တရွေ့ရွေ့ဝင်သွားကြသည်။ ကျွန်တော်ကလည်း ပစ်ခတ်ချင်သည့်စိတ်မရှိ၊ ပခုံးတွင် လွယ်ထားသည့် သေနတ်လွယ်ကြိုးကိုပင် မဖြုတ်မိ၊ တောမုဆိုးက တောသတ္တဝါကို ဓမ္မတ္တာ အား၍ စိုက်ငေးနေမိသည်။ မပစ်ခတ်ရက်၊ တပည့်များကလည်း ကျွန်တော့် အကြောင်းကိုသိသည်။ ကျွန်တော်က အမဲလိုက်မုဆိုး ဖြစ်သော်လည်း မောင်နှံစုံတွဲကို မပစ်၊ ဗိုက်ရှိသောသတ္တဝါကို မပစ်ပါ၊ ကျွန်တော်၏ မုဆိုး စည်းကမ်းပင်ဖြစ်ပါသည်၊ ထို့ကြောင့်လားတော့မသိ၊ တောတွင်းဒေသအနှံ့ အမဲလိုက်ခဲ့သော်လည်း အသက်အန္တရာယ်ဖြင့် ဆိုးဆိုးဝါးဝါး မကြုံခဲ့ရဘူး သေးပါ။

စခန်းရောက်တော့ မွန်းလွဲ (၂)နာရီခန့် တပည့်များက တောဝက်များ အားဖျက်ကြသည်၊ ဝက်သိုးကြီးအား ရဲဘက်များစားရန် ရဲဘက်ဖိုကြီးသို့ သွင်းသည်၊ ဝက်မအားကျွန်တော်တို့နှင့်ဝန်ထမ်းများစားရန်ချက်ပြုတ်စီစဉ် သည်၊ ထိုစဉ် နောက်တန်းတပ်ကြပ်ကြီး ဦးအိုက်ရီ ရောက်ရှိလာပြီး...

"ဆရာထောင်မှူး - ဝက်သည်းခြေကို သိမ်းထားပါ၊ ဆေးဖက်အလွန် ဝင်တယ်"

"ဘယ်လို ဆေးဖက်ဝင်တာလဲ ဆရာကြီး"

"ခေါင်းကိုက် ဝေဒနာသည်တွေအတွက် အလွန်ကောင်းတဲ့ နတ်ဆေး ပဲ၊ နှစ်နှစ်လနဲ့ရှိပြီး ခေါင်းကိုက်နေတာတောင် ယူပစ်သလို ပျောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဆေးအသုံးကရော ဆရာကြီး"

"ကနစိုးသီး သိသလား၊ အတွဲလိုက် တစ်ပင်လုံး သီးတာလေ၊ အဲဒီအပင်ကကနစိုးရွက်ကိုလက်တစ်ဆုပ်စာခူးပြီးအခြောက်လှမ်း၊ ဝက်သည်းခြေကိုလည်း အခြောက်လှမ်းပြီး နှစ်ခုရော အဝတ်အိတ်ကလေးထဲထည့်ပြီး အိပ်နေကျ ခေါင်းအုံးထဲသွင်းပြီး တစ်ညအိပ်ရုံနဲ့ ခေါင်းကိုက်ရောဂါ အသေအချာ ပျောက်တယ်၊ ကျွန်တော်လည်း ဝက်သိုးကြီးဆီက ရလို့ သည်းခြေ တစ်စုံယူထားတယ်၊ ဆရာထောင်မှူးလည်း ဆောင်ထားပါ၊ ကိုယ်မဖြစ်ရင်လည်း တခြားသူကို ကူညီတော့ ကုသိုလ်ရတာပေါ့"

"ဟုတ်ကဲ့ပါ – ဆရာကြီး၊ ကျေးဇူးတင်ပါတယ်၊ တော်တော်ဆန်းကြယ်ပြီး ဂမ္ဘီရဆန်တဲ့ ဆေးနည်းပဲဗျို့..."

တောကောင်များသည် ဆေးဖက်အသုံးဝင်ကြသည်၊ မျောက်သွေးနှင့် မျောက်ဦးနှောက်က ယောကျ်ားအားဆေး၊ တောင်ဆိတ်အရိုး၊ ခွာနှင့် ဦးချိုက အရိုးကျိုးနှင့် အကြောလိမ်းဆေး၊ စပါးကြီးသည်းခြေက လေဖြတ်ရောဂါသည်များအတွက် အတူးဆေး၊ ဝက်ဝံသည်းခြေကလည်း လေရောဂါသည်အတွက် အလွန်ကောင်းသည်၊ ဖြူကောင်အစာအိမ်က ပန်းနာပျောက်ဆေး၊ တောကောင်တိုင်း ဆေးဖက်အသုံးဝင်ပါသတည်း။

။▭▭➡ ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

# ကုက္ကိုပြင်က တစ္ဆေဇာတ်လမ်းများ

ငါန်းဖွန်မောင်လွမ်းမွန်

ငါန်းဖွန်မြို့ရဲ့ တောင်ဘက်ကနေ အနောက်တည့်တည့်ကို ခွဲသွားတဲ့ လမ်းဟာ ငါန်းဖွန် – ငါန်းမြောလမ်းလို့ ခေါ်ပါတယ်။ လမ်းဘေးဝဲယာမှာ ထန်းပင် ထန်းတောကြီးတွေနဲ့ လွမ်းမောဖွယ်ကောင်းလှပါသည်၊ အညာမှာအလေ့ကျ ပေါက်တတ်တဲ့ တမာ၊ မန်ကျည်း၊ ဆီး၊ ရှား၊ သန်း၊ ဒဟတ် စတဲ့ သစ်ပင်ကြီး တွေဟာလည်း "သစ်တစ်ပင်စုတ်၊ အချုပ် (၃) လ" ဆိုတဲ့ သတိပေး ဆိုင်း ဘုတ်ကြီးတွေကြောင့် ချမ်းသာရာ ရနေကြပါတယ်။

ငါန်းဖွန်ရဲ့ အနောက်ဘက်တစ်မိုင်အကွာမှာ ဆပျာကျင်းရွာကို ကျောက်ကုန်းပေါ်မှာ တွေ့ရမှာဖြစ်ပြီး အဲဒီရွာရဲ့အနောက်ဘက်မှာ သပြေကန် ရွာ ရှိပါတယ်။ သပြေကန်ရွာကနေ ကားလမ်းပေါ်ဆက်လျှောက် ရောင်းအတက် ကလေးတစ်ခုရှိပြီး အဲဒီရောင်းအတက်ကုန်းကမူပေါ်မှာ ရေအိုးစင်တစ်လုံး တည်ထားပါတယ်။ ကောင်းမှုရှင် ဘယ်သူရယ်လို့ ကမ္ပည်းစာမပါတဲ့ အဲဒီ ရေအိုးစင်ဟာ ခရီးသည်တွေအတွက် တစ်ထောက်နားခိုရာ အရိပ်အာဝါသ



တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ရေအိုးစင်ကို လူနှစ်ဖက်စာမကတဲ့ ကုက္ကိုပင် ကြီးအောက်မှာ တည်ထားတာကြောင့် ခရီးသွားများဟာ ရေသောက်ပြီး တချို့တစ်မေးလောက်မှ အိပ်သွားတတ်ကြပါတယ်။ တကယ်တော့ အဲဒီ ကုက္ကိုရိပ် ရေချမ်းစင်လေးဟာ သပြေကန်ရွာနဲ့ဆိုလျှင် တစ်ခေါ်သာသာ လောက်ဝေးတာမို့ အကြော်ဆိုင်လေးဖြစ်ဖြစ်၊ ကွမ်းယာဆိုင်လေးဖြစ်ဖြစ် ဖွင့်ရောင်းသင့်တဲ့ နေရာလေး ဖြစ်ပါတယ်။

✤



တစ္ဆေခြောက်တာကတော့ မကြာသေးဘူးလို့ ပြောပါတယ်။
လွန်ခဲ့တဲ့လေးနှစ်လောက်ကမှ စ,ခြောက်တာတဲ့။ ကိုအောင်ရှင်ဆိုတဲ့
သပြေကန်သား ထန်းရှောပြီး သေတာက စ,တာပဲ။ ထန်းရှောတယ်ဆိုတာ
ထန်းပင်ပေါ်က လိမ့်ကျတာကို ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com

ငါန်းဖွန်မြို့ကနေ ငါန်းမြာရွာအထိဆိုရင် ကြားထဲမှာ ဆပျှာကျင်းရွာ သပြေကန်ရွာ၊ မြောက်ရွာဘို၊ တောင်ရွာဘို၊ ညောင်လေးပင်၊ ရွာသစ်၊ သားကျင်၊ ကုန်းလည်၊ နတ်ကြီး စတဲ့ ရွာကြီးကိုးရွာ ရှိပါတယ်။ ငါန်းဖွန်ကနေ နတ်ကြီး၊ ငါန်းမြာလိုမျိုး သွားလို့ဖြစ်စေ၊ ငါန်းမြာကနေ သားကျင်၊ ငါန်းဖွန်လိုမျိုး သွားလို့ဖြစ်စေ အဲဒီသပြေကန် ကုက္ကိုရိပ်ဟာ အချက်အချာကျပြီ ခရီးတစ်ထောက်နားစရာ ဖြစ်ပါတယ်။ ခရီးသည်တွေဟာ ဆိုင်ကယ်၊ စက်ဘီး ထော်လာဂျီ၊ လှည်းစသည်ဖြင့် သွားတတ်ကြပါတယ်။ ဒါဖြင့်ရင်အဲဒီရေအိုးစင်မှာ ဘာဖြစ်လို့ ဈေးမရောင်းကြတာလဲဆိုတော့ အဲဒီကုက္ကိုပင်ကြီးက နတ်ကြီးလို့တဲ့၊ ဈေးရောင်းရင် လက်မခံဘူးတဲ့၊ ခိုက်တယ်တဲ့၊ ဈေးရောင်းတဲ့သူဆိုရင် တစ်ရက်၊ နှစ်ရက်ပဲပြီး ဒုက္ခရောက်တော့တာပဲတဲ့၊ အသက်ခန္ဓာ ထိခိုက်အောင် ဒုက္ခပေးတာလို့ ပြောစမှတ်ပြုကြပြီး ဘယ်သူမှ အဲဒီကုက္ကိုပင်ရိပ်မှာ ဈေးမရောင်းရဲကြဘူး။ နေ့ခင်းနေ့လယ်သာ နားကြ၊ အိပ်ကြတာ။ ညနေမိုးချုပ်တာနဲ့ အဲဒီရေအိုးစင်ကို သောက်ဖို့မဆိုထားနဲ့ ဝေးဝေးက ကွင်းပြီး သွားကြရသတဲ့။ တစ္ဆေကလည်း အလွန်ခြောက်ဆိုပဲ။

တစ္ဆေခြောက်တာကတော့ မကြာသေးဘူးလို့ ပြောပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကမှ စ ခြောက်တာတဲ့။ ကိုအောင်ရင်ဆိုတဲ့ သပြေကန်သား ထန်းလျှော်ပြီး သေတာက စ တာပဲ။ ထန်းလျှော်တယ်ဆိုတာ ထန်းပင်ပေါ်က လိမ့်ကျတာကို ပြောတာ။ ထန်းတက် အင်မတန်မှ ကျွမ်းကျင်တဲ့ ကိုအောင်ရင်ဟာ ထန်းတက်ချိုင်ရင်း ထန်းပင်ပေါ်က မတော်တဆ ပြုတ်ကျသေတယ်။ အစိမ်းသေဆိုတော့ ရွာရဲ့ထုံးစံ၊ အညာရဲ့ထုံးစံအရ ရွာထဲ မသွင်းရဘူး။ ရွာပြင်မှာထားပြီး ဆွေမျိုးသားချင်းစုံအောင် စောင့်ကြရတယ်ပေါ့။ ရွာပြင်မှာထားတဲ့အလောင်းကို အစောင့်အပြုအနေနဲ့ ရွာထဲက ကာလသားတွေက ဖဲရိုက်ရင်း စောင့်ပေးကြရတယ်။ ပထမဆုံးညပဲ (၁၀)နာရီလောက်ရောက်တော့ သေသွားတဲ့ ကိုအောင်ရင်က ဖဲရိုက်နေတဲ့ ဝင်းကျော်ကို ဝင်စီးတယ်။

ဖဲရိုက်နေရာက ဝင်းကျော်ဟာ ဝုန်းခနဲ ထ ရပ်လိုက်ပြီး -

"ဟေ့ကောင်တွေ - ငါ ထမင်းဆာတယ်။ ငါ့ကို ထမင်းရှူးကျွေးကြ"

ဆိုပြီး အော်လိုက်တာ ဝိုင်းထဲက ဖဲသမားတွေ အကုန်လုံး လန့်ပြေးကြတာပဲ၊ ဝင်းကျော်ရဲ့မျက်လုံးတွေက မီးဝင်းဝင်းတောက်နေပြီး သူ့အသံက သည်း တကယ့် ကိုအောင်ရင်ရဲ့အသံကြီးနဲ့ဆိုတော့ -

"ဟာ - အောင်ရင်ကွ။ သရဲ - သရဲ"

ဆိုပြီး ရွာထဲကို ဖနောင့်နဲ့ တင်ပါးတစ်သာတည်းကျအောင် သူ့ထက် ငါ အုန်းတိုက်ပြေးကြတော့တာပါပဲ၊ ရွာထဲကို ညဘက်အလောင်းစောင့်တဲ့ ကာလသားတွေက အလန့်တကြား အော်ဟစ်ပြေးဝင်လာ၊ ရွာက ခွေးတွေကလည်း ထိုးဟောင်ကြတော့ တစ်ရွာလုံး နိုးကုန်ကြတော့တာပေါ့၊ တချို့က အိမ်အပြင်ထွက်ပြီး -

"ဟဲ့ - ဟဲ့ - ဘာဖြစ်ကြတာလဲ" လို့ မေးကြ၊ မြန်းကြတော့ ကာလသားတွေက အပြေးမရပ်ဘဲ ပြေးရင်း လွှားရင်းကပဲ "အောင်ရင်သရဲ လိုက်လို့" ဆိုပြီး အော်ဟစ်သွားကြတာလေ။ ရွာသူရွာသားတွေဟာလည်း ဘုမသိ ဘမသိနဲ့ကြောက်ပြီး ကိုယ့်အိမ်ထဲ ပြန်ဝင်ကြ၊ ခြံတံခါး၊ အိမ်တံခါးတွေ ပိတ်၊ မီးမှိတ်ပြီး တုတ်တုတ်မျှ မလှုပ်ရဲကြဘူး။ အဲဒီအချိန်မှာ ဝင်းကျော်က တစ်လှမ်းချင်း ရွာထဲ လှမ်းဝင်လာတယ်။ ပါးစပ်ကလည်း "ထမင်းဆာတယ်၊ ထမင်းရှူးပေး" ဆိုပြီး ကိုအောင်ရင်ရဲ့အသံနက်ကြီးနဲ့ အော်လာလိုက်တာ၊ ခွေးတွေက အူကြ၊ ဟောင်ကြ၊ ရှေ့က ကာလသားတွေက ပြေးကြ၊ လွှားကြ၊ တစ်ရွာလုံးက ကြောက်လန့်ပြီး တိတ်ဆိတ်နေကြတာပေါ့။

ထိတ်လန့်ကြောက်ရွံ့နေတဲ့ ကာလသားတွေဟာ သူတို့ အားကိုးတဲ့ ရွာဦးကျောင်းဘုန်းကြီး ဦးသုမဆီကို တန်းပြေးကြတာပဲ၊ ဘုန်းကြီးက ထိတ်လန့်ချောက်ချားနေတဲ့ ရွာသားတွေကို ရေမန်းတစ်ခွက်စီ တိုက်ပြီး အကြောင်းစုံ ပြောပြနိုင်းတယ်၊ အားလုံးက တစ်ယောက်တစ်ပေါက်၊ အလုအယက်ပြောကြ၊ ဆိုကြတာပေါ့၊ ဒါပေမဲ့ - ထပ်တူကျတာတစ်ခုကတော့ ဝင်းကျော်ကို သရဲအောင်ရင်ပူးပြီး ထမင်းရှူးနိုင်းတဲ့အကြောင်း၊ အခု သူတို့နောက်ကိုလိုက်လာတယ်ဆိုတဲ့အကြောင်းပေါ့၊ ပြောရင်း သူတို့



www.burmeseclassic.com

www.burmeseclassic.com

အားလုံးဟာ ကျောင်းဝင်းရဲ့အပြင်ဘက်ကို စိုးရိမ်စိတ်နဲ့ ကြည့်တဲ့သူက ကြည့်၊ နောက်ကျောမလုံလို့ ဘုန်းကြီးရဲ့နောက်မှာ ကွယ်ရပ်တဲ့သူက ရပ်၊ စိတ်တွေ ယောက်ယက်ခတ်နေကြတာပါပဲ။

မကြာခင်မှာပဲ အောင်ရင်ဝင်စီးနေတဲ့ ဝင်းကျော်ဟာ ကျောင်းပေါက်ဝမှာ လာရပ်ပါရော။ "ထမင်းဆာတယ်၊ ထမင်းရှူးပေး" လို့ အသံနက်ကြီးနဲ့ စူးစူးဝါး အော်လိုက်တဲ့အခါ ကာလသားတွေဟာ "အရှင်ဘုရား လုပ်ပါဦး။ ဘုရား" "ရောက်လာပြီ ဘုရား။ ကယ်ပါဦး ဘုရား" နဲ့ စုံနေအောင် တုန်တုန်ယင်ယင်နဲ့ အလန့်တကြား လျှောက်ထားကြတဲ့အခါ ဘုန်းကြီးကတော့ အေးအေးဆေးဆေးပဲ ပြန်မိန့်တယ်၊ "ဘယ်သူမှ မကြောက်ကြနဲ့၊ အဲဒီအကောင် ငါ့ကျောင်းထဲ မဝင်နိုင်ပါဘူး။ ကျောင်းစောင့်နတ်တွေက အဝင်ခံမှာ မဟုတ်ဘူး" ဆိုတော့မှ ကာလသားတွေဟာ ကြောက်ရွံ့မှုတွေ ပြေလျော့ကုန်ပြီ၊ ဝင်းကျော်ရှိရာ ကျောင်းပေါက်ဝကို လှမ်းကြည့်ကြသတဲ့။ ဝင်းကျော်ဟာကျောင်းပေါက်ဝတည့်တည့်မှာ မတ်တတ်ကြီးရပ်ပြီး သူတို့ကို စိုက်ကြည့်နေလိုက်တာ မျက်လုံးက ကျွတ်ထွက်မတတ် နီရဲပြူးကြောင်လို့၊ လဆန်းညရဲ့ ကြယ်ရောင်အောက်မှာ သရဲ စ,ခြောက်တဲ့ ညတစ်ညပေါ့။

ဘုန်းကြီးက သူ့ကျောင်းက ကပ္ပိယကြီး ဦးထော်ကို ဆွမ်းကျန် ဟင်းကျန်တွေ နယ်ဖတ်ပြီး ဝင်းကျော်ဆီ သွားပို့ခိုင်းတယ်၊ သူကိုယ်တိုင်လည်း နောက်က လိုက်သွားတယ်၊ ကျောင်းပေါက်ဝက ဝင်းကျော်နားရောက်တော့ -

"ဟေ့ကောင် အောင်ရင် - မင်း ထမင်းဆာတယ်ဆို - အဲဒါ ယူစား"

လို့ ပြောတဲ့အခါ ဝင်းကျော်ဟာ ဦးထော်လက်ထဲက ထမင်းဇလုံကိုဆွဲပြီး ပလုတ်ပလောင်းစားတော့တာပဲ၊ ထမင်းတစ်ဇလုံ ကုန်သွားတဲ့အခါ ဘုန်းကြီးကပဲ -

"ကဲ - အောင်ရင် - မင်း ထမင်းဝရင် ပြန်တော့၊ မင်းနဲ့ ငါတို့ဟာ ဘဝခြား သွားပြီ၊ နောက်ထပ် ဘယ်သူ့မှ ဒုက္ခမပေးနဲ့တော့၊ ကဲ - သွားတော့"



လို့မိန့်လိုက်တဲ့အခါ ဝင်းကျော်ဟာ ကျောင်းဝင်းထဲက ဘုန်းကြီးဦးသုမန ရှေ့ ဟပ်ထိုးလဲကျသွားတယ်၊ ပြီးတော့ - မူးလဲပြီး ပြန်ထ,လိုက်တဲ့အခါ ကြောင်စီစီဖြစ်နေတယ်၊ ဘုန်းကြီးကိုလည်း တွေ့လိုက်ရော -

"တပည့်တော် - ဘာဖြစ်တာလဲ ဘုရား။ အရှင်ဘုရားကျောင်း ဘယ်လို ရောက်လာတာလဲ ဘုရား"

ဆိုပြီး ကယောင်ချောက်ချား မေးမြန်းလျှောက်ထားပါလေရော၊

ဘုန်းကြီးနဲ့ ဖဲရိုက်ဖော် ကာလသားတွေက အကြောင်းစုံ ရှင်းပြပြီး -

"မဖြစ်ဘူး။ ဒီအောင်ရင်ဆိုတဲ့အကောင်ကို မနက်ဖြန် သင်္ဂြိုဟ်မှ ဖြစ်တော့မယ်၊ ဒီအတိုင်းထားရင် နောက်လည်း ဒီကောင် ရွာထဲဝင် သောင်းကျန်းနေမှာ စိုးရတယ်"

လို့ ဘုန်းကြီးက မိန့်ပြီး ရွာက ကာလသားတွေ ကိုယ့်အိမ် ကိုယ်ပြန်အိပ်ကြဖို့နဲ့ မနက်ဖြန် အောင်ရင်ရဲ့ အသုဘချမှာဖြစ်ကြောင်း တစ်ရွာလုံးသိအောင် နှိုးဆော်ခိုင်းလိုက်ပါတယ်၊

✤

တကယ်တော့ အစိမ်းသေဆိုပြီး အောင်ရင်ရဲ့ အလောင်းကို ရွာထဲ ပြောင်းတာ ထားပါတော့၊ ရွာပြင်မှာထားပြီး သရဏဂုံလည်း မတင်၊ သက်ဆောက်ဆွမ်းလည်း မကပ်တဲ့အတွက် ခုလိုမဖြစ်သင့်တဲ့ဖြစ်ရပ်မျိုး ကြုံရတာ ဒါ့ ရွာက သက်ကြီးရွယ်အို ရှေ့မီနောက်မီ လူကြီးများက ပြောကြပါတယ်၊

ဒီလိုနဲ့ တိုတိုပဲဆိုကြပါစို့၊ နောက်နေ့မနက်မှာပဲ အောင်ရင်ကို မီးသင်္ဂြိုဟ်လိုက်ကြပါတယ်၊ မီးသင်္ဂြိုဟ်တဲ့နေရာက ကုက္ကိုရိပ် ရေအိုးစင်ရဲ့နောက်က ကန်သင်းခုံပေါ်မှာပါ၊ မီးသင်္ဂြိုဟ်တုန်းကလည်း အောင်ရင်အလောင်းကောင်ကြီးဟာ ကုန်းကုန်းထ,လာလို့ ကာလသားခေါင်း ကိုဆန်းက ရှုးသားတုတ်ကြီးနဲ့ ရိုက်၊ ရိုက်ချရတယ်လို့ ပြောပါတယ်၊ ဒီလိုနဲ့ သပြေကန်သား ထင်းသား ကိုအောင်ရင်ရဲ့ဘဝဟာ နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ပါတယ်၊ လု.



www.burmeseclassic.com

www.burmeseclassic.com

ဘဝအနေနဲ့သာ အဆုံးသတ်သွားတာပါ။ အဲဒီညမှာပဲ သရဲအောင်ရင်ဘဝ အစ.ပြုကာ ကုတ္တိုရိပ်ရဲ့တစ္ဆေဖာတ်လမ်းတွဲတွေကို ကြည့်ကြရ၊ ကြားကြရတော့တာပါပဲ။

ကိုအောင်ရင်ကို မီးသဂြိုဟ်ပြီးတဲ့ညမှာပဲ နတ်ကြီးရွာက ကိုလူတင်ဟာ ငါန်းဖွန်ကနေ သစ်ဖေ့ သီးနှံတွေ ရောင်းပြီး ညနေစောင်းစောင်းမှာ ရွာကို ပြန်ခဲ့ပါတယ်။ ငါန်းဖွန်ကအထွက်၊ ဦးကျီးညိုဘုံဆိုင်မှာ ပင်ကျရေနဲ့ ပုတတ်ကြော်ဝင်သောက်မိတဲ့အခါ ပြန်ရတဲ့အချိန်ဟာ မိုးချုပ်သွားပါတယ်။ ငါန်းဖွန်က ပင်ကျရေဆိုတာကလည်း ထန်းရေသားချည်းအစစ် နိုပြာရောင်သမ်းနေတာပါ။ "သောက်လိုက်ရင် ချိုု မျိုလိုက်ရင် ခါး" ဆိုတဲ့ ဓမ္မန်းတင်မောင် အဟဲအတိုင်း ကွက်တိ။ တစ်မြူတစ်အိုးနဲ့ လူဆိုးလုပ်ပြီး ပြန်လာတဲ့ ကိုလူတင်ရဲ့ဆိုင်ကယ်သံဟာ ညဥ့်ယံကို ဖောက်ထွင်းပြီး နတ်မြင်းတစ်ကောင်လို ပြေးနေပါတယ်။ ပင်ကျရေရဲ့ရှိဝေဝေ ချော့မြူမှုအောက်မှာ တရှိန်ရိပ်၊ တငြိမ့်ငြိမ့် စီးမျောရင်း ပတ်ဝန်းကျင်ကို မေ့ပြီး ဆိုင်ကယ်စီးလာလိုက်တာ သပြေကန်ချောင်းထိပ်ရောက်မှ သတိဝင်လာတယ်။

ဆိုင်ကယ်ကို စက်ရှိန်သတ်ပြီး ရပ်လိုက်မှ လည်ချောင်းထဲမှာ ပျို့တက်လာလို့ ရေအိုးစင်ဆီ သွားပြီး ရေတစ်ခွက် သောက်လိုက်တယ်။ ညသိပ်ရေရဲ့အေးမြမှုက လည်ချောင်းတစ်လျှောက်မှာ ဇရဲမြစ် ဖြတ်သွားသလိုမျိုး ရေသောက်ပြီး ပြန်တော့ ခံတွင်းချဥ်ပြီး ဆေးလိပ်က သောက်ချင်လာပြန်ရော။ လွယ်အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ် ဆွဲထုတ်ပြီး အိတ်ကပ်ထဲစမ်းကြည့်တော့ မီးခြစ်မရှိ။ လွယ်အိတ်ထဲ ထပ်ရှာတော့ မီးခြစ်က မပါ။ ဦးကျီးညိုရဲ့ဘုံဆိုင်မှာ မီးခြစ် မေ့ကျန်ရစ်ခဲ့ပြီဆိုတဲ့အသိနဲ့ ဘေးဘီဝေ့ကြည့်မိတော့ ကုတ္တိုပြင်ရဲ့အနောက်ဘက် ကန်သင်းခုံပေါ်က မီးခိုးငွေ့ငွေ့ကို သွားတွေ့တယ်။ အဲဒီတော့မှ သတိထားမိတယ်။ မီးဖိုနားမှာ လူတစ်ယောက်ငုတ်တုတ်ထိုင်လို့၊ သစ်ငုတ်တိုလို မလှုပ်မယှက်။ အင်း - အခင်းစောင့်တဲ့သူများ မှာပေါ့လေဆိုပြီး ကိုလူတင် ဆေးလိပ်မီးတို့ဖို့ မီးဖိုရှိရာ တဖြည်းဖြည်း တက်သွားတယ်။



မီးဖိုထဲက ထင်းမီးစ.တစ်ချောင်းကို ဆွဲယူပြီး ဆေးလိပ်မီးတို့ကာ အငမ်းမရှိုက်ဖွာလိုက်တဲ့အခါ ချောင်းတဟွတ်ဟွတ်တောင် ဆိုးသွားပါရော။ အဲဒီအချိန်ထိ မီးဖိုနားထိုင်နေသူက မလှုပ်မယှက်မို့ ကိုလူတင်က စူးစမ်းတဲ့အကြည့်နဲ့ တစ်ချက်လှမ်းကြည့်မိတော့ အံ့အားသင့်သွားတယ်။ ဒီလောက်အသားမည်းတဲ့လူ သူ့ဘဝတစ်လျှောက်မှာ တစ်ခါမှ မမြင်ဘူးခဲ့တာ။ သူ့နှုတ်ကလည်း လွှတ်ခနဲ ထွက်သွားတယ်။

"ခင်ဗျား - အသားတော်တော်မည်းတာပဲနော်"

ပြောပြီးမှ အားနာရမှန်းသိပေမယ့် မတတ်နိုင်တော့ဘူး။ အဲဒီကျမှ ကိုသူမည်းက ခေါင်းနည်းနည်း လှုပ်လာတယ်။ ပြီးတော့ ကိုလူတင်ကို မကြည့်ဘဲ ခပ်လေးလေး ပြန်ပြောတယ်။

"မည်းမှာပေါ့ဗျာ - ဒီနေ့မှ မီးသဂြိုဟ်ခံထားရတာ"

"ဗျာ"

ကိုလူတင် လန့်သွားတယ်။ သောက်ထားတဲ့ပင်ကျရေလည်း ကြက်ပျောက် ငှက်ပျောက်။

"အဲဟုတ်ပြောတာဗျ။ ခင်ဗျား ဆေးလိပ်မီးတို့တဲ့ ဒီမီးဖိုမှာပဲ - ကျုပ်ကို"

ကိုလူတင်က တဖြည်းဖြည်း နောက်ဆုတ်သွားပြီး ဆိုင်ကယ်ကို ဒရောသောပါး စက်နှိုးလို့ နွားရှူးဆူးတိုး ဒုန်းစိုင်းတော့တာပဲ။ နတ်ကြီးရွာကို ဘယ်လိုတ ဘယ်လိုရောက်သွားမှန်းတောင် မသိတော့ဘူး။ အိမ်ရောက်တဲ့အထိ စကြောက်မပြေရှာဘူး။ မိန်းမက ဝိန္နောဆရာဦးသူတော်ဆီသွားပြီး ရေမန်းတစ်ခွက် တောင်းတိုက်လိုက်မှ အလုံးကြီးကျသွားသတဲ့ဗျာ။

နောက်တစ်ယောက်က ငါန်းဖွန်က ထော်လာဂျီဆရာလေးကိုမင်းထွန်း၊ ငါန်းမြာက ဆေးရိုးပုတ်တွေ တင်လာတာ ည(၈)နာရီလောက်မှာ ကုတ္တိုနားကားပျက်တာ၊ ငါန်းမြာဆေးပွဲရုံကတော့ ပြောတာ၊ မင်းတစ်ယောက်တည်းလား၊ ဒီက အလုပ်သမားတစ်ယောက် ထည့်ပေးရမလားတဲ့၊ မလိုဘူးလို့ပြောပြီး တစ်ယောက်ထဲ ထွက်လာခဲ့တာ၊ ကားတစ်စီးလုံးကလည်း ဆေး



www.burmeseclassic.com

www.burmeseclassic.com

ရွက်ကြီးပုတ်တွေချည်းပဲ။ ငါန်းမြာက ဆေးရွက်ကြီးက နာမည်ကြီးလေ။ "တံတားဦးက ကွမ်းနဝါ၊ ငါန်းမြာက ဆေး။ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူ ပြည်ရှား။ သာဝါးလို့ တွေး" ဆိုပြီး စာချိုးခံရလောက်အောင် ကောင်းတဲ့ဆေး။ အဲဒီဆေးရွက်ကြီး ထော်လာဂျီက ကုတ္တိုရိပ်မှာ ပျက်ထယ်။ စိတ်ပျက်ပျက်နဲ့ ကားပေါ်က ဆင်းပြီး မင်းထွန်းက ဓာတ်မီးနဲ့ ထိုးကြည့်တော့ ကရိုင်းကျိုးတာ။ အနီးအနားကိုကြည့်တော့ ရေအိုးစင်နားက ခုံတန်းလျားမှာ လူတစ်ယောက် ထိုင်နေတယ်။ အဖော်တော့ ရှိသေးတာပဲဆိုပြီး ဆေးလိပ်တိုကို မီးညှိလို့ ခုံတန်းလျားက အဲဒီလူ့ရဲ့ဘေးနားသွားပြီး ကပ်ထိုင်တယ်။ အဲဒီလူက မင်းထွန်း ထိုင်တယ်ဆိုတာနဲ့ "မီးတစ်တို့လောက်ဗျာ" လို့တောင်းတယ်။ မင်းထွန်းကလည်း လက်ထဲကသောက်လက်စဆေးလိပ်တိုကိုလှည့်ပြီးပေးလိုက်တယ်။ ပြီးတော့ ရှေ့ပြန်လှည့်ထိုင်တယ်။ ဒါပေမဲ့ - ဇဝေဇဝါဖြစ်သွားတယ်။ သူ့မျက်စိအာရုံထဲမှာ တစ်ခုခုလိုနေသလိုပဲ။ ကြက်သီးမွေးညင်းလည်း ထ,သွားတယ်။ မင်းထွန်းက ကြောက်တတ်တဲ့သူ မဟုတ်ပါဘူး။ လူလူချင်းတောင် မကြောက်တာ တစ္ဆေသရဲဆို ဝေးပေါ့။ ဒါပေမဲ့ - အဲဒါက တစ္ဆေသရဲမှ သူက မတွေ့ဘူးတာလေ။ ခုဟာက ဘာလဲ။ မင်းထွန်းအတွေးမဆုံးခင် လူစိမ်းက ဖဆးလိပ်ကို ပြန်ပေးတယ်။

"ဖရော့"

မင်းထွန်း တုန်သွားတယ်။ အသံမှာ တစ်ခုခုပါနေသလိုပဲ။ ဘာတစ်ခုခုမှန်းတော့ မသိဘူး။ သူက မဝံ့မရဲနဲ့ ဆေးလိပ်တိုကို ပြန်ယူရင်း လူစိမ်းရဲ့မျက်နှာကို အသေအချာ အကဲခတ်ကြည့်လိုက်မိတယ်။

"ဟာ ..."

မင်းထွန်း လိပ်ပြာလွင့်စဉ်သွားပြီ၊ တစ်ချိုးထဲ ထ,ပြေးတာ၊ သပြေကန်ရွာက ရွာဦးကျောင်းရောက်ရောပဲ။ ကျောင်းထဲ ဒရောသောပါး ပြေးဝင်လာတဲ့ လူကို ခွေးတွေက ဝိုင်းဟောင်လို့ ဘုန်းကြီးဦးသုမန ဆင်းလာတယ်။ တုန်လှုပ်ကြောက်လန့်နေတဲ့ မင်းထွန်းကိုမြင်တော့ သဘောပေါက်ပြီး ရေမန်းတစ်ခွက် တိုက်တယ်။



"အင်း - ဒကာလေးကိုလည်း - အောင်ရင် ခြောက်လိုက်ပြန်ပြီပေါ့ - ဟုတ်လား"

လို့ မေးတယ်။

မင်းထွန်းက တုန်တုန်ရီရီနဲ့ -

"အဲဒီလူ - အဲဒီလူ့ရဲ့မျက်နှာမှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ဘာမှမပါဘူး။ ပြောင်ချောကြီး ..."

လို့ အံ့သြဘနန်း ပြန်ပြောတယ်။ ဘုန်းကြီးကတော့ ဟာသလုပ်ပြီး ...


"မျက်နှာပြောင်တိုက်တယ်ဆိုတာ အဲဒါကို ပြောတာနေမှာပေါ့လို့" နောက်ပါတယ်။

သိပ်မကြာပါဘူး။ ခရိုင်က လမ်းဗိုလ်တွေ ရောက်လာပြီး ငါန်းဖွန်၊ ငါန်းမြာ ကတ္တရာလမ်းခင်းတော့ အဲဒီကုတ္တိုရိပ်မှာ တဲတန်းလျားတွေ ထိုးပြီးနေကြတယ်။ အရိပ်ကလည်း ကောင်းပြီး လမ်းအလယ်လည်း ကျလို့တဲ့။ သူတို့ကတော့ ဘုန်းကြီးတွေကိုပင့်ပြီး ပရိတ်တွေ၊ ကမ္မဝါတွေ ရွတ်ဖတ်ပူဇော်ကြ။ နေ့တိုင်း ဆွမ်းပန်းရေချမ်းတွေ ကပ်၊ မေတ္တာတွေပို့ပြီး နေကြလို့လားတော့ မသိဘူး။ ဘာသံမှ မကြားရတော့ဘူး။ ခုတော့လည်း ကုတ္တိုရိပ်မှာ လက်ဘက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ ထမင်းဆိုင်တွေ၊ အကြော်တဲတွေနဲ့ စည်စည်ကားကား ဆူဆူညံညံ ဟန်ကိုကျလို့ဗျာ ...။ ။

ပြန်ရန် ➡ ငါန်းဖွန်မောင်လွှမ်းမွှန်

www.burmeseclassic.com

www.burmeseclassic.com




# ဘိုညာသား မောင်တလုပ် နှင့် မလုပ်ကောင်းလယ်

ဆရာပု

ဖေယျတု - ဝသန္တဥတုဖြစ်သောပြိုသသစက်ကြုံ၊ ကဆုန်လလောက်တွင် နှာပုံမြို့စီရင်စု ကျုံပျော်ရွာနှင့် မနီးမဝေး၊ လယ်ကွင်းကြီးအတွင်း ကုန်းယောင် ယောင်ရှိသော ခပ်မို့မို့ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တဲကြီးတစ် ခုအနီး၌ အသက်(၁၅)နှစ် အရွယ်ခန့်မျှရှိသော မိန်းကလေးတစ်ယောက် သည် တူရွင်းဓောက်ကလေးနှင့် မြေကို တူး၍နေစဉ် (၁၇)နှစ်၊ (၁၈)နှစ် အရွယ်ရှိ သူငယ်မတစ်ယောက် ရုတ်တရက်ပေါ်ပေါက်လာပြီးလျှင် ...

"ဟေ့ - ညည်းဘာလုပ်နေတာလဲ" ဟု မေးလိုက်ရာ တွင်းတူးနေသော မိန်းကလေးသည် မော်၍ကြည့်ပြီးသကာလ ...

"ကျွန်မတို့ လယ်လုပ်ရင်း ယခု မိုးတွင်းအိမ်မှာ စားသောက်ဖို့ရန် တိုင် အားစိုက်နေပါတယ်"

ဟု ပြန်ပြောလိုက်ရာ မေးရင်း သူငယ်မသည် မျက်နှာထားခပ်မာမာ၊ ဒေါသသံပါပါနှင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ညည်းတို့ အညာသူ၊ အညာသားတွေဟာ အင်မတန်မှ ရိုင်းတယ်၊ မသိသားဆိုးဝါးတယ်၊ ကိုယ့်မြေကိုယ့်လယ်မှန်းမသိဘူး၊ သူ့မြေ သူ့နယ်မှန်းမသိ၊ ကိုယ်လုပ်ချင်တာ လုပ်ရပြီးရောဟု သဘောထားပြီး အရမ်းလုပ်တာပဲ၊ သည်လိုလုပ်တာကြောင့် ဒုက္ခရောက်ကုန်ကြတာလဲ များလှပြီ၊ သည်နေရာမှာ မလုပ်နဲ့ဟေ့"

လို့ ပြောဆိုဆောင့်အောင့်ကာ ထွက်သွားလေ၏၊ သူငယ်မလေးသည် တူရွင်းကလေးကို ကိုင်ကာ တဲသို့ ပြန်လာပြီးလျှင် ထမင်းများချက်ကာ နေလေ၏။

ကမ္ဘာ့တန်ဆာမွှေတာဖြင့် သူရိယနေမင်းကြီးသည် မိမိ၏ ဝတ္တရားအတိုင်းလှည့်လည်ရာ မွန်းတည့်ခါနီးအချိန်လောက်တွင် တဲနှင့် မနီးမဝေး လယ်ကွင်းထဲတွင်ထယ်နှင့်မြေများကိုခွဲလျက်နေသောအသက်(၅၀)ခန့်ရှိ လူကြီးတစ်ယောက်သည် ထယ်ခွဲနေရာမှာ ကောင်းကင်သို့ မော့ကြည့်ပြီး ကာလ မိမိ၏ နွားများကိုဖြုတ်၍ တဲသို့ ပြန်ရောက်ရှိလာကာ တဲနောက်သို့ လှည့်လည်ကြည့်ရှုရာ စိတ်ဆိုးသောမျက်နှာနှင့် တဲထဲသို့ဝင်လာပြီးကာလ၊

"အင်း - ဆင်းရဲခြင်းတော့ တာရှည်ဦးမှာပဲ၊ မနေ့ကတည်းက ဟင်းရွက်ဟင်းသီးစိုက်ဖို့ နေရာပြင်ဖို့ ခြံကာဖို့တိုင်များ အဆင်သင့် ခုတ်ယူစုပုံထားတာတောင် ယခုထိ ဘာမျှမလုပ်ရသေးဘူး၊ "မွဲချင်တဲ့ခွေး ပြာပုံတိုးတဲ့"၊ သည်လို စိုက်ပျိုးထားရင် တစ်မိုးတွင်းလုံး လယ်လုပ်ရင်း ဖောဖောသီသီ မစားရပါလား၊ ပိုက်ဆံဆိုတာ ကုန်သင့်မှ ကုန်ရတယ်ဟဲ့ - နော်၊ စားခါနီးမှ ဝယ်တော့ဈေးသည်ပေးသမျှကျေနပ်ရတယ်၊ ကိုယ့်မှာရှိတော့ကိုယ်လည်း အလိုရှိတိုင်းစားရ၊ မိတ်ဆွေသင်္ဂဟလာပြန်တော့လည်း ပေးကမ်းလိုက်ရတော့ လောကဝတ် ကျေသေးတယ်၊ သည်မျှမက ရောင်းချလို့တောင် စားသောက်ရသေးတယ်၊ ယခုတော့အသေအချာ ညကတောင် "ကာဖြစ်အောင်ကာနှင့်ပါ" ဟု ထပ်မံ၍ ငါ ပြောထားခဲ့တာတောင်မှ အပျင်းအားကိုးပြီး ဘာကိုမျှ မလုပ်ချင်ဘဲ အလကားအချိန်ကို ဖြုန်းနေတာပဲ၊ သည်လို ပျင်းရိသော



သူဟာ ဘယ်တော့ ချမ်းသာနိုင်ပါ့မလဲ၊ အဆုံးပြောတော့မဟေ့၊ ပျင်းတဲ့သူများဟာ နိဗ္ဗာန်ကို လမ်းစတုံး၍ လောကမှာလည်း အရာရာရှုံးခြင်း ရောက်ပါရော၊ ဒီဟာကြောင့် လောကနီတိဆရာက "အလဟဿ ကုတောသိပ္ပံအစ၊ အပုညဿ ကုတောနိဗ္ဗာနံ - အဆုံးရှိသော ဂါထာနှင့် ဆုံးမတော်မူတာပဲ"

ဟု ဆိုမြည်သောအခါ သူငယ်မသည်ကြောက်ရွံ့သော မျက်နှာနှင့် ...

"ဖေဖေ - ကျွန်မ...ပျင်းလို့မလုပ်ဘဲ နေတာ မဟုတ်ပါဘူး၊ ဖေဖေမှာတဲ့အတိုင်း မနက်စောစောကပင် တွင်းမှာ သွား၍ တူးခဲ့ရာ မိန်းမတစ်ယောက်လာ၍ ..."

"ညည်းတို့ - အညာသူ၊ အညာသားတွေဟာ သူ့မြေ သူ့နယ်မှန်းမသိ၊ အရမ်းကိုယ်ထင်တာလုပ်တာပဲ၊ သည်လိုဟာတွေကြောင့်ဒုက္ခရောက်ကုန်ကြတာပဲ မလုပ်နဲ့"

ဟုလာပြီးဆိုသွားလို့ကျွန်မမလုပ်ဝံ့လို့နေတာပါ၊ ဟိုနေရာမှာတွင်းတူးထားတာတောင် (၂)တွင်း (၃)တွင်း ပြီးပါပြီဟု ပြောလေ၏၊

ထိုအခါ လူကြီးသည် ဘာမျှမပြောဘဲ အတန်ငယ်စဉ်းစားပြီးနောက်မှ---

BURMESE CLASSIC .com

"ဟဲ့ - သမီး သည်မိန်းမဟာ ဘယ်ကလာသလဲ၊ ပြီးတော့ သူ ဘယ်ကို ပြန်သွားသလဲ" ဟု မေးရာ သမီးက "ဖေဖေလာတုန်းကတော့ ကျွန်မလည်း တွင်းကို ငုံ့တူးနေတာနဲ့ ဘယ်ကလာလိုက်သည်ကိုမသိဘူး၊ ပြန်သွားတော့ ကျွန်မတို့ တဲအရှေ့ဘက်က ဥနဲပင်နှင့် ချုံကလေးတွေ ခပ်ရှုပ်ရှုပ်နေသောနေရာဆီသို့ ထွက်သွားတာပဲ၊ ကျွန်မလည်း တဲထဲသို့ ပြန်လာခဲ့တာပဲ" ဟု ပြောနေကြခိုက် အသက် (၄၀)ကျော်ခန့်မျှရှိ မိန်းမကြီးတစ်ယောက်နှင့် အသက် (၁၀)နှစ် ခန့်မျှရှိ သူငယ်မလေးတစ်ယောက်တို့သည် တဲထဲသို့ ဝင်လာကြပြီးလျှင်မိန်းမကြီးသည်ခေါင်းပေါ်က ခံတောင်းများကိုချ၍ "သမီးရေ - ထမင်းများ ကျက်ပြီလားဟေ့၊ အမေလည်း ယနေ့ရောင်းချစရာ မရခဲ့ဘူး၊ နေလည်းမြင့်လှပြီ ထမင်းများ စားကြရအောင်ဟေ့"

ဟုပြောဆိုကာ ထမင်းများ ခူးခပ်၍ သားအမိ၊ သားအဖတစ်စုနံနက်စာ စားသောက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့နံနက်စာစားပြီးနောက်တစ်နာရီလောက်ကြာကာလယောက်ျားကြီးသည် "ဂျမ်းပုံရေ-ဝါ ရွာထဲကို ခေတ္တသွားလိုက်ဦးမယ်ဟေ့၊ နွားများကို ယနေ့မလွှတ်နဲ့တော့" ဟု ပြောဆိုကာ ထွက်လာခဲ့လေ၏။

■ ■ ■

## 'မလုပ်ကောင်းလယ်' ဟု ခေါ်တွင်ခြင်း

ထိုရွာကြီးအတွင်း အတော်ကြီးသော အိမ်ကြီးပေါ်တွင် ရွာသား (၂) ယောက်နှင့် စကားပြောကာ လက်ဖက်ရည်ကြမ်းသောက်လျက်ရှိနေသော အသက်(၅၀)ကျော် (၆၀)ခန့်မျှရှိ လူကြီးတစ်ယောက်သည် အိမ်အောက်မှ လှမ်းလိုလို ကြားလိုက်သဖြင့် "ဟေ့ ... ဘယ်သူလဲ" ဟု ထကာ ကြည့်ပြီးကာလ "အမယ် -မောင်တလုပ်လား၊ တယ်ပြီး အသက်ရှည်ဦးမယ့်လူဟေ့ မင်းအကြောင်းပြောနေရင်း ယခုမင်းပေါက်လာတာပဲ။ လာလာ - လက်ဖက်ရည် သောက်ဦး" ဟု ခေါ်ကာ မိမိထိုင်မြဲနေရာသို့ ပြန်၍ ထိုင်ပြီးလျှင် "ဘယ့်နယ်လဲ - လယ်များထယ်ခွဲ၍ပြီးလုပြီလား၊ မြေအလွယ်သားမဟုတ်လားကွဲ့" ဟု မေးရာ "မြေကတော့ အတော်ပဲ ကောင်းတဲ့မြေပါပဲ။ ကျောင်းဒကာမ လုပ်သော နှစ်က (၃)နှစ်ကျော်ရှိပြီ။ ပစ်ထားလို့ မြေရိုင်းသဘောမျိုး လုပ်နေရလို့သာ အနည်းငယ် ကြန့်ကြာနေတာပါ" ဟု ပြောလေ၏။

"ဒါထက် သည်အနားမှာ ကျောင်းဒကာလယ်အပြင် မည်သူ့လယ်မြေများ ရှိပါသေးတာလဲ" ဟု မေးရာ "ဘာကြောင့်လဲကွဲ့၊ ဒီအနားတစ်ဝိုက်မှာ ကုန်းရော၊ ကျင်းရော ငါ့မြေချည်းပဲ - ဘယ်သူ့မြေမှ မရှိဘူး။ ဘာပြုလို့လဲကွဲ့"

"ဘာမှမပြုပါဘူးခင်ဗျား၊ သူတစ်ထူးမြေများရှိလျှင်သစ်ပင်ကလေးများ စိုက်ပျိုးမိက အပြောအဆိုခံရမည့်ပြင် အကျိုးမဲ့ အချိန်ကုန်မည်စိုးလို့ပါ" ဟု ပြန်ပြောကာလ ...

"ဘယ်သူ့မြေမှ သည်အနားမှာ မရှိပါဘူး၊ ငါ့မြေချည်းပါပဲ၊ မင်း အလိုရှိတဲ့နေရာမှာသာ စိုက်ပျိုး၍စိတ်ချလက်ချလုပ်ချင်သလို လုပ်ပါကွယ်"

ဟု ပြောဆိုပြီးကာလ "ဘာများ အလိုရှိသေးသလဲ၊ ငွေစကလေးများ တောသုံးစွဲဖို့ အလိုရှိသေးသလား"

ဟုမေးမြန်းရာ ...

"မလိုပါဘူးခင်ဗျာ" ဟု ပြော၍ လက်ဖက်ရည်များ သောက်ပြီးလျှင် မောင်တလုပ်က "ကျွန်တော်သွားလိုက်ပါဦးမယ်" ဟု ပြော၍ ထလိုက်ရာ ကျောင်းဒကာကြီးက "အေးအေး - စိတ်ချသာလုပ်ပါကွယ်၊ ဒီအနားမှာ ငါပိုင်မြေသာရှိပါသည်" ဟု ပြောဆိုလိုက်လေ၏။

မောင်တလုပ် ဆင်းလာ၍ အတန်ကြာသောအခါ အနားမှာရှိသော ရွာသားများက "ကျောင်းဒကာ - ခင်ဗျားမှာတော့ နေရာကျတာပဲ၊ သူ့ခမျာများ ဆင်းရဲ၍အညာကသားအဖတစ်တွေ အလုပ်အကိုင်လာလုပ်တာ ဒုက္ခတော့ မြင်ဦးတော့မှာပဲ၊ သည်တစ်ခါတော့ အကျွေးအမွေးမှာ အရေးအနေှာမပါဘဲ တွေ့ရမယ့်ဗျာ့နော်" ဟု ပြောရာ ကျောင်းတကာကြီးက "ဟာ - မင်းတို့ ဘာစ်တွေ မတော်တရော မပြောကြပါနှင့်"

ဟုဆိုသဖြင့် ရွာသားများရယ်မောကာ ပြန်သွားကြလေ၏။

ဤကဲ့သို့ ပြောဆိုကြခြင်းမှာ မောင်တလုပ် ယခုလုပ်သော လယ်ကွင်းသည်အထက်ထက်က ဤလယ်ကိုလုပ်သောသူများသည်စပါးများသိမ်းဆဲ၊ ကျီထဲပုတ်ထဲသို့ သွင်းဆဲမှာ လုပ်ကိုင်သောသူသည် ကိုယ်လုပ်သော လုပ်ခကို ဘာမျှမခံစားရဘဲ သေဆုံးရရှာကြလေ၏။ ဤကဲ့သို့ နှစ်တိုင်းနှစ်တိုင်း လုပ်ကိုင်သော လယ်လုပ်သားသေဆုံးသည်မှာ (၅)နှစ်ကျော်၊ (၆)နှစ်တိုင် ဆက်လက်၍ သေကြသောကြောင့် ဘယ်သူမှ မလုပ်ဝံ့ကြသဖြင့် ပစ်ထားသည်မှာ (၃)နှစ်ကျော် (၄)နှစ်ရှိလာလေပြီ။ ရပ်သူရွာသားတို့လည်း စကားပြောဆိုကြရာတွင် အကြောင်းစပ်ဆိုင်မိသောအခါ၌ "ဟို - မလုပ်ကောင်းတဲ့ လယ်ကြီးထဲမှာကွဲ့" စသည်ဖြင့် ထိုလယ်ကြီးကို မလုပ်ကောင်းသော လယ်ကြီးဟု ထင်မှတ်ပြောဆိုကြသောကြောင့်တည်း။





www.burmeseclassic.com

www.burmeseclassic.com

မောင်တလုပ်မှာမူ အညာကရောက်လာရာ အကြောင်းကိုလည်း မသိ အလွန်မှလည်း ဆင်းရဲနေနိုက် လယ်ရှင်ကျောင်းဒကာကြီးက အထူးလိုက်လျော၍ စားသောက်ရန် ဆန်စပါး သုံးစွဲရန် ငွေကြေးနှင့်တကွ နွား၊ မျိုးစပါးမှ မကျန်မစ ကြည့်ရှုပြီးလျှင် လယ်ခမှာလည်း အနည်းငယ်ကလေးသာယူသောကြောင့် ကြိုးစား၍ လုပ်ရှာလေ၏။ လယ်ရှင်ကျောင်းတကာကြီးက လိုက်လျောခြင်းကား မိမိ၏ လယ်အကြောင်းကို သိရှိပြီးဖြစ်သောကြောင့် ပေတည်း။"

■ ■ ■

## ကိုယ့်လက်ကာမ်း၍ သူ့လက်လှမ်းသည်

ထို့နောက် မောင်တလုပ်သည် ကြက်တစ်ကောင်ကို ကိုင်၍ တဲသို့ ပြန်လာပြီးလျှင် "ယနေ့ညကြက်သားဟင်း ချက်ရအောင်ဟေ့" ဟု ဆိုကာ မိမိ ပါလာသော ကြက်ကို ခုတ်ထစ်ပြင်ဆင်၍ ချက်ပြုတ်လေ၏။

နေဝင်၍ မှောင်ရီအချိန်သို့ ရောက်လာကာလ,..

"ဟေ့ – ဂျမ်းပုံရေ၊ ထမင်းများစားရအောင် ရုံးကြကွယ်"

ဟု ပြောလိုက်ရာ မိန်းမကြီးနှင့် သမီးကလေးတို့သည် ရုံးခပ်ပြင်ဆင်နေကြစဉ် ကိုတလုပ်သည် တစ်စုံတစ်ခုကို သတိရသော အမူအရာဖြင့် မီးဖိုဆီသို့ဝင်၍ ပန်းကန်တစ်ခုကိုယူပြီးလျှင် မိမိချက်ထားသော ဟင်းကို ခပ်များများခပ်ယူပြီးတဲအောက်သို့ဆင်းသွားကာ ချုံပုတ်ကလေးအနီးတွင်မတ်တတ်ရပ်ပြီး "အိမ်နီးချင်းများဗျာ – ဟင်းများ ကမ်းလှမ်းပါသည်၊ စားသောက်တော်မူကြပါ၊ မေတ္တာဖြင့် တစ်ဦးကိုတစ်ဦး ပေါင်းသင်းဆက်ဆံခြင်း ဖြစ်ပါသည်"

ဟု ပြောဆိုပြီး ဟင်းခွက်ကို ချထားခဲ့ပြီးနောက် တဲသို့ဝင်၍ ထမင်းစားသောက်ကြပြီးလျှင် ညအချိန်ရောက်က အိပ်ကြလေ၏။



နံနက်မိုးသောက် အလင်းရောက်သောအခါ ကိုတလုပ်သည် လယ်ထဲသို့ မသွားဘဲ မနေ့က သမီးငယ် ဘူးထားသော တွင်းများကို ဆက်လက်၍ တူးနေလေ၏။ ထိုအခါ သူငယ်မလေးတစ်ယောက်သည် ရုတ်တရက်ပေါ်လာပြီးလျှင်...

"တော်တို့ အညာသားတွေဟာ ကျယ်ကာတ်ကတ်နဲ့ မနေ့က ဟိုတစ်ယောက်ကို ပြောလွှတ်လိုက်တယ်၊ ယနေ့ လူလဲပြီးတစ်ယောက်လာပြန်ပြီ၊ သည်လိုဟာတွေကြောင့် ဒုက္ခရောက်ကုန်ကြတာပဲ"

ဟု မနေ့ကကဲ့သို့ပြောလိုက်ရာ ကိုတလုပ်က...

"ဟုတ်ပါတယ် အမိရယ်၊ စိတ်မဆိုးပါနဲ့ မနေ့က သူငယ်မလေးဟာ ဦးကြီးရဲ့ သမီးပါပဲ၊ ကလေးမလေးက မလည်မဝယ်နဲ့၊ ဘာမမေးတတ်၊ ညာမမေးတတ်ဖြစ်နေလို့ ဦးကိုယ်တိုင် အမိနှင့်တွေ့ချင်သောကြောင့် လာရောက်တောင့်ရင်း တူးနေတာပါ၊ ဦးကြီးတစ်ခု မေးလိုတာက ဘယ်ကဘယ်ကို မလုပ်နဲ့လို့ ပြသခဲ့ပါ၊ ဤကဲ့သို့ သိက ဦးကြီးတို့ ရှောင်ပါ့မယ်" ဟု ပြောပြရာ သူငယ်မက ...

"လက်ညှိုးညွှန်ကာ ဤတစ်ပိုက်ကို ဘာမျှ မလုပ်ကြနဲ့၊ ဘာကိုမျှ မထိခိုက်ကြနဲ့" ဟု ဥနဲပင်နှင့် ပတ်လည်ရှိ ချုံကလေးတောစပ်ယောင်ကလေးကို ပြလေ၏။

ထိုအခါ ကိုတလုပ်က...

"ကောင်းပါပြီ အမိရယ်၊ ဤကဲ့သို့သိရက ရှောင်ပါ့မယ်"

ဟု ပြောပြီးလျှင် နေရာရွှေ့ပြောင်းကာ တွင်းတူးသည်ကို သူငယ်မလည်း ဆွတ္တရပ်၍ ကြည့်နေပြီးနောက် တောစပ်ဆီသို့ ထွက်သွားပြီးကာလပျောက်ကွယ်သွားလေ၏၊ ကိုတလုပ်လည်း အတဲခတ်ကာ ကြည့်ရှုရင်း မြဲစောင့်ရင်းကို အပြီးသတ်အောင် ကာရံပြီး တဲသို့ပြန်လာ နံနက်စာစားကြပြီးနောက် –

"ညကိုဟေ့ – ဟင်းလျာများရလျှင် ဝယ်၍ချက်ရအောင်ကွယ်" ဟု ပြောသာလ "မဂျမ်းပုံက မီများမီဦးမလား၊ ဟင်းလျာသည် ရွာထဲမှာလာသည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လျှင် "ဟာ – ဒါဖြင့် ငါသွားလိုက်ဦးမယ်"

ဟု ပြောဆိုကာ ရွာထဲသို့ သွားရောက်ဟင်းလျာများ ဝယ်၍ တဲသို့ ပြန်လာပြီးလျှင် ကောင်းစွာ ပြင်ဆင်ချက်ပြုတ်လေ၏။

ထိုနေ့နေကုန်၍ ညသို့ ရောက်လာပြန်သောအခါ မနေ့ကကဲ့သို့ ချက်ထားသော အမဲသားဟင်းကို များများခပ်ပြီးလျှင် ဥနဲ့ပင်နှင့် ရှုံစပ်ကလေး အနီးသို့ စိတ်အားထက်သန်စွာနှင့် ...

"အိမ်နီးချင်းများ ခင်ဗျား – ဟင်းများ ကမ်းလှမ်းပါသည်။ ယနေ့ ဟင်းက အမဲဟင်းခင်ဗျာ့ စေတနာနှင့် ကမ်းလှမ်းခြင်းပါ။ စားသုံးတော်မူကြပါ"

ဟု ပြောဆိုပြီး ဟင်းခွက်ကို ထားခဲ့ပြီးလျှင် ပြန်လာ၊ တဲသို့ ရောက်က ညစာစားသောက်၍ အချိန်ရောက်က အိပ်ကြလေ၏။

ထိုညလွန်မြောက် အလင်းသို့ ရောက်သော် လုပ်မြဲအလုပ်များကို လုပ်ကိုင်ပြီးကာလ ညနေချမ်းအချိန်တွင် တဲရှေ့၌ ထွန်သွားများပြင်ဆင်နေစဉ် အသက်အရွယ် (၅၀)ကျော်ခန့်ရှိ လူတစ်ယောက် ရုတ်တရက်တဲရှေ့သို့ ရောက်လာပြီးလျှင် "ဩော် – ထွန်သွားလုပ်နေသလား" ဟု ပြုံးရွှင်သော မျက်နှာနှင့် မေးရာ ကိုတလုပ်သည် မော်၍ကြည့်ပြီးကာလ ...

"ဟုတ်ကဲ့ခင်ဗျာ – ထွန်သွားများ ပြင်ရပါသည်၊ တဲထဲသို့ ဝင်ပါဦးလား ခင်ဗျာ၊ ကွမ်းစားပါဦး" ဟု လောကဝတ်ပျူငှာ ပြုလေ၏။

ထိုအခါရပ်နေသူက "တော်ပါပြီ၊ သည်ကပဲ နေပါတော့မည်၊ မဝင်ပါဘူး အားလပ်သဖြင့် စကားများပြောရင်းဆိုသလိုလာခဲ့တာပဲ"

ဟု ပြောဆိုကာဆက်လက်၍ ပြောသည်မှာ ...

"မိတ်ဆွေတို့က အိမ်နီးချင်းရယ်လို့ ဟင်းများ ကမ်းလှမ်းတာ (၂)ရက်ရှိသွားပါပြီ၊ ကျေးဇူးတင်ပါတယ်။ ကျုပ်တို့ကတော့ဖြင့် ဘာမျှ ကျေးဇူးမဆပ်ရသေးဘူး၊ မိတ်ဆွေတို့ကို လူကောင်းကို အိမ်နီးချင်းလုပ်ရတော့ ကောင်းပါရဲ့ အထက်ထက်က လူတွေကတော့ လာလိုက်ပြီဆိုမှဖြင့် ငါတကောစနှင့် ထင်သလိုလုပ်ကြတော့ကျုပ်တို့လူကြီးများကတော့ကိစ္စမရှိပါဘူး၊ငယ်ရွယ်တဲ့ ကလေးတွေကတော့ စိတ်က ထက်မြက်တုန်းဆိုတော့ ဒုက္ခဖြစ်ကုန်ကြရောဗျာ။ အဲဟို – မနေ့မနက်က မိတ်ဆွေနဲ့ခြံစောင့်ရင်း ကာနေတုန်းကတွေ့တဲ့ သူငယ်မဟာ ကျုပ်သမီးပေါ့၊ သူကလေးက အလွန်စိတ်ထက်တဲ့ ကလေးမကလား။ စိတ်က အခန့်မသင့်လျှင် ချက်ချင်းဘယ်သူ့ကိုမျှ မကြောက်ဘူး၊ ယခုမှ အသက်ကလေး အတော်ကြီးလာလို့ ကျုပ်ကလည်း ဆိုဆိုထားလို့ တော်နေတာ"

ဟုပြောလိုက်သောအခါကိုတလုပ်သည်သတိရသောအမှုအရာအားရသောဟန်ဖြင့်ရွှင်လန်းစွာဖြင့် ...

"ဟုတ်သားပေါ့၊ ကျောင်းဒကာ အလွန်အလွန် ငါတကောစလုပ်လာမှုဖြင့် လူငယ် မပြောနှင့် လူကြီးတောင် မခံချင်ဘူးပေါ့၊ ကျွန်တော်တို့တော့ ဘယ်အခါမှ သူတစ်ထူးကို စတင်၍ မပြုမလုပ်ဝံ့ပါဘူး။ အများချစ်ခင်အောင်သာ ပြုလုပ်ရပါသည်"

ဟု ပြန်ပြောကာလ "ဟုတ်ပေလိမ့်မယ်၊ မိတ်ဆွေ၏ပုံက လူရိုး၊ လူကောင်းပုံပါပဲ၊ ဒါကြောင့် ကျုပ်လည်း အကဲခတ်ပြီး စကားပြောရအောင် လာခဲ့တာပဲ"

ဟု ပြောလေ၏။

မောင်တလုပ်က ...

"ကျွန်တော်တို့ကိုလည်း တဆိတ်ကြည့်ရှု စောင့်ရှောက်တော်မူပါ၊ ဆင်းရဲလှသဖြင့် ကြံရာမရ၍ အညာကလာခဲ့တာပါ၊ သည်မှာ ဆွေမျိုးညာတိမှာ မဟုတ်ပါဘူး။ ဒီ သားအဘ သားအမိ(၄)ယောက်ပဲ ရှိပါသည်၊ ကလေးငယ်ရွယ်သူများ မှားမိလျှင်လည်း သည်းခံတော်မူ၍ ဆုံးမတော်မူကြပါ၊ အိမ်နီးချင်းဖြစ်တော့ မတော်တဆမှားခဲ့သော် တောင်းပန်ထားရပါသည်"

ဟု ပြောကာ ...

"ဟုတ်ပါရဲ့မိတ်ဆွေ – တစ်ဦးသဘောတစ်ဦး သိလာပြီးဆိုတော့ လွယ်ပါသယ်၊ ကျုပ်လည်း စောင့်ရှောက်ပါ့မယ်၊ ကောင်းကောင်းသာနေထိုင်ကြပါ၊





www.burmeseclassic.com

www.burmeseclassic.com

ဒါထက်မိတ်ဆွေမကောန်နက်ဈေးသွားဦးမလား၊သွားလျှင်ဟင်းလျာဖိုးပေးလိုက်ချင်လို့ပါ"

ဟုပြောကာလ "ဟုတ်ကဲ့သွားရပါလိမ့်ဦးမယ်ပေးလိုက်ပါ၊ အလိုရှိတာကိုလည်း စေခိုင်းလိုက်ပါ၊ လုပ်ကိုင်လို့ပေးပါလိမ့်မယ်"

ဟုပြောကာလ...

"ကောင်းပါပြီ" ဆို၍ငွေဒင်္ဂါးတစ်ဆယ်ထုတ်ပေးပြီးလျှင်...

"ဟင်းလျာများဝယ်ပြီး မိတ်ဆွေတို့ပဲ ချက်ပြုတ်၍ ပေးပါ၊ ကျုပ်တို့အစို့ပေးသောအခါမှာ ဘယ်ဟင်းမဆို ရနိုင်လျှင်အူ၊ အသည်း၊ ဦးခေါင်းများပါပါစေ" ဟုပြောလေ၏။

"ကောင်းပါပြီ၊ နံနက်ကို သွား၍ဝယ်ပြီးချက်ပြုတ်၊ ညစာမီပို့ပါ့မည်"

ဟုပြောဆိုလေ၏။

"ကောင်းပါပြီကျေးဇူးတင်ပါသည်၊ ပြန်လိုက်ဦးမယ်"

ဟု ဆို၍ ပြန်သွားပျောက်ကွယ်လေ၏။ ထိုသူ ပြန်သွားပြီးနောက် မောင်တလုပ်သည် မိမိမယားကို ခေါ်၍ "နက်ဖြန် ဈေးကို သွား၍ ဟင်းလျာများဝယ်ခဲ့"

ဟုပြောဆိုကာ ပေးထားခဲ့သော ငွေကိုထုတ်ပေးလိုက်လေ၏။

ထိုနေ့ညကုန်ပြီး နံနက်သို့ရောက်သောအခါမဂျမ်းပုံသည်ဈေးသို့သွား၍ဟင်းလျာများကို ဝယ်ခဲ့ပြီးလျှင် တဲသို့ပြန်လည်ရောက်ရှိကာလ ဟင်းလျာများကို ကောင်းစွာပြင်ဆင်ချက်ပြုတ်၍ အိုးနှင့်တကွ ထိုနေရာသို့ ပို့လိုက်လေ၏။

ဤကဲ့သို့ ပို့ပြီးနောက် နောက်တစ်ရက်အကြာမှာ ထိုလူကြီးသည် တဲသို့ လာပြန်၍ အာလာပ၊ သလ္လာပပြောဆိုပြီးနောက်...

"မိတ်ဆွေတို့ ဈေးသုံး နာသုံး ငွေစများလိုလျှင် ပြောဆိုကြနော် ကျုပ်ပေးမယ်၊ ကောင်းကောင်းမွန်မွန်သာ နေကြပါ နားပူနားဆာသာ မလုပ်ကြနဲ့"



ဟု ပြောပြလေ၏။ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး သင့်တင့် ညီညွတ်စွာ မိတ်ဆွေအဖြစ်နှင့် ပေါင်းသင်းဆက်ဆံကာ နေကြလေ၏။

■ ■ ■

## ရွာသားများ၏ တီးတိုးစကား

လယ်ကြီးသည် အလွန်ကောင်း၍ စပါးပင်များလည်း သန်စွမ်းလျက် အွန်တုံးပစ်အချိန်သို့ ရောက်လာလေ၏။ ရပ်သူရွာသားတို့သည် စကားစပ်မိတိုင်း "လယ်ကြီးကဖြင့် ကောင်းပေ့ကွယ်၊ စပါးတော့ သိပ်ထွက်မှာပဲ" အချို့ယောက်ကလည်း "သည်လယ် ဘယ်တော့ မကောင်းတဲ့ နှစ်ရှိသလဲ၊ စပါးအလွန်ထွက်ပြီး စပါးများသိမ်းဆဲ၍ ကျီထဲပုတ်ထဲရောက်တော့မှ ဒုက္ခဖြစ်သွားတာပဲ" ဟုပြောဆိုကာနေကြလေ၏။

## အရင်းအနှီးထုတ်၍ ပေးခြင်း

တစ်နေ့သောနေ့ ညနေချမ်းအချိန်လောက်တွင် တဲကြီးပေါ်၌ မိတ်ဆွေ ၂ ယောက်တို့သည် စကားပြောဆိုနေကြသည်မှာ "ကိုတလုပ်ရယ် - ယခု လယ်လည်းစိုက်ပျိုး၍ပြီးပြီ၊ သည်အချိန်ကားအလုပ်အားနေသည်၊ မိတ်ဆွေ၏ မယားကို ဈေးရောင်းခိုင်းပါ၊ အရင်းမရှိလျှင် ကျုပ်ကပေးမယ်" ဟု အိမ်နီးချင်းမိတ်ဆွေက အကြံပေးလေ၏။ ထိုအကြံကို ကိုတလုပ်လည်း သဘောကျ၍ မိမိ၏ မယားကို စေခိုင်းရာ မဂျမ်းပုံသည် ကုန်စုံများကို ရွာနီးချုပ်စပ်သို့ လှည့်လည်ကာ ရောင်းချလေ၏။ ဤသို့အားဖြင့် စီးပွားတိုးတက်ဟန်ပြ၍ နေခဲ့ကြရာ တစ်ဦးကိုတစ်ဦး စောင့်ရှောက်ပေါင်းသင်း ကူညီခြင်းအားဖြင့် မည်သည့်ကိုလည်း ကွဲပြားမဝင်ရ၊ စာကလေးသော်မျှ တစ်ကောင်မစားစေရ ... ကြားလည်း ခဏခဏပေးကမ်းလျက် ပေါင်းသင်းဆက်ဆံလာကြရာ



www.burmeseclassic.com

www.burmeseclassic.com

လယ်များ ရိတ်သိမ်းချိန်သို့ ရောက်လာလေ၏။ ထိုမိတ်ဆွေ (၂)ဦးတို့သည် အချိန်မရွေးတွေ့ဆုံ၍ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်စွာ ပေါင်းသင်းနေထိုင်လျက် ရှိကြလေ၏။

■ ■ ■

## တစ်ဦးမှာဆေး တစ်ဦးမှာဘေး

တစ်နေ့သော နံနက်၌ ထိုလူကြီးသည် ရုတ်တရက် စောစောစီးစီးတဲသို့ လာရောက်ပြီးလျှင်...

"မိတ်ဆွေ တယ်ဆိုးဗျာ - လယ်ပြီးခါနီးလို့ ခင်ဗျားက စမ်းသည်မှတ်တယ်ဗျာ။ ရဲခေါင်တို့ပေါင်းလိုက်သင်းလိုက်ရ၊ သည်လိုလူမျိုးတွေချည်းသာတွေ့ရတာယ်" ကိုတလုပ် မျက်လုံးများပြူးလျက် အသံများ တုန်တုန်ယင်ယင်ဖြစ်ကာ...

"ဘာများ ကျွန်တော်ပြုမိပါသလဲ ခင်ဗျား၊ မှားတာရှိလျှင် ပြောပါ"

လူကြီး ။ ။ "ရဲခေါင်ဟာလေ . . . သည်လိုဟာတွေကို သိလို့ ဟိုအစကတည်းက မိတ်ဆွေကို နားပူနားဆာမလုပ်ကြပါနဲ့လို့ ပြောထားတယ် မဟုတ်လား။ သည်ဟာနဲ့ ညတုန်းက မိတ်ဆွေတင်မကသေးဘူး၊ ဟိုကလေးကိုတောင် ဆိုဟဲ့ ဆိုဟဲ့ ဟု သင်ပေးလိုက်တယ်။ ကျုပ်ကတော့ တော်ပါသေးရဲ့။ နို့ပေမဲ့ - သည်အစုတစ်စုလုံးကို ကိုယ်က အုပ်ချုပ်နေရတဲ့ အကြီးအကဲဖြစ်နေတော့ အချို့ငယ်သား၊ ရွာသားတွေက ကိုယ့်ကိုယ်သာ ဝိုင်းပြီး "လူကြီး မင်းရဲ့ ဦးရဲခေါင်နဲ့ ခင်ဗျား မိတ်ဆွေလုပ်ပုံတွေ ကောင်းသေးရဲ့လား။ ကျုပ်တို့ အိမ်နားတောင် မကပ်နိုင်ဘူး။ တစ်ညဉ့်လုံးလိုင်လွတ်ရာသွားနေရတယ်။ ကောင်းသေးရဲ့လားနှင့် ဝိုင်းပြီးရန်တွေ့ကြ၊ တိုင်ကြတာပေါ့"



ကိုတလုပ် ။ ။ ခေတ္တတွေ၍ စဉ်းစားနေရာမှ ရုတ်တရက် သတိရသော အမူအရာနှင့်...

"ဟုတ်ပါပေတယ် - ကိုရဲခေါင်၊ သည်တစ်ခါသည်းခံတော်မူပါ။ ကျွန်တော်မေ့ပြီး သတိလစ်သွားလို့ ရေရွတ်မိပါတယ်။ နောက်ကို ဤကဲ့သို့ မပြုမလုပ်တော့ပါ။ တစ်ခါတစ်ရံမှားမိသည်ကို သည်းခံတော်မူပါ" ဟုကြောက်လန့်သော ဟန်နှင့် တောင်းပန်ရလေ၏။

ရဲခေါင် ။ ။ "ကိုတလုပ်တဲ့ - ကျုပ်ကယုံသလို ကျုပ်အပေါ်မှာလည်း ယုံပါ၊ ကျုပ်ဟာ ခင်ဗျားအတွက် အထူးစောင့်ရှောက်တာ ခင်ဗျားသိရဲ့မဟုတ်လား၊ ကျုပ်ကမေတ္တာနှင့်ပေါင်းသလို ခင်ဗျားက သဘောကောင်းထားပါ"

ကိုတလုပ် ။ ။ "သိပါတယ် ... ကိုရဲခေါင်၊ ကျွန်တော်ဟာ ခင်ဗျားကိုသာ အားကိုး၍ နေရပါတယ်။ အလွန်မှလည်း ယုံပါတယ်။ ညကဟာ အမှတ်မဲ့ မှားသွားခြင်းဖြစ်ပါတယ်။ သည်းခံတော်မူပါ"

ရဲခေါင် ။ ။ "ကောင်းပါပြီ၊ နောက်ကိုသာ ဤကဲ့သို့ မလုပ်ပါနှင့်၊ ဟိုငယ်သားတွေကို စိတ်ကျေအေး၍သွားအောင် ပြောဆိုရဦးမယ်။ ကဲ - ကျုပ်သွားလိုက်ဦးမယ်" ဆို၍ ပြန်သွားလေ၏။

(ဤကဲ့သို့ ပြောဆိုခြင်းမှာ မနေ့ညက ကိုတလုပ်သည် စပါးပင်စောင့်ရင်း ဘုရားရှိခိုးပြီးလျှင် (၂၄)ပစ္စည်းကိုလည်း ရွတ်မိ၏။ မိမိ၏သားငယ်ကလေးကိုလည်း "ဟဲ့ ... လိုက်၍ဆို နင်ရရဲ့လား၊ ဣတိပိသောဆိုတဲ့ ဂုဏ်တော်ဟာ ဘယ်လို မကောင်းဆိုးဝါးမှ မကပ်ဝံ့ဘူး၊ ပဋ္ဌာန်းပစ္စယော(၂၄)ပစ္စည်းဟာ စည်းများချ၍ အိပ်လျှင် ဘယ်ရန်သူမှ မဝင်နိုင်ဘူး" ဟု ပြော၍ သားငယ်ကိုလည်း ဆိုစေ၏။ ထိုအကြောင်းကြောင့်လာ၍ ပြောဆိုခြင်းဖြစ်လေသည်။)



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တလင်းကျေ၍ စပါးများခြင်တွယ်ကြရာ စပါးကလည်းထွက် ဈေးကလည်းကောင်းသဖြင့် လယ်ရှင်ဦးသြထံမှ ယူထားရသော ကြွေးမြီများ နှင့် လယ်ထောက်ခများပါ ခုနှိမ်ရှင်းလင်းကာလ ကိုတလုပ်အတွက် ငွေ ၄၀ ကျပ် ကျော်ကျော် ကျန်လေ၏။ ထိုငွေများကိုလည်း လယ်ရှင်ကိုသာ ပြန်၍ အပ်ထားခဲ့ပြီးလျှင် "ကျွန်တော်အလိုရှိမှ တောင်းမယ်" ဟု ပြော၍ ထား လေ၏။

ရပ်သူရွာသားများလည်း...

"တစ်ခါဖြင့် နီးကပ်နေပြန်ပြီ၊ ဘယ်လိုဘယ်ပုံများ စီမံမလဲ - ဦးသြ"

ဟု လယ်ရှင်ကိုသာ ကစားသလိုလိုနှင့် ပြောဆိုစောင့်ဆိုင်း ကြည့်ရှုနေ ကြလေ၏။

ထိုအချိန်ကား တပို့တွဲလကုန်ခါနီးပြီးဖြစ်၍ ရပ်ရွာအလိုက် တတ်အား သမျှ လှူဒါန်းခြင်း၊ ရှင်ပြုခြင်း၊ ပွဲလမ်းသဘင်များ ခံကြခြင်းပြုလျက် နေကြ လေ၏။

■ ■ ■

## ရွာထဲသို့ ပြောင်းတော့မှာလား

တစ်နေ့သောညဉ့်၌ မိတ်ဆွေ(၂)ဦးသည် တဲတွင် ပြောဆိုနေကြ သည်မှာ...

"မိတ်ဆွေ ရွာထဲကိုဝင်တော့ ပြောင်းတော့မလား၊ မပြောင်းသေး သည်မှာပဲ နေပါတော့၊ ရေနွေးစ်ကိုလည်း သည်လယ်ကို မိတ်ဆွေပဲလုပ်ပါ သို့မဟုတ် သည်လယ်ကို ဝယ်ယူလိုက်ပါလား"

ဟု အကြံပေးလေ၏၊

ကိုတလုပ် ။ ။ "ရေနွေးစ်တော့ ဆက်လက်၍ လုပ်ရပါလိမ့်မယ်၊ ဝယ်ဖို့ တာကတော့ကောင်းပါရဲ့၊ ကျုပ်မှာဘယ်ကငွေရှိလို့ဝယ် နိုင်ပါ့မလဲ ကိုရဲခေါင်"



ရဲခေါင် ။ ။ "ငွေအတွက် ဘာပြောနေစရာလဲဗျာ၊ ကျုပ်ပေးမှာပေါ့"

ကိုတလုပ် ။ ။ "ယခုနှစ် ချက်ချင်းဝယ်က ကောင်းမယ် မထင်သေးပါ၊ သည်နှစ်လုပ်သလို လယ်ခနှင့်လုပ်၍ပြီးမှ ရေနွေးစ်ဝယ်ယူ လိုက်လျှင် တော်လိမ့်မယ်။ ချက်ချင်းဝယ်ယူက ဘယ်က ငွေရ၍သင်းတို့ဝယ်နိုင်သလဲဟုစဉ်းစားရန်တစ်ခုဖြစ်ပေါ် လိမ့်မယ်၊ နေ့ကိုလည်း ကျုပ်တို့ရွာထဲကို မပြောင်းတော့ ဘူး။ မိတ်ဆွေကသာ ရန်သူမျိုးများ မနှိပ်စက်ရအောင် စောင့်ရှောက်ကူညီပါ၊

ရဲခေါင် ။ ။ "စိတ်သာချပါ၊ ဘယ်သူမှ မနှိပ်စက်၊ မဖျက်ဆီးအောင် ကြည့်ရှုပါ့မယ်" ဟု ကတိထားလေ၏၊

နံနက်လင်းသောအခါ ကိုတလုပ်သည် ရွာထဲသို့ သွား ကာလ "ကို တလုပ် - ဦးတလုပ်" စသည်ဖြင့် နှုတ်ဆက် ကြပြီး "ရွာထဲဘယ်တော့ ပြောင်းမလဲ" ဟု မေးကြသော အခါ ကိုတလုပ်က

"ဟုတ်ကဲ့" - ကျောင်းဒကာကြီး ဘယ်လိုပြောဦးမယ် မသိသေးဘူး။ သူ့စကား နားထောင်ကြည့်ရဦးမယ်ဟု ပြောရင်းဆိုရင်းနှင့် လယ်ရှင်အိမ်ဆီသို့ ရောက်သွားလေ ၏၊ လယ်ရှင် ဦးသြသည် ဆီးကြို၍ -

ဦးသြ ။ ။ "မောင်တလုပ်လာဟေ့ - မင်းတို့ရွာထဲကို ပြောင်းတော့ မလား။ ယခုဘာအတွက် လာခဲ့သလဲ"

ကိုတလုပ် ။ ။ "ဟုတ်ကဲ့၊ ရေနွေးစ်ကျွန်တော် လယ်ကို ဆက်လက်လုပ် ကိုင်ရမှာပဲလား။ သည်လို ဆက်လုပ်ရရင်လည်း ရွာထဲ မပြောင်းပါဘူး၊ နေ့ကပဲ ပြင်ပြီး တိုးသင့်တာတိုးမယ်ဟု စိတ်ကူးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဩ ။ ။ "အို … ဘယ့်နယ် သည်လယ်ကို မင်းမလုပ်ရဘဲ ရှိမလဲ။ မင်းတစ်သက် သည်လယ်ကို လုပ်ပါကွယ်။ မင်းမလုပ်ရင်သာနောက်တော့ မင်းကသာ နောက်မဆုတ်ပါနဲ့"

ကိုတလုပ် ။ ။ "ဟာ – ကျွန်တော်ကတော့ သည်လယ်ကို တတ်နိုင်လျှင် အပိုင်သာဝယ်ယူလိုက်ချင်တာပဲ။ ငွေမရှိလို့ သာပေါ့"

ဦးဩ ။ ။ "အို … သည်လိုများဖြင့် ယူပါကွယ်။ မင်းသာလိုချင်လျှင် ယခု မင်းငွေအပိုကို အဝင်ပြု၍ထား၊ ရှေ့နှစ်ခါ လုပ်ကိုင်ပြီးမှ ပိုငွေနှင့် ကျန်ငွေကို ဆပ်ပါကွယ်။ မင်းလယ်လိုခဲ့ သဘောထားပါ၊ ငါလေ မင်း အပေါ်မှာ များစွာမဟုတ်ပါဘူး။ သည်လယ်ဝယ်ရင်းနဲ့ ကုန်ကျသော စရိတ်အနည်းငယ်ပါမှ တစ်ထောင်ကျော်ကလေးကျတယ်။ အဲသည်အတိုင်းငါပေးမယ်၊ ယခုဒီလယ်ကြီးဟာနှစ်ထောင်ကျော်တန်နေသည်ကွဲ့"

ကိုတလုပ် ။ ။ "သည်လိုဖြင့် အလွန်ကောင်းပါတယ်ခင်ဗျား၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရွာထဲကို မပြောင်းဘူး၊ မိန်းမကိုလည်း ယခု နွေအခါ ကုန်စုံကလေးများကိုပဲ အရောင်းခိုင်းထားရမှာပဲ"

ဟု ပြောဆိုပြန်လာ၍ တဲမှာပင် နေထိုင်ကြလေ၏။

ဤကဲ့သို့ နေထိုင်လာခဲ့ရာ တန်ခူးလသို့ ရောက်ကာလ ရပ်သူရွာသားတို့လည်း စကားစပ်မိတိုင်း …

"ဘယ့်နယ်လဲဟေ့ – ဤလူကား – လလွန်လို့ နှစ်ကူး တန်ခူးလရောက်လာပြီ၊ ဘာမျှ မဖြစ်သေးပါကလားဟေ့"၊ တချို့ကလည်း "အချိန်တန်လို့ နွားပိန်ကန်မှာပါပဲကွဲ့" ဟု ပြောဆိုကြလေ၏။

■ ■ ■



## လယ်ပိုင်ရှင် ကိုတလုပ်

တန်ခူးလ – သင်္ကြန်အခါကြုံလာ၍ ရွာထဲမှာ အလှူအတန်း၊ အကျွေးအမွေးစု၍လုပ်ကြရာ ကိုတလုပ်လည်းထိုနေရာသို့လာရောက်လုပ်ကိုင်ကာ စားသောက်ရင်း စကားပြောဆိုကြလေရာ လယ်ရှင်ဦးဩလည်း ရောက်ရှိသည်နှင့် စကားစပ်မိရင်း …

ဦးဩ ။ ။ "ဘယ့်နယ်လဲ – မောင်တလုပ်၊ ဘယ်လိုများ လုပ်မလဲကွဲ့"

---

[redacted] 'ဟုတ်တယ်မိတ်ဆွေ၊ ကျုပ်တို့ကို ပိုင်ဆိုင်သော အထက်အကြီးအကဲများကကျွန်နေရာမှာမနေကြရ၊ ပြန်လာခဲ့ကြရမယ်လို့အမိန့်ပေး၍ခေါ်သောကြောင့် သွားရတော့မယ် မိတ်ဆွေ၊ နေပါရစေ ခွင့်တောင်းလို့မရ တစ်ချက်လွှတ်အမိန့်ဖြစ်သည်'





www.burmeseclassic.com

www.burmeseclassic.com

ကိုတလုပ် ။ ။ "ဟုတ်ပါတယ်၊ ကျောင်းဒကာ သည့်အတွက် စကားပြောရအောင်။ ကျောင်းဒကာဆီလာရင်း သည်မှာလည်း ကြုံကြိုက်၍ဝင်ရာ အခန့်သင့်ကျောင်းဒကာနှင့် တွေ့နေတာပဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာကိုသာ အမိန့်ရှိတော်မူပါခင်ဗျား"

ဦးသြ ။ ။ "မင်းသဘောကကော ဘယ်လိုလဲကွဲ့"

ကိုတလုပ် ။ ။ "ကျွန်တော့် သဘောကတော့ ကျောင်းဒကာ အရင်ပြောသလို ပိုင်ပိုင်ကြီးသာ လုပ်ချင်တာပဲ"

ဦးသြ ။ ။ "ကောင်းပြီ၊ သည်ဟာဖြင့် မင်းက ငါ့ထံတွင် အပ်ထားတဲ့ ငွေလေးရာကို အဝင်ပြု။ ငါက ဤလယ်ကို အဖိုးငွေ တစ်ထောင်နှင့် ရောင်းမယ်။ ကျန်ငွေခြောက်ရာကို ယခုနှစ်လုပ်ကိုင်ပြီးက ကျေလည်အောင် ဆပ်နိုင်ကဆပ်၊ မကျေတတ်လျှင် ရှေ့နှစ်လုပ်ပြီးဆပ်၊ ဤကဲ့သို့ (၂)နှစ်နှင့် အကျေဆပ်။ ကိုင်း - စာချုပ်ရေးတော့" ဟု…

အများရှေ့တွင် ပြောရာ တစ်ယောက်သောသူက ဝင်၍…

"ယခုနှစ် ဤလယ်ကို မလုပ်နိုင်ဘဲ သည်လူတစ်စုံတစ်ရာကိစ္စဖြစ်က ပေးထားသော ငွေလေးရာ ဆုံးရတော့မှာလား ဦးကြီးရဲ့"

ဟု မကြိုက်သော အသံနှင့် ဝင်ရောက်ထောက်ခံပြောဆိုရာ ဦးသြက…

"ဟာ - လူများကောင်းသော မင်္ဂလာစကားပြောနေရာ မင်း ဘာဝင်ရှုပ်သလဲကွဲ့၊ မဟုတ်တာတွေ မပြောပါနဲ့။ ငါက ဤလူအပေါ်မှာ ဘယ်အခါမှ မတရား မလုပ်ပါဘူးကွဲ့"



ဟု ဆိုကာ လယ်ကို အရောင်းအဝယ်ဖြစ်သွား၍ "မောင်တလုပ်၊ မဂျမ်းပုံတို့ ပိုင်လယ်" ဟူသော အမည်နှင့် ယခုလုပ်ကိုင်ရလေ၏။

ဤကဲ့သို့ လုပ်ကိုင်ရာ နှစ်တိုင်းကဲ့သို့ပင် ကောင်း၍ စပါးကလည်းထွက်၊ သူ၏ မယားကလည်း ဈေးပါရောင်းချ၍ မြတ်စွမ်းသည်ဟု ဆိုကာ (၂)နှစ်နှင့်ပင် လယ်ဖိုးကို အကျေပေးဆပ်၍ ကြွေးမြီမရှိ၊ လယ်ပိုင်နွားပိုင်ဖြစ်၍ လာလေ၏။

ဤသို့ လုပ်ကိုင်ပေါင်းသင်းဆက်ဆံလာရင်း တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်၍ အနီးအနားရှိမြေများကိုပင် နှစ်စဉ်နှစ်တိုင်းဝယ်ယူလေ၏။ ထိုသို့ မိတ်ဆွေအဖြစ်နှင့် ပေါင်းသင်း၍ မစခြင်းကို ခံလာသည်မှာ (၆)နှစ် တိုင်တိုင်ကြာရှိကာလ "ကိုတလုပ် - ကိုတလုပ်" ဟူသော အမည်သည် အတော်ပင် ပေါ်ထင်၍ လာလေ၏။

■ ■ ■

## ဝမ်းနည်းကြေကွဲဖွယ်သတင်း

တစ်နေ့သောည တစ်ညတွင် ရဲခေါင်ကြီးသည် ကိုတလုပ်၏ တဲထဲ၌ ကြည်မသာညှိုးနွမ်းသော မျက်နှာများနှင့်…

"မိတ်ဆွေ ယနေ့မှစ၍ ရှေ့ကို (၆)ရက်သာ မိတ်ဆွေနဲ့ ကျုပ်တို့နဲ့ တွေ့ဆုံပြောဆို၍ နေကြရတော့မယ်၊ (၇)ရက်မြောက်သောနေ့၌ ခွဲခွာကြရတော့မယ်၊ နောက်ကို တွေ့ဆုံဖို့ရန် ခဲယဉ်းတော့ပြီ"

ဟု ပြောရာ ကိုတလုပ်ကလည်း အထိတ်တလန့်နှင့်…

"ဘာပြုလို့လဲမိတ်ဆွေ၊ မပြောကောင်းသော စကားကို မပြောပါနှင့်"

ဟု ပြန်ပြောရာ ကိုရဲခေါင်က…



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်မိတ်ဆွေ၊ ကျုပ်တို့ကို ပိုင်ဆိုင်သော အထက်အကြီးအကဲများက ဤနေရာမှာ မနေကြရ၊ ပြန်လာခဲ့ကြရမယ်လို့ အမိန့်ပေး၍ ခေါ်သောကြောင့် သွားရတော့မယ် မိတ်ဆွေ၊ နေပါရစေ - ခွင့်တောင်းလို့ မရ တစ်ချက်လွှတ်အမိန့်ဖြစ်သည်"

ဟု ပြောရှာလေ၏။

ကိုတလုပ်လည်း မကြံတတ် မစည်တတ်၊ ငေးမှိုင်တွေဝေ မျက်ရည်သွယ်ဆင်း၍ "မိတ်ဆွေမရှိက ကျုပ်တို့လည်း ဤအရပ်မှာ မနေတော့ဘူး။ နောက်လာမယ့်သူက ဘယ်လိုလူများလာမယ်ကိုလည်း မသိ၊ ကောင်းစေကာမူ မိတ်ဆွေကိုသာ သတိရမိသဖြင့် ဖြစ်နိုင်တော့မယ် မဟုတ်ပါဘူး"

ဟု ညည်းညူရာ ကိုရဲခေါင်က "ဟာ - မိတ်ဆွေ စိတ်ချလို့သာနေတော့ သည်နေရာမှာ ဘယ်သူ့ကိုမျှ မထားတော့ဘူး။ အားလုံး ဤအနားမှာရှိသော ကျတ်ဟူသမျှတို့ကိုအကုန်ရုပ်သိမ်းခေါ်ယူပြီးပင်လယ်ဝနားမှာနေရာချထားလိမ့်မယ်"

လို့ ပြောပြီး ပြန်သွားလေ၏။ ဤကဲ့သို့ ကျတ်မိတ်ဆွေ ရဲခေါင်ပြောပြ ပြန်သွားသည့် နေ့ကစ၍ ကိုတလုပ်လည်း မကြည်မသာညှိုးငယ်စွာနှင့် ရက်ကိုသာ ရေတွက်မှတ်သားလျက်နေလေ၏။

နောက် (၆)ရက်နေ့ညရောက်သောအခါ...

"မိတ်ဆွေရေ - နက်ဖြန် လင်းအားကြီးရောက်က နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ခဲ့မည်။ မိတ်ဆွေလည်း စောင့်၍ နှုတ်ဆက်ပေတော့" ဟု ပြောဆိုပြန်သွားလေ၏။ ထိုနေ့ညတစ်ညလုံး ကိုတလုပ်တို့ အိမ်သားတစ်စုသည် အိပ်၍လည်း မပျော်တော့ဘဲ နားတစွင့်စွင့်နှင့်သာ အချိန်ကို ကုန်လွန်စေလေ၏။ လင်းအားကြီးအချိန်သို့ ရောက်လာသောအခါ ကလေးငိုသံ၊ လှည်းသံ၊ ခေါ်ကြ အော်ကြသံများသည် တဖြည်းဖြည်း ဆူညံလာပြီးလျှင် "သွားပြီ - သွားပြီ" ဟု အော်၍ နှုတ်ဆက်သံကို ကြားကာလ ကိုတလုပ်တို့ကလည်း ...

"သွားကြတော့ - သွားကြတော့"



ဟု ငိုသံပါနှင့် နှုတ်ဆက်ကာ ညှိုးငယ်လျက် ကျန်ရစ်ခဲ့ရှာလေသတည်း။

ယခု ဤကိုတလုပ်နေသော တဲနေရာတွင် ရွာတည်ထားရာ အထက်က "အညာစု" ဟု ခေါ်၏။ ယခုမူကား "မင်းလှစု" ဟု ခေါ်၏။ ဖျာပုံနယ်၊ ကျုံပျော်ရွာအနီးတွင် ရှိပေ၏။ ထိုအနားက လယ်ကြီးကိုလည်း ယခုထက်တိုင် "မလုပ်ကောင်း" ဟု ခေါ်တွင်လျက်ပင် ရှိလေ၏။

ကျမ်းကိုး -
တစ္ဆေသွင်းဟောင်းကျမ်း
စာမျက်နှာ (၁၂၉ - ၁၅၀)
၁၉၃၄၊ ပထမအကြိမ်

မြေမည် ⇨ **သရဖူ**

## စာမူရှင်များသို့

"ဂမ္ဘီရစွယ်စုံ" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

မင်းခေါင်အုပ်နှင့်အနားတီတျာထိတ်လန့်သံကြား၍ပြိုင်တူ

ကြည့်လိုက်ကြသည်။ တခြားမဟုတ်

ဘောက်ဆာကားဘီလူးနီကြီးသူ့အရှိန်ကိုသူမထိန်း

တော့ပဲမာကျူရီမာတ်မီးတိုင်ကြီးတစ်တိုင်ကိုဘုံကြ

ဝုန်းခနဲဝင်ကျူးထည့်လိုက်ပြီးမီးသောင်ပေါ်

သွားခြင်းဖြစ်သည်



နန်းထိုက်ရိုး

၊ နိုင်ငံခြား ဘာသာသိပ္ပံ၊



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယပိုင်း

မီးတောက်မီးလျှံကြီးတစ်ခုက ကြောက်လန့်စရာ မီးတောင်ကြီးတစ်ခု ပေါက်ကွဲပွင့်ထွက်သွားသလို မှိုပွင့်ကြီးတစ်ခုအသွင်၊ ကောင်းကင်ထဲ လွင့်မြောက်တက်သွားပါသည်။

ကောင်းဘွိုင်ဒရိုင်ဘာနှင့်သူ့အဖော်တို့နှစ်ဦးကိုလည်း မီးတောက်ကြီးက ဝါးမျိုသွားသည်ထင်သည်။ ကားနီကြီးက မာကျူရီလမ်းမီးရောင်များနှင့် လရောင်ဝါဝါလေးထဲတွင် မီးတောက်မီးညွန့်တွေ တဟုန်းဟုန်း လျှံထွက်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကြောက်လန့်စရာ နီရဲလင်းထိန်နေသော ဘောက်ဆာနာကားကြီး၏ ငရဲမီးလျှံကြီးကို မင်းခေါင်အုပ်နှင့် အနူးတီတာ တို့ နှစ်ဦးကားထဲမှ ပြန်လှည့်ကြည့်လိုက်ကြပြီး အသက်မရှူနိုင်အောင် ထိတ်လန့်ငေးမောနေမိကြသည်။

"ဟူး … တော်သေးတယ်။ ကိုယ်က ဒီတစ်ကြိမ်တော့ ငရဲကို ဖောက်ထိုးကျပြီးဝင်လိုက်တာ။ အံ့သြစရာပဲ၊ မင်း လီဗာကို ဆောင့်နင်းချလိုက်လို့ သီသီလေး ကပ်လွဲသွားတယ်။ နို့မဟုတ်ရင်တော့ ဘောက်ဆာကားနီကြီးက တို့ရဲ့ဂျီတီကားလေးကို ခါးလယ်ကနေ ထက်ပိုင်းပြတ် ဝင်ကြုံးပစ်လိုက်မှာ နူး - မင်း - လျှင်ပေလို့သာပေါ့ကွာ"

မင်းခေါင်အုပ်က သူ့ရှပ်ဒေါင်းနက်မလေးကို အပြစ်မမြင်၊ အပြစ်မတင် ရက်သည့်အပြင် ချီးကျူးစကားပင် လေးနက်စွာ ဆိုလိုက်ပါသေး၏။



သို့တစေ - အနူးတီးတျာထိုင်းမဟူရာလိပ်ပြာမကလေးကလည်း စိုလဲ့သည့် အားနာမျက်ဝန်း၊ စိတ်ထိခိုက် နာကျင်နေသည့် အကြည့်နွမ်းတွေဖြင့် မင်းခေါင်အုပ်ကို တိုးဖွဖွ တောင်းပန်သည်။

"နူး … စိတ်မကောင်းပါဘူး အစ်ကို၊ ဝမ်းနည်းပါတယ်။ နူးကြောင့် အစ်ကို ထိတ်လန့်တကြား အန္တရာယ်ဆိုးနဲ့ကြုံလိုက်ရတာ။ ဒါနဲ့ပါဆို နှစ်ကြိမ်ရှိသွားပြီ၊ ကိုသာ မတော်တဆ တစ်ခုခု ဖြစ်သွားရင် ဖောင်တော့ နူးကို အပြစ်တင်လို့ဆုံးမှာ မဟုတ်တော့ပါဘူး။ ပြီးတော့ ဟိုမြွေမြူမနဲ့ ကချေသည်မတို့နှစ်ဦးရဲ့ အနက်ရောင်အစွဲတွေက ဒီ့ထက်ပိုပြီး နူးအပေါ် ပြင်းထန်လာကြလိမ့်မည်၊ ဒါပေမဲ့ - အစ်ကို - ထူးဆန်းတာ တစ်ခုက နူးကို "ကောင်းကင်တမန်" တစ်ပါး ပါးက စောင့်ကြပ်နေသလားတော့မသိ။ ဘောက်ဆာကားနီနီကြီး အရှိန်ကြမ်းနဲ့တောင်ဘက်က အတင်းမောင်းဝင်လာချိန် စက္ကန့်ပိုင်းကလေးမှာ ပထမ တစ်ကြိမ်က အတိုင်းပဲ။ နူး အာရုံထဲမှာ အသံစိမ်းစိမ်းတစ်ခုဖျတ်ခနဲကြားလိုက်ရတယ်၊ "လီဗာကို နင်းချလိုက်၊ လီဗာကို နင်းချလိုက်။ လုပ် - လုပ်မြန်မြန်လုပ်" ဆိုတဲ့ထူးဆန်းတဲ့အသံတစ်ခုဖျတ်ခနဲ ပေါ်လာတယ်။ နူးလည်းကြောက်လန့်တကြား သူ ပြောသလို လီဗာကို ဖိနင်းချလိုက်တာ၊ ကားက မိုင်တစ်ရာ နှစ်ဆယ်နှုန်းလောက်ခုန်ပျံလွင့်ထွက်သွားတာ။ မီတာဒိုင်ခွက်မှာ နူး ရိပ်ခနဲမြင်လိုက်ရတယ်၊ တော်ပါသေးရဲ့ - သီသီကလေး လွတ်သွားတယ်၊ ဟွီး -"

နူးက တနွမ်းတမောလေးပြောပြီး နလုံးသားထဲက ရင်အပူနိုးတွေကို ကြမ်းကြမ်းလေး မှုတ်ထုတ်ပစ်လိုက်ပါသည်။

မင်းခေါင်အုပ် ခြောက်သွေ့သွေ့လေး ပြုံးလိုက်သည်။

"အဲဒါ … သိလား နူး၊ ဒါဟာ မင်းရဲ့ထူးခြားတဲ့စွမ်းအင် "မသိစိတ်စေ့ဆော်မှု" တစ်ခုပဲ၊ ထူးဆန်းတဲ့လူတွေမှာ အဲဒီ "မသိစိတ်" တွေ ရှိတတ်တယ်၊ ဒါမှ မဟုတ်ရင်တော့ မင်းကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ စောင့်ကြပ်နေတာ ဖြစ်မယ်"

မင်းခေါင်အုပ်က ဒေါင်းနက်ဒေဝီသတို့သမီးလေး အားမငယ်စေဖို့ ခံတော စိတ်ထားလေးဖြင့် နွေးထွေးစွာ ဖီအားပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနူးတီတျာ ကြည်နူးစွာလေး ပြုံးနေသည်။

ထိုအခိုက်အတန့်လေးတွင် ပတ္တရောင်ကင်းလှည့် ရဲကားတွေနှင့် မီးသတ်ကားတွေ၊ ဥဩသံတွေ ဆူညံစွာပေးလျက် အလျှိုလျှို ရောက်ရှိလာကြလေသည်။ အနီးအနားမှ ကားများနှင့်လူများလည်း မီးတောက်လောင်နေသောဘောက်ဆာကားကြီး၏ပတ်ပတ်လည်သို့ဝိုင်းပြီး စုပြုံလာကြလေသည်။

မင်းခေါင်အုပ် ထိုရှုခင်းကို လှမ်းကြည့်နေရင်း သူ့ရင်ထဲက လှိုင်းခတ်သံလေးတစ်စုံ တိုးဝှေ့ဖွဖွလေး ပြန်ကြားယောင်လိုက်သည်။ မင်းခေါင်အုပ်ကိုယ်ခန္ဓာလေး မသိမသာ တုန်လှုပ်သွား၏။

ထိုအသံလေးတစ်စုံက မစ္စကွန်ဘိုနှင့် ကချေသည်ထိုင်းမလေးတို့နှစ်ဦး၏ "နိမိတ်စိမ်း" သတိပေးစကားလေးတွေ ဖြစ်၏။ ထူးဆန်းစွာ သူတို့အသံနှစ်ခုက တစ်ပြိုင်နက် စီးမျောလွင့်ထွက်လာနေကြသည်။

မင်းခေါင်အုပ်၏နှလုံးသားတွေ လိပ်ပြာတောင်ပံခတ်ပြီး ဝရုန်းသုန်းကားလွင့်ပျံကုန်သည်။ သူ့ရင်ထဲမှာစိုးရိမ်စိတ်တွေ နိုးကြွထွက်လာသည်။ သူ့သိစိတ်နှင့် နှလုံးသားကို ဆင်ခြင်တုံတရားက ရုတ်တရက် လွှမ်းမိုးလိုက်သည်။

သူ ...နောက်တစ်ကြိမ် ထပ်ပြီး အစဉ်းစားအဆင်ခြင်ကင်းမဲ့စွာ မမိုက်မဲမစွန့်စားသင့်တော့ဟု သူ ဆုံးဖြတ်လိုက်သည်။ နောက်ထပ်ခရီးဆက်ရန် "ဘန်ကောက်" မြို့တော်သို့ တစ်နာရီခန့် ကားမောင်းရဦးမည် ဖြစ်၏။ ထိုခရီးကို သူ၏ တတိယမြောက် အန္တရာယ်ဆိုးအဖြစ် အဖြစ်မခံနိုင်တော့ပါ။ မည်သို့ဆိုစေ - မပြေးသော် ကန်ရာရှိရတော့မည်ဖြစ်သည်။ သူ့ကိုသွေးကြောင်သူဟု ဆိုချင်လည်း ဆိုစေတော့ -

သူ့ဆုံးဖြတ်ချက်ကို မင်းခေါင်အုပ် အတည်ပြုလိုက်၏။

သူ အနူးတီတျာဘက် ဖျတ်ခနဲလှည့်ပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

"မင်း ... ပင်ပန်းနေပြီ။ ကဲ - နူး - မင်း ဒီဘက်မှာ တစ်လှည့်လာထိုင်။ ကိုယ် ... မောင်းမယ်"



အနူးတီတျာ သူ့ဘက် အိုကေ (As you like it) စိမ်းဝွေ့ဝဲလေး လှည့်ကြည့်၏။ သူမ မျက်ဝန်းတွေ အံ့ဩသည့် အသွင်ဆောင်နေသည်။ သို့သော် သူမ အပြုံးနုလေးနှင့် နေရာမှ ထလိုက်ပြီး ကားတံခါးကိုဖွင့်ကာ ကားခေါင်းရှေ့မှ ပတ်လာခဲ့၏။ မင်းခေါင်အုပ်က ဒရိုင်ဘာနေရာမှာ ရွှေ့ထိုင်လိုက်သည်။ နူးက သူ့နံဘေးတွင် ကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်ချသည်။

မင်းခေါင်အုပ် ဂျီတီပြိုင်ကားခရစ်ဘီယံကလေးကို စက်နှိုးကာ လေဟုန်စီးပြီး ခရီးဆက်နှင်လာခဲ့သည်။ ဂျီတီကားလေးက လရောင်ဝါဖန့်ဖန့်လေးထဲ၌ ငှက်ကလေးအသွင် လွင့်ပျံပြေးထွက်လာသည်။ သူသူ့ရဲ့နိမိတ်စိမ်းလေးကို စိန်ခေါ်ပြလိုက်သည်။

မဟာ့ရာနတ်သမီးနူး၏ သပြေသီးရောင် မျက်နှာနုလေးက အပြုံးပွင့်လေး ဝိုဝဲနေ၏။

ထိုင်းစံတော်ချိန် ည (၇း၂၇) နာရီတွင် သူတို့နှစ်ဦး၏ စယ်လီကာဂျီတီကားလေးက "ရွှေသစ်ခွဟိုတယ်" ရှေ့၌ ငြိမ့်ခနဲ ထိုးရပ်သွားသည်။

ရွှေသစ်ခွဟိုတယ်ကြီးက မာကျူရီမီးရောင်စုံတွေနှင့် လှပခမ်းနားစွာ ဝိညာဉ်ပွင့်တွေ တောက်ပလွင့်ပျံနေသည်။

မင်းခေါင်အုပ်နှင့်အနူးတီတျာတို့နှစ်ဦးက ကားဝင်းထဲမှ လှမ်းထွက်လာကြပြီး ဟိုတယ်ထဲသို့ လှမ်းဝင်လာခဲ့ကြသည်။ ရှစ်လွှာမှ သူတို့အခန်းဆီ ဓာတ်လှေကားဖြင့် တက်လာခဲ့ကြပြီး ညေ့ခန်းပြာပြာလေးထဲတွင် ငါးမိနစ်မျှ အနားယူအပန်းဖြေလိုက်ကြကာ မက်မန်းဝိုင်နှင့် ဘာလီသစ်ခွပန်းရုံတစ်ခွက်စီ အမောဖြေ သောက်လိုက်ကြသည်။

ည (၈) နာရီတိတိတွင် သူတို့နှစ်ဦး ရေမိုးချိုးသန့်စင်လိုက်ကြကာ လှပတော့ရှင်းစွာ ဝတ်စားဆင်ယင်လျက် သူနှင့်အနူးတီတျာတို့နှစ်ဦး ဟိုတယ် အောက်သို့ လှမ်းဆင်းလာခဲ့ကြသည်။

အနူးတီတျာက အလွန်လှသည့်ထိုင်းခေတ်ပေါ်အနောက်တိုင်းဆန်ဆန် ငွေပြာရောင်ဝတ်စုံဆန်းကိုဝတ်ဆင်လျက် သူမ၏လည်တိုင်တွင် ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com

'ဟာ . . . ကြည့်စမ်း အစ်ကို'

ဟိုမှာ ကျီးကန်းကလေးတစ်ကောင်။

'အဖော်ကွဲပြီး အိပ်တန်းပျောက်နေလို့ထင်တယ်။

နူးတို့သမွန်လက်တန်းကလေးပေါ် လာနားတယ်။

သူလည်း နူးလိုပဲ အသွေးအရောင်တူ

အပယ်ခံအကျည်းတန်မဟုတ်ရာ

ငှက်ကလေးတစ်ကောင်

ထင်ပါရဲ့နော်။'



---

ပုလဲလည်ဆွဲကို ခန့်ထည်စွာ ဝတ်ဆင်ထားသည်။ မဟူရာနတ်သမီးလေးက အိပ်မက်ဆန်စွာ လှနေသည်။

ထို့နည်းတူ မင်းခေါင်အုပ်ကလည်း ကြည်ပြာနုရောင် ရှပ်အင်္ကျီလက်ရှည်ကို အတွင်းခံဝတ်ထားပြီး ရွှေအိုရောင်နှင့်အနီရောင် နက်တိုင်လည်စီးကို သပ်ရပ်စွာ စည်းထားကာ အနက်ရောင်အနောက်တိုင်းဝတ်စုံကို ဆင်မြန်းထားပါသတည်း။

သူတို့နှစ်ဦးစုံတွဲက ထူးထူးခြားခြားလေး ခန့်ညားတောက်ပနေသည်။ အနူးတီတျာနှင့် မင်းခေါင်အုပ်တို့နှစ်ဦး အစိမ်းရောင် ဒိုင်းနီးရှမ်းထဲတွင်



ထိုင်းပင်လယ်စာ (Thai sea food) ညစာကို ပျော်ရွှင်ကြည်နူးစွာ အတူစားခဲ့ကြပြီးနောက် "မဲနမ်"မြစ် အတွင်း၌ စက်တပ်သမွန်လေး တစ်စီးကို စီးပြီး လျှောက်လည်ခဲ့ကြသည်။

ထိုညသည် သူတို့နှစ်ဦး၏ မမေ့ရက်နိုင်စွာ "ပဋိညာဉ်ည"လေးတစ်ည ဖြစ်ခဲ့သည်။

နန်းဆန်ဆန် ထိုင်းစက်သမွန်လေးက "အောက်မေ့ဖွယ်တံတား" အောက်မှလရောင်နှထဲတရွှေ့ရွှေ့ဖြတ်သန်းလာခဲ့သည်။ "ချိဖရာယမဲနမ်မြစ်" ပြာပြာလေးကလှိုင်းကြက်ခွပ်လေးတွေလွင့်မြူးလျက်ညဂီတထဲဝယ် စီးမျောနေသည်။

"အား - အား - အား"

သူတို့သမွန်ကလေး တံတားအလယ်ခေါင်ဆီသို့ရောက်လာစဉ် မမျှော်လင့်ပဲ တံတားအရှေ့ဘက်ဆီမှ အသံစူးရှရှဖြင့် တအာအာ အော်၍ ပျံသန်းလာသည့် အဖော်ကွဲနေသော "ညကျီးကန်း"တစ်ကောင်က ဖြုန်းခနဲ ရုတ်တရက် သမွန်နံဘေးမှ သံတိုင်လက်တန်းပေါ် လာနားသည်။

သမွန်ပေါင်းမိုးဖြူဖြူလေးအောက်၌ ကော်ဖောနီရဲရဲလေးခင်းထားသည့် ခုံတန်းရှည်ပေါ် ထိုင်ပါလာကြသော သူတို့နှစ်ဦးက ကျီးကန်းကလေးကို အံ့သြစွာ လှမ်းကြည့်လိုက်ကြရင်း အနူးတီတျာက ရွှင်မြူးလက်ဝေ တောက်ပနေသော မျက်လုံးစိမ်းလေးတွေနှင့် မင်းခေါင်အုပ်ကို ရုတ်တရက် လှမ်းပြောလိုက်သည်။

"ဟာ ... ကြည့်စမ်း အစ်ကို" ဟိုမှာ ကျီးကန်းကလေးတစ်ကောင်။

"အဖော်ကွဲပြီးအိပ်တန်းပျောက်နေလို့ထင်တယ်။ နူးတို့သမွန်လက်တန်းကလေးပေါ် လာနားတယ်။ သူလည်း နူးလိုပဲ အသွေးအရောင်တူ အပယ်ခံအကျည်းတန်မဟုတ်ရာငှက်ကလေးတစ်ကောင် ထင်ပါရဲ့နော်။"

အနူးတီတျာက သူမကိုယ်နှင့် နှိုင်းယှဉ်၍ နိမ့်ချစွာဆိုကာ ကြေကွဲသံစဉ်လေးကို ရင်ဖွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"အို . . . မဟုတ်တာ၊ နူးက တော်ဝင်မဟူရာ ဒေါင်းနက်နတ်သမီးလေး တစ်ပါးပါ။ ပြီးတော့ နူးက ကိုယ့်ရဲ့မဟူရာ ဥက္ကာပျံကြယ်လေးတစ်ပွင့်ပဲ၊ အသွေးအရောင်ချင်း ဆင်ပေမယ့် တန်ဖိုးချင်းက မြေကြီးနဲ့ကောင်းကင်ပမာ ကွာခြားပါတယ် နူးရယ်"

မင်းခေါင်အုပ်က နူး၏ အားငယ်ကြေကွဲစွာ ဖွင့်ဆိုလိုက်သည့် အညွန်းကဗျာလေးကို ချက်ချင်းပြန် ငြင်းပယ်လိုက်ပြီးနောက် သူ့ရင်ထဲ၌ မျိုသိပ်အောင့်အည်းထားသည့် နလုံးသားလိုက်ကာကလေးကို ဖျတ်ခနဲ ဆွဲဖွင့်ပြလိုက်သည်။

မဟူရာနတ်သမီးလေး နူးကလည်း နိုင်ငံတကာ "တိုးရစ်ဂိုက်"မလေးပီပီစွာ မင်းခေါင်အုပ်၏အပြာရောင်တိမ်တိုက်ကလေးတွေ တိုက်စတ် လွင့်ရှားသွားပုံကို ချက်ချင်း အနက်အဓိပ္ပာယ်ဖွင့် သိနားလည်လိုက်သည်။

"ဟာ ... ညွှန်းလှချေလား၊ အစ်ကိုမြန်မာ နူး - ကောင်းကင်ပေါ် ပျံတက်သွားပါဦးမယ်။ အဟင်း - ဟင်း - ဟင်း"

ယင်းအခိုက်အတန့်ကလေးတွင် သမ္မန်လက်တန်းလေးပေါ်မှ ကျီးကန်းလေးက ရုတ်တရက် လေထဲထိုးပျံလွှင့်ခဲ့လျက် လရောင်နဝါဝါလေးထဲသို့ အနောက်ဘက်ဆီ ဦးတည်ကာ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

အနူးတီဗျာက အမှောင်နမ့်နမ့်ထဲ နစ်ဝင်ပျောက်ကွယ်သွားသော ကျီးနက်ကလေးဆီမှ အကြည့်ကို ပြန်ရုပ်ပြီး မင်းခေါင်အုပ် မျက်ဝန်းတွေဆီ ပြန်ရင်ဆိုင်လိုက်သည်။

"အစ်ကိုတို့ မြန်မာနိုင်ငံမှာရော ကျီးကန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လို သင်္ကေတအနက်အဓိပ္ပာယ် အတိတ်နိမိတ် အစွဲတွေရှိကြသလဲဟင်"

မင်းခေါင်အုပ် ချိုရဲစွာလေး ပြုံးလိုက်မိ၏။ သူ့ရင်ထဲကသည်မေးခွန်းလေးကိုနူး မေးလာလိမ့်မည်ဟု ကြိုတင်မျှော်လင့်ထားပြီးသား ဖြစ်၏။

"ရှိတယ် ... နူးရဲ့၊ ကျီးပြုံရင် ရန်လိုတတ်တယ်၊ ကျီးသာရင် ဧည့်လာဆိုတဲ့ ဆိုစကားရှိတယ်၊ အဓိပ္ပာယ်ကတော့ ကျီးကန်းတွေ အသိုက်အဝန်းနဲ့ အုံဖွဲ့ပြီး အော်ကြဟစ်ကြ ဆူညံပျံသန်းကြပြီဆိုရင် စစ်ဖြစ်တတ်ကြတယ်လို့ ရှေးလူကြီးတွေအစွဲရှိကြတယ်၊ ဒါပေမဲ့ - အဲ ကိုယ့်အိမ်အနီးအနားမှာကျီးသာနေတော့ ဧည့်သည်လာတတ်တယ်၊ အဲဒီဧည့်သည်ဟာလည်း ရွှေဧည့်သည်၊ ငွေဧည့်သည် ဖြစ်လိမ့်မယ်လို့ နိမိတ်ကောက်တတ်ကြတယ်လေ"

"ဟင် ... ဟုတ်လား - ဒါဆိုရင် ထိုင်းနဲ့မြန်မာရဲ့ကျီးတွေအပေါ်ထားရှိတဲ့ "အမြင်"ချင်းက သိပ်မကွာဘူးပဲ၊ တူညီကြတယ် အစ်ကိုရဲ့၊ နူးတို့ထိုင်းတွေမှာလည်း ကျီးကန်းတွေတစ်အုပ်စုနဲ့တစ်အုပ်စု ရန်ဖြစ်သတ်ပုတ် အော်ဟစ်ကြရင် ပြည်တွင်းစစ်ဖြစ်တတ်တယ်တဲ့၊ အင်း ... ကျီးကန်းတွေ ကိုယ့်အိမ်ပေါ် လာနိုကြရင် ဒါမှမဟုတ် ကိုယ့်အိမ်ထဲ ဝင်လာကြရင် အဲဒီ အိမ်ဟာ ရွှေမိုး ငွေမိုး ရွာတတ်တယ်၊ အဖိုးတန်ပစ္စည်းဥစ္စာ၊ ရတနာတွေ ဆင်မြန်း ရရှိတတ်လို့ ယုံကြည့်တတ်ကြတယ် အစ်ကိုရဲ့သိလား"

"ဟင် ... ဟုတ်လား - ဒါဆို စောစောက ကျီးနက်ကလေးက ကိုယ်တို့နှစ်ယောက်ရဲ့ဒီလေ့အိမ်ကလေးအပေါ်လာနိုးနားပြီး သွားတာဆိုတော့မကြာခင်မှာပဲ ကိုယ်တို့နှစ်ဦးလည်း ရတနာရွှေမိုးငွေမိုးတွေ ဆင်မြန်းရရှိကြတော့မှာနော်၊ ပျော်စရာကြီးကွာ၊ ကိုယ့်အတွက်တော့ ဒီညဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သင်္ကေတ ရွှေညလေးတစ်ညပဲ နူး"

"ဟုတ်တယ်အစ်ကို၊ နူးအတွက်လည်းဒီရွှေရောင်ညလေးဟာ "သိင်္ဂါရ အိပ်မက်ည"လေး တစ်ညပါပဲ၊ နူးတစ်သက် ဘယ်တော့မှ မေ့နိုင်တော့မှာ တော့ဘူး၊"

မင်းခေါင်အုပ်က သူ၏မဟူရာညနတ်သမီးလေးကိုငေးလွှင့်လွှင့်ကလေး စိုက်ကြည့်နေရင်း တိတ်ဆိတ်စွာလေး သက်ပြင်းချလိုက်သည်၊ ပြီးနောက်ကောတွင် သူ့ရင်ဘတ်ထဲကလိပ်ပြာလေးတွေ ခုန်ထွက်သွား၏။

"နူး - နူးကိုကိုယ်တစ်ခုမေးမယ်၊ နူးမှာ ဘဝအတွက်လက်တွဲဖို့ ရည်ရွယ်ထားတဲ့ ချစ်သူတစ်ဦးဦး ရှိနေပြီလား ဟင်"

နူး မျက်နှာလေးက မီးရောင်ပြာပြာလေးနှင့်လရောင်နလေးထဲမှာ နှမ်းမြည့်ရီဝေသွားသည်၊ သို့သော် - သူမက ခြောက်ခြောက်သွေ့သွေ့လေး မြန်ဆျတ် ဆိုလာသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - နှုးမှာအရင်ကတက္ကသိုလ်မှာတုန်းကနှုးချစ်ခဲ့ရဖူးသူတစ်ဦး ရှိခဲ့တယ်။ ဒါပေမဲ့ - နှုးတို့နောက်ဆုံးနှစ်မှာပဲသူကနှုးရင်ထဲကစိမ်းစိမ်းကားကား ပြေးထွက်သွားပြီး ယူအက်စ်က ခေတ္တပြန်လာတဲ့ လုပ်ငန်းရှင်ထိုင်းသူဌေး သမီးလေးတစ်ဦးနဲ့ လက်ထပ်ပြီးနယူးယော့ခ်ကို အပြီးအပိုင်ပြောင်းရွှေ့သွားကြတယ်၊ နှုးအဲဒီအချိန်ကစပြီးယောကျ်ားဆိုဘယ်ယောကျ်ားကလေးကိုမှ နှုးအဖေကလွဲရင် မယုံတော့ဘူး။ ပြီးတော့စိတ်မဝင်စားတော့ဘူး၊ နှုးရင်ထဲက ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရားတွေကို နှုးရဲ့ချင်းရှိုင်ဒေသက တောင်ပေါ်တိုင်းရင်းသား မျိုးနွယ်စု ကလေးငယ်အတွက် အပြီးအပိုင် မြှုပ်နှံထားလိုက်တော့တယ်။ ဒါဟာ နှုးဘဝရဲ့သစ္စာတရားပါပဲ အစ်ကို"

ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားပါသည်။

အနူးတီတျာ၏ သက်ပြင်းငွေ့ဖလးချလိုက်သံကို တိုးညင်းယဲ့ယဲ့ ထွက်ပေါ်လာသည်၊ မြစ်ပြင်ဆီမှ လှိုင်းဂယက်သံနှင့် သမ္မန်လေး၏ အင်ဂျင်စက်သံတိုးတိုးလေးက သူ၏ သီချင်းလေးတစ်ပုဒ်အသွင် ကြားနေရသည်၊ ငှက်သမ္မန်လေးက လရောင်နုလေးနှင့် မာကျူရီ ညမီးရောင်တွေ ကြားမှ မြစ်ပြင်ပြာပြာလေးထဲ "ဆလိုးဒေါင်း" အရှိန်လေးနှင့် လွင့်မျောလာနေသည်၊

"နှုးကို ... ကိုယ် ယုံတယ်၊ နှုး ကဲ - ဒါဖြင့် နှုးကို ကိုယ်အရေးကြီးတဲ့ နောက်ထပ် မေးခွန်းတစ်ခုမေးမယ်၊ နှုး သေချာ စဉ်းစားပြီး ဖြေရမယ်နော်"

"ဟုတ်ကဲ့ ... မေးပါ အစ်ကို"

"ကောင်းပြီ - တကယ်လို့ နှုး အင်မတန် သံယောဇဉ်ကြီးပြီး အင်မတန်ချစ်တဲ့ ထိုင်းနိုင်ငံမြောက်ပိုင်းက တောင်ပေါ်တိုင်းရင်းသားမျိုးနွယ်စု ကလေးလေးတွေအတွက်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေ စသည်ဖြင့် "ဖောင်ဒေးရှင်း" တစ်ခု တည်ထောင်မတည်ပေးပြီး နှုးရဲ့ပရဟိတ လုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်တစ်ဦးဦး ဆိုပါတော့၊ အလှူရှင် တစ်ဦးဦးက ကမ်းလှမ်းလာခဲ့မယ်ဆိုရင်ကော နှုးအဲဒီလူကိုဘယ်လိုသဘော ထားမလဲဟင်"



"ဟာ ... ဘယ်လို ပြောပါလိမ့် အစ်ကိုရယ်၊ နှုးလိုပဲ တကယ့်စေတနာ၊ ချစ်ခြင်းမေတ္တာနဲ့ ဒီကလေးတွေဘဝအတွက် လှပတဲ့အနာဂတ်တစ်ခုကို ဖန်ဆင်းပေးနိုင်မယ့် လူမျိုးတစ်ဦးသာဆိုရင် နှုးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်၊ အစ်ကို - ကွန်ဂရက်ကျူလေးရှင်းပါ အစ်ကို"

နှုးက ရိုးသားစွာဆိုသည်၊

မင်းခေါင်အုပ်ရင်ထဲမှာ ဆီးနှင်းတောင်ကြီးတစ်ခု ဝေါခနဲ ပြိုကျသွား၏၊ သူ ကြည်နူးလွန်းစွာ အပြုံးလှိုင်းတွေ သူ့မျက်နှာပေါ်မှာ ရိုက်ခတ်သွားလေသည်၊

"အဲ ... တစ်ခုတော့ရှိတယ်၊ အဲဒီလူက ဒီဖောင်ဒေးရှင်းကြီးပိုပြီး ခိုင်မာတည်တန့်ရအောင် အဲဒီ ဒေါင်းနက်နတ်သမီးလေးကို သူနဲ့ လက်ထပ်ဖို့ တောင်းဆိုခဲ့မယ်ဆိုပါတော့၊ ဘာကြောင့်လဲဆိုတော့ အဲဒီလူက ဒီ မဟူရာနတ်သမီးလေးကို သိပ်ချစ်နေလို့ပဲ၊ အဲဒီလိုဆိုရင်ရော နှုးက ငြင်းဦးမှာတဲ့လား၊

နှုးက သူ့ကို ဖျတ်ခနဲ ကြည်ပြာရောင် မျက်လုံးလေးတွေနှင့် အံ့သြဟန် စိုက်ကြည့်လိုက်သည်၊ ပြီး - သူ့မ အရယ်ပွင့်တွေ ကြဲလွင့်စဉ် ထွက်လာသည်၊

"ဟာ ... ဟား ... ဟားလက်စသတ်တော့ အစ်ကိုက နှုးကို သွယ်ဝိုက်ပြီး ညည်တားစကား ပြောနေတာကိုး၊ နှုးက တကယ်မှတ်လို့ နားထောင်နေတာ"

"အို ... ဒါ တကယ် ပြောနေတာပဲလေ၊ ဘာလဲ နှုးက ကိုယ့်ကို မယုံလို့လားဟင်၊ ဒါ - ကိုယ့်နှလုံးသားထဲက သစ္စာစကားတွေပါ နှုး၊ ကိုယ် နှုးကို ချစ်တယ်၊ နှုးကို ကိုယ် လက်ထပ်မယ်"

နှုး မျက်နှာလေး နွမ်းသွား၏၊

"နှုး ... အစ်ကို့ကို ယုံပါတယ်၊ ဒါပေမဲ့ - နှုးဟာ အခု လောလောဆယ်မှာ ဆောင်နာထရာရဲ့ဝန်ထမ်း "ညှော်လက်ဆောင်" အဖြစ် တာဝန်ယူထားရတဲ့ မိန်းကလေးတစ်ယောက်ပါရှင်၊ နှုးဟာ အစ်ကိုနဲ့ လက်ထပ်ဖို့ မတန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အိုး ... ဘာလို့ မတန်ရမှာလဲ၊ နူးကို ကိုယ်ချစ်တာ ဖောင်နာထရာရဲ့ ဖြည့်လက်ဆောင် ညပန်းပွင့်လေးအဖြစ်နဲ့ချစ်တဲ့ တဒင်္ဂအချစ်မျိုး မဟုတ်ဘူး၊ ထာဝရကိုယ်နဲ့လက်တွဲသွားရမယ့်ကိုယ့်ရဲ့ဘဝခရီးဖော်အဖြစ် ရွေးချယ်ပြီး ကိုယ့်နှလုံးသားထဲက မင်းကိုနက်နက်ရှိုင်းရှိုင်းချစ်တဲ့အချစ်မျိုးနဲ့ ချစ်တာ၊ မင်းကို သုံးလအတွင်းမှာ ကိုယ် လက်ထပ်မယ်၊ မင်းကို ကိုယ် သိပ်ချစ်တယ်၊ နူး"

"ဒါပေမဲ့ – မလွယ်ပါဘူး – အစ်ကို နူးနဲ့ အစ်ကိုက တစ်နိုင်ငံစီဝေးနေကြတာဆိုတော့"

"ဟာ ... ထိုင်းနိုင်ငံရဲ့ မြန်မာနိုင်ငံက ဘယ်လောက်များဝေးလို့လဲ နူးရဲ့ အိမ်နီးနားချင်း မြဲစည်းရိုးချင်းကပ်လို့ပါဗျာ၊ မြဝတီနဲ့ မဲဆောက်ဆိုတာ သောင်ရင်း ချောင်းကလေးပဲ ခြားပါတယ်ကွာ၊ တံတားပေါ်က ကူးလာရင် ဆယ်မိနစ်ပဲ ကြာတယ်နော်၊ လေယာဉ်နဲ့ဆိုရင်တော့ရန်ကုန်နဲ့ဘန်ကောက်ကို တစ်နာရီနဲ့လေးဆယ့်ငါးမိနစ်ပဲ ကြာတယ်၊ သိလား"

နူးက သူ့ကိုကြည်နူးရီဝေအပြုံးနလေးဖြင့်မျက်စောင်းပြာလေးထိုးလိုက်သည်၊ ထိုမျက်စောင်းငွေပြာရောင်နလေးက အချစ်၏သင်္ကေတ ပဒ္မညာဉ်ညလေး၏ရှေ့ပြေးနိမိတ်ကလေးဖြစ်မှန်းမင်းခေါင်အုပ်အသေအချာနားလည်လိုက်သည်၊

သူ ... မင်းခေါင်အုပ် ငွေပြာရောင်ဒေါင်းနက်နတ်သမီးလေးကို ပေါင်းမိုးလေးထဲမှာ သူ့ရင်ခွင်ထဲသို့ဆွဲပွေ့ယူလိုက်ကာ မဟူရာထိုင်းနတ်သမီးလေး၏ ခရမ်းပြာရောင်နှုတ်ခမ်းဖူးလေးပေါ် အနမ်းပွင့်လေးတစ်ပွင့် ခြွေလိုက်၏၊

ထိုအချိန်လေးတွင် လရောင်ဝင်း စက်စက်လေး ချထားသော "ချိုဖရာယမြစ်" ပေါ်သို့ မိုးဖွဲလက်လက်ကလေးတွေက ဆွတ်ဖျန်းကျလာကြသည်၊

ထို့အတူ ပေါင်းမိုးခုံးခုံးလေးအောက်မှ ချစ်သူနှစ်ဦး၏ အနမ်းလွှာပွင့်ပြာပြာလေးတွေကလည်း မီးရောင်စိမ်းစိမ်းလေးထဲမှာ မိုးစက်တွေနှင့်အပြိုင် တဖွဲဖွဲ ရွာသွန်းနေကြသည်၊



ငွန်ဆင်ပဲ့ချိတ်သမ္ဘန်လေးက "ချိုဖရာယမြစ်" ပြင်ပေါ်လူးလိမ့်လွင့်မျောနေပါတော့သည်၊

❀ ❀ ❀

"ဘန်ကောက်မြို့တော်၏ ဆန်းဒေး (Sunday) နံနက်ခင်းကလေးက ရင်ခုန်ကြည်နူးရာ ပျားရည်နရောင်လေး ဆွတ်ဖျန်းချထား၏၊

မင်းခေါင်အုပ် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ လွင့်နိုးလာသည်၊ စိတ်ရောခန္ဓာကိုယ်ပါ သူ လန်းဆန်းကြည်လင်နေသည်၊ သူတို့နှစ်ဦး၏ မနေ့ညက "ပဒ္မညာဉ်ည" လေးကို မင်းခေါင်အုပ် ပြန်သတိရလိုက်ကာ ဖျတ်ခနဲ လှည့်ပြီး သူ့နံဘေးဖဲမွေ့ရာ ရွှေကော်ဇောပေါ်မှ သူ့ခွပ်ဒေါင်းနက်နတ်သမီးလေးကို ကြည့်လိုက်မိသည်၊

သို့သော် – ဖဲခေါင်အုံးနှင့် ငွမ်းစောင်နီကလေးတို့က မွေ့ရာပေါ်မှာ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ရှိနေကာ မဟူရာထိုင်းမလေးက ပျောက်နေသည်ကို သူ အံ့သြစွာ မြင်လိုက်ရ၏၊

သူ့ဒေါင်းနက်သူ့ဇာလေး စောစောစီးစီး ရေချိုးခန်းဝင်ပြီး ကိုယ်လက်သန့်စင်သည်ဟု သူထင်လိုက်သည်၊

သူ ဖျတ်ခနဲ သတိရပြီး ခြေရင်းနံရံမှ ဂျပန်ဆီကို ကွပ်စ်နာရီဆီ လှမ်းကြည့်လိုက်မိသည်၊ နာရီက ထိုင်းစံတော်ချိန် (၇)နာရီတိတိကို ပြနေသည်၊ ထိုအခိုက် စီကိုနာရီကြီးက မင်းခေါင်အုပ်ကို ဂီတသံစုံကလေးတစ်ပိုဒ်နှင့်အတူ ဆီးကြိုနှုတ်ဆက်လိုက်လေသည်၊

မင်းခေါင်အုပ် ပျော်ရွှင်ခြင်းရသသစ်တွေနဲ့မွေ့ရာပေါ်မှ လူးလဲထလျက် စားပွဲဆီ လျှောက်လာခဲ့သည်၊

ရွှေအိုရောင်မဟော်ဂနီစားပွဲပေါ်မှာ ရွှေသစ်ခွ၏နံနက်ခင်းစာ လိမ္မော်ညည်ဖန်ခွက်ရှည်ရှည်လေးနှင့် ချိစ်ကြက်ဥအဖြစ် မွှေးမွှေးလေးတွေက သူ့ကို ချက်နာလုပ် မြူဆွယ်ကာ အရံသင့် ကြိုဆိုလိုက်ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် မင်းခေါင်အုပ် ဒါတွေကို စိတ်မဝင်စားနိုင်တော့ပါ။

လိမ္မော်ရည်ဖန်ခွက်ရှည်ရှည်လေးအောက်၌ ဖိထားသည့် စာရွက်ဖြူ လေးကသူ့ကိုပြုံးစားလိုက်သဖြင့်မင်းခေါင်အုပ်စာရွက်ခေါက်ကလေးကိုလှမ်း ယူပြီး ဖြန့်ကြည့်လိုက်သည်။

အင်္ဂလိပ်လိုပန်းစာကုံးလှလှလေးတွေနှင့်ရေးသားထားသည့် အနူးတီ တျာ၏ လက်ရေးစာပိုဒ်လေးတစ်ပိုဒ်ကို တွေ့လိုက်ရသည်။

မြန်မာ ကိုကို . . .

နူး ... တနင်္ဂနွေနေ့ 'အရုဏ်ဦးပဌနာ' ဆုတောင်း ဝတ်ပြုဖို့ ဒီနားက (Church)ဘုရားကျောင်းကို ခဏ သွားတယ်။ သိပ်မဝေးပါဘူး။ ဟိုတယ်နဲ့ ကီလိုမီတာ တစ်ဝက်လောက်ပဲ ဝေးတယ်။ အရှေ့တောင်ဘက်နားက 'ဘုရင်မ' လမ်းထောင့်မှာရှိတဲ့ 'ရှင်မိကေးလ်အင်္ဂလီကန်' ဘုရားကျောင်းလေးတင်ပါ။ ခုနစ်နာရီခွဲ နူး ပြန်လာခဲ့မယ်နော်-ကိုကို စောင့်နေနော်။

အချစ်များစွာနဲ့ ကိုကို့ရဲ့
*Black Crow* မလေး
နူး



မင်းခေါင်အုပ်ကြည်နူးရီဝေစွာနှင့် လိမ္မော်ရည်ဖန်ခွက်လေးကိုတစ်ဝက် ခန့် တစ်ရှိန်ထိုး မော့ချလိုက်ကာ ရေချိုးခန်းလေးဆီ ပြေးထွက်လာခဲ့သည်။

"ဒေါင် - ဒင် - ဒေါင် - ဒင်"

ဘုရားရှိခိုးကျောင်းနီနီကြီးဆီမှ ကြည်နူးလွမ်းမြည့်စရာ ခေါင်းလောင်း သံတွေ ... "ဘုရင်ရာမ" လမ်းမကြီးပေါ် လွင့်စဉ်ထွက်လာသည်။

တနင်္ဂနွေနေ့နံနက် "အရုဏ်ဦးပဌနာ" ဝတ်ပြုဆုတောင်းပွဲအစီအစဉ် ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

မကြာမြင့်မီ အချိန်ကလေးမှာ -

ဘုရားကျောင်းလေးထဲမှ ဆုတောင်းဝတ်ပြုလာသူ ယုံကြည်သူမိသားစု တွေ လှမ်းထွက်လာကြ၏။

မင်းခေါင်အုပ်က ဘုရားကျောင်းရှေ့လမ်းစောင်း၌ ရပ်ထားသည့် စိမ်းပြာ ရောင် ဂျီတီကားလေးထဲမှ လှမ်းကြည့်နေသည်။

ဘုရားကျောင်းထွက်ပေါက်တံခါးဝ၌ ဝတ်ရုံအဲဖြူ ဆင်မြန်းထားသည့် အသင်းအုပ်ဆရာတော်က ဝတ်ပြုဆုတောင်းလာသူမိသားစုတွေကိုဝမ်းသာ အားရ လက်ဆွဲနှုတ်ဆက်နေသည်။ အချို့က မိသားစုအချင်းချင်း တစ်ဦးနှင့် တစ်ဦး ဝမ်းသာအားရ ပျော်ရွှင်စွာ ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်နေကြသော မြင်ကွင်းများက ကြည်နူးရင်ဖိုစရာ ကောင်းလှပါသည်။

ယင်းအခိုက် ဘုရားကျောင်းတံခါးဝထဲမှ ထွက်လာကြသော လူတွေ ထဲ၌ အဖြူရောင်သတို့သမီး ဂါဝန်ဖားဖားလေးနှင့် ကြွားကြွားဝါဝါလေး လှမ်းထွက်လာသူလေးကတော့ သူ၏ မဟူရာခေါင်းနက်မလေး အနူးတီတျာ ဖြစ်သည်။

သူမ၏ အရပ်က လူအုပ်ထဲမှာလွင့်နေပြီး အခြားသော အသားဖြူသူတွေ ကြားတွင် သူမ၏ မဟော်ဂနီရောင်သမ်းနေသည့် ပန်းပုသူဖဲနတ်သမီးလေး ၏ အသွင်ထင်ရှားတောက်ပနေသည်။ ပြီးနောက် သူမ၏ လည်တိုင်ရင်ညွန့် ဘက်ဆီမှ ကျောက်စိမ်းဘယက်လေးနှင့် သူမ၏နားမှ ကျောက်စိမ်းနားကပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ရန်ကလည်း ခပ်လှမ်းလှမ်းကပင် ထင်ရှားတောက်ပစွာ လှမ်းမြင်နေရသည်မို့ အသွင်ထူးထူး ထိုင်းမင်းသမီးလေးတစ်ဦး ဖြစ်နေသည်ဟု ဆိုရမည်။

မင်းခေါင်အုပ် အသက်ရှူမှားသွားသည်။

အနူးတီတျာလူအုပ်တွေကြားမှလှမ်းထွက်လာခဲ့၏။ သူမ ဘုရားကျောင်းဝင်းရှေ့မှ ဂျီတီကားလေးကိုမြင်သွားပြီး ဝမ်းသာအံ့သြစွာနှင့် ကားဆီ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"ဟင် ... ကိုကို - နူးဆီလိုက်လာတယ် ဟုတ်လား"

လိပ်ပြာဖြူ ခေါင်းနက် နတ်သမီးလေးနူးက ကြည်နူးရင်ဖို မျက်ဝန်းစိမ်းလေးတွေနှင့် မင်းခေါင်အုပ်ကို ငုံ့မေးရင်း ကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်သည်။

တိုက်ဆိုင်လွန်းစွာပင် မင်းခေါင်အုပ်ကလည်း နို့နှစ်ရောင်တိုင်းပိုးသားနှ အနောက်တိုင်းဝတ်စုံဖြူနှင့်အစိမ်းရင့်ရောင်လေးကို ဝတ်ဆင်လာခဲ့၏။

"အင်း .. ဟုတ်တယ်၊ ကိုကိုတစ်ယောက်တည်း နူးကို စောင့်နေရမှာ ပျင်းလို့ဆိုပါတော့။ ဒါနဲ့ - ဒီနေ့ အစီအစဉ် နူးဘာတွေ (Arragement) လုပ်ထားလဲ"

နူး ... ရွှင်မြူးစွာလေး ခေါင်းဆတ်ညိတ်၏။ ပြီးနောက် ပြုံးပျော်စွာနှင့်ဆိုသည်။

"ကိုကို့ကို အရင်ဦးဆုံး "မြဘုရား" ဆီခေါ်သွားမယ်။ ဒီဗုဒ္ဓရုပ်ပွားတော်က ထိုင်းနိုင်ငံရဲ့ ကြည်ညိုစရာအကောင်းဆုံး ဆင်းတုတော်ကြီးပဲ ကိုကိုရဲ့။ ပြီးရင် ကိုကို့ကို အဲဒီကနေ "ဘုရင့်နန်းတော်နဲ့" "အမျိုးသားပြတိုက်" ကိုနူး - လိုက်ပြမယ်လေ။ အဲဒီနောက်တော့ ကိုကို့ကို ဘန်ကောက်မြို့ရဲ့မြောက်ဘက်၊ ကီလိုမီတာ (၈၀) အကွာအဝေးမှာရှိတဲ့ ထိုင်းရှေးဟောင်းမြို့တော် "အယုဒ္ဓယ" မြို့ကို ခေါ်သွားမယ်၊ ဘယ်လိုပဲ ကြိုက်လား"

"ဟား . . . သိပ်ကြိုက်တာပေါ့၊ ကိုကိုကလည်း ထိုင်းကို ရောက်တိုင်း မြဘုရားကို မဖူးမြော်ရင် မနေနိုင်ဘူး"



"ကဲ ... ဒါဆိုရင်လည်း နေမပူခင် စောစောသွားကြမယ်လေ၊ ဘယ်သူ မောင်းမှာလဲ၊ ကိုကို မောင်းမှာလား"

နူး ... မျက်လုံးစိမ်းလေးနှင့် စူးစမ်းအကဲခတ်သလို မင်းခေါင်အုပ်၏ မျက်လုံးနက်တွေဆီစိုက်ကြည့်ပြီး မေးလိုက်သည်၊ ထိုမေးခွန်းက နူးအတွက် အဓိပ္ပာယ်ရှိသလို မင်းခေါင်အုပ်အတွက်လည်း အနက်အဓိပ္ပာယ်ကျယ်ဝန်း၏၊ သို့သော် မင်းခေါင်အုပ်က မရိုးတရိုပြုံးလျက် မထီလေးစားဟန်လေး တုန့်ပြန်လိုက်သည်။

"နူးပဲ မောင်းလေ ကိုယ် ... မြန်မာပါနူးရဲ့ သွေးမကြောင်ပါဘူး၊ အတိတ်နိမိတ်အစွဲအလမ်းတွေနဲ့ သူများခြောက်တိုင်း ကိုယ် မကြောက်တတ်ပါဘူး၊ "အနက်ရောင်" ကို လူအများက ထိတ်လန့်တတ်ကြပေမယ့် ကိုယ်ကတော့ "အနက်ရောင်" ကို ခရေဇီ ဖြစ်ပြီး ရူးသွပ်တဲ့လူတစ်ယောက်ပါ နူး၊ အမှန်က မင်းရဲ့နိုင်ငံထဲမှာ မင်းရဲ့ကားကို မင်း မောင်းတာက အကောင်းဆုံးပဲလို့ ကိုယ် ထင်တယ်၊ ပြီးတော့ နူးကို ကိုကို ယုံကြည်စိတ်ချတယ် ... နူး"

မင်းခေါင်အုပ်က ပြတ်ပြတ်သားသားလေး တုန့်ပြန်လိုက်သည်၊ နူး ကြည်နူးစွာလေး ပြုံးသည်။ ထို့နောက် သူတို့နှစ်ဦး နေရာချင်းရှိန်းလိုက်ပြီး ဂျီတီစိမ်းပြာရောင်ကားလေးကို ဘုရားကျောင်းရှေ့မှ "ဘုရင်မ" လမ်းအတိုင်းနူးက မောင်းထွက်လာကာ "ချစ်ထရာလာဒါနန်းတော်" ရှေ့မှ မြဘုရား (Emerald buddha) ဆီ ဦးတည်သွန်မောင်း ပြေးထွက်လာခဲ့လေသည်။

"နူး ... ဒီမနက် ဘုရားကျောင်းမှာ ဘာတွေဆုတောင်းခဲ့သလဲ"

ဂျီတီကားလေး ဘန်ကောက်မြို့တော်၏ "ရာဂျစ်ဝုစ်တီလမ်း" မပေါ် ဖြတ်သန်းလာနေစဉ် မင်းခေါင်အုပ်က နူးကို အပြုံးတစ်ဝက်နှင့် စသည်။

"အမှန်အတိုင်း ပြောမယ်နော်၊ ကိုကို မရယ်နဲ့၊ နူးနဲ့ ကိုကို "အမြန်ဆုံး လက်ထပ်ကြရပါလို၏" လို့နူး ဆုတောင်းဖြစ်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ နူး ကိုကို့ကို အကြာကြီး မခွဲနိုင်တော့လို့"



www.burmeseclassic.com

www.burmeseclassic.com

နုးကမသိမသာညိုးငယ်သွားသည့်ကလေးဆန်သောမျက်နှာလေးဖြင့် ချစ်စွာလေးဆိုလိုက်သည်။ ပြီးနောက် သူမ သက်ပြင်းလေးချလိုက်သည်။

မင်းခေါင်အုပ် မရယ်ရက်တော့ပါ။ သူ့ သူ့မဟူရာဒေါင်းပျိုမလေးကို ကြင်နာသနားမိသွားသည်။ မင်းခေါင်အုပ် နုး၏နံဘေးကို တိုးရွှေ့လိုက်ကာ ပခုံးစွန်းလေးကို သူ့ညာလက်နှင့်ပွေ့ပြီး ရင်ခွင်ထဲ ဆွဲနှစ်ထားလိုက်သည်။

"စိတ်ချပါနုး – ကိုကိုကလည်းနုးကိုအကြာကြီးခွဲပြီးမနေနိုင်တော့ပါဘူး။ နုးကို အမြန်ဆုံး ကိုကို လက်ထပ်မယ်။ ဒီသုံးလအတွင်း ကိုကိုကြိုးစားမယ်။ ပထမ – မြန်မာနိုင်ငံကဟိုတယ်တစ်ခုမှာနုးနဲ့ကိုကို "မြန်မာလို" လက်ထပ်ကြမယ်၊ ပြီးရင် ဒုတိယ။ ဒီထိုင်းနိုင်ငံမှာ စောစောလေးက နုး "အရုဏ်ဦးပဌနာ" ဝတ်ပြု ဆုတောင်းပွဲကို သွားခဲ့တဲ့ ဘုရားကျောင်း (Church)မှာ တစ်ခါ လက်ထပ်ကြမယ်။ အဲဒါ ကိုကို့ရဲ့သစ္စာစကားပါ"

"အို ... ကိုကိုရယ် နုး ပျော်လိုက်တာ နုး တစ်သက်။ နုး အသက်လောက် ချစ်မြတ်နိုးရတဲ့ယောကျ်ားတစ်ဦးကို တစ်ချိန်တည်းမှာ နှစ်မျိုး၊ နှစ်ဘာသာ နှစ်နိုင်ငံ "လက်ထပ်ခွင့်" ရလိမ့်မယ်လို့ နုး အိပ်မက်တောင် မမက်ခဲ့ဘူး။ နုး – ကိုကို့ကို အရမ်းကျေးဇူးတင်တယ် ကိုကို"

မင်းခေါင်အုပ်က သူ့ မဟူရာနတ်သမီးလေးကို တင်းကျပ်ကျပ်လေး ပွေ့ဖက်ထားလိုက်သည်။

မြဘုရားကိုရောက်တော့အနုးတီတျာကနှင်းဆီပန်းစည်းဖယောင်းတိုင်နှင့်အမွှေးတိုင်တွေ သွားဝယ်လာခဲ့ပြီး သူ့ကို ပေးသည်။ ပြီးတော့ သူတို့နှစ်ဦး မြဘုရားမှာ ပန်းအိုးတွေထဲ နှင်းဆီပန်းတွေအတူ စိုက်ထိုးကြပြီး ဆီမီးပူဇော်ကြကာ ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိကြသည်။ ကြည့်စမ်း ... ဘယ်လောက်လှတဲ့မေတ္တာမျိုးလည်းနော်။

ထို့နောက်မင်းခေါင်အုပ်က ဘုရားရှိခိုးဆုတောင်းနေစဉ်မှာ အနုးတီတျာ က မင်းခေါင်အုပ်နံဘေးမှာကြုံ့ကြုံ့လေးထိုင်ပြီး မင်းခေါင်အုပ်ကို နံ့သာယပ် တောင်လေးနှင့်ယုယကြင်နာစွာ ယပ်ခတ်ပေးနေသည့် မြင်ကွင်းကလည်း ကြည်နူးစရာ။



သူတို့နှစ်ဦးက "ဘာသာမတူ၊ နိုင်ငံမတူ၊ လူမျိုးမတူ ယဉ်ကျေးမှုချင်းမတူ" ကြသော်လည်း သူတို့နှစ်ဦး၏အနှိုင်းမဲ့ချစ်ခြင်းမေတ္တာတရား၏ ပြယုဂ်ကမူ အလွန်ကြက်သီးမွေးညင်းထလောက်သည်။

နုးနှင့်မင်းခေါင်အုပ်တို့နှစ်ဦး မြဘုရားမှပြန်ထွက်လာခဲ့ကြပြီးနောက် ရှေးဟောင်းထိုင်းမြို့တော် "အယုဒ္ဓယ" သို့ ဆက်ထွက်လာခဲ့ကြသည်။

လမ်းတွင် ဤတစ်ကြိမ်မှာတော့ အနုးတီတျာကလည်း အားကျမခံ။ မင်းခေါင်အုပ်၏အစ္ဆတ္တနှလုံးသားကိုကျီစားလိုဟန်နှင့်အပြုံးပွင့်နွေးနွေးလေး ဖြင့် ဆိုသည်။

"ကိုကို ... မြဘုရားမှာ ဘာတွေ ဆုတောင်းခဲ့သလဲ"

"ကိုကိုလား ... နုးနဲ့ "သေအတူရှင်မကွာ" ပေါင်းရပါစေသားလို့ဆုတောင်း ခဲ့တယ် နုး"

နုး၏ မြမျက်လုံးစိမ်းစိမ်းလေးတွေ ဝိုင်းစက်သွားသည်။

"ဟင် ... သေအတူ ရှင်မကွာ" ဟုတ်လား ကိုကို၊ "ရှင်မကွာ" ဆိုတာက နုးနဲ့ကိုကို အသက်ရှင်နေသမျှကာလပတ်လုံး မခွဲမခွာ အတူနေသွားကြမယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။ ဒါပေမဲ့ – "သေအတူ" ဆိုတာက ဘာ အဓိပ္ပာယ်လဲ ဟင် – ကိုကိုဘာကို ဆိုလိုတာလဲဟင်။ နုး နားမလည်ဘူး နည်းနည်းလောက် ရှင်းပြပါလား။ မင်းခေါင်အုပ်က မျက်နှာထားတည်လိုက်ကာ ဖြည်းဖြည်းပြန် ပြောသည်။

"သေအတူဆိုတာ နုးနဲ့ကိုကိုတို့နှစ်ယောက်ထဲကကွာ ... တကယ်လို့ ပြောကောင်း မဆိုကောင်း ဆိုပါတော့ကွာ။ နုးက အရင်သေခဲ့မယ်ဆိုရင် ကိုကိုကလည်း အနေးနဲ့အမြန် မကြာခင် လိုက်သေပစ်လိုက်မယ်"

ဖြစ်နိုင်ရင်ကွာ အဲဒီနေ့မှာပဲ နုးနဲ့အတူတူ လိုက်သေပြီး နုးနောက်လိုက်ခဲ့ မယ်။ နုးကို ကိုကို အဲဒီလောက် ချစ်တယ်။ သေအတူဆိုတာ အဲဒီ အဓိပ္ပာယ် ပဲ"

နုး၏နှလုံးသားထဲ၌ နာကျင်ရှုနစ်သွားပြီး ထိတ်လန့် အံ့သြခံစားလိုက်ရ သည်။ နုးက မင်းခေါင်အုပ် သည်မျှ အချစ်ကို လေးလေးနက်နက် ခံစားလိမ့်

www.burmeseclassic.com

မည်ဟု မထင်ခဲ့၊ သူမ အာလွန်တုန်လှုပ်သွားသည်၊ တစ်ပြိုင်နက် သူမနှုတ်မှလည်း အထိတ်တလန့်သံစဉ်လေးတွေ လွှင့်ပျံထွက်ကျလာခဲ့သည်၊

"ဟား ... ကိုကို့အချစ်က သိပ်ကို ပြင်းထန်တာပဲ၊ နှုးကို့ ဒီလောက်ချစ်မှန်းသိရလို့နှုးအရမ်းဝမ်းသာပါတယ်၊ ဒါပေမဲ့ - ကိုကို့အချစ်က "ကြောက်စရာကြီး" ပြီးတော့ "နိမိတ်မရှိနမာမရှိ" ကြက်သီးတောင်ထတယ်"

နှုးမျက်နှာ မဟော်ဂနီရောင်လေး ညိုမှုန်သွားသည်၊

"အို ... ကိုကို ဥပမာ ပြောတာပါ၊ ဆောရီး"

မင်းခေါင်အုပ်အဆောတလျင်နှင့်တောင်းပန်စကားဆိုသည်။ပြီးနောက် သူ့အချစ်ဦကာတွေကို သူ့ရင်ထဲ ပြန်ခေါက်သိမ်းလိုက်ကာ "ဘန်ကောက်အယုဒ္ဓယ" ၏ ဟိုင်းဝေးလမ်းမပေါ်သို့ သူ့အာရုံကို အသွင်ပြောင်းလိုက်သည်၊

နှုးကလည်း သူမ၏ပစ္စုပ္ပန်အနေအထားလေးကို သူမ၏ဂျီတီကားလေးပေါ်သို့ စိတ်ညွတ်နှုးလိုက်ကာ မြားတစ်စင်းလို သွန်မောင်းလွှင့်ထွက်လာသည်၊

နေမွန်းမတည့်မီ အချိန်ကလေးတွင် သူတို့နှစ်ဦး "အယုဒ္ဓယ" ထိုင်းရှေးဟောင်းမြို့တော်လေးသို့ ရောက်လာခဲ့ကြပြီး ပထမဦးစွာ သူတို့ရှေးဟောင်းနန်းတော်ရာများနှင့် ရှေးဟောင်းမြို့တော်ကိုလှည့်ပတ်လျှောက်ကြည့်ကြကာ ဓာတ်ပုံများရိုက်ကြသည်။

"ဒီ ... အယုဒ္ဓယမြို့တော်ကို ၁၃၅၀ခုနှစ်မှာ တည်ဆောက်ခဲ့တာလေ၊ ကိုကို့ (၁၇၆၇) ခုနှစ်မှာ မြန်မာဘုရင်ရဲ့စစ်သည်တော်တွေ တိုက်ခိုက်ချေမှုန်းခဲ့ကြလို့ အယုဒ္ဓယ ကျဆုံးပြီး ပျက်စီးခဲ့တာပေါ့"

အနှုးတီတျာက ကြေကွဲဝမ်းနည်းဟန်လေးဖြင့် သူ့ကိုမတိုးမကျယ်လေးလမ်းလျှောက်လာရင်း ပြော၏၊ မင်းခေါင်အုပ် စိတ်မကောင်း ဖြစ်သွားသည်၊

"အင်း ... ဒါဟာ အင်မတန် ဆင်ခြင်စဉ်းစားသင့်တဲ့ ရှေးရာဇဝင်ထဲက ပဒေသရာဇ်စနစ်ရဲ့ အာဏာစက်လုပ်ပွဲတွေရဲ့ ဝမ်းနည်းစရာတစ်ခုပဲနှုး၊ ဒါမှ



တွေ နောက်ထပ်မဖြစ်ရအောင် နှုးတို့ကိုယ်တို့ နှစ်ဆယ့်တစ်ရာစု လူငယ်တွေ သိပ်သတိထားရလိမ့်မယ်နော်"

"ဟုတ်တယ်၊ ကိုကို စစ်ဆိုတာ လူသားတွေရဲ့လှပတဲ့အနာဂါတ်တွေကို အကျိုးမဲ့ ဖျက်ဆီးပစ်နေတာပဲ၊ နှုးတော့ စစ်ကို မုန်းတယ်"

"ကိုကိုလည်း ... ဒီတိုင်းပါပဲ နှုး"

ထို့နောက် သူတို့နှစ်ဦး မြို့ရှိုးဟောင်းတစ်ဖက်၌ရှိသော "ချာအိုဆမ်ပရာယ" အမျိုးသားပြတိုက်သို့ သွားရောက်ကြပြီး လျှောက်ကြည့်ကြပြန်သည်၊

ပြီးနောက် သူတို့နှစ်ယောက်က ထိုင်းဘုရင် မဟာသမ္မာရာဇာ" တည်ဆောက်ခဲ့သော "ချန်ဒရာကက်ဆမ်နန်းတော်" ကိုဝင်ရောက်ကြည့်ရှုကြ၏၊ ထို့နောက်တွင် သူတို့နှစ်ဦးက "ဦးသွန်းအင်း" ဟိုတယ်၌ခေတ္တဝင်နားချက် နေ့လယ်စာ စားသောက်ကြပြီးလျှင် နယ်နိမိတ်တို့၏မြို့တော်ဘန်ကောက်ရွှေမြို့တော်သို့ တန်းပြန်လာခဲ့ကြသည်။

သူတို့နှစ်ဦး၏ ဂျီတီပြိုင်ကားလေး ဟိုတယ်ရှေ့မုခ်တံခါးဝ ဆင်ဝင်အောက်၌ ထိုးရပ်လိုက်သည်နှင့် ဟိုတယ်ဝန်ထမ်း "ဘဲလ်ဘွိုင်" လေးက ရှေ့တံခါးကို လာဆွဲဖွင့်ပေးပြီး သတင်းထူးကလေး ဆီးပေး၏၊

"ဆရာ ... ဧည့်ခန်းထဲမှာ ဆရာ့မိတ်ဆွေတစ်ဦး ဆရာ့ကို စောင့်နေပါတယ်"

ဘဲလ်ဘွိုင်လေးက "အင်္ဂလိပ်" စကား ပီပီသသလေးနှင့် ဆိုသည်၊

မင်းခေါင်အုပ်ငွေ့ငွေ့လေးပြန်ပြုံးပြီး ခေါင်းညိတ်ပြလိုက်ကာ သူ့ချစ်သူနိုင်းပတ်ရာမင်းသမီးလေးလေးကို လက်ဆွဲလျက် ဟိုတယ်ထဲသို့ လှမ်းဝင်လာခဲ့သည်၊

ထို့နောက် မင်းခေါင်အုပ်တို့နှစ်ဦးက ခမ်းနားထည်ဝါလှသည့် မြင်သာအောင် (Led) မီးရောင်တွေနှင့်ပါလာရှမ်းထဲ လှမ်းဝင်လာခဲ့ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ညှို့ခန်းအလယ်ဆိုဖာတစ်လုံးတွင် မီးခိုးရောင်အနောက်တိုင်း ဝတ်စုံနှင့် အသားဖြူဖြူထိုင်းလူလတ်ပိုင်းအရွယ် လူတစ်ဦးဘေးစောင်းထိုင်နေသည်။

"ဟာ ... မစ္စတာဖောင်နာထရာပါလား။ ကိုယ်ထင်လိုက်သားပဲ၊ ခင်ဗျားပဲဖြစ်ရမယ်လို့ ဘယ်အချိန်တည်းက ရောက်နေလဲ၊ နေကောင်းသွားပြီလား"

မစ္စတာဖောင်နာဆရာက သူ့ဝသီအတိုင်း ပြုံးရွှင်စွာနှင့်နေရာမှ ထရပ်လိုက်ကာ လွတ်လပ်ပျော်ရွှင်စွာအသံထွက်အောင် ရယ်နေပြီး မင်းခေါင်အုပ်ကို အားပါးတရ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"သိပ်မကြာသေးပါဘူး။ ဆယ့်ငါးမိနစ်လောက်ပဲ ရှိဦးမယ်၊ မစ္စတာခေါင် ကျွန်တော် နေကောင်းပါတယ်၊ ခင်ဗျားတို့နှစ်ဦး မြဘုရားကနေ အယုဒ္ဓယ "ပျားရည်ဆမ်းခရီး" ဆက်သွားကြမယ်လို့ နူးက မနက်အစောကြီးတည်း ဘုရားကျောင်းကနေ ကျွန်တော့်ဆီ ဖုန်းဆက်ထားလို့ သိနေတာလေ၊ ကွန်ကျူလေးရှင်းမစ္စတာခေါင် ကျွန်တော် သိပ်ဝမ်းသာတယ်၊ ဟဲ - ဟဲ - ဟဲ"

ဖောင်နာထရာ အရမ်းကို ဝမ်းသာမြူးတူး ပျော်ရွှင်နေသည်ကို သူ့မျက်လုံးတွေက သက်သေခံနေသည်။

မင်းခေါင်အုပ်က နည်းနည်းအံ့ဩသွားသလို အနူးတီတျာကို လှည့်ကြည့်လိုက်သည်တွင် နူးက ရှက်ပြုံးလေးမဝင့်တဝင့်နှင့် ခေါင်းငုံ့ထားရာမှ သဲ့သဲ့လေးဆိုသည်။

"ပျားရည်ဆမ်းခရီး သွားကြမယ်လို့တော့ နူးမပြောမိပါဘူး၊ ဒါကတော့ ဖောင်က ပိုပြောတာ ဟွန်း"

နူးက မဲ့ရွဲ့ရွဲ့အပြုံးလေးဖြင့် ကြည်နူးစွာ ရန်တွေ့လိုက်၏။ မင်းခေါင်အုပ် အထာပေါက်သွား၏။

ဖောင်နာထရာနှင့်မင်းခေါင်အုပ်တို့နှစ်ဦးက မဟူရာဒေါင်းနက်မလေး ရှက်နေဟန်ကိုသဘောကျပြီးရယ်မောလိုက်ကြလေသည်၊ တစ်ဆက်တည်း မင်းခေါင်အုပ်က သူ့နတ်သမီးလေးဘက်မှဝင်၍ "ကာဗာ" လုပ်လိုက်သည်။



"ဟုတ်တယ် ... မစ္စတာဖောင်၊ ကိုယ်တို့နှစ်ဦးအမြန်ဆုံး လက်ထပ်ကြဖို့ ကိုယ်ဆုံးဖြတ်ပြီးပြီ၊ အဲဒီအတွက် ခင်ဗျားရဲ့အကူအညီတွေအများကြီးလိုလိမ့်ဦးမယ်"

"စိတ်ချပါ အားလုံး ကျုပ် တာဝန်ယူတယ်၊ ခင်ဗျားလို အဖက်ဖက်က အင်မတန်တော်တဲ့ မြန်မာတစ်ဦးကိုယောက်ဖတော်ရတာကိုကျုပ် သိပ်ဂုဏ်ယူတယ်၊ မစ္စတာခေါင် ကဲ - အခု ခင်ဗျားတို့နှစ်ဦး ပင်ပန်းလာတယ်၊ သွားအနားယူလိုက်ကြဦး ပြီးရင် ရေမိုးချိုးပြီး အဝတ်စားလဲထားကြနော်၊ ကျုပ် ခင်ဗျားတို့နှစ်ဦးကို လေးနာရီခွဲမှာ လာပြန်ခေါ်မယ်၊ "ရက်ချာဒမ်နွှန်" အားကစားရုံမှာ "ထိုင်းရိုးရာကစ်ဘောက်ဆာ" ပွဲ လိုက်ပြမယ်၊ ပြီးရင် ခင်ဗျားတို့နှစ်ဦးကို ကျုပ် ဂုဏ်ပြုညစာနဲ့ ဧည့်ခံမယ်"

"အိုးခေ ... အိုးခေ ..., သင့်ခယူး ဖောင် (Everything)"

"ဖောင် .... ခေါ့ - ခွန် - မာ့ခ်ခ"

အနူးတီတျာကလည်း ဖောင်ကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်၊ ထို့နောက် သူတို့နှစ်ဦးဖောင့်ကိုနှုတ်ဆက်ပြီး ဧည့်ခန်းထဲမှ လှမ်းထွက်လာခဲ့ကြသည်။

၀ ၀ ၀

ထိုင်းစံတော်ချိန် ညနေလေးနာရီခွဲတွင် ...။

မင်းခေါင်အုပ်နှင့်အနူးတီတျာတို့ချစ်သူစုံတွဲက ငွေပြာရောင်ဖက်ရှင်ဝတ်စုံတွေနှင့်ဟိုတယ်ထဲမှ လှမ်းထွက်လာတော့ တီကျသေချာလှသည့် ထိုင်းသန်းကြွယ်သူဌေးလေးဖောင်နာထရာက ဟိုတယ်ရှေ့ပေါ်တီကိုအောက်၌ သူ၏ ကျောက်စိမ်းရင့်ရောင် မာစီဒီးဘန့်ဇ်ကားကြီးနှင့်အတူ စောင့်ကြိုနေပါသည်။

နူးတို့ချစ်သူမောင်နှံက ကြော့ကြော့လေးလှမ်းလာပြီး ကားနောက်ခန်းထဲတွင် ဝင်ထိုင်လိုက်ကြသည်၊ ကားထဲတွင် ထိုင်းသစ်ခွနက် ရေမွှေးနံ့က



www.burmeseclassic.com

www.burmeseclassic.com

သင်းပျံ့ပျံ့လေးဝဲထုံမွှန်းနေသည်။ ဗောင်နာထရာက ကားရှေ့ခန်းဒရိုင်ဘာခုံနံဘေးတွင် အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့် ခန့်ညားစွာ လိုက်ပါလာသည်။

ကားက ဘန်ကောက်မြို့၏ရှုပ်ထွေးစည်ကားလှသည့် ယာဉ်ကြောအတိုင်း သက်တံ့ရောင်စုံကားမျိုးစုံတွေကြားမှ လွင့်မျော ပြေးထွက်လာနေသည်။

မစ္စတာဗောင်ကိုကြည့်ရတာ အလွန်ကြည်နူး ပျော်ရွှင်နေပုံရသည်ဟု မင်းခေါင်အုပ် ထင်သည်။ ပျော်လွန်း၍ ထင်ပါသည်။ မစ္စတာဗောင်စကားတစ်ခွန်းမှ မဆိုပဲ ကားထဲ၌ ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

တစ်စုံတစ်ခုကို သူ လေးနက်စွာ တွေးနေသလားတော့ မသိ။ ထူးဆန်းနေသည်။

ခဏအကြာတွင် ကားက ရက်ချာဒမ်နွန်အားကစားရုံကြီးရှေ့၌ ငြိမ့်ခနဲ ထိုးရပ်သွား၏။

သူတို့သုံးဦး ကားထဲမှ လှမ်းထွက်လိုက်ကြပြီး အားကစားရုံကြီးထဲသို့ ဝင်လာခဲ့ကြသည်။ ထိုင်းလူငယ်တစ်ဦးက မစ္စတာဗောင်ဆီပြေးလာပြီး သူတို့သုံးဦးကို အထူးတန်း ပွဲကြည့်စင် အရှေ့ဘက်ဆုံး ထိုင်ခုံများ လိုက်ပို့ပေး၏။

မစ္စတာဗောင်က ယာဘက်အစွန်ထိုင်ခုံတွင်ဝင်ထိုင်ပြီးမင်းခေါင်အုပ်က အလယ်၌ဝင်ထိုင်ကာ သူ့နံဘေးလက်ဝဲဘက်ထိုင်ခုံတွင် အနူးတီတျာက နေရာယူလိုက်သည်။

အားကစားရုံကြီးကအမျိုးသားတွေရောအမျိုးသမီးတွေပါတစ်ရုံတည်း သဲသဲမဲမဲ ပြည့်လျှံနေသည်။ စိတ်လှုပ်ရှားစရာ ကောင်းလှ၏။ ပြီးနောက် ထိုင်းရိုးရာတေးဂီတဆိုင်းသံပုံသံ ငွေမောင်းသံတွေကလည်း ရုံထဲမှာ လွင့်ပျံ့နေသည်မို့လည်း သည်းထိတ်ရင်ဖိုစရာဖြစ်သည်။



ခဏအကြာတွင် ထိုင်းရိုးရာဝတ်စုံဝါဝါလေးနှင့်ထိုင်းအမျိုးသမီးလေးတစ်ဦး ရောက်လာပြီးလျှင် သူတို့သုံးဦးကို “ကိုကာကိုလာ” ရေခဲစိမ်ဘူးတွေလာပေးသည်။ မန်နေဂျာက ပေးခိုင်းလိုက်သည်ဟု ဆိုသည်။ မစ္စတာဗောင်ကား ဘန်ကောက်တွင် အလွန်ပေါင်းသင်းဆက်ဆံရေး ကောင်းပြီး တန်ခိုးဩဇာရှိသည့် သန်းကြွယ်သူဌေးလေးဖြစ်သည်ကို မင်းခေါင်အုပ် သိထားပြီးဖြစ်သည်။

ထိုင်းစံတော်ချိန် (၁၇း၀၀)နာရီ၊ ညနေ (၅)နာရီ၌ ကစ်ဘောက်ဆာလက်ဝှေ့ပွဲကြီး စပါတော့၏။ မြူးကြွနေသော ထိုင်းရိုးရာဂီတသံတွေကြားမှာ သည်းထိတ်ရင်ဖိုစရာ ကောင်းလှသည့် လက်ဝှေ့ပွဲကို လာရောက် ကြည့်ရှုအားပေးကြသည့် ယောကျ်ား၊ မိန်းမတွေကလည်း ဆူညံဟစ်ကြွေးလျက်တစ်ရုံလုံး ဟိန်းထွက်နေပါတော့၏။ ခြေဖျား၊ ဒူး၊ ခြေထောက်၊ တံတောင်ဆစ်၊ ✱း၊ ခေါင်း၊ တစ်ကိုယ်လုံးကို “လက်နက်” အဖြစ် အသုံးပြုပြီး အသက်လု ထိုးသတ်ရသော ကြောက်လန့်စရာ ကစားနည်းဖြစ်သည်။ လေထဲမှာ ခုန် ခတ်ပျံဝဲပြီး ဒလကြမ်းသတ်ပုတ်၊ ထိုးကြိတ်ကြပုံတွေက အသည်းထိတ်ရင်တုန်စရာ ကောင်းလွန်းလှသည်။

မင်းခေါင်အုပ်က အလယ်မှ သွေးအေးအေးနှင့်ထိုင်ပြီး ဣန္ဒြေရရတည်ငြိမ်စွာနှင့် ကြည့်နေနိုင်သော်လည်း သူ့နံဘေးတစ်ဖက်တစ်ချက်မှ နူးနှင့်မစ္စတာဗောင်တို့မောင်နှမနှစ်ယောက်ကမူ လက်သီးလက်မောင်းတန်းလျက် အော်ဟစ်ကာ အသည်းယားအူယားနှင့် ဆူညံနေတော့သည်။

ခုနစ်နာရီတွင် မစ္စတာဗောင်၏ အစီအစဉ်အရ သူတို့သုံးဦး လက်ဝှေ့ရုံကြီးထဲမှ ပြန်ထွက်လာခဲ့ကြပြီး ကားနှင့်ထွက်လာခဲ့ကြသည်။

ဘန်ကောက်ည၏ မီးရောင်စုံတွေက တစ်မြို့လုံး ထိန်လင်းနေသည်။

“မစ္စတာခေါင်၊ ခင်ဗျားကို ဘာကြောင့် ကျွန်တော် ဒီထိုင်းလက်ဝှေ့ပွဲကို ခေါ်လာရတယ် ထင်သလဲ”

မီးပွိုင့်တစ်ခုတွင် ကားရပ်လိုက်စဉ် မစ္စတာဗောင်က ထူးဆန်းစွာ မေးသည်။ မင်းခေါင်အုပ် ခေါင်းစားသွား၏။



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးလေ– ဆိုပါဦး ... ခင်ဗျားမှာ ဘယ်လို ရည်ရွယ်ချက်ရှိလို့လဲ"

ဖောင်နာထရာ မပွင့်တပွင့်လေး ရယ်လိုက်သည်၊ နူးက ငြိမ်ငြိမ်လေး နားထောင်နေသည်၊

"ရှိတာပေါ့ဗျာ ... ဒီလိုဗျ ကျုပ် – အဖေ ကျုပ်ကို လူပျိုဘဝတုန်းက ပြောခဲ့တဲ့စကားတစ်ခွန်းပါ၊ ဘာလဲဆိုတော့ သားတဲ့မိန်းမတစ်ယောက်ကိုလက်ထပ်ထိမ်းမြား"ခြင်းဟာ "ကစ်ဘောက်ဆာ"ထိုးသလိုပဲကွ၊ ဘဝကို စိန်ခေါ်ပြီး သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင် ထိုးသတ်ရတာပဲ၊ ကိုယ်ညှာရင်ကိုယ်ခံရမယ်တဲ့၊ "ကစ်ဘောက်ဆာ"ထိုးတဲ့အခါ လက်တွေ၊ တံတောင်တွေ၊ ဒူးတွေ၊ ပခုံးတွေ ခြေထောက်တွေ၊ ခေါင်းတွေကို လက်နက်လို အသုံးပြုပြီး တစ်ကိုယ်လုံး သတ်ပုတ် ထိုးကြိတ်ရသလို မိန်းမတစ်ယောက်ကို လက်ထပ်ပြီးရင်လည်း လောကဓံနဲ့ ယှဉ်ပြိုင်သတ်ပုတ် ထိုးကြိတ်ရတော့မယ်တဲ့၊ အဲဒါကြောင့် ခင်ဗျား လက်ထပ်တော့မယ်ဆိုလို့ကျုပ်က လက်မထပ်ခင် အရင် "ကစ်ဘောက်ဆာ" ထိုးတာလိုက်ပြတာ၊ ဟဲ –ဟဲ– ဟဲ"

ဖောင်နာထရာက သူ့ဒဿနကို "မင်းသားဟဲ"လေးနှင့် အဆုံးသတ်ပြီး နိဂုံးချုပ်သည်၊

"စိတ်ချ ... မစ္စတာဖောင်၊ ကျုပ်ကလည်း ဘဝကို စိန်ခေါ်ပြီး လောကဓံနဲ့ ယှဉ်ပြိုင်သတ်ပုတ် ထိုးကြိတ်ချင်လို့၊ ခင်ဗျားရဲ့နှမ မဟူရာဒေါင်းမလေးကို ကျုပ် အမြန်ဆုံး လက်ထပ်မှာပါ"

"ကျေးဇူးတင်ပါတယ် ... မစ္စတာခေါင်"

ကားက မာကျူရီ ညမီးရောင်စုံကြားမှာ ပြေးလွှားလာနေသည်၊

ဘန်ကောက်ညသည် စိတ္တဇဆန်စွာလှလျက် လူတွေကို ပြုစားခြောက်လှန့် မင်းမူနေသည်၊

"ဖောင် ... နူးတို့ ဘယ်သွားနေတာလဲ၊ ဒင်နာက ဘယ်မှာ စားမှာလဲ"

အနူးတီဗျာက သူမ၏အစ်ကိုဖတ်မိုးကျရွှေကိုယ်ကို အားမနာပါးမနာ စွာလေးနှင့် မအီမသာလေးဖွင့်မေးနေသည်၊ လက်ဝှေ့ရုံထဲမှာ သူမ လက်သီး လက်မောင်းတန်းလျက် ဆူညံအော်ဟစ်ပေးခဲ့ရ၍ထင့်၊ နူး ... ဆာနေပုံရ၏၊



"အဲမ်ဘက်ဆေဒါ (Ambassador) ဟိုတယ်မှာလေ၊ ဒီညခုနစ်နာရီခွဲမှာ ဘူဖေးစပါယ်ရှယ်ဒင်နာရှိတယ်၊ ပြီးတော့ ကပွဲလည်းရှိတယ်"

ကားဝန်းထဲက မီးရောင်မှိန်နနလေးထဲမှာ နူး မျက်လုံးတွေ ပွင့်တောက်သွားသည်၊

ကားက မိနစ်ပိုင်းအတွင်း သံအမတ်ကြီး ဟိုတယ်ရှေ့တွင် ထိုးရပ်သွားပါသည်၊ မစ္စတာဖောင်ပြောသည့်အတိုင်း ဟိုတယ်ရှေ့တွင် မြက်ခင်းပြင်ပေါ်မှာ မီးရောင်တွေ ထိန်လင်းလျက် စားပွဲတွေမှာ လူတွေ ပြည့်နေသည်၊ နိုင်ငံခြားသား ဖော်ရိန်နာတွေလည်း ပါသည်၊

ဖောင်နာထရာကို မြင်လိုက်သည်နှင့် ထိုင်းအမျိုးသမီးချောချောလေး တစ်ဦးက ပြေးလာပြီး ခရီးဦးကြိုပြုလိုက်ကာ သူတို့သုံးဦးကို အစွန်ဘက်စားပွဲတစ်လုံးဆီ ခေါ်သွားပြီး နေရာချပေးသည်၊

သူတို့သုံးဦး စားသောက်စရာ ဟင်းမျိုးစုံတွေ တည်ခင်းထားသည့်နေရာဆီသွားပြီး ပန်းကန်ထဲမှာ ထမင်းနှင့်ကိုယ်ကြိုက်ရာဟင်းတွေ အလျှံပယ် ခူးခပ်ထည့်လာပြီး စားပွဲမှာ အပြတ်လွေးကြတော့သည်၊

ရှန်ပိန်ပုလင်း ဖွင့်ဖောက်သံတွေကလည်း တစ်ဖောင်းဖောင်း ဆူညံနေ၏၊

စားပွဲထိုးနှစ်ဦးက သူတို့စားပွဲသို့ ရှန်ပိန်ပုလင်းတွေနှင့် အသီးအနှံမျိုးစုံပွဲတွေလာချပေးသည်၊ သူတို့ရှန်ပိန်ပုလင်းတွေဖွင့်သောက်ကြသည်၊

ထို့နောက် သူတို့သုံးဦး ဟိုတယ်အောက် ကပွဲခန်းမဆီ သွားကြသည်၊

ခန်းမထဲမှငြိမ့်ညောင်းနူးညက်သော "ဩခက်စတြာ" ဂီတသံကစီးမျှောထွက်လာနေသည်၊ ဖောင်နာထရာက အလွန်လှသော ခေတ်ဆန်ဆန် ထိုင်းနတ်သမီးလေးတစ်ဦးကို သွားခေါ်ကာခဲ့ပြီး ခန်းမထဲ၌ ယှဉ်တွဲကနေလေတော့၏၊

မင်းခေါင်အုပ်နှင့်မဟူရာငွေပြာရောင်နတ်သမီးလေး နူးတို့နှစ်ဦးက လည်း ကြည်နူးစွာနှင့်နွဲ့နှောင်းသည့် သံစဉ်တေးသွားအလိုက် ဖြည်းညင်း



www.burmeseclassic.com

www.burmeseclassic.com

ဖွဖွ သွဲ့ပြောင်းနူးညံ့စွာ မျက်နှာချင်းဆိုင် ယှဉ်တွဲကာ ဝေါ့လ်တ်စ်(Waltz)လေး သွားအကကို လှပစွာ က,နေကြသည်။

အပြင်တွင် ဘန်ကောက်ညက လရောင်မရင့်တရင့်နှင့်လွှင့်ဖြာနွဲ့နေသည်။ ထိုရှန်းမြမြမိုးကောင်းကင်၏ညလေးကမင်းခေါင်အုပ်နှင့်အနုးတီတျာတို့နှစ်ဦးအတွက်တော့ မမေ့ရက်နိုင်စရာ၊ အန္တရာယ်ကင်းသည့် ချစ်စရာ "အဝေရာည" ကလေး တစ်ည ဖြစ်ခဲ့ရပါသတည်း။

၀ ၆ ၀

မင်းခေါင်အုပ် နောက်တစ်နေ့ ထိုင်းလေကြောင်းခရီးနှင့် "မြန်မာနိုင်ငံ" သို့ ပြန်လာခဲ့၏။

လေဆိပ်တွင် ဖောင်နာထရာနှင့် အနုးတီတျာတို့နှစ်ဦးက လိုက်ပို့နှုတ်ဆက်ခဲ့ကြသည်။ သူ့ခေါင်းနက်ထိုင်းဒေဝီလေး၏ မဟော်ဂနီရောင် မျက်နှာလေးက ညှိုးရိပ်ဝေဝေ ရှိနေရှာသော်လည်း မင်းခေါင်အုပ်က အလွမ်းသယ်မနေတော့ပဲ မသိကျိုးချင်ဆောင်ကာ အနမ်းလေးတစ်ပွင့်နှင့်သာ နှုတ်ဆက်ခဲ့သည်။

ထိုညက သူ "ဆိုင်ယမ်စကွဲယား (SIAM SQUARE)ရှိ အနုးတီတျာ၏ ဆင်ဂယ်လ်တိုက်ခန်းလေးဆီ ဖုန်းဆက်လိုက်၏။

မငြီးငွေ့ဖွယ် ချစ်သူနှစ်ဦး ကြည်နူးစရာ အလွမ်းဖောင်ဖွဲ့စကားတွေ တစ်နာရီနီးနီး ရင်ဖွင့်မိကြသည် အလွမ်းဖွင့်တွေထဲမှာ သူတို့နှစ်ဦး၏ပုံစံနှစ်မျိုးနှင့် နှစ်ဘာသာ နှစ်နိုင်ငံ လက်ထပ်ကြမည့် ဒဏ္ဍာရီအိပ်မက်လေးကို ထပ်ပြီး ဆွေးနွေးကြသေးသည်။ ပြီးနောက် သူမက သူမ၏ ဘဝတောင်ထန်းတွေပေါ်က "အနုးတီတျာ" ဖောင်ဒေးရှင်း" လူမှုရေးလုပ်ငန်းများ၏ အကြောင်းကိုလည်း နုးက တမ်းတမ်းမက်မက် တင်ပြလာသည်။

သို့သော် မင်းခေါင်အုပ်က ချစ်သူ၏ဒဏ္ဍာရီအိပ်မက်တွေကို အစွမ်းကုန်ဖြည့်စွမ်းပေးဖို့ လိုက်လိုက်လှဲလှဲ သူတာဝန်ယူလိုက်သည်။



သည်တော့ ထိုင်းနက်မလေး နုးက ထိုင်းသံဝဲဝဲလေးနှင့် မင်းခေါင်အုပ်ကို မြန်မာလို မပီတပီလေး ပြန်ပြောသည်။ သူမ ပြောလိုက်ပုံလေးက ချစ်စရာကောင်းလှသည်။

"ကိုကို့ ကို နုး သိပ်ချစ်တယ်တဲ့"

မင်းခေါင်အုပ် အသည်းတွေ အက်စကီးမိုးရေခဲပြင်ပေါ် လွင့်ကျသွားသည်။

ပြီးတော့ မဟူရာထိုင်းဒေဝီလေးက မြန်မာလိုပင် ဆက်ပြောလိုက်သေးသည်။

"နုး ... လည်း ကိုကို့ကို သေအတူ ရှင်မကွာ ချစ်မယ်နော်တဲ့"

ရုတ်တရက် မင်းခေါင်အုပ် သူ့တစ်ကိုယ်လုံးသွေးတွေခဲသွားသလားထင်လိုက်ရသည်။ သူ့အေးစက်တောင့်တင်းသွားသည်။ သူ့အံ့ဩထိတ်လန့်ပြီး ဝမ်းသာကြည်နူးလွန်းစွာ ဝိညာဉ်မဲ့လိပ်ပြာတစ်ကောင်လို ကျောက်ရုပ်ဖြစ်သွားသည်။

သူ့ထိုင်းနက်ဒေဝီလေး၏လေးနက်သည့်အချစ်ကိုအကြွင်းမဲ့ယုံကြည်လိုက်သည်။ စိတ်ထဲက တစ်စုံတစ်ရာ ပြန်ပြောလိုက်မည်ဟု ကြံရွယ်လိုက်သော်မှာပင်၊

နုး၏ အသံနွေးနွေးကလေး ဖုန်းထဲသို့ စီးဝင်လာသည်။

"ကိုကို ... ဂွတ်နိုက်နော်"

ပြီးနောက် နုးက သူမ၏ ဖုန်းကို ပိတ်လိုက်သည်။

မင်းခေါင်အုပ်က အနိုင်နှင့်ပိုင်းသွားသည့်သူ၏မဟူရာနတ်သမီးလေးကို အနှောင့်ယှက်ချင်တော့သဖြင့် သူ့ဟန်းဖုန်းကိုပိတ်လိုက်ပြီး သူ့ဘာသာ တိုးတိုးလေး ရေရွတ်လိုက်သည်။

"သင့်ခယူး .... ဂွတ်နိုက် - မိုင်ဒါလင်"

မင်းခေါင်အုပ် ထုံးစံအတိုင်း သူ့ "မြန်မာပိတောက်ရနံ့" ကုမ္ပဏီအလုပ်ထဲမှာ သူ့စိတ်တွေကို နှစ်ထားပြီး အားလုံးကို မေ့ပစ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ နှစ်ရက်လုံးလုံး သူ့ "မြန်မာ့ပိတောက်ရနံ့" အလှကုန်ပစ္စည်းဖောက်သယ် "ကပ်စတန်မာ" ဆိုင်တွေနှင့်ရှုပ်မားကတ်တွေသို့တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ပြေးလွှား နေရသည်။

ပြီးနောက်ညဘက်တွေမှာလည်းသူ၏ "သုတေသနစမ်းသပ်ခန်း" ထဲ၌ ပန်းရနံ့သီအိုရီများနှင့် ရနံ့ထိန်းသိမ်းနည်းဆိုင်ရာ ဖော်မြူလာများကို ညဉ့်နက်သည်ထိ သူမနားမနေ ကြိုးစားရှာဖွေ လေ့လာခဲ့သည်။

ထို့ကြောင့် သူ သူ့ဒေါင်းနက်မလေး မဟူရာထိုင်းနတ်သမီးလေးကို ဖုန်းတောင်မဆက်အားပဲ တဒင်္ဂပဟန် မေ့လျော့နေမိခဲ့သည်။ နူးကလည်း သူ့ဆီ ဖုန်းမဆက်ခဲ့ချေ။

ည ခုနစ်နာရီတွင် သူ ရေမိုးချိုးပြီး ညစာစားနေစဉ် မမျှော်လင့်ပဲ ဖုန်းဝင်လာသည်။ သူ - သူ့ဟန်းဖုန်းကို ကောက်ယူပြီး ကြည့်လိုက်တော့ ဖောင်နာထရာ၏ဖုန်းဖြစ်နေသည်။

သူ ... သိပ် အံ့သြသွားသည်။

ဖောင်နာထရာသည် အလွန်အဆင့်အတန်းရှိသည့်ခေတ်ပညာတတ် လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်။ မည်သည့်အခါမျှ သူ ဒီလိုညဘက် ဖုန်းဆက်လေ့ဆက်ထ မရှိချေ။

အလွန် အရေးကြီး၍ဖြစ်မည်၊ သူ စိတ်ပူသွားသည်၊ ထို့ကြောင့် -

သူ ဖုန်းကို ကမန်းကတန်း ကောက်ယူလိုက်ပြီး နားထောင်လိုက်သည်၊

"ဖောင်နာထရာလား ... ဘာကိစ္စအရေးကြီးလို့လဲ ညဘက်ကြီး"

သူ့အသံက နည်းနည်း (Suspicious) ဝင်သွားမှန်းသူ့ဘာသာ နားလည်လိုက်သည်၊ သူပြောပြီးမှ ဖောင်နာထရာကို အားနာသွားသည်။

"စိတ်မဆိုးပါနဲ့ ... မစ္စတာခေါင် - အရေးကြီးလို့ပါ"

သူ့ရင်တွေ လှပ်ခနဲ ခုန်သွားသည်၊

"ဒါဖြင့် - ပြော - မြန်မြန်ပြော - ကျုပ် နားထောင်နေတယ်"



မင်းခေါင်အုပ် စိုးရိမ်တကြီးနှင့် သိချင်စောတွေ မွန်ထူသွားသည်၊ သို့သော် - ဖောင်နာထရာထံမှ "ဟူး" ခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သံကို ကြားလိုက်ရပြီးနောက် သူ့အသံ တစ်ဆက်တည်း ပေါ်လာသည်။

"ဟူး ... ဒီမှာ မစ္စတာခေါင် ခင်ဗျားစိတ်အေးအေးထားပြီး နားထောင်ပါ၊ ဒီနေ့မနက် အနူးတီတျာ ကျွန်တော့်ဆီမှာ ခွင့်တောင်းပြီး ချင်းရှိုင်က လီစူးနဲ့ လားဟူရွာမှာ ကလေးတွေ "သွေးလွှန်တုပ်ကွေးရောဂါ" တွေ ဖြစ်နေလို့ သူ့ကို အမြန်လာပါဆိုလို့ သူ့လေယာဉ်နဲ့ ချက်ချင်းလိုက်သွားတယ်၊ အဲဒါ ချင်းရှိုင်ကနေ တောင်ပေါ်ရွာကို ကားနဲ့အသွားမှာ လမ်းမှာ သောင်းကျန်းသူ "သူပုန်" အဖွဲ့နဲ့တွေ့ပြီး သူပုန်တွေက ဧရိုးသည်တွေကို သေနတ်တွေနဲ့ ပစ်သတ် သွားကြတယ်၊ အသတ်ခံရတဲ့အထဲမှာ အနူးတီတျာလည်း ပါသွားတယ်၊ တို့ ချက်ချင်း သတင်းရရချင်းပဲ လိုက်သွားပြီး သူ့အလောင်း (Death-body) ကို လေယာဉ်နဲ့ ဘန်ကောက်ကို သယ်လာကြတယ်၊ အခု ဘန်ကောက်ဆေးရုံကြီးက ရင်ခွဲရုံမှာရှိတယ်၊ မနက်ဖြန် မနက် (၉) နာရီ လောက်မှာတို့သူ့အသုဘ (Funeral) အခမ်းအနားကိုဆောင်ရွက်မယ်၊ ခင်ဗျား သူ့ရှာပနာကိုလာချင်ရင်မနက်ဖြန်မနက်စောစောဖလိုက်နဲ့လာခဲ့ပါ၊ မစ္စတာ ခေါင်၊ ကျွန်တော် လေဆိပ်မှာ ခင်ဗျားကို လာစောင့်နေမယ်"

ဘုရားရေ - ဘုရား - ဘုရား၊ မင်းခေါင်အုပ်၏အသည်းနှလုံးတွေတစ်စစီ အစ်စစီ ကြေမွလွင့်စဉ် ကုန်တော့သည်၊ အလွန်ပြင်းထန်သည့် ဆူနာမီ ရေလှိုင်းကြီးထဲ သူ ရိုက်ခတ်ပါသွားသကဲ့သို့ သူ့အသိစိတ်တွေ ပျက်စီးကြေမွ ကုန်သည်၊ သူ အိပ်မက်ဆိုးကြီးတစ်ခုထဲသို့ လွင့်ကျသွားသည့်အလား သူ့အသိအာရုံတွေတစ်ခုလုံးကိုအမှောင်ထုကြီးက ဖုံးလွှမ်းသွားပါလေတော့ သည်၊

သူ့လက်ထဲမှ ဟန်းဖုန်းကလေးက ကြမ်းပျဉ်ပေါ် "ခွမ်း" ခနဲ ပြုတ်ကျ သွားလေသည်၊

ထိုညသည် သူ့အတွက် စကြဝဠာကြီး တစ်ခုလုံး ပြိုကျသွားသောညသည



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

နောက်တစ်နေ့မနက် ကြာသာပတေးနေ့နံနက် (၈း၃၀)နာရီ၊ YANGON TO BANGKOK ခရီးစဉ် (FD 3771) လေယာဉ်နှင့်ဘန်ကောက်သို့မင်းခေါင်အုပ် ချက်ချင်းလိုက်လာခဲ့သည်။ နံနက် (၁၀း၁၅)နာရီတွင် သူ ဘန်ကောက်သို့ရောက်ရှိခဲ့သည်။ အနက်ရောင်အနောက်တိုင်းဝတ်စုံပြည့်ကို သူဝတ်ဆင်လာခဲ့သည်။ လေဆိပ်မှာ ဖောင်နာထရာက သူ့ကို စောင့်ကြိုနေသည်။

မင်းခေါင်အုပ် စကားတစ်ခွန်းမျှ မပြောဘဲ ဖောင်နာထရာ၏ ကားထဲ၌ ငြိမ်သက်စွာလိုက်ပါလာခဲ့သည်။ သူမည်မျှထိခိုက်ကြေကွဲခံစားနေရသည်ကို ဖောင်နာထရာ သိပါသည်။ သူ ကိုယ်နှိုက်ကလည်း မင်းခေါင်အုပ်နည်းတူ ထပ်တူထပ်မျှဝမ်းနည်း တသသယူကြုံးမရ ခံစားနေရသည်မို့ သူ့မစ္စတာခေါင်ကို ကိုယ်ချင်းစာသည်။

"မစ္စတာခေါင် ... ခင်ဗျား ဘယ်လောက် ထိခိုက်ခံစားနေရတယ်ဆိုတာ ကျုပ် နားလည်ပါတယ်။ သူ့ကို ခင်ဗျား ဘယ်လောက်ချစ်တယ်ဆိုတာကို ကျုပ်အသိဆုံးပါ။ ဒါပေမဲ့ - မစ္စတာခေါင် ကျုပ် ခင်ဗျားကို ပြောခဲ့တာ မှတ်မိသေးလား။ မိန်းမတစ်ယောက်ကိုချစ်ရတာ၊ "ကစ်ဘောက်ဆာ" ထိုးရသလို လောကဓံနဲ့ ယှဉ်ပြိုင် သတ်ပုတ်ရမှာဘဲ့မယ်ဆိုတာလေ။ အနူးတီတျာက လည်း ခင်ဗျားကို သူဘယ်လောက် ချစ်တယ်ဆိုတာ သူ့ကိုယ်သူ သက်သေခံ ရင်ဖွင့်ပြသွားခဲ့တယ်"

ဖောင်နာထရာက ကားနောက်ခန်းထဲ၌အတူထိုင်စီးလာရင်း သူ့ဒေသ ငို့ကကို မင်းခေါင်အုပ်ကို ပြန်ဖွင့်ပြသည်။ သူ့အဆုံးသတ်စကားလေးက မင်းခေါင်အုပ်အတွက် နည်းနည်းဆန်းနေသည်။

"ခင်ဗျားဘာကိုဆိုလိုတာလဲ မစ္စတာဖောင် သူ့ကိုယ်သူ သက်သေခံ ဖွင့်ပြသွားခဲ့တယ်ဆိုတာ ဘာကို ပြောတာလဲ"

"ခင်ဗျား ဟိုရောက်ရင် သူ့ကို တွေ့ပါလိမ့်မယ်"



"သူ အခု ဘယ်မှာလဲ မော်ကျူရီမှာပဲလား"

"ဘုရားကျောင်းမှာ ရာပနာ အခမ်းအနား ပြင်ဆင်ထားတယ်"

ကားကမိနစ်ပိုင်းအတွင်းတွင် "ရှင်မိကွေလ" ဘုရားကျောင်းနီနီလေးရှေ့ သို့ ရောက်လာခဲ့၏။ ဘုရားကျောင်းက မီးရောင်တွေ ဖြာလက်နေသည်။

မင်းခေါင်အုပ် ဖောင်နာထရာနောက်မှ ဘုရားကျောင်းထဲ လှမ်းဝင်လာ ခဲ့သည်။ ဘုရားကျောင်းတစ်ခုလုံး အဖြူရောင်ပန်းပွင့်တွေနှင့် ဖြူဆွတ် တောက်ပနေတော့သည်။ နှင်းဆီဖြူ၊ ဒေလီယာဖြူ၊ စံပယ်ပွင့်ဖြူ၊ လီလီပန်း အဖြူ၊ ငွေပန်းနှင့်ဖွန်ပန်းအဖြူ၊ ဆွတ်ဆွတ်ဖြူနေသော သစ်ခွပွင့်များ လှပ သောအဖြူရောင်ပန်းခေါင်ပွင့်များက ခမ်းနားဝင့်ထည်စွာ နံရံ၊ မျက်နှာကျက် စားပွဲ၊ ပလ္လင်လက်ရန်းတွေပေါ်မှာ အလှတန်ဆာ ဆင်ထားကြသည်။

ဘုရားကျောင်းတစ်ခုလုံး ထိတ်လန့်အံ့ဩဖွယ်ရာ ပန်းရနံ့မျိုးစုံတွေ သင်းပျံ့လွင့်မွှန်နေသည်က ကြက်သီးထစရာပင် ကောင်းနေသည်။

ဘုရားကျောင်းအတွင်း လက်ဝဲလက်ယာ ခုံတန်းရှည်တွေမှာ (Funeral) အသုဘအခမ်းအနားသို့ တရားရှုလာသူတွေက ငြိမ်သက်စွာ ထိုင်နေကြ၏။

"မစ္စတာခေါင် ... ဟိုမှာလေ အနူးတီတျာ - ကျုပ်တို့ နောက်ဆုံးအနေနဲ့ သူ့ကို သွားကြည့်လိုက်ကြရအောင်"

ရှေ့ဆုံး ထိုင်ခုံရှည်ထိပ်နား အရောက်တွင် မစ္စတာဖောင်က သူ့ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ဘုရားကျောင်းပလ္လင်ရှေ့လေ့ကားထစ် အောက်ခံကော်ဇောနီကွက်လပ်ပေါ်၌ပြင်ဆင်ထားသော အလောင်းစင်ရှိရာ ဆီ လက်ညှိုးထိုးပြလျက် ဆိုရှာလေသည်။

အနူးတီတျာကို ပြင်ဆင်ထားသည့် အခေါင်းသေတ္တာက အလွန်လှ သည့် ဖြူဖွေးတောက်ပနေသော အလူမီနီယံ ခေါင်းတလားဖြစ်သည်။ ခေါင်းပတ်လည်တွင် အဖြူရောင်ပန်းခွေများနှင့်ပန်းပွင့်ဖြူဖြူတွေ ထိန်ထိန် ဆနေသည်။

သူတို့နှစ်ဦးခေါင်းသေတ္တာရှိရာပလ္လင်ရှေ့သို့လျှောက်လာကြပြီး ခေါင်း၏



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းရင်းထိပ်တွင် နစ်ပေါ်ပေါက်သားယှဉ်ရပ်လိုက်ကြသည်။ မင်းခေါင်အုပ်က ညာဘက်မှ ရပ်လိုက်သည်။ အခေါင်းသေတ္တာ၏အဖုံးက တစ်ခြမ်းထောင်၍ လှန်ဖွင့်ထားသည်။

"မစ္စတာခေါင် ... ဒီမှာ နူးကို ကြည့်ပါဦး"

မင်းခေါင်အုပ်က အခေါင်းအတွင်းမှနူး၏ မျက်နှာလေးကို ကြွေကွဲလှစွာ ငုံ့ကြည့်လိုက်သည်။

"ဟင် ... အို ... ဘုရားရေ"

မင်းခေါင်အုပ်အာလွန်အံ့ဩတုန်လှုပ်စွာနှင့်စိတ်ထဲကဖော်မပြနိုင်အောင် စိမ့်စိမ့်လေး ကြည်နူးရင်စုန်သွားသည်။

"လှလိုက်တဲ့ အနူးတီတျာရယ် - မယုံကြည်စရာပါပဲလားကွယ်"

ပြီးနောက် သူ့နှုတ်မှလည်း အံ့ဩ ရေရွတ်မိလိုက်သည်။ မှန်ပါသည်။

အနူးတီတျာ၏မျက်နှာလေးက ကြွေရည်သွန်းထားသလို ထူးဆန်းစွာ ဖြူဝင်းနမ့်တ် စိုဝင်းတောက်ပနေသည်။ ပြီးတော့ သူမ၏ လက်နစ်ဖက်နှင့် ခြေဖျားနနလေးတွေကလည်း၊ သူမ ဝတ်ဆင်ထားသည့် သတို့သမီးပိုးဂါဝန် အဖြူရောင် ပုလဲပုတီးအဖြူ၊ ဂုလဲနားကပ်အဖြူ၊ သူမခေါင်းတွင် လှပစွာ ပန်ဆင်ထားသည့် ပေါက်ဝင်ဇီလာ ပန်းပွင့်အဖြူ အခေါင်းအဖြူရောင်တွေနှင့် အလှချင်းပြိုင်လျက် ဖြူဖွေးတောက်ပနေပါသည်။

မိတ်ကပ်လူးထားသော ဆေးဆိုးအလှပြင်ထားသည့် အဖြူရောင်မျိုး မဟုတ်၊ အရောင်အဆင်းမျိုးလည်း မဟုတ်ချေ။

အလွန်အသားအရည်လှသည့် အရှေ့တိုင်း သူမလေးတစ်ဦး၏ ဖြူဝင်းနမ့်တ်နေသော ဆင်စွယ်ရောင်အသားအရည်မျိုးဖြစ်သည်။

"တွေ့လား မစ္စတာခေါင် - ခင်ဗျားမြင်ဖြီ မဟုတ်လား။ သူ ... ခင်ဗျားကို ဘယ်လောက် ချစ်သလဲဆိုတာ ခင်ဗျားအံ့ဩသွားအောင်လို့ သူ့ကိုယ်သူ အဖြူရောင်အလှတွေနဲ့ခြယ်သပြီး ခင်ဗျားကိုနှုတ်ဆက်သွားခဲ့တယ်။ ခင်ဗျား သူ့အတွက် ဂုဏ်ယူလိုက်စမ်းပါ မစ္စတာခေါင်၊ ဒါ - ခင်ဗျားကို ဘုရားသခင်က သူ့ကိုယ်စား ပေးသွားခဲ့တဲ့ "လက်ဆောင်" ပဲ"



မင်းခေါင်အုပ် ရှိုက်သက်ပြင်းသဲ့သဲ့လေး ရှိုက်ရှူလိုက်သည်။ နှလုံးသားထဲ၌ ကြေကွဲလွမ်းဆွတ်မှု၊ နမြောတသ ယူကြုံးမရမှုတွေနှင့်အတူ ကြည်နူး ဂုဏ်ယူခြင်းနှင့် ကျေနပ်တုန်လှုပ်မှုတွေ ရောပြွမ်းနေသည်ဟု ထင်သည်။

သူပြုံးရိပ်ဝေနေသည့် အနူးတီတျာ၏မျက်နှာလှလှလေးကို စိုက်ကြည့်လျက် သူမ၏ ဆင်စွယ်ရောင် နဖူးပြန့်ပြန့်လေးကို ငုံ့နမ်းလိုက်ကာ ရင်ထဲက တိုးတိုး နှုတ်ဆက်လိုက်မိသည်။

"ဂွတ်ဘိုင် ... နူးရေ၊ ကိုကိုလည်း နူးကို သေအတူ ရှင်မကွာ ချစ်တယ် နူး"

ပြီးနောက် ဗောင်နာထရာနှင့်သူ ပလ္လင်ရှေ့မှ ပြန်ဆင်းလာခဲ့ကြပြီး အရှေ့ဆုံး ခုံတန်းညာဘက်အစွန်၌ ဝင်ထိုင်လိုက်ကြသည်။

လွမ်းမြည့်စရာ ခေါင်းလောင်းသံရှည်ကြီးက လွင့်ဝဲထွက်ပေါ်လာသည်။

သူမျက်လုံးကိုမှိတ်ထားပြီး ခေါင်းငုံ့နေလျက် အာသင်းအုပ်ဆရာတော်၏ အသုဘအခမ်းအနား ဆုတောင်းဝတ်ပြုခြင်း အစီအစဉ်ကို စိတ်ထဲက နားထောင်နေသည်။

သည့်နောက်တွင် အနူးတီတျာ၏ အခေါင်းကို အသုယာဉ်ပေါ်တင်ကာ သချိုင်းသို့လိုက်ပါပို့ဆောင်ကြ၏။ မစ္စတာပေါင်နှင့်မင်းခေါင်အုပ်တို့၏ကားက အသုဘယာဉ်နောက်မှ ကပ်၍ လိုက်ပါလာခဲ့ကြသည်။

သချိုင်းတွင် ဆရာတော်က "သင်္ဂြိုဟ်ချင်းဝတ်" ကို ကျင်းပပြီး အခေါင်းကို အုတ်ဂူလုပ်မည့်မြေကျင်းအတွင်းသို့ချကြ၏။ လူများက အခေါင်းကိုမြေမြှုပ်ခါ၌တွင် ပန်းနှင့်မြေကြီးများကို အခေါင်းပေါ်သို့ နောက်ဆုံး နှုတ်ဆက်ခြင်း အနေဖြင့် ပစ်ကြဲချကြသည်။

မင်းခေါင်အုပ်က သူ မြန်မာပြည်မှ ယူဆောင်လာခဲ့သော အဖြူရောင် ဆွတ်ဆွတ် လိပ်ပြာနှင်းဆီပွင့်ကြီးကို သူ့ကုတ်အကျႌအိတ်အတွင်းမှ ဆွတ်ယူလိုက်ပြီးလျှင် မြေကြီးခဲတစ်ခဲကို ကောက်ယူကာ အနူးတီတျာ၏ အခေါင်းပေါ် မြေကျင်းထဲသို့ ပစ်ချပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့နှုတ်မှလည်း "နှုံးရေ - သွားတော့နော်၊ မကြာခင် ကိုကိုလည်း နှုံးဆီ လိုက်လာခဲ့မယ်" ဟု မင်းခေါင်အုပ် သစ္စာပြုလိုက်လေသည်။

ထိုစဉ်ဆရာတော်နှင့်ယုံကြည်သူအားလုံးတို့ဆီမှ နောက်ဆုံးနှုတ်ဆက် ဆုတောင်းပေးလိုက်ကြသော လွမ်းမြည့်တမ်းသဖွယ်ရာ "ခမ္မတေးသီချင်း" လေး တစ်ပုဒ်က ကြည်နူးချမ်းမြေ့စရာ ညနေဆည်းဆာန သချိုင်းပရဂုဏ် လေးထဲလွှမ်းကျလာပါသတည်း။

"ညဦးဦးအချိန်ရောက်ပြီ ... မိုးလည်းချုပ်ပြီ၊

ကိုယ်တော်အပြင် ... မ,စနိုင်သူမရှိ

မိုးကိုးရာမဲ့ ... အားထားရာ အခြားမမြင်၊

စိတ်တွင်း၌ ကျိန်းဝပ်ပါ ... ယေရှုအရှင် ... အာမင်"

ဝ ၏ ဝ

ယနေ့ည ရန်ကုန်မြို့၏ စိတ္တဇမော်ရှုညက ရွှေပုံးခြားခြားလေး မြူငွေ့ တွေ မှိုင်းဝေ့လျက်၊ မာကျူရီမီးရောင်တွေနှင့် မနီးတစ်ဝက် နီးတစ်ဝက် အိပ်မှုန်စုံမွှားလေး ဖြစ်နေသည်၊

အချိန်က ခုနစ်နာရီခွဲခန့်သာရှိသေး၏။

မင်းခေါင်အုပ် သူ့ "ဟွန်ဒါအက်ကော" ကားနက်လေးနှင့် Night Float ထဲ စီးမျောလွင့် ပါလာခဲ့သည်၊ သူသည် အနက်ရောင်မော်ဝင်ညတွေကို "ခရေဇီ" ဖြစ်သည့် ညမင်းသားဖြစ်သည်၊

သူ ရန်ကင်းဘက်မှ ဥဿာဒလလမ်းအတိုင်း ကားမောင်းပြီး မြို့ထဲသို့ ဖြတ်လာခဲ့သည်။

မင်းခေါင်အုပ် - ထိုင်းနိုင်ငံမှ ပြန်လာပြီးကတည်းက သုံးရက်လုံးလုံး ဘယ်မှမထွက်ဘဲ ပန်းရနံ့တွေနှင့်ရေမွှေးဖော်မြူလာ နည်းဗျူဟာတွေ ကြားမှာ မေ့မျောနေခဲ့သည်၊

ယနေ့ညတော့ သူ့ကို သူချစ်တဲ့ အမှောင်ထုက စုပ်ယူလိုက်ပြီး ညကမ္ဘာ ခြမ်းထဲသူ့ကို မောင်းနှင်ထုတ်လိုက်သည်။



မင်းခေါင်အုပ် တာမွေအောင်မင်္ဂလာလမ်းနှင့်ဥဿာဒလလမ်းထောင့်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်လာခဲ့သည်၊ အမှတ်မထင် သူ စတိုးဆိုင်ကို လှမ်းကြည့်လိုက်မိသည်။

ဟာ ... လှပ်ခနဲ သူ့ရင်တွေ အေးစက်သွားသည်၊

စတိုးဆိုင်က မာကျူရီမီးရောင်တွေနှင့် ဖျန်းဖျန်းတောက်နေသည်၊ ဆိုင်ထဲတွင် အဖိုးတန် ရွှေခြည်ထိုး သတို့သမီးဝတ်စုံ၊ အရောင်အသွေးမျိုးစုံတွေနှင့် "မိုဒယ်လ်" (Model) အရုပ်တွေ ပေါ်ဝတ်ဆင်ထားသောဒီဇိုင်းမျိုးစုံတွေကိုသူတွေ့လိုက်ရသည်။

သူ ... သူ့ထိုင်းနက်ဒေဝီနတ်သမီးလေးကို စိတ်ထဲက ဖျတ်ခနဲ သတိရလိုက်မိသည်။ မင်းခေါင်အုပ်အသည်းတွေ နွေးမြလိုက်ဗိုသွား၏။

ထိုမှတစ်ဖန် သူ သူ့ကားကို သိမ်ဖြူလမ်းအတိုင်း ဆက်မောင်းလာခဲ့ပြီး အနော်ရထာလမ်းအတိုင်း ဆူးလေဘက်ဆီ ကွေ့မောင်းလာခဲ့သည်၊ ဗိုလ်အောင်ကျော်လမ်းထောင့်မှ စတိုးဆိုင်လေးဆီ သူ့အာရုံက ဖျတ်ခနဲ ရောက်သွားပြန်သည်၊

ထိုဆိုင်ထဲတွင်ကော်နှင့်ပုံသွင်းထားသောအမျိုးသမီး "မိုဒယ်လ်" အရုပ်မျိုးစုံတွေ တွဲလောင်းချိတ်ထားသည်ကို ရုတ်တရက် သူ လှမ်းမြင်လိုက်ရသည်၊ ထိုအထဲတွင် "အနက်ရောင်" ကိုယ်ဖလာကျင်းနေသည့် ကပ္ပလီမ အသွင် အမျိုးသမီးမိုဒယ်လ်အရုပ်တစ်ခုကို သူ လှမ်းမြင်လိုက်ရ၏။

ထိုအခိုက်အတန့်တွင် သူ့စိတ်တွေက တစ်စစီ ပြိုကွဲ လွင့်စဉ်ထွက်သွားတော့၏။

ပြီးနောက် သူတခြားကမ္ဘာသစ်တစ်ခုဆီသို့ မျောလွင့်သွားတော့လေသည်၊

မင်းခေါင်အုပ် သူ့ဟွန်ဒါအက်ကော့ မဟူရာမင်းသားလေးကို လမ်းဓာတ်တရုတ်တန်းထဲသို့မောင်းဝင်လာပြီး ကားပါ့ခ်တစ်ခုတွင်ရပ်လိုက်က ကားပေါ်မှဆင်းပြီး သူ လူအုပ်ထဲ တိုးဝင်လာခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com

သည်အချိန်က ရွှေရောင်သိမ်းစ ညအမျိုးစင်ရိုင်းလေးမို့ "ချိုင်းနားတောင်း" တစ်ပိုက်က လူစည်ကားနေသည်။

မင်းခေါင်အုပ်ကသူ့တရုတ်တန်းရောက်တိုင်းအမြဲထိုင်နေကျ၊ (၁၉)လမ်းထဲက ဘီယာဆိုင်ကလေးဆီတန်းလာခဲ့သည်၊ သူ လူတွေကြားမှ ကွေ့ပတ်လျက် ဆယ့်ကိုးလမ်းထဲရှိစားသောက်တန်းတွေရှေ့မှ လျှောက်လာခဲ့သည်။

ယင်းအခိုက်သူ့အာသီအာရုံထဲသို့ထူးခြားသောအသံလှိုင်းလေးတစ်ခုက ဖျတ်ခနဲ ဝင်ရောက်လာသည်၊ သူ့စိတ်လိပ်ပြာလေး ကြွမွသွား၏။

"ဟဲလို ... မွန်ဆီယာ ဘွန်နွီး"

ပြင်သစ်လို နှုတ်ဆက်လိုက်သံလေးတစ်ခုဖြစ်သည်၊ အမျိုးသမီးတစ်ဦး၏အသံ၊

"ဟဲလို ... မစ္စတာ ကောင်းသောညပါရှင်" တဲ့ ...၊

မင်းခေါင်အုပ်စိတ္တဇလိပ်ပြာရိုင်းလေးနှင့်ခဘားဘီကို ငေးရီစွာ ဇော့ကြည့်လိုက်မိ၏၊ သူ့ရှေ့မလှမ်းမကမ်း၌ နိုင်ငံခြားသူ လူမည်းကပ္ပလီ နီဂရိုးမလေးတစ်ဦးက ရပ်နေသည်၊ အရပ် ငါးပေကိုးလက်မလောက်ရှိမည်၊ ခဲနုရောင်ဂါဝန်ပေါင်ပြတ်တိုကလေးကို ဝတ်ထားသည်၊ နားမှာငွေနားကွင်းလေးပန်ထားသည်၊

အရပ်ငါးပေခြောက်လက်မသာရှိသည့် မြန်မာအမျိုးသားကလေးမင်းခေါင်အုပ်က သူမကို ဝမ်းသာအံ့သြစွာ မော့ကြည့်လျက် အလိုက်တသင့် ပြန်နှုတ်ဆက်လိုက်သည်၊

"ဟဲလို ... မက်ဒမွိုင်ဇယ် ဘွန်နွီး"

သူ ပြင်သစ်လို ပြန်နှုတ်ဆက်လိုက်သည်၊ "ကောင်းသောညပါ မစ္စ" လို့ သည်တွင် လူမည်းနတ်သမီးနီဂရိုးမလေးက သွားတန်းဖြူဖြူလေးတွေ ဖွေးလက်တောက်ပသားအောင် ပြုံးလျက် သူ့ရှေ့လျှောက်လာသည်၊

"ကျွန်မက တောင်အာဖရိကနိုင်ငံက အာဖရိကန်တစ်ယောက်ပါ၊ ရှင့်ကိုပြီးခဲ့တဲ့ တစ်ပတ်လောက်က ကျွန်မ စင်ကာပူကနေထိုင်းနိုင်ငံကိုအလာမှာ လေယာဉ်ပေါ်မှာ မြင်လိုက်မိသလားလို့လေ၊"



မင်းခေါင်အုပ်က မှတ်ဉာဏ်ကောင်းလှသည့် "မဟူရာလိပ်ပြာနက်" ဒေဝီလေးကို စိတ်ထဲက ချီးကျူးမိလိုက်ကာ သူ့နှုတ်ခမ်းကွေးကွေးပေါ်မှာ အပြုံးတောင်ပံတွေ ဖျဲခဲထွက်သွားသည်၊

"ဟာ ... သိပ်ဝသေရာတာပေါ့၊ မဟူရာဒေါင်းမလေးရဲ့ - ကိုယ်ကလည်း မင်းကို လေယာဉ်ပေါ်မှာ ထင်ထင်ရှားရှားလေးကို သတိထားမြင်တွေ့ခဲ့ပါတယ်၊ ဘာကြောင့်လို့လဲဆိုတော့ ကိုယ်က အနက်ရောင်မဟူရာ နတ်သမီးလေးတွေကို သိပ်ရူးသွပ်စွဲလမ်းတဲ့ "နတ်သား" ဆိုပါတော့၊ ဟဲ - ဟဲ - ဟဲ"

"ဟာ ... ဟုတ်လား ဒါဆို ပျော်စရာကြီးပေါ့၊ ကျွန်မနာမည် ကမ်ပါရီဝေဝေ"

"ကျွန်တော်က မင်းခေါင်အုပ် - မစ္စတာခေါင်လို့ ခေါ်နိုင်ပါတယ်"

သူတို့နှစ်ဦး ကြည်နူးရီဝေစွာ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ပြန်လည်တွေ့ဆုံခြင်း အထိမ်းအမှတ်နဲ့ ကျွန်တော်တို့ မြန်မာဘီယာ အတူ သောက်ကြရအောင်လေ၊ ကျွန်တော် ဧည့်ခံပါရစေ၊ ဝေဝေ"

"အိုး ...ဂေါ့ ကျွန်မကလည်း မြန်မာဘီယာသောက်မလို့ ဒီလမ်းလေးထဲ ဝင်လာခဲ့တာ၊ သိပ်ကျေးဇူးတင်တယ် မစ္စတာခေါင်"

သူတို့နှစ်ဦးသား ဆယ့်ကိုးလမ်းဘီယာရွာလေးထဲသို့ အပျော်ခိုးတွေနှင့် ဝမ်းသာအားရ လှမ်းထွက်လာခဲ့ကြသည်၊

မင်းခေါင်အုပ်က အခေဆိုင်လေးရှေ့တွင် သူ့ရွှေမည်းနတ်မိမယ်လေးနှင့် အတူရပ်လိုက်ကြပြီး လွတ်နေသော စားပွဲဝိုင်း၌ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်၊

အကင်ပစ္စည်း၊ သားငါးအသီးအရွက်မျိုးစုံ ထည့်ထားသော မှန်ဗီရိုရှည်နောက်ဘက်မှ ဆိုင်ရှင် တရုတ်လေးအမေက သူ့ကို လှမ်းကြည့်ပြီး ဝမ်းသာအားရကြိုဆို နှုတ်ဆက်သည်၊

"ဟိုင်း...ဘော့စ်ပျောက်နေတာတစ်ပတ်လောက်ရှိပြီနော်" တစ်ယောက်ထဲလား၊ ဘာသောက်မလဲ ဘီယာပဲလား ဝီစကီရော့"

သူ မျက်နှာကို တစ်ချက် မချိုမချဉ်နှင့် တွန့်စတက်လေး မဲ့ပြုံးလိုက်ကာ ညာဘက်မှောင်ကုတ်လေးနှင့် အခေကို လှမ်းပြောလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ဒီမှာလေ ကိုယ့်ရွှေမည်းနတ်သမီးလေးနဲ့ အေး ... မြန်မာဘီယာနှစ်လုံးနဲ့ဖန်ခွက်နှစ်ခွက်၊ ရမ်တစ်ပြား အာလူးကြော်တစ်ပွဲ၊ အရင်လာချပေး။ ပြီးရင် ငါးကင်ဖောင်းဖောင်း ကျွတ်ကျွတ်တစ်ကောင်၊ ကင်းပုံငါးသုပ်တစ်ပွဲ၊ ပုဇွန်ကင်ချိုချဉ်တစ်ပွဲ၊ ပြည်ကြီးငါးဟင်းချိုတစ်ပွဲ၊ မြန်မြန်လေးနော် အစေ"

"ရက်စ် ... ဘော့စ် အိုစေ - အိုစေ"

အစေကလည်းမစေ၊ ဘိုလိုဝေဝေဆာဆာလေးမှုတ်ကာရမ်းသရှူးလေး လှုပ်ရှားလိုက်သည်။

သိပ်မကြာလိုက်မီ စတ္တန္ဒပိုင်းလေးအတွင်း အစေက လျင်လျင်မြန်မြန်လေး ပြင်ဆင်လျက် လင်ဗန်းတစ်ချပ်ထဲ ပွေ့ယူလာပြီး မြန်မာဘီယာပုလင်းနှစ်လုံး၊ ဘီလူးခေါင်းဘီယာဖန်ခွက်နှစ်ခွက်နှင့် ရေခဲပန်းကန် ဝီစကီပုလင်း အာလူးကြော်ပန်းကန်များကိုစနစ်ကျစွာ မင်းခေါင်အုပ်တို့စားပွဲပေါ်ခင်းကျင်းပေးသွားခဲ့သည်။

"သင့်ခယူး ... အစေ"

မင်းခေါင်အုပ်က အစေကိုကျေးဇူးတင်စကားလေးနှင့်ပဏာမပျိုးလိုက်ပြီး သူ၏ "မြန်မာဘီယာ" မိုးဖွဲလေးကို ရှာသွန်းဖြိုးလိုက်ပါလေတော့သည်။ ပွဲစစချင်း မင်းခေါင်အုပ်က ဘီလူးခေါင်းဘီယာဖန်ခွက်တွေထဲကို ဘီယာအေးကျွမ်းကျင်စွာ ငှဲ့ထည့်ပေးလျက် သူ၏ရွှေမည်းလိပ်ပြာအာဖရိကန်ဒေဝီလေးနှင့် ခမ်းနားစွာ သောက်ပွဲလေး ကျင်းပလိုက်ပါတော့သည်။

"သောက် ... ဝေဝေ၊ ကိုယ်တို့နှစ်ယောက် အမှတ်တရဘီယာမိုးဖွဲဖွဲလေးတွေ ဒီည ပျော်ပျော်ရွှင်ရွှင် ရှာသွန်းလိုက်ကြရအောင်နော်"

"ကောင်းပါပြီတဲ့ရှင်"

သူတို့နှစ်ဦး ဘီယာဖန်ခွက်ချင်း ရွှမ်းခနဲ တွေ့ထိလိုက်ကြပြီး ချီးယားလုပ်ကာ မြန်မာဘီယာစမ်းချောင်းလေးထဲ တသွင်သွင်မျောပါသွားကြလေတော့သည်။

မင်းခေါင်အုပ်က သူ၏ ဘလက်ခရေဇီနှလုံးသား တေးဂီတလေးအာဖရိကန် ဒေဝီနတ်သမီးလေးအား နန်းစတော့ ရင်ဖွင့်စကားလေးအားပါးတရ လေးမျှဝေနေသည်။



အစေက နောက်ထပ်ပြီး အမြည်းပန်းကန်တွေကို သူ၏ဘလက်ရေးဖီး မင်းသားဘော့စ်၏ စားပွဲပေါ်ကို တစ်ပွဲပြီးတစ်ပွဲ တာဝန်ကျေစွာ လာချပေးနေသည်။

မင်းခေါင်အုပ်က မြန်မာဘီယာမိုးကလေး ခပ်ထွေထွေနှင့် ရွှန်းရွှန်းဝေစွာ ပြောနေသော ပြင်သစ်စကားတွေကိုအာဖရိကန်ဒေဝီ "လူမည်းမကလေးက" ကြည်နူးစွာ နားထောင်ရင်း တဟားဟား သဘောကျနေပါတော့သည်။ နောက်တစ်ဖန် သူက ဘီယာနှစ်လုံးထပ်မှာလိုက်၏။

သည့်နောက် သူတို့နှစ်ဦး၏အိပ်မက်ဆန်သည့် ယမကာဘီယာပွဲတော်ကလေးက ဆယ်နာရီခွဲကျော်ကျော်လောက် ညပျစ်ပျစ်ကလေးမှာ ကဗျာဆန်စွာပြီးဆုံးသွားခဲ့သည်။ ကမ်ပါရီဝေဝေလည်း မြန်မာဘီယာတန်ခိုးလေးတွေ ဝေနေလေပြီ။

‘ဒီည ထူးထူးဆန်းဆန်းဒီပုဂ္ဂိုလ်ဘယ်လိုဆိုင်တွေ
ဝင်လာသလဲ မသိပါဘူး။ တစ်ယောက်ထဲလာပြီး
ဘာတွေ တိုးတိုး တိုးတိုးနဲ့ မန်းမှုတ်နေမှန်းလည်း
မသိဘူး။ အီတလီလား၊ ပြင်သစ်
လိုလားလည်း မသိဘူး။
တစ်ယောက်တည်း
ထိုင်ပြောနေတယ်’





www.burmeseclassic.com

www.burmeseclassic.com

"အခုနေရေ… ငါတို့ ဘိယ်လောက်ကျလဲကွာ"

အခုနေကသူ့ရှင်ဘတ်ထဲမှာကယ်ကူလေတာနင့်ကြိုတင်တွက်ချက်ထား ပြီးသားဖြစ်၍မို့ မဆိုင်းမတွလေး ပြန်ဖြေကြားလိုက်သည်၊

"နှစ်သောင်း ရှစ်ထောင့်ငါးရာပါ ဘော့စ်"

"အိုကေ …. ဒီမှာ၊ ရော့ ဟော့ - အခုနေ"

မင်းခေါင်အုပ်က ပိုက်ဆံအိတ်အနက်လေးထဲရှိ "ငါးထောင်တန်" ငွေ စက္ကူထပ်ထဲမှ "ခြောက်ရွက်" ကိုဆွဲထုတ်ယူပြီးစားပွဲပေါ်တင်ပေးလိုက်သည်၊ နောက် သူက ထရပ်လိုက်သည်၊ သူ့ နီဂရိုး ပုလဲနက်ဒေဝီလေးကလည်း ရီဝေဝေမျက်လုံးတွေနှင့် နေရာမှ ထလိုက်၏၊

"အခုနေ … တို့သွားမယ်ဟေ့ … ဗွတ်နိုက်"

"ဗွတ်နိုက်ပါ ဘော့စ် - တစ်ယောက်ထဲ ဖြစ်ရဲ့လား ဆရာ၊ ကျွန်တော် ကားနဲ့ လိုက်ပို့ရမလားဟင်"

အခုနေက နောက်ဆက်တွဲ စိတ်မချသည့်စကားလေးတွေနှင့်စေတနာ ကွန်မြူးလိုက်ပါသေးသည်၊

မင်းခေါင်အုပ် သူ့ ရှန်ဟဲတရုတ်လေးကို အပြုံးရောင်စုံတွေနှင့်ပြန်၍ လှည့်ကြည့်လိုက်ပြီး ဖျတ်ဖျတ်လူးပြန်အော်ပစ်ခဲ့သည်၊

"ရှစ်ထိ - မင်းရူးနေလားကွ၊ ငါ့နံဘေးနားက ပါလာတဲ့ရွှေမဟူရာ အာဖ ရိကန် နီဂရိုးမလေးကို မင်း မမြင်ဘူးလား၊ သူနဲ့ငါ ဒီည နှုတ်ဆက်ပွဲကလေး ဆက်ရန် ရှိသေးတယ်ကွ အခုနေရ - ဟား - ဟား - ဟား"

မင်းခေါင်အုပ် အရယ်လှိုင်းတွေ ထန်လျက် သူ့ပုလဲနက်ဒေဝီ "အိပ်မက် နတ်သမီးမဟေသီ နီဂရိုးမလေးနှင့် လှမ်းထွက်သွားလေသည်၊

အခုနေက စားပွဲပေါ်မှ ငွေတွေကို ကောက်ယူလိုက်ပြီး ဘီယာပုလင်းနှင့် ဖန်ခွက်များကိုငုံ့ကြည့်လိုက်ကာ ခေါင်းကိုညင်သာစွာခါလျက်ပြုံးခါးခါးလေး ညည်းလိုက်၏၊

"ဒီည ထူးထူးဆန်းဆန်း ဒီပုဂ္ဂိုလ်ဘယ်လိုဆိုင်တွေ ဝင်လာသလဲ မသိပါ ဘူး၊ တစ်ယောက်ထဲလာပြီး ဘာတွေတိုးတိုး တိုးတိုးနဲ့ မန်းမှုတ်နေမှန်းလည်း



မသိဘူး၊ အီတလီလားပြင်သစ်လိုလားလည်း မသိဘူး၊ တစ်ယောက်တည်း ထိုင်ပြောနေတယ်၊ အခုလည်းကြည့်၊ ဒီဘီယာဖန်ခွက်တစ်ခွက်ထဲမှာလည်း ဘီယာတစ်စက်မှမလျော့၊ အပြည့်၊ နောက် ဒီဘီယာပုလင်းနှစ်လုံးထဲမှာ လည်း တစ်လုံးက တစ်ခွက်စာလေးပဲ လျော့တယ်၊ နောက်တစ်လုံးက အပြည့်၊ အင်း … ဒီပုဂ္ဂိုလ် စီးပွားရေးအာရုံတွေ ဆူပွက်လွန်းသွားပြီး ဦးနောက် ဟပ်ဘွိုင် ဖြစ်သွားတယ်ထင်တယ်၊ ကျွတ် … နမြောစရာပဲ"

တရုတ်လေးအခုနေ ပဟေဠိဆန်ဆန် မှတ်ချက်ချလိုက်သည်၊

ရန်ကုန်ညကလေးကတော့ လျှပ်စစ်မီးရောင်စုံတွေထဲမှာ ကခုန်မြူးတူး လျက်ရှိသည်၊

ဘောက်ထော်ကျောက်ကုန်းရှိ အဝေယာလမ်းကလေးက ညရင်အုံ ကို မှုန်ညက်ညက် လမ်းမီးတိုင်တွေနှင့် ချိတ်ဆွဲထားသည်၊

ထိုအချိန်ကလေးတွင် အဝေယာ ရင်ခွင်ထဲရှိ "နန်းထိပ်ထားကွန်ဒို" နှစ်ထပ်အဆောက်အအုံတစ်ခုရှေ့သို့ အနက်ရောင် "ဟွန်ဒါအက်ကော့" ကားလေးတစ်စီးက ငြိမ့်ခနဲ ထိုးရပ်သွားပါသည်၊

ကားနက်လေးထဲမှ ကျောက်စိမ်းရင့်ရောင်အနောက်တိုင်းဝတ်စုံနှင့် ည သတို့သားမင်းခေါင်အုပ်က လှမ်းထွက်လာသည်၊ သူက သူ့မဟာရာနတ်သမီး ကပ္ပလီမချောချောလေးကို လက်တစ်ဖက်က သူမ၏ခါးကို မနိုင်တနိုင်ပွေ့ ချက် ဒယိမ်းဒယိုင်လေး လျှောက်လာသည်၊ ကပ္ပလီအသားမည်းမလှလှ လေးက ဆံပင်တွေ ဖိုးရိုးဖားရားမျက်နှာပေါ် အုပ်မိုးကျလျက် ငွေပြာရောင် သတို့သမီးဂါဝန်တိုနှံ့နှံ့နှင့်လက်ပြောင်ပြောင်လေးကို ဝတ်ထားသည်၊

မင်းခေါင်အုပ် ကပ္ပလီမမည်းမည်းလေးကို ခါးက ပွေ့ဖက်ထားပြီး ခတ် လှေကားပေါက်ဝဆီ လျှောက်လာသည်၊ နီဂရိုးမ မည်းရှည်ရှည်လေးက မင်းခေါင်အုပ်ထက် အရပ်သုံးလက်မသာသာလောက် မြင့်နေသည်၊

"ဟာ … ဆရာ - ဆရာ့ချစ်ချစ်ကပ္ပလီမလေးက ဆရာ့ထက်တောင်အရပ် မြင့်နေပါလား၊ ချစ်စရာလေးနော်"

သူတို့နှစ်ဦး၏ နံဘေးနားမှ ဖြတ်လျှောက်သွားသည့် ရာရီနီနီလေးနှင့် ညစောင့် "ဆွာရပ်" ၏ဖနီးဟိန္ဒူမလေး "လက်ရှမီးဒေဝီ" က မင်းခေါင်အုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

ညစုံတွဲကို လှမ်းကြည့် နှုတ်ဆက်သွားကာ ရယ်မောသွားလေသည်။ လက်ရှ မီးက ကွန်ဒိုတိုက်၏ သန့်ရှင်းရေး အမျိုးသမီးဖြစ်ကာ တစ်တိုက်လုံးနှင့် ခင်မင်သူဖြစ်သည်။

"အေး ... ဟုတ်တယ်၊ သူ့နဲ့ပါ မကြာခင် လက်ထပ်ကြတော့မှာ"

"အိုး ... ဟုတ်လား ဟား - ဟား"

မင်းခေါင်အုပ်နှင့် ကပ္ပလီမလေးတို့ နှစ်ဦး၏ ဓာတ်လှေကားဖြင့် သူ့ ကွန်ဒိုနှစ်လွှာသို့ လှမ်းတက်လာခဲ့ကြသည်။

ယွန်းလုလုသန်းခေါင်ယံအချိန်လေးမှာ နန်းထိပ်ထား ကွန်ဒိုနှစ်လွှာ အခန်းလေးထဲမှ ညင်သာနညက်သည့် အာဖရိကန်ဗုံသံလေးနှင့် မြူးညာ ညက် ဂီတသံလေး တစ်ခုက ညဥ့်ယံလေးထဲ လွင့်ထွက်လာသည့်အတွင်း ကောင်းကင်ယံမှ ကြယ်ကလေးတွေ ရုတ်တရက် အလန့်တကြားလေး လန့်နိုးကုန်သည်။

ထိုနည်းအတူ ထိုနှစ်လွှာ ညာဘက်အခန်းရှိ ဘေးချင်းကပ်နေသော ကွန်ဒိုတိုက်ခန်းထဲမှ "နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီးထပ်ဆင့်အကယ်ဒမီ ပိုင်ရှင် (ဒေါ်)" စုမြတ်ရတီနွယ်သည်လည်း သန်းခေါင်ယံအစိဋ္ဌာန်ပုတီးစိပ် နေရာမှ အာဖရိကန်ဗုံသံလေးကြောင့် စိတ်လိပ်ပြာလေးတွေလွင့်ပျံသွား လေသည်။

သို့ရာတွင် အနုပညာရှင် ထိုမင်းသမီးကြီးက ထူးဆန်းသာယာသည့် ထိုဂီတသံလေးကို စိတ်ငြိုငြင်မှု မပြပဲ ကြည်နူးသွားဟန်ဖြင့် လက်ထဲမှ စိတ်ပုတီးကို စားပွဲပေါ် လှမ်းတင်လိုက်ကာ ဆိုဖာထိုင်ခုံမှ ညင်သာစွာ ထ၍ အိမ်ရှေ့ဝရန်တာလက်ရန်းလေးဆီ လှမ်းထလာခဲ့သည်။

အာဖရိကန်ဗုံသံလေးနှင့်ဂီတသံမြူးညက်ညက်လေးက သန်းခေါင် ညလေညင်းလေးနှင့်အတူ မင်းသမီးကြီး၏ ရင်ခွင်ထဲ လွင့်တိုးဝင်လာသည် မင်းသမီးကြီး၏ နူးညံ့သည့် အနုပညာနှလုံးသားထဲမှာ ဘုရား၊ တရား တဒင်္ဂမေ့သွားခဲ့ပြီး သာယာနညက်သည့် တိုင်းတစ်ပါး၏ ဂီတသံစဉ် မိုးသား လေးထဲ ငိုက်ခနဲ လွင့်မျောပါသွားသည်။



အမြဲတမ်း တိတ်ဆိတ်ငြိမ်သက်နေသည့် ရေမွှေးကုမ္ပဏီ စီးပွားရေး လုပ်ငန်းရှင်သန်းကြွယ်သူဌေးမင်းခေါင်အုပ်၏ ကွန်ဒိုအခန်းလေးထဲမှ ယနေ့ညတွင်မှ ထူးထူးဆန်းဆန်း အာဖရိကန်ဗုံသံ ဂီတသံစဉ် မြူးညက် ညက်လေးက သန်းခေါင်ယံ မှုန်မှုန်လေးထဲမှာ လွင့်မျောထွက်ပေါ်လာသံ ကြောင့် ဒေါ်စုမြတ် တအံ့တသြ သည်းငြိမ့် ရင်ခုန်ဖြစ်နေသည်။

အသက်ရင့်သော်လည်း အစက်အပွင့်လေးတွေနှင့် လှနေဆဲရှိနေသေး သည့် ဒေါ်စုမြတ်က မိန်းမတို့သဘာဝ စပ်စုချင်သေးသော ဝါသနာလေး ကြောင့် ဝရန်တာလက်ရန်းလေးကနေ ဘယ်ဘက်ကို ဖြည်းဖြည်း ရွေ့လှမ်း လာပြီး မှန်ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် မင်းခေါင်အုပ်၏ ဧည့်ခန်းလေး ဆီ ခြေဖျားထောက်လျက် လှမ်းကြည့်လိုက်မိသည်။ ဆိုရင်ပဲ -

သူမ မြင်လိုက်ရသည့် မြင်ကွင်းစိမ်းပြာရီမှောင်ကလေးက သူမ၏ စိတ်နှလုံးတွေကို ဆွတ်ပျံ့ကြည်နူး လှိုက်ဖိုသွားပါတော့သည်။

ထိုမြင်ကွင်းကလေးက တခြားမဟုတ်၊ အစိမ်းနရောင်မီးပွင့်ကလေး ဖြာကျနေသည့် အိမ်ရှေ့ဧည့်ခန်းလေးထဲ၌ မင်းခေါင်အုပ်က ငွေပြာရောင် လက်လက် သတို့သမီးဂါဝန်တိုနုံနုံလေးကို ဝတ်ထားပြီး ဆံပင်တွေ ဖျက်နှာ ပေါ်ဖို့ယိုဖားယားအုပ်မိုးကျနေသော ကပ္ပလီမညိုးမည်းလေး၏ ခါးသိမ်သိမ် လေးကို ပွေ့ဖက်ကာ အာဖရိကန်ဗုံသံဂီတသံစဉ်မြူးညက်ညက်လေးအတိုင်း ဖြည်းညင်းစွာ ရွေ့လျားလျက် ကကြိုးဆင်နေသော သန်းခေါင်ယံချစ်သူစုံတွဲ ဒန့်ဖင်း (Dancing) ကကွက်လေးပင် ဖြစ်ပါသတည်း။

ထုံကူးစအရက်ဦးနနထွတ်ထွတ်ကလေးက ထုံးစံအတိုင်း သဘာဝ လက်တံတွေထဲ လွင့်ပျံတိုးဝင်လာသည်။

ပန်းနရောင်လွင်ပြင်ဝလေးက အာကာသထဲမှ စိမ့်အံကျလာပါတော့ သည်။ အဝေယာ အရုဏ်ဦးလေးက ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ငြိမ်သက် တိတ်ဆိတ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သင်းအချိန်အခိုက်အတန့်ကလေးတွင် သည်းထိတ်ရောက်ချားစရာ အသံနက်ကြီးတစ်ခုက နန်းထိပ်ထားကွန်ဒို ခုနစ်လွှာပေါ်ရှိ အခန်းတစ်ခုဆီမှ ကြက်သီးထဖွယ်ရာ လွင့်မြောက်ထွက်ပေါ်လာသည်။

"အား"

ပတ်ဝန်းကျင်တစ်ခုလုံးကို ထိုထိတ်လန့် သည်းတုန်စရာ အသံဆိုးကြီးက ဖောက်ခွဲပစ်လိုက်သည်။ ထိုပတ်ဝန်းကျင်တစ်ဝိုက်ရှိ လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အလန့်တကြား တိုက်ခန်းတံခါးတွေ ဖွင့်သူတွေ ဖွင့်ကြ၊ ထွက်ကြည့်သူတွေ ထွက်ကြည့်ကြ၊ အချို့လည်း လမ်းမပေါ်မရဲတရဲ ထွက်လာနေကြသည်။

သို့သော် ထို ထိတ်လန့်ရောက်ချားစရာ အသံနက်ကြီး ရုတ်တရက် ထွက်ပေါ်လာသည့် အချိန်ကလေးမှာ -

တိုက်တိုက်ဆိုင်ဆိုင် နန်းထိပ်ထားကွန်ဒိုတိုက်နှင့်မျက်နှာချင်းဆိုင် တည့်တည့်တွင် ရှိသည့် "အဝေယာ" လမ်းတစ်ခုသာခြားသော ကွန်ဒို ရှစ်လွှာရှိ တိုက်ခန်းတစ်ခန်း၏ ဝရန်တာလက်ရန်းပေါ်တွင် နံနက်အရက်ဦး တိုင်း ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်း ထွက်လုပ်လေ့ရှိသည့် ဘဏ်မန်နေဂျာလူပျိုကြီး ကိုငြိမ်းချုပ်က ရုတ်တရက် အလန့်တကြားလေး လှမ်းကြည့်မိလိုက်သည်။

သူ မြင်လိုက်ရသည့်မြင်ကွင်းက မျက်နှာချင်းဆိုင်နန်းထိပ်ထားကွန်ဒို ခုနစ်လွှာထပ်၏ ဝရန်တာလက်ရန်းမှ လူတစ်ယောက် လွင့်ထိုးကျသွားသည်ကို အံ့ဩထိတ်လန့်ဖွယ်ရာ သူမြင်တွေ့လိုက်ရသည်၊ သို့သော် ထိုသူမှာ တစ်ယောက်တည်းမဟုတ်၊ ငွေပြာနရောင်ပြာလက်လက် ဂါဝန်လေးဝတ်ထားသည့်အမျိုးသမီးသဏ္ဌာန် မိန်းမတစ်ဦးကို ပွေ့ဖက်လျက်သားနှင့် နှစ်ဦးသား ထွေးလွင့်ကျသွားသည်ကို ထုံကူးစအရုဏ်ဦးနမှုန်မှုန်တွေကြားမှာ သူ ရိပ်ခနဲ မြင်လိုက်မိခြင်းဖြစ်သည်။

ပြီးနောက် မြေပြင်တမံတလင်းပေါ်ပြင်းထန်သော အရှိန်အဟုန်သံကြီး နှင့် ကိုင်ဆောင် ရိုက်ခွဲလိုက်သလို "အုန်း" ခနဲ မြည်ဟိန်းထွက်သွားသည့် အသံကြီးတစ်ခုက ဖုံးလွှမ်းသွားပါသည်။



တစ်ပြိုင်နက်တည်း ဘဏ်မန်နေဂျာလူပျိုကြီး ကိုငြိမ်းချုပ် အသံဝါဝါရှရှ ကြီးကလည်း လွင့်မြောက်ထွက်လာသည်။

"ဟာ ... ခုနစ်လွှာပေါ်က လူတစ်ယောက် မိန်းမတစ်ယောက်နဲ့ပွေ့ရက်သားကြီး လွင့်ကျလာတယ်။ ဟိုမှာ - ဟိုမှာ လာကြပါဦးဗျို့ - လာကြပါဦး"

ကိုငြိမ်းချုပ်၏ အော်သံဆုံးသည်နှင့် မရှေးမနှောင်း၊ နန်းထိပ်ထားကွန်ဒို ခုနစ်လွှာမှ မင်းသမီးကြီး စုမြတ်ရတီနွယ် ဝရန်တာသို့ အူယားဖားယား ပြေးထွက်လာပြီး အလန့်တကြားအောက်သို့ ငုံ့ကြည့်လိုက်သည်။

အောက်တွင် လူလေးငါးခြောက်ယောက် ခုနစ်ယောက်လောက်က တိုက်ပေါ်မှ လွင့်ကျလာသည့်လူနှင့်အမျိုးသမီးတို့အနီးသို့ စုပြုံသွားပြီး ဝိုင်းအုံကြည့်နေကြသည်။

ခုနစ်လွှာကွန်ဒိုပေါ်မှ လွင့်ကျလာသူက အခြားသူမဟုတ် မင်းခေါင်အုပ်၊

သူ သမံတလင်းထက်မှာ ပက်လက်လန်လျက် သားနှင့် အသက် ပျောက်နေသည်။ သူ့ဦးခေါင်းအောက်ဘက်နားတစ်ဝိုက်တွင် သွေးတွေက အိုင်ထွန်းနေသည်။ သို့ရာတွင် သူ့မျက်နှာက ထူးဆန်းစွာ အပြုံးရိပ်လေးတွေ ဝေနေသည်။

မင်းခေါင်အုပ်က သူ့ညာလက်နှင့် အမျိုးသမီးလေးကိုစါးမှ ပွေ့ဖက်ထားပါသည်။

ထိုအမျိုးသမီးလေးကား ငွေပြာရောင်လက်လက် သတို့သမီးဂါဝန်တို ဘလေးကို ဝတ်ထားသော အသားမည်းနီဂရိုးကပ္ပလီမမိုဒယ်လ်ကော်ရုပ် တစ်ရုပ်သာလျှင် ဖြစ်ပါလေသတည်း။

နန်းထိုက်နိုး
(နိုင်ငံခြားဘာသာသိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com



## သူနှစ်ယောက် စက်ဘီးတစ်စီး

### သုသာန်မြေ့ ဆောင်းတစ်ည

မင်းဘုန်းသိခ်သူ

ဆောင်းခါးခါး

ညချမ်း ....၊ ညသည် တိတ်ဆိတ်မှုန်ရီအေးစက် . . .၊

မားသွားလို စူးရှအေးစက်သော နှင်းထုသည် နှင်းစက်တွေ လက်ကျန်မှိုလောက်အောင် ညမှာ ကောင်းကင်ပေါ်မှ သွန်ကြဲနေလေသည်၊ နောက်တစ်နေ့ နှင်းတွေဖြာဝေဖို့ နှင်းစက်လက်ကျန်မှ ရှိပါသေးရဲ့လား၊ နှင်းတွေကအဖွဲဖွဲ ဖွေကျနေသည်၊ လေမတိုက်သော်လည်း အသည်းခိုက်မတတ်ချမ်းလှစွာသော ဆောင်းညရက် ဖြစ်ပေသည်၊

ဆောင်း၏ အအေးဒဏ်ကို ကာကွယ်သည့်အနေဖြင့် လူတွေ နေအိမ်အသီးသီး ဝင်ရောက်ကာအနားယူနေကြပြီ၊ လမ်းမကြီးတစ်လျှောက်လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်တွေပင် စောစီးစွာ သိမ်းဆည်းတံခါးပိတ်ကြပေပြီ၊ ကားလမ်းမကြီးပေါ်တွင်သာ အရှိန်လွန်ကားတစ်စီးတလေ၊ ဆိုက်ကားအချို့သာဖြတ်သွားဖြတ်လာရှိသည်၊ သို့မဟုတ် အိမ်အပြန်နောက်ကျလေ့ရှိသော အလည်လွန် အမူးသမားအချို့သာရှိမည်၊



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းကား အရိုးကျေကွဲမတတ် အေးစက်လှသော မညှာမတာဆောင်းဖြစ်လေသည်။ ချမ်းလွန်းသောကြောင့်အမှုးသမားအုပ်စုပင် ခါတိုင်းရက်တွေလို သီချင်းအော်မဆိုနိုင်တော့။ အသံပျောက်ကာ ငြိမ်သက်နေပြီး ညဉ့်နက်သန်းခေါင်အထိ လမ်းဘေးအုတ်ခုံမှာ ဂစ်တာဝိုင်းဖွဲ့လေ့ရှိသော ကောင်လေးတွေလည်း အိမ်ပေါ်တက်သွားကြပြီ။ အိမ်တွေ မီးမှိတ်ကုန်ကြပြီ။

ထိုအချိန်တွင် ဈေးဆိုင်ကလေးကို ရုတ်တရက် မသိမ်းဆည်းနိုင်သေးဘဲ ဝင်ငွေ၊ထွက်ငွေစာရင်းတွေနှင့်အလုပ်ရှုပ်နေသော ဆိုင်ရှင်တစ်ယောက်တော့ရှိလေသည်။ ထိုသူသည် အနည်းငယ် အလှမ်းဝေးသောနေရာမှ လာရောက်ဆိုင်ဖွင့်သူ ဖြစ်သည်။

ကိုမြင့်ဖော်သည် ဝါးခနဲ တစ်ချက်သမ်းဝေကာ နံရံမှာ တိုင်ကပ်ချိတ်ထားသော နာရီကို ကြည့်လိုက်သည်။ ည (၁၁း၀၀) နာရီ တိတိရှိပြီ။ အိမ်ပြန်မှ ဖြစ်တော့မည်။ ဆိုင်တံခါးကတော့ (၉း၀၀) နာရီလောက်ကတည်းက ပိတ်ပြီးသွားပေပြီ ညက မှန်ရီတိတ်ဆိတ်လျက် ...။

သူ၏ဆိုင်သည် တိုလီမိုလီ အဝတ်အထွာ အိမ်သုံးပစ္စည်းရောင်းသော ဆိုင်ဖြစ်လေသည်။ အပ်မှအစ အိမ်မိုးသွပ်ပြားအထိ ရောင်းချသော သံထည်ဆိုင်ဖြစ်လေ၏။ ဆိုင်နှင့်နေအိမ်မှာ မှတ်တိုင်သုံးတိုင်ခန့်သာ ဝေးသဖြင့် ညဉ့်နက်ခါမှ ဆိုင်ကိုအေးအေးလူလူပိတ်သိမ်းလေ့ရှိပြီး စက်ဘီးကလေးနှင့် ပြန်လာလေ့ရှိသည်မှာ နိစ္စဓူဝပင်။ သူအိမ်ပြန်ချိန်သည် လမ်းပေါ်တွင် လူရှင်းသလောက်ပင်။

သည်နေ့တော့ ဆောင်းက ရက်ရက်စက်စက် အေးလှသည်။ မိုးတိမ်ညွန့်တွေပင် အေးခဲကာ ကောင်းကင်မှ ပြုတ်ကျမတတ်။ အရိုးကွဲမတတ် ဆောင်းခါးခါးညများ။



ည ၈ နာရီခန့်ကပင် လမ်းမတွေပေါ်မှာ လူတွေ တိတ်ဆိတ်လျက်ရှိ၏။ ကိုမြင့်ဖော်သည် စက်ဘီးကလေးဖြင့် ခပ်မှန်မှန်နင်းလာသည်။ သူ၏ ဆိုင်သည် အရှေ့မြင်းပြိုင်ကွင်းဘက်မှာ ရှိသဖြင့် ကြက်ဂိတ်ခေါ် သံထည်ပစ္စည်းရောင်းချသော ဆိုင်တွေရှေ့မှာ နေ့စဉ်ဖြတ်သန်းရခြင်းဖြစ်သည်။ ထို့နောက် တာမွေသုသာန်သို့ဖြတ်သန်းရသည်။ အမှန်အတိုင်း ဝန်ခံရလျှင် မဖြတ်ချင်ဘဲ ညစဉ် ဖြတ်နေရသည်။

နှစ်ပေါင်းများစွာ ညတိုင်းလိုလို ဆိုင်တံခါးပိတ်ပြီး သင်္ချိုင်းရှေ့ရှိ လမ်းမကြီးကို ဖြတ်ပြန်နေရတာကြာတော့ ရိုးသွားသည်။ သင်္ချိုင်းနှင့် ပတ်သက်၍ လူပြောသူပြောများခဲ့သော တစ္ဆေဖာတ်လမ်းများသည်ကြာတော့ ယုံတမ်းပုံပြင်များ ဖြစ်သွားလေသည်။ ညအခါ သင်္ချိုင်းထဲမှ ထွက်လာတတ်သော ကျွတ်တစ္ဆေများ၊ မုန့်လုစားတတ်သော မှင်စာကလေးများအကြောင်း၊ သင်္ချိုင်းတွင်းရှိ ထန်းပင်ပေါ်သို့ တက်သွားသော ပြိုင်မြင်းတစ်ကောင်၏ ဖြစ်ရပ်၊ ကလေးတစ်ယောက်နီးပါး ကြီးမားသော ရေမဖားကြီးများအကြောင်းသည် ကြာတော့ ရိုးအီသွားလေသည်။

ကိုမြင့်ဖော်သည် သင်္ချိုင်းနှင့် ပတ်သက်သည့် ဒဏ္ဍာရီလာ ပါးစပ်ပုံပြင်များသည် သုသာန်ရှေ့ လမ်းမကြီးမှ ညမှောင်မှောင် ဖြတ်သန်းသွားတိုင်း ဦးနှောက်ထဲမှ ချက်ချင်းဖယ်ထုတ်ပစ်လိုက်ရတတ်သည်။

သူသည် လေကလေးချွန်ကာ ရှည်လျားတိတ်ဆိတ်သော လမ်းမကြီးပေါ်တွင်စက်ဘီးကလေးကိုအဖော်ပြုလျက်တစ်ယောက်တည်းနင်းလာစဉ် သင်္ချိုင်းတံခါးဝသို့ ရောက်သောအခါ လမ်းမီးများ ရုတ်တရက် ပြတ်တောက်သွားလေသည်။ ထို့ကြောင့် စက်ဘီးကိုရပ်ရင်း ဒိုင်နမို ခလုတ်ကလေးကို နှင့်ပြီး စက်ဘီးပေါ်ပြန်တက်လိုက်လေသည်။ လမ်းမီးပျက်သော်လည်း အိမ်အချို့ဆီမှအလင်းရောင်တချို့တစ်ဝက်ကြောင့် တိတ်ဆိတ်နေသော လမ်းမကြီးမှာ မှိန်ပျပျမြင်နေရပါသေးသည်။ သည်လို သင်္ချိုင်းရှေ့မှ ဖြတ်လေတိုင်း သူ ရွတ်လေ့ရွတ်ထရှိသော ဂါထာလေးတစ်ပုဒ်ကို သတိရမိသော်လည်း ရွတ်မိသေး။ ထိုဂါထာသည် “သုဝဏ္ဏဘူမိ ဂန္တာန” အစရှိသော မင်္ဂလာပင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုးဝါးပြေး ဂါထာပင်ဖြစ်သည်။ သူငယ်ရွယ်စဉ်က အဖွားဖြစ်သူနှင့်အတူတူ အိပ်စက်စဉ်အဖွားဖြစ်သူက နှုတ်တိုက်ချပေးသော ဂါထာတစ်ပုဒ်ဖြစ်ပေရာ ထိုဂါထာကို စိတ်အနှောက်အယှက်ဖြစ်စရာ ကြုံတိုင်း၊ ကြောက်လန့်စရာ ကြုံတိုင်း ရွတ်ဆိုလေ့ရှိသည်။ ယခု ထိုဂါထာကို ရွတ်ဆိုရန် မေ့လျော့နေခဲ့သည်။ စိတ်လှုပ်ရှားလျှင် သည်လိုပဲ ဖြစ်တတ်သည် မဟုတ်ပါလား။

စက်ဘီးကို ခပ်သွက်သွက်ကလေး နင်းလိုက်သော သချိုင်းရှေ့ (ယခုအခါ တာမွေအခွန်လွတ်ဈေးရှေ့)သို့ ရောက်လာသည်။ ထိုနေရာတွင် ကုက္ကိုပင်ကြီးများဖြင့် အုံ့ဆိုင်းဝေဆာနေတတ်သည်။ ထိုအပင်တန်းကြီးများကိုကျော်လွန်လျှင် အိုးစရပ်ကွက်၊ ရွှေဗုံ ရှပ်ရှင်ရုံရှေ့တို့ကို ရောက်မည်ဖြစ်သည်။ ထိုအချိန်တွင် မိမိနေအိမ်ရောက်ဖို့ ခရီးတစ်ဝက် ကျိုးသွားပြီ မဟုတ်လား။

သူ၏ စက်ဘီးကလေး ကုက္ကိုပင်ကြီးအောက်သို့ ရောက်သောအခါ ရင်ထဲမှာဖျန်းခနဲအေးစက်တုန်ခါသွားသည်။ ဆောင်း၏အအေးဒဏ်ကြောင့်လား၊ ဒါမှမဟုတ် တစ်ခါတစ်ရံ တိုက်ခတ်လိုက်သော လေပြည်တစ်ချက်ကြောင့်လား။ ရင်ထဲမှာ အမျိုးအမည်မသိနိုင်သော ဝေဒနာတစ်ရပ် ဖျတ်ခနဲ ဝင်လာခြင်းဖြစ်သည်။ သူသည်စိတ်ကိုတင်းကာ စက်ဘီးခြေနင်းကိုတစ်ချက်နှစ်ချက် ဖိ၍နင်းလိုက်စဉ်မှာပင် နောက်ကျောဘက်ဆီမှ တဖျတ်ဖျတ် ပြေးလိုက်လာသော ခပ်ကျယ်ကျယ် ခြေသံတစ်စုံကို ကြားလိုက်ရပါသည်။

ပြေးလိုက်လာသော ခြေသံသည် သူနှင့် လျင်မြန်စွာ နီးကပ်လာလေသည်။

✤

သူ့ရင်တစ်ခုလုံး ဒိန်းခနဲ တုန်ခါသွားပြီး အသိစိတ်နှင့် ခန္ဓာကိုယ် တင်းကွာသွားသလို လန့်ဖျပ်သွားမိခြင်း ဖြစ်သည့် ကြောက်လန့်မှုမျိုး ဖြစ်သည်။ လမ်းမကြီးတစ်ခုလုံး တိတ်ဆိတ်နေပြီး ဖြတ်သွားဖြတ်လာ လူတစ်ယောက် ကားတစ်စီးတလေပင် မရှိချေ။ ထို့ကြောင့် ပို၍အားငယ်သွားရသည်။ သည်



အသားအရေ ဖြူဖပ်ဖြူရော်နှင့် လူငယ်ကလေးသည် အပေါ်အင်္ကျီလက်တို အဖြူကလေးနှင့် ဖြစ်ပြီး ဆောင်း၏ အအေးဒဏ်ကို အံမတုနိုင်ရှာဘဲ တဆတ်ဆတ် တုန်ခိုက်နေပုံမှာ သနားစဖွယ်ကောင်းလှသည်။



ကောင်ကလေး၏ ဖြစ်အင်ကိုကြည့်ပြီး ကိုမြင့်ဇော် ကရုဏာ ဖြစ်မိသွားသည်။

---

အချိန်မှာ လူတစ်ယောက်ယောက် အနားမှာ အဖော်ရှိလျှင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ အခုမှ အဖော်ကောင်းကို သတိရမိသည်။

ပျော့သည်သချိုင်းရှေ့လမ်းမကြီးပေါ်မှာ နစ်ပေါင်းများစွာ သူဖြတ်သန်းလျှောက်လှမ်းခဲ့ဖူးပြီ။ တစ်ကြိမ်မျှ ထိုကဲ့သို့ တုန်လှုပ်ကြောက်လန့်မှုမျိုး မဖြစ်ပေါ်ဘူးပေ။ ရုတ်တရက်ဆိုသလိုပင် ရင်ထဲမှဖြစ်ပေါ်လာသော ကြောက်စိတ်အစိုင်အခဲတစ်ခုကြောင့် သစ်ပင်ကြီးများသည် အမှောင်ထုအောက်တွင် ကြောက်မက်ဖွယ်ရာ သတ္တဝါအကောင်အမျိုးမျိုး၏ အဆင်းသဏ္ဍာန်အဖြစ်သို့ ကူးပြောင်းသွားလေသည်။

အဖော် . . .ခရီးသွားဖော်။ တစ်ယောက်လောက်ရှိရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ အဖော်တစ်ယောက်ကို လိုလားမှတ်ဆိပ်စွာ



www.burmeseclassic.com

www.burmeseclassic.com

တောင်းတလိုက်မိသည်။ သည်လိုအချိန်မှာ တော်ရုံတန်ရုံ သတ္တိကြောင့် သူ တစ်ယောက်အဖို့ဆောင်း၏ပြင်းထန်သောအအေးဒဏ်နှင့်ကြောက်လန့်မှု ဒဏ်တို့ကြောင့်ပင် ချက်ချင်းနလုံးသွေးရပ်၊ မျက်ဖြူလန်ကာ သေဆုံးသွား နိုင်သည်။ ဒါပေမဲ့ - သူသချိုင်းရှေ့လမ်းမကြီးမှ နေ့စဉ်ဖြတ်သန်းနေရဆဲပင်။

မကြာမီ သူ၏လိုလားတောင့်တမှု ပြည့်ဝသွားသည်ဟု ပြောရမည်။ သူ၏နောက်သို့ ကောင်လေးတစ်ယောက် ပြေးလိုက်လာသောကြောင့်ပင်။ ထိုကောင်လေးသည် ကုက္ကိုပင်အောက်မှ ထွက်လာခြင်းဖြစ်သည်။ ကောင် လေးဘယ်လိုများသစ်ပင်အောက်ကထွက်လာပါလိမ့်။ သူချက်ချင်းစက်ဘီး ကို ရပ်လိုက်သည်။

ကောင်လေးကိုတွေ့တော့ သူတော်တော် ပျော်ရွှင်သွားသည်။ ထိတ်လန့်စိတ်တွေချက်ချင်းပြေပျောက်သွားမိသည်။ ကျေးဇူးပဲ - ကောင်လေးရေ၊ နို့မို့ဆို ငါတစ်ယောက်ထဲ လန့်ဖျပ်သွေးခဲပြီး သေတော့မှာကွဲ့။ ကောင်လေး သည် ပိန်ပိန်ပါးပါး အသားဖြူဖြူ အသက် (၁၃) နှစ်ခန့်ရှိမည် ခန့်မှန်းရပြီး သူ့ ဆီသို့ ဝမ်းသာအားရ ပြေးလိုက်လာခြင်းဖြစ်သည်။ ခြေသံက သူနှင့် နီးကပ် သွားသည်။ ကောင်လေးသည် မောဟိုက်သံဖြင့် ...

"အစ်ကိုကြီး ... ခဏနေပါဦး"

"ဘာကိစ္စလဲကွ ..."

ကောင်လေးသည် သူ့ထံသို့အရောက်အမီပြေးလာရသဖြင့် တော်တော် မောနေပုံရသည်။ ကောင်လေးကို တွေ့လိုက်ရသဖြင့် သူလည်း အားတက် ကာ ကြောက်စိတ်တွေ ပြေသွားသည်ကို ဝန်ခံရပေမည်။ ပထမတော့ ချမ်း အေးလွန်းလှသဖြင့် သူ့နောက်မှ ခြေသံသည် တစ္ဆေတစ်ကောင်၏ ခြေသံ ဟု ထင်လိုက်သေးသည်မဟုတ်လား။ ကြားဖူးနားဝဖြစ်နေသော သုသာန် ထဲက တစ္ဆေတစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရပြီဟု ကြောက်လန့် တကြားတွေးတောမိလိုက်သောသူ့အဖြစ်ကိုကောင်လေးကိုတွေ့လိုက်ရ ရယ်ချင်သလိုလို ဖြစ်မိသွားသည်။ (ဒါပေမဲ့ . . . သူ၏ အဖြစ်အပျက်က ရုတ်တရက် ခြောက်လှန့်ပြီး ပျောက်ကွယ်သွားသော သရဲတစ္ဆေကို မြင် လိုက်ရသည့် ခံစားမှုထက် အဆပေါင်းများစွာ ဆိုးဝါးသည့် အဖြစ်အပျက် ဖြစ်နေရလေသည်။)

✤

"ကျွန်တော် အစ်ကိုကြီးနဲ့ ခရီးကြုံလိုက်ပါရစေခင်ဗျာ။ လမ်းလျှောက် ရတာ ဝေးတဲ့ အပြင်မှောင်ကလဲမှောင်၊ ချမ်းလိုက်တာကလည်း လွန်ပါရော ခင်ဗျာ။ ကျွန်တော့်ကို သနားရင် ခေါ်သွားပါဗျာ။ ကျွန်တော် လိုက်ပါရစေ နော် . . .နော်"ဟု၍ ခယယ ချွဲချွဲပျစ်ပျစ် တောင်းပန်လေသည်။ အသား အရေ ဖြူဖပ်ဖြူရော်နှင့် လူငယ်ကလေးသည် အပေါ်အင်္ကျီလက်တို အဖြူ ကလေးနှင့်ဖြစ်ပြီး ဆောင်း၏အအေးဒဏ်ကို အံမတုနိုင်ရှာဘဲ တဆတ်ဆတ် တုန်ခိုက်နေပုံမှာ သနားစဖွယ်ကောင်းလှသည်။ ကောင်ကလေး၏ဖြစ်အင် ကိုကြည့်ပြီး ကိုမြင့်ဖော် ကရုဏာဖြစ်မိသွားသည်။ ဘာပဲဖြစ်ဖြစ် ကောင် လေးကို သူ လမ်းကြုံခေါ်သွားနိုင်သည်။ ကောင်ကလေးရှိ၍ သူ့အတွက် အဖော်ကောင်းတစ်ယောက်ရသည် မဟုတ်လား။ သည်အတွက် အပန်း မကြီးပေ။

ထိုအချိန်တွင် လျှပ်စစ်မီးတွေပြန်လာသည်။ လမ်းမီးတိုင်တွေပြန်လင်း လာပေသည်။ ကောင်လေးသည် ရုတ်တရက် လင်းလာသော မီးရောင်တွေ ကို ထိတ်ထိတ်ပျာပျာ ကြည့်သည်။

"နေပါဦး ကောင်လေးရ . . . ငါက ဩဘာလမ်းမှာ ဆင်းမှာဆိုတော့ ဒီ ဘုရားဒလလမ်းအတိုင်း သွားမှာကွ။ မင်းက ဘယ်မှာ ဆင်းမှာလဲ"

ကောင်လေး မျက်နှာဝင်းလက်သွားသည်။ ရှေ့သို့ တစ်လှမ်းတိုး သည်။

"ဟာ...အတော်ပဲအစ်ကိုကြီးရာ။ ကျွန်တော်ကျောက်မြောင်းဈေးထိပ် တာမလွှကုန်းလမ်းမှာ ဆင်းမှာပါ။ ဒီကနေ သိပ်မဝေးတော့ဘူးလေ၊ မှတ်တိုင် သုံးတိုင်စာလောက်ပဲ ရှိတော့မှာပါခင်ဗျာ။ ကျွန်တော်လိုက်ပါရစေနော်





www.burmeseclassic.com

www.burmeseclassic.com

ချမ်းလွန်းလို့ပါဗျာ၊ လူကလည်း ပြတ်နေပြီ၊ ချမ်းတာနဲ့တင် ကျွန်တော် သေလိမ့်မယ် ထင်ပါရဲ့ဗျာ"

ကိုမြင့်ဖေ်ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။ ကောင်လေးပြောတာမှန်သည်။

"အော်...ခေါ်သွားပါ့မယ်ကွာ၊ ကဲ...နောက် ကယ်ရီခုံမှာထိုင်၊ အဲဒီမှာ ငါ့အစ်မအတွက် ဝက်သားခေါက်ဆွဲကြော် ချိတ်ထားတယ်၊ မင်း ကိုင်လာခဲ့ပေါ့၊ မင်းဆင်းမယ့်နေရာရောက်ရင် ပြန်ချိတ်ထားလိုက်၊ ကဲ...တက်တော့၊ ချမ်းလိုက်တာကွာ၊ ကြည့်စမ်း လူတွေတောင် ချမ်းလွန်းလို့ အပြင်မထွက်နိုင်တာပဲ ကြည့်တော့...ကဲ...တက်"

"ဟုတ်တယ်ဗျ...ဟင်း...ဟင်း...ဟင်...အရိုးကွဲမတတ်ဘဲ...ဟင်း...ဟင်...ဟင်"

ကိုမြင့်ဖေ်သည် တာမွေသချိုင်းရှေ့ ကုက္ကိုပင်ကြီးအောက်မှ ကောင်လေးကို နောက်ကယ်ရီယာမှ နေကာတင်၍ ခေါ်လာခဲ့ပေသည်။

✤

ထိုစဉ် သူတို့နှင့် မျက်နှာချင်းဆိုင်မှ ယိမ်းခါ မြည်ဟည်းသော ကိုယ်ထည်ကြီးဖြင့် ကုန်တင်လော်လီကားကြီးတစ်စီး ဖြတ်မောင်းသွားသည်။ ထိုမော်တော်ကားကြီးသည် ပြင်းထန်သော အရှိန်ဖြင့် မောင်းနှင်လာရာမှ ရှေ့ကိုက်အနည်းငယ်တွင် "ကျွီ" ခနဲ ကျယ်လောင်စွာ ဘရိတ်အုပ်ထိုးရပ်သွားသည်။ ထို့နောက် ကားခေါင်းထဲမှ လူတစ်ယောက်ခေါင်းပြူထွက်လာပြီး ထိတ်ထိတ်ပျာပျာ မျက်နှာအမူအရာဖြင့် သူတို့ကို လှမ်းကြည့်နေသည်ကိုတော့ ကိုမြင့်ဖေ်မမြင်လိုက်ပေ။ ဒါပေမဲ့ - လော်လီကားကြီးရုတ်တရက်ထိုးရပ်သွားသံကိုတော့ ကိုမြင့်ဖေ် ကြားလိုက်သော်လည်း လှည့်မကြည့်မိ။ ဒါကလည်း အရေးတော့ သိပ်မကြီးပါ။



ကိုမြင့်ဖေ်သည် ရွှေဗဟို ရုပ်ရှင်ရုံသေးမှ လမ်းအတိုင်း စက်ဘီးကလေးကို အေးအေးလူလူ နင်းလာလေသည်။ ထိုအချိန်တွင် ကောင်လေးက သူ၏ ခါးကိုနောက်မှ သိုင်းဖက်လိုက်သည်ကို သတိပြုမိလိုက်ရသည်။ သူ့တစ်ကိုယ်လုံးရှိ သွေးကြောများ ရပ်တန့်အေးခဲသွားမတတ် ကြက်သီးတွေ တဖျန်းဖျန်းထသွားသည်ကို ခံစားလိုက်ရသည်။ ထို့ကြောင့် "အမလေး" ဟု လန့်အော်မတတ် ဖြစ်သွားသော်လည်း သူ မအော်လိုက်မိပါ။ ဒါ ဘယ်လိုဖြစ်တာလဲ ... ကောင်လေးတစ်ယောက် ခါးကို သိမ်းဖက်လိုက်သည်နှင့် ဒီလောက်အထိ ရင်တွေခုန်၊ လက်ဖျားခြေဖျား အေးစက်ဖို့အထိ မကောင်းလှပါဘူး။ ကောင်မလေးတစ်ယောက်ဆိုရင် တစ်မျိုးပေါ့၊ ကောင်မလေးတစ်ယောက် ဆိုရင် ... ဟင်း ... ဟင်း ... ဟင်း ... အချမ်းတောင်ပြေနိုင်သည်။

ရွှေဗဟို ရုပ်ရှင်ရုံကို ကျော်လာသောအခါ ညသည် ပိုမို၍ အေးစက်မှုန်ရီစွာ နှုတ်ဆက်လေတော့သည်။ ဈေးဆိုင်တွေ ပိတ်ကြပြီ။ ဒါပေမဲ့ - အချို့ဆိုင်တွေဆီမှ မီးရောင်လက်လက်ကို ကွက်တိကွက်ကျား မြင်နေရပါသေးသည်။

အေးခဲသောနှင်းရိုင်းလေကိုထိုးခွဲကာစက်ဘီးကလေးကပြေးလွှားနေလေသည်။ လမ်းမကြီးသည် အသက်မရှိသလို တိတ်ဆိတ်နေဆဲ။ ကောင်းကင်ပေါ်မှ ကန့်လန့်ဖြတ်ပျံသန်းသွားသော ညငှက်များနှင့် ခပ်ဝေးဝေး လမ်းမီးတိုင်အောက်ဆီမှ တရွေ့ရွေ့ သွားနေသော ခွေးလေခွေးလွင့် အုပ်စုသာ မရှိမနေဘူးဆိုပါလျှင် တစ်လမ်းလုံးမှာ သူနှင့် ကောင်လေးသာ ရှိနေပါလိမ့်မည်။ မိုးတိမ်တွေက အထီးကျန်စွာ ရွေ့လျားနေသည်။

သည်လိုနှင့် ဗညားဒလလမ်းဆုံသို့ ရောက်လာလေသည်။ ရုတ်တရက် ပုပ်အဲ့အဲ့ အနံ့တစ်ခုက နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ထိုအချိန်တွင် စက်ဘီးကယ်ရီမှ ထိုင်၍လိုက်ပါလာသော ကောင်လေး၏ လက်တစ်ဖက်က သူ့ခါးကို ပိုမိုတင်းကြပ်စွာ ဖျစ်ညှစ်လိုက်သည်ကို ခံစားလိုက်ရသည်။ လက်ဖျားဆီမှ အေးစက်စက်အထိအတွေ့က အသက်ရှူမှားလောက်အောင် လန့်ဖျပ်သွားမိသည်။ ဒါပေမဲ့ သူ့ဏှာခေါင်းဆည်ကာ...



www.burmeseclassic.com

www.burmeseclassic.com

"မင်း...မင်း...ဘယ်နားမှာ ဆင်းမှာလဲ"

"ရှေ့နားမှာတင်ပဲခင်ဗျ . . . ဟီး . . . ဟီး . . . ဟီး . . . ဗိုက်တောင်ဆာလာပြီ...အမဲသားလေးစားချင်လိုက်တာ"

သူနည်းနည်းကြောင်သွားသည်။ ဘာပြောလိုက်ပါလိမ့်။ စက်ဘီးကိုနင်းနေရာမှ ကောင်လေးထံမှ ရယ်သံသြသြကြီး ထွက်လာလေသည်။ အသားလွတ်ရယ်မောလိုက်သံ ရယ်သံသည် ခြောက်ကပ်ကပ်နိုင်လှသည်။

"ဟို...ဟို...ဟို...ဟား...ဟား...ဟား...ဟား...ဟေး...ဟေး"

ရယ်သံကြောင့် သူ နည်းနည်း အူကြောင်ကြောင် ဖြစ်သွားသည်။ လန့်ဖျပ်သွားကာ ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။ သူ့ မေးခွန်းနှင့်အဖြေက တခြားစီ ဖြစ်နေသည်။

"မင်း ဘယ်နားမှာ ဆင်းမှာလဲလို့ ငါမေးနေတယ်လေကွ၊ အရူးလေးရဲ့"

"အမဲသားလေး(၅)ပိဿာလောက်ဆိုရင်တောင်နံကြားကပ်မှာမဟုတ်ဘူး...ဟီး...ဟီး...ဟီး...ဟီး...ဟေး...အမဲသားပဲ စားချင်တယ်"

"ဟေ့ကောင်...မင်း ကိုယ်ကြီးကလေးလိုက်တာကွာ။ ပါးစပ်ကလည်းကျက်သရေမရှိလိုက်တာ၊ ဘာတွေ လျှောက်ပြောနေတာလဲကွ။ ဘယ်မှာဆင်းမှာလဲ ...မြန်မြန်ဆင်းတော့ကွာ"

"ဟား...ဟား...ဟား...ယောယုဝမှာဆင်းမယ်၊ မဟာ ယောယုဝ"

ကိုမြင့်ဖော် တော်တော်ဖျားသွားသည်။ ခေါင်းနားပန်းကြီးသွားသည်။ "ယောယုဝ"တဲ့။ ဒီယောယုဝဆိုသော လမ်းနာမည်၊ ကျောက်မြောင်းရပ်ကွက်တည်းမှာ လုံးဝမရှိချေ။ ယောယုဝဆိုတာ၊ မဟာယောယုဝဆိုတာ ငရဲကြီးရှစ်ထပ်က ပဉ္စမအထပ်...။

"ဟေ့ကောင်...နောက်တီးနောက်တောက် လုပ်မနေနဲ့။ မင်းပြောတဲ့နာမည် ကျောက်မြောင်းထဲမှာ မကြားဖူးဘူး။ မင်းကို ခေါ်တင်လာတာတောင်မှားပြီထင်တယ်ကွာ"

ကောင်လေးက သူ၏ အမေးကို ဘာမှပြန်မပြောဘဲ အသံကွဲအက်ကြီးဖြင့် တဟီးဟီး ဆက်၍ ရယ်မောနေတော့သည်။ ရယ်သံက



ကြောက်စရာကောင်းလာသည်။ တဖြည်းဖြည်းနှင့် ကြောက်စရာကောင်းလာသည်။ ကိုမြင့်ဖော်သည် ရုတ်တရက် သိမှတ်မဲ့ခန္ဓာကိုယ်နှင့် ဆင်ခြင်ခြင်းအသိဉာဏ် ကင်းလွတ်သွားသကဲ့သို့ တုန်လှုပ်သွားမိသည်။ ကောင်လေး၏ရယ်သံက တဖြည်းဖြည်း ကျယ်လောင်လာကာ အက်ကွဲကွဲ ရှတတအသံကြီးဖြစ်လာသည်။ အသံမှာ ဘက်ထရီအားနည်းရာမှ ထွက်ပေါ်လာသော ဟွန်းပျက်ကြီးတစ်လက်၏ အသံ (ဒါမှမဟုတ်) မောင်းကွဲကြီး၏မြည်သံနှင့်တူလိမ့်မည်။ ထိုအစ်တစ်တစ်ကွဲတဲတဲရယ်သံကြီးက နလုံးသွေးရပ်ဖွယ်ကောင်းလှတော့သည်။

သူ့ခါးကို ဖက်တွယ်ထားသော လက်များက တဖြည်းဖြည်း ပြုတ်တူနှင့် ညှပ်သကဲ့သို့ အသက်ရှူကြပ်လာလေသည်။ သူချွေးစို့လာသည်။

"ဟေ့ကောင် . . . ငါ့ခါးကို ဖက်ထားတဲ့ မင်းလက်တွေကို လျှော့လိုက်စမ်း။ ဒီမှာအသက်ရှူကြပ်လာပြီ...သေတော့မယ်။ ဘယ်လိုအရူးကောင်ကိုတင်ခေါ်လာမိသလဲ မသိပါဘူး"

ကောင်လေး၏ပမာမခန့် ရယ်သံ...။

ရုတ်တရက် ပုပ်စော်နံလာသည်။

"ဟင်း...ဟင်း...ဟင်း...ဟီး...ဟီး...ဖြစ်ရတယ်၊ ဖြည်းဖြည်းလေးစတ်တာကိုများ"

သူ့ခါးကို ဖက်တွယ်ဖျစ်ညှစ်စပြုလာသော လက်ကို ဖယ်ထုတ်ရန် ငုံ့ကြည့်လိုက်မိသည်။ လက်...လက်...ဘုရား...ဘုရား...ကောင်လေးရဲ့လက်။

"ဟာ...အား..."

သူ၏အသက်ဝိညာဉ်သည်ခန္ဓာကိုယ်မှလွင့်စဉ်သွားမတတ်အော်ဟစ်လိုက်သွားသည်။ အံ့သြလွန်းသဖြင့် ကြက်သေ သေသွားခြင်းဖြစ်သည်။ သူ၏ဆိုခုန်သံသည်စည်းဝါးလွတ်နေသောဗုံတစ်လုံး၏မြည်ဟည်းသံလိုမြည်ဟိန်းသွားခြင်းဖြစ်သည်။ ကြောက်လန့်မှုကြောင့် စတ္တုန့်ပိုင်းအတွင်းမှာပင်ကြာနေခဲ့ လဲကျကာ ဝိညာဉ်ချုပ်ငြိမ်းသွားလောက်သည့် ကြောက်လန့်မှုမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ပါးစပ်အပေါင်းသားဖြင့်အသံပင်မထွက်နိုင်။ အသားတွေတဆတ်ဆတ်တုန်လာသည်၊ စက်ဘီးသည် တစ်ချက် ယမ်းခါသွားသည်။

သူ့ခါးကို ဖျစ်ညှစ်ဖက်တွယ်ထားသော ကောင်လေး၏ လက်တစ်ဖက်သည် ဖြူဖြူသွယ်သွယ် လက်ကလေးမဟုတ်တော့ဘဲ အရိုးကျနေသော ဖြူညစ်ညစ်အရိုးခြောက်လက်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။

"ဟား...ဟား...ဟား...ဟီး...ဟီး...ဟီး...ဟေး...ဟေး"

"အောင်မယ်လေးဗျ..."

"ဟူး...ဟူး...ဟူး...ဟူး"

အော်ဂလီဆန်စရာ ကြောက်မက်ဖွယ်ရယ်သံကြီးက အဆက်မပြတ်ထွက်ပေါ်နေဆဲ။ ထိုအချိန်အထိ လမ်းမပေါ်မှာ လူတစ်ယောက်မှ မရှိ၊ ကယ်မည့်သူ ဝေးပေစွ။

သူ လှည့်ကြည့်လိုက်မိသည်၊ ဘုရားရေ . . . ထိုင်ခုံမှာ ကောင်လေး မရှိတော့ပေ၊ ပျောက်ခြင်းမလှ ရုတ်ခြည်းပျောက်သွားလေပြီတကား။ ကောင်လေး ဘယ်ရောက်သွားပြီလဲ၊ ဘုရား...ဘုရား...ကယ်တော်မူပါ

✤

ကောင်လေးကို မတွေ့ရတော့ဘဲ ရယ်သံကြီးသာ ထက်ကြပ်မကွာ ကြားနေရလေသည်၊ ထိုအခါမှ အသိဝင်လာကာ ကိုမြင့်ဖော်သည် စက်ဘီးကိုအသားကုန်နင်းပြေးလေသည်၊ ထိုအခါမှသူ့အမြဲရွတ်ဆိုနေကျ "သုဝဏ္ဏ ဘုမ္မိ" အစရှိသော ဂါထာကလေးကို သတိရကာ ရွတ်လိုက်လေသည်၊ သို့သော် ကြောက်လန့်မှုက တစ်ကိုယ်လုံး ဝါးမျိုထားသဖြင့် ဂါထာကို ရွတ်နေသည်မှာ အမြီးအမောက် မတည့်ပေ၊ သို့သော်...

"သုဝဏ္ဏဘူမိ...ဂန္တာန

လောကုတ္တရာ...မဟိဒ္ဓိကာ"

"ပိသာစေ နိဒ္ဒမိတွာန"



"မြဟ္မဇာလ...မဒေသိသုံ"

ဟု တစ်ခွန်းချင်း ကျယ်လောင်စွာ ရွတ်ဆိုလိုက်လေသည်၊ ဂါထာ တသားများသည် သူ၏ နှုတ်ဖျားမှ လွယ်လွယ်ကူကူ ထွက်ပေါ်လာခြင်း မဟုတ်၊ ခက်ခက်ခဲခဲ တိုးထွက်လာခြင်းသာ ဖြစ်သည်၊ ထိုဂါထာကို ဆက်ခါဆက်ခါရွတ်သည်၊ ဘယ်နခေါက်ပင်ရွတ်မိမှန်းမသိတော့ချေ၊ ကျောက်မြောင်း ဈေးမီးပွိုင့်ကို ဘယ်လိုရောက်သွားမှန်းမသိတော့၊ အိမ်နှင့်လည်းနီးသွားပြီ ရယ်သံက ရပ်သွားသည်၊ သူ့ခါးကို ပြုတ်တူလိုညှပ်ထားသော အရိုးခေါက်လက်ကြီးသည်ခါးမှာ မရှိတော့ပေ၊ ရုတ်တရက် "အား" ခနဲ အော်သံနက်ကျောကျောကြီးရပ်တန့်သွားပြီး နောက်တစ်စုံတစ်ရာပြုတ်ကျသွားသံ ထွက်ပေါ်လာသည်၊ ကတ္တရာလမ်းမနှင့် မာကျောသော အရာဝတ္ထုတို့ ပြင်းထန်စွာ ပွတ်တိုက်ထိတွေ့လိုက်သည့် ဂလောက်ဂလက် အသံမျိုးဖြစ်သည်၊

ထိုအခါမှ ကိုမြင့်ဖော်သည် စက်ဘီးကို ရပ်လိုက်လေသည်၊ တစ်ကိုယ်လုံးဇောချွေးတွေပျံနေသည်၊ သို့သော်ရင်ခုန်သံတော့မရပ်သေး၊ မောဟိုက်နေဆဲ၊

လမ်းမီး၏ အလင်းရောင်ဖြင့် လမ်းမပေါ်ကျနေသော အရာဝတ္ထုများကို ကြောက်လန့်တကြား လှမ်းကြည့်မိလိုက်လေသည်၊ သူ၏ ခါးကို ဖက်တွယ်ထားသော အရိုးခြောက်လက်ကြီးသည် အပိုင်းပိုင်းအတစ်တစ် ကျွံကာ လမ်းမပေါ်ပြန့်ကြဲကျနေခြင်း ဖြစ်၏၊

✤

ကိုမြင့်ဖော်သည် ရပ်ကွက်ထဲမှ သူငယ်ချင်းအချို့ကို စုစည်းကာ အရိုးခြောက်လက်ပြတ်ကြီး ပြုတ်ကျကျန်ရစ်ခဲ့ရာသို့ ညချင်းတွင်းပင် ပြန်ရောက်လာကြလေသည်၊ သူငယ်ချင်းတွေ နေရာအနှံ့လိုက်ရှာဖွေကြသည်၊ ထိုနေရာတွင် အရိုးခြောက်လက်ပြတ်ကြီး မရှိတော့ချေ၊



www.burmeseclassic.com


www.burmeseclassic.com

ညကား အနက်ရောင်နံရံကြီးတစ်ချပ်သဖွယ် ဖိတ်ကာထားဆဲ၊ နှင်းရိုင်းခါးခါးလေတွေက တလွင့်လွင့် တိုက်ခတ်နေဆဲ ရှိလေသည်၊ အရိုးကွဲမတတ် ချမ်းတုန်လှပါသည်၊

နောက် (၂) ရက်ခန့်ကြာသောအခါ သုသာန်ရှေ့ရပ်ကွက်သို့ ကုန်တင်ကားတစ်စီး မောင်းနှင်သော လူတစ်ယောက် ရောက်လာသည်၊ ထိုကားမောင်းသူက ညတစ်ညတွင် သုသာန်ရှေ့မှ သူ၏ ကားဖြတ်မောင်းသွားခိုက် စက်ဘီးစီးသွားသော လူတစ်ယောက်ကို ထူးထူးခြားခြားတွေ့လိုက်ရသည် ဟုဆိုသည်၊ ထိုစက်ဘီးနင်းသူ၏ နောက်ထိုင်ခုံတွင် ခန္ဓာကိုယ် စပါးပုတ်လောက်ရှိသော အကျီဗလာ ကတုံးပြောင်ပြောင်နှင့် ဖရာမ လူအဘွားအိုကြီးတစ်ယောက် လိုက်ပါသွားသည်ကို တွေ့လိုက်ရသည်ဟု ပြောလေသည်၊ သူကိုယ်တိုင်ပင် ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်ကြောင့် မော်တော်ကားကို ရပ်တန့်ကြည့်ရှုမိသေးသည်ဟု နီးစပ်ရာ လူအချို့ကို ရှင်းပြသည်ဟု ရပ်ကွက်ကလေးထဲတွင် ပြောစမှတ် တွင်ရစ်နေပေသည်၊

(၁၉၇၅ – ခုနှစ်က ဖြစ်ရပ်မှန်ကို နာမည်များလွှဲ၍ ရေးသားထားပါသည်။)

⇨ မင်းဘုန်းသိခ်သူ




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတစ်ကြက်ဥ

မင်းနန္ဒရှိန်

ကျွန်ုပ်သည် ၁၉၅၈ ခုနှစ်တွင် (၇)ဆင့်ခေါ် ခုနှစ်တန်းအောင်ခဲ့ပြီး စကောလားရှစ် (Scholar-Ship) အစိုးရစတိုင်ပင်ရသော်လည်း မိဘများကို ငဲ့ကွက်၍ ကျွန်ုပ်ဇာတိ စလင်းမြို့နှင့် (၈)မိုင်ကွာဝေးသော ကိုးသူကြီး ဦးစ အုပ်ချုပ်သည့် ရွာလေးတွင် ကျောင်းဆရာဝင်လုပ်ခဲ့ပါသည်။

၁၉၆၁ - ၆၂ ခုနှစ်ထိ ထိုရွာတွင် ကျောင်းဆရာလုပ်ရင်း ကိုးသူကြီးဦးစ ၏အိမ်တွင် သွားလိုက်ပြန်လိုက်လုပ်၍ နေထိုင်ခဲ့ပါသည်။ သူကြီးဦးစတွင် သားတစ်ယောက်ရှိပြီး ကိုအောင်ဖေဟုခေါ်ပါသည်။ ကျွန်ုပ်နှင့်ကိုအောင်ဖေသည် လွန်စွာခင်မင်ကြပြီး အခါအားလျော်စွာ သူကြီးဦးစ၏ ရပ်ရေးရွာရေးများကို ကူညီဆောင်ရွက်ပေးပါသည်။

တစ်နေ့တွင် သူကြီးဦးစမရှိခိုက် ကျီးအုံ ကျီးဝရွာမှ အမျိုးသမီးတစ်ဦး ရောက်ရှိလာရာမှ ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို သိရှိလိုက်ရပါသည်။ ဇာတ်လမ်းအစပျိုးလာပုံက ဤသို့ဖြစ်ပါသည်။



ကျီးအုံကျီးဝရွာသည် စေတုတ္တရာမြို့နယ်ထဲမှ ကျီးချောင်းနှင့် မုန်းချောင်း ဆုံရာ ချောင်းဝကရွာကြီးများဖြစ်၏။

ကျီးဝရွာနှင့် မုန်းချောင်းမြောက်ဘက်ကမ်း ခပ်လှမ်းလှမ်းတွင် ရှိသည်က ကျီးအုံရွာဖြစ်ပါသည်။ မုန်းချောင်းမြောက်ဘက်နားတွင် ရေတိုက်စားထားသော ကမ်းပါးကြီးရှိပြီး ထိုအရပ်အခေါ် ပဲ့ဖြစ်၏။ ကျီးအုံကျီးဝနှင့် မုန်းချောင်း င်းဆင်းသော ရေများပေါင်းဆုံ၍ နွားမတောင်တန်းကို ပိုင်းဖြတ်ထိုးဖောက် ၍ ဧရာဝတီမြစ်ထဲသို့ စီးဝင်၏။ နွားမတောင်တန်း ကျိုးပေါက်ရာအထိ ကွေ့ ကွေ့ကောက်ကောက်စီးခဲ့သော မုန်းကမ်းပါးတစ်လျှောက် ကျောက်သား၊ ကျောက်စိုင်၊ လိုဏ်ဂူများသာမက ရေစိုင် ရေခဲ့များ ဖြစ်ပေါ်နေခဲ့၏။



သို့သော် တစ်ကြိမ်တွင် ဖေကာ သိမ်ခံနိုးဖြစ်သွား၍

နှိုးဖေကာ သတိတားမိလိုက်ပြီး ပလိုင်းထဲသို့ကြည့်ရာ

ငါးပုစွန်များ ခြေရာလက်ရာပျက်လျက် ပျောက်နေသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

ကျီးအုံရွာသား ဒုန်းဖေနှင့်အုန်းရွှေတို့သည် ကျီးဝရွာမှ ငါးဒိုင်ပိုင်ရှင် မကျင်အေးဆီမှ ကြိုတင်ငွေများယူထား၍ မုန်းချောင်းထဲသို့ ငါးရှာထွက်ခဲ့ကြလေသည်။

မုန်းချောင်းရေပြင်က တငြိမ့်ငြိမ့်အေးအေးလေး ကွေ့ကောက်စွာ စီးဆင်းလို့နေလေသည်။ ပလိုင်းတစ်ခု၊ ပိုက်တစ်ဖုံ၊ လှေတစ်စီးက မုန်းချောင်းရေစီးအတိုင်း စုန်လာသည်။

ကြီးချောင်းဝမှစ၍မုန်းချောင်းသည်အရှေ့ဘက်ကွေ့သွား၍မုန်းချောင်းနှင့် ဆုံရာတွင် တောင်ကုန်းတောင်စောင်း များသောနေရာတွင် ငါးရံ့ကြီးတွေ မကြာခဏ ရတတ်သဖြင့် သူတို့လှေလည်း ကြီးချောင်းဝနေရာတွင် မုန်းချောင်းက နွားမတောင်တန်းကြီးကို ရိုးကွေ့သွားပြီး ကမ်းက ခပ်စောက်စောက်ဖြစ်နေသော နေရာသို့ရောက်သောအခါ အုန်းရွှေက ကွန်ကိုပစ်ရာ လေးငါးကြိမ်ပစ်ပြီးသောအခါတွင်ပလိုင်းထဲ၌ငါးရံ့နှင့်ပုစွန် အတော်အသင့် ရလာ၏။ လှေကလေးက ရေစီးကြောင်းအတိုင်း မျောလာရာ ဖရပ်ကုန်းသုသာန် ဖရပ်အနီး ကမ်းစပ်တွင်ပေါက်နေသော သစ်ပင်ကြီးက ချောင်းထဲ ကိုင်းလျက် အုံ့မိုးထား၏။

အုန်းရွှေက ကွန်ပစ်လိုက်၊ ဒုန်းဖေက အနောက်က ပလိုင်းထဲ ထည့်လိုက် အလုပ်ရှုပ်နေကြသည်။

သို့သော်တစ်ကြိမ်တွင်လှေကသိမ့်ခနဲဖြစ်သွား၍ဒုန်းဖေကသတိထားမိလိုက်ပြီး ပလိုင်းထဲသို့ကြည့်ရာ ငါးပုစွန်များ ခြေရာလက်ရာပျက်လျက် လျှော့နေသဖြင့်...

"အစ်ကို အုန်းရွှေ... ငါးရံ့ကြီးတွေ တစ်ဝက်လောက်လျော့နေတယ်၊ တစ်စုံတစ်ခု ပယောဂပါနေပြီထင်တယ် အစ်ကို..."

"ဟေ... ဒုန်းဖေ... ပလိုင်းကို မင်းရှေ့မှာထားတာပွဲကွ၊ ဟုတ်လည်းလုပ်ပါကွာ၊ "ပဖွဲ" နားဆိုရင်လည်းထားပါတော့၊ငါးရွေးစားလို့ပါသွားတယ်ဆိုရင် ယုတ္တိရှိဦးမယ်"



ဒုန်းဖေက လက်တွေ့မှဟုတ်၍ ဘာမှမပြောတော့ဘဲ ပလိုင်းကို သူ့ရှေ့ချထားပြီးလှေကိုအသာထိန်း၍ပဲ့ကိုင်ထား၏။ထိုအချိန်တွင်မိုးကတစိမ့်စိမ့်ရွာလာပြီ။

"ရေတက်ဦးမိုးနဲ့မုန်းချောင်းထဲတွင် ငါးရှ၊ ငါးရံ့တွေ မြူးပြီးပါလာတော့မယ်ကွ၊ ရေစီးနဲ့ အသာမျှောထားကွ၊ ငါ ဆေးတစ်ဖုံ ရှိုက်လိုက်ဦးမယ်"

လှေဦးထိပ်တွင်ဆေးလိပ်မီးရဲရဲနှင့်အုန်းရွှေကကွန်ပစ်တာခဏနားပြီး ဆေးလိပ်သောက်နေ၏။

ချောင်းအချိုးလေးနားအရောက် ရေပွက်များတွေ့ရ၍ အုန်းရွှေက ကွန်ပစ်တဲ့လုပ်ငန်းကို ပြန်စသော်လည်း ငါးပုစွန်တစ်ကောင်တလေမှ မပါ။

ရေတက်ဦးချိန်ခါတွင် ငါးပုစွန်မရသဖြင့် အုန်းရွှေ စိတ်ထဲ တစ်မျိုးဖြစ်သွား၏။ ကျောက်လိုက်နားသို့ ရောက်သောအခါ...

"ဒုန်းဖေ... ငါတို့ အလှည့်စားခံရပြီ၊ သိကြတာပေါ့ကွာ... ကျောက်လိုက်ကို လှေဦးထိုးပေး"

လှေက ကမ်းကိုမရောက်ခင် အုန်းရွှေ ခုန်ချ၍ ကျောက်ခဲများကို ဆင်းကောက်လာပြီး လှေကမ်းကခွာကာ ချောင်းအလယ်သို့ ရောက်သော်...

"လှေကို ခဏ တက်ကို သတ်ထား၊ ငါ လုပ်ငန်းစလိုက်ဦးမယ်"

ကျောက်ခဲများကို ရေထဲသို့ ပစ်ချလိုက်၏။

"ဖြော... ဝရော... ဝေါ... ဝုန်း"

ထိုအချိန်တွင် လျှပ်ရောင်နှင့် မည်းမည်းကုန်းကုန်း အရာတစ်ခုသည် ရေထဲသို့ ငါးကုန်းနှိုက်နေသည်ကို ရုတ်တရက်တွေ့လိုက်ရ၏။

အုန်းရွှေက ကွန်ဖြင့် လျင်မြန်စွာ ပစ်၍ အုပ်လိုက်ရာ ကွန်နှင့် လုံးထွေးသွားပြီး ရေထဲတွင် ရုန်းကန်ကျောက်နေ၏။ အုန်းရွှေကလည်း ကွန်(ပိုက်ခေါင်းကြိုး)ဖူးကြာကြိုးကို ဒုန်းဖေနှင့် နစ်ယောက်ဆွဲကြရာ ဖူးကြာကြိုး ပြတ်ထွက်သွားပြီး လှေကလေးမှာ ရေစီးထဲမျောထွက်သွား၏။

"ဝုန်း... ဝုန်း... ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

"ဝရော... ဘုတ်..ဘုတ်"

ထို့နောက် ကမ်းခြေကျောက်လိုက်ဆီသို့ တက်ပြေးသွားသောအသံကို ကြားလိုက်ရ၏။ အုန်းရွှေနှင့် ဒုန်းဖေတို့မှာ ငါးမရဘဲ ပိုက်ကွန်တစ်ဖုံ ဆုံး၍ပြန်ခဲ့ရလေတော့သည်။

❋

နောက်တစ်နေ့မနက်တွင် ကျိုးဝရွာမှာ ညက အုန်းရွှေတို့ ငါးနိုက်ကောင်နှင့်တွေ့၍ ကွန်တစ်လက်ဆုံးခဲ့ရကြောင်း သတင်းက ငါးဒိုင်ပိုင်ရှင် မကျင်အေး၏ ရင်ကိုဆို့စေသော ရေပြေးသတင်းဖြစ်ခဲ့၍ ကိုးသူကြီးဦးစဆီ ထိရောက်ခဲ့ပါတော့သည်။

ကိုးသူကြီးဦးစက ချင့်ချိန်၍ နောက်တစ်ကြိမ်ရေထဲတွင် မကျင်အေး၏ ငွေများကို အပြေအကြေဆပ်စေဟု ညှိနှိုင်းပေးခဲ့ရလေ၏။

ထိုဖြစ်ရပ်ဖြစ်ပြီး (၂) ရက်ခန့်အကြာတွင် ဖြစ်သည်။

ကိုးသူကြီးဦးစအုပ်ချုပ်သော လေးရွာ၏ ဓာတ်ဗိန္ဒောဆရာ ဦးမြလုံး၏ အိမ်ရှေ့ကွပ်ပျစ်တွင် ကျွန်ုပ်တို့ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့နေကြပါသည်။ ထိုအချိန်တွင် နွားလှည်းနှင့် လူနစ်ယောက်ရောက်လာ၏။ အချိန်က နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်။

"ဆရာကြီး .... ဗျို့... ဆရာကြီး ရှိပါသလား။ ကျွန်တော်တို့ လူနာအသည်းအသန်ဖြစ်နေလို့ လူနာလာပင့်တာပါ ဆရာ"

"မောင်ရင်တို့က ဘယ်ရွာကလဲ"

"သိပ်မဝေးပါဘူး။ မုန်းချောင်းနံဘေး ဖရုပ်ကုန်းကျောက်လိုက်နားကပါ"

"အေး ... ဒါဆိုရင်လည်း လိုက်ရတာပေါ့။ ကျုပ် ဆေးလွယ်အိတ်ယူလိုက်ဦးမယ်"



လူနာဆေးဆရာလာပင့်သောနွားလှည်းကလေးသည်တောလမ်းများအားကွေ့၍သွားနေခဲ့ရာမှအနည်းငယ်မြန်လာသည်။လထွက်ချိန်လောက်တွင် အရှေ့အရပ်မှ ကြေးစည်သံလို၊ မောင်းသံလို ကြားလိုက်ရ၏။

မကြာမီ ရွာဝသို့ လွန်လာပြီး မီးရောင်မှိန်မှိန် အိမ်ရှေ့သို့ ရောက်လာပြီး လှည်းမောင်းသူက လှည်းကို ရပ်လိုက်၏။

"ရောက်ပါပြီ... အိမ်ပေါ်တက်ပါ ဆရာကြီး"

"ဘယ်မှာလဲ... မင်းတို့ လူနာ"

"အိမ်ခန်းထဲမှာပါ၊ လူနာက မထနိုင်လို့ အိပ်ခန်းထဲ ကြွပါဆရာကြီး"

ဆရာကြီး ဦးမြလုံး လူနာကြည့်ရန် အခန်းထဲဝင်သွားသောအခါ လူနာက တဟီးဟီးနှင့် အဖျားတက်နေ၏။

"မင်းတို့ လူနာ ဘာကြီးခြံထားတာတုံး"

"ငါးရှာ ဖားရှာတဲ့သူဆိုတော့လည်း ပိုက်ကွန်ခြုံအိပ်ရတာပါ ဆရာကြီး..."

လူနာရှင်က ခပ်ပေါ့ပေါ့ဖြေလိုက်သော်လည်း ဆေးဆရာကြီး ဦးမြလုံး စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။

"ကျုပ်ကို ကတ်ကြေးပေးပြီး ခင်ဗျားတို့ အိမ်ရှေ့ထွက်နေကြ"

လူနာရှင်များထွက်သွားပြီးနောက် ပိုက်ကွန်ကြီးကို ဖယ်ရှားပြီး စမ်းသပ်၍ ဆေးတိုက်ပါသည်။

"သိပ်လည်း စိတ်မပူကြပါနဲ့၊ မနက်ဆိုရင် ကောင်းသွားပါပြီ"

ဆရာကြီးက အခန်းထဲမှ ဆေးအိတ်ယူပြီး ထွက်လာရင်း ပြောလိုက်လေ၏။

"ဟော့ကောင်တွေ ... ငါနေကောင်းသွားပြီ၊ ဆရာကြီးကို ဆေးဖိုးပေးလိုက်ဦး"

လူနာရှင်က အိမ်အောက်သို့ ဆင်းသွားပြီး မကြာမီ ပြန်ရောက်လာ၏။ သူ့လက်ထဲတွင် သံပုရာသီး (၃)လုံး ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး ကုသလို့ ကျွန်တော်တို့ လူနာ သက်သာသွားပါပြီ၊ ဆေးဖိုးဝါးခကိုယာခင်းထဲမှာပဲပေါ်ချိန်ရောက်မှလာပေးပါမယ်၊ ခုလောလောဆယ်တော့ ဒါလေးတော့ ယူသွားပါ"

ကြည့်လိုက်တော့ သံပုရာသီး (၃)လုံး...၊

"သံပုရာသီးက ပေါပါတယ်ကွယ်၊ ကိစ္စပြီးပြီမို့ ငါကိုသာ ပြန်ပို့ကြ"

ထိုအခါ အိပ်ခန်းထဲက လူနာမှ အသံဝါဝါကြီးနှင့်...

"တစ်လုံးတော့ ယူသွားပါ ဆရာကြီး၊ ဟော့ကောင်တွေ . . . လှည်းပြင်တော့"

မတတ်သာသည့်အဆုံး သံပုရာသီး (၁)လုံးကို ဆေးအိတ်ထဲ ထည့်ယူလာခဲ့သည်၊

ကဲ... သွားကြစို့ဟုပြောပြီး လှည်းနှင့်ပြန်လာကြရာ တောတစ်ထပ်ပြီး တစ်ထပ် ကျော်ပြီးနောက် မျက်ခွံများလေးလံကာ ဆရာကြီးဦးမြလုံးမှ မှေးခနဲ လှည်းပေါ်၌ အိပ်ပျော်သွားလေတော့သည်၊

❖

နံနက်နေရောင်ခြည်နှင့် ငှက်ကလေးများအသံကြောင့် ဓာတ်ဗိန္ဒောဆရာကြီး ဦးမြလုံးမှာ မျက်လုံးကို အသာဖွင့်ကြည့်လိုက်ရာ သူရောက်ရှိနေသည်က ဇရပ်တစ်ဆောင်အပြို့အပျက်အစီးအကြားမှ ကျောက်တုံးတစ်တုံးကို ခေါင်းခုလို့...

"ဟင်... ဒါ ဇရပ်ကုန်းသုသာန်၊ ကျောက်လိုက်နားပဲ"

ဆေးလွယ်အိတ်ကိုကြည့်တော့ တိုင်ခြေရင်းတွင် တွေ့ရသဖြင့် ဆရာကြီးဦးမြလုံးနှိုက်ယူကြည့်ရာ ချောက်ခနဲ အသံနှင့်အတူ ရွှေကြက်ဥတစ်လုံး ထွက်ကျလာ၏၊ သံပုရာသီးတော့ မတွေ့...၊



ဆရာကြီးဦးမြလုံးရုတ်တရက် သတိရမိလိုက်သည်က လူနာလာပင့်၍ ညကလိုက်ခဲ့ပြီး အပြန်တွင် သံပုရာသီးတစ်လုံး ဆေးဖိုးဝါးခပေး၍ ယူခဲ့သည်ကို အမှတ်ရနေခဲ့မိသည်၊

အခု တွေ့ရသည်က... ရွှေတစ်ကြက်ဥ...

ရွှေသားစစ်စစ်ဖြစ်သည်၊ အံ့သြစရာ...၊

"ဇရပ်ကုန်းက လူနာရဲ့ ဆေးဖိုးဝါးခ လက်ဆောင်နဲ့တူပါတယ်"

ဟု တွေး၍ ရွာသို့ပြန်လာခဲ့လေတော့သည်၊

⇨ **မင်းနန်ရှိန်**

**[ဦးစောအောင် (စလင်းဓာတ်တမ်းတ) ပြောခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရေးဖွဲ့ပါသည်။]**

**စာရှုသူများသို့**

ရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ ခြင်းမပြုပါ၍ မိတ္တူကူးထားစေလိုပါသည်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းညလေဒီ

နတ် ဝီ ဝယ်

နိဝင်ဘာလ ၏ ဆောင်းညတစ်ည...။

အချိန်ကားည (၁၀) နာရီခန့်ဖြစ်သည်။ ဆောင်းရာသီ၏ အအေးဓာတ်တည့်နက်လာလေပို၍စူးရှစိမ့်ဝင်လာလေ ဖြစ်တော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် အအေးဓာတ်၏လွှမ်းခြုံမှုအောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေကြသည်။ အိပ်မပျော်သေးလျှင်တောင်မှ လူများစုသည် အအေးဒဏ်ကို အံတုပြီး အိမ်ပြင်ထွက်နေကြမှာတော့ မဟုတ်ပေ။

သို့တိုင်အောင် လူနှစ်ယောက်ကတော့ အရိုးကွဲမတတ် အအေးဒဏ်ကို အံတုကာလမ်းပေါ်တွင်လျှောက်နေကြသည်။ အတိအကျဆိုရလျှင် အသက် (၂၀) ခန့် လူငယ်လေးနှစ်ယောက်ဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော ရပ်ကွက်လမ်းပေါ်တွင် သူတို့နှစ်ယောက်ခြေသံက ကျယ်လောင်စွာထွက်ပေါ်နေသည်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရဲက ခေါ်မနိုင်ဖြင့် တောက်ခတ်ရင်း လမ်းပေါ်မှ ခဲလုံးတစ်လုံးကို ခြေထောက်ဖြင့် ကန်လိုက်သည်။ သူ့စိတ်ထဲမှာ ဘယ်လိုမှ အခဲမကျေနိုင်ပါ။

နေ့လယ်က သူ ကျူရှင်လစ်ပြီး သူရိန်နှင့်အတူ ပိုင်းကောင်းနေစဉ် သူ့ဘော်ဒါတစ်ယောက်က ဖုန်းလှမ်းဆက်သည်။ ဒီရပ်ကွက်မှာ ပွဲကောင်းကောင်း ရှိသည်တဲ့။ တပည့်အဆင့်တွေချည်းမို့ ဝင်ထိုင်လျှင် သေချာပေါက် နိုင်နိုင်သည်တဲ့။ ကြားရသော သတင်းက ခုတလော ရေငတ်နေသော သူတို့နှစ်ယောက်အတွက် သွားရည်ကျချင်စရာ။

ထို့ကြောင့် သူ့အိမ်မှ တတိယမြောက် ဆင်ပေးထားသော ဆွဲကြိုးကို ဖြုတ်ပြီး အရင်းပြုကာ ဒီနေရာသို့ ရွေ့လာခဲ့သည်။ ဒီပိုင်းက နိုင်လျှင်တော့ အိမ်မှ မသိအောင် ဆွဲကြိုးကို ပြန်အစားထိုးနိုင်မည်ပင်။ ဒီတစ်ခါ ပြန် အစား မထိုးနိုင်လျှင်တော့ အဘိုးကြီးက မိုးမီးလောင်တော့မှာ သေချာသည်။ သူ့အရည်ဖျော်ပစ်တာလည်း များပြီမဟုတ်လား။

ဘော်ဒါရင်းဖြစ်သော သူရိန်ကလည်း ဘာမှ အားမကိုးရပါ။ သူရိန်၏ အိမ်က သူတို့လို သူဌေးသူကြွယ်မဟုတ်တာကြောင့် အရေးအကြောင်း ဆိုလျှင် . . .

ဘာမှ ကူညီမပေးနိုင်ဘဲ သူကသာ ကူညီရတာများပါသည်။ ပြောရလျှင် သူရိန်က သူ့အရှိန်အဝါကြောင့်သာ အခုလိုပွဲတိုင်းကျော်နေနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် သူ့ရေခန်းရှိန်ဆို သူရိန်လည်း သက်မဲ့အရုပ်တစ်ရုပ်လို ငြိမ်ကျ နေရလေသည်။

အခုတော့ သူတို့နှစ်ယောက်လုံး ရေခန်းရုံမက ရေကြောပါ ပိတ်ပြီ။

တပည့်အဆင့်ဟုပြောခဲ့သောသူများက ဆရာကြီးတွေဖြစ်နေကြသည်။ ဆွဲကြိုးကို ပြန်အစားမထိုးနိုင်တော့သည့်အပြင် သူ့ဆိုင်ကယ်ကိုပါ အပေါင် ထားခဲ့ရသည်။ ထို့ကြောင့် သူတို့နှစ်ယောက် လမ်းလျှောက်ကာပြန်လာခဲ့ခြင်း ဖြစ်လေသည်။



"ဟေ့ကောင် ... ပိုင်ရဲ"

သူရိန်က ချမ်းလှသဖြင့် လက်နှစ်ဖက်ကို တင်းတင်းပိုက်ရင်း သူ့ကို ခေါ်သည်။

"ဘာလဲကွာ"

"မင်း ... အိမ်ကို ဘယ်လိုဖြေရှင်းမှာလဲ"

သူရိန်မေးခွန်းကို သူက စိတ်ရှုပ်ထွေးစွာဖြင့် . . .

"မသိပါဘူးကွာ ... ဒီနေ့ညလည်း ငါ အိမ်မပြန်ဘူး။ တစ်နေရာမှာ သွားခွေနေလိုက်မယ်။ မနက်ကျမှ ကြည့်ရှင်းရဲ့ပဲ"

"မင်းအမေကတော့ တစ်ညလုံး ဖုန်းပိတ်ထားလို့ စိတ်ပူနေတော့မှာပဲ"

"အဲဒါ မဆန်းပါဘူးကွာ ဖြစ်နေကျပဲ . . . မင်းဆီကို ဖုန်းဆက်ရင်တော့ ကြည့်ပြောလိုက်ပေါ့။ ဥပမာ - မေဖြူနဲ့ငါနဲ့ အတူရှိနေလို့ ဖုန်းပိတ်ထားတယ် ဘာညာပေါ့ကွာ"

"ခွေးကောင်"

ပိုင်ရဲစကားကြောင့်သူရိန်ကစိတ်တိုသွားဟန်ဖြင့်လက်သီးဖြင့် လှမ်းထိုးသည်။ ပိုင်ရဲက ထိုလက်သီးကို လွတ်အောင်ရှောင်တိမ်းရင်း တဟက်ဟက် ရယ်နေလေသည်။

မေဖြူဆိုတာက သူရိန်၏ညီမ ဆယ်တန်းကျောင်းသူဖြစ်သည်။ သူရိန်နှင့်ပိုင်ရဲ ငယ်ငယ်လေးကတည်းက တစ်တန်းတည်း၊ တစ်ခုံတည်း နေခဲ့ကြသူတွေဖြစ်ပြီး ဆယ်တန်းရောက်မှ သူရိန်က နှစ်ချင်းပေါက်အောင်ပြီး ပိုင်ရဲက ကျန်နေခဲ့သည်။ ဆယ်တန်းကို ကျလိုက် ဖြေလိုက် လုပ်နေသည်မှာ (၃) နှစ်ရှိခဲ့ပြီး ယခုဆို မေဖြူပင် သူ့ကိုမီလာခဲ့ပြီ။ မည်သို့ပင်ဖြစ်စေ ပိုင်ရဲကတော့ မှုပါ၊ ကျူရှင်လစ်ပြီး ကျူရှင်လခများကို စိတ်ကြိုက်သုံးရသရွေ့ကတော့ ဆယ်တန်းကို ဆက်ဖြေနေဦးမှာပဲ ဖြစ်သည်။

"မင်းကလည်းကွာ ... တွန့်တိုနေလိုက်တာ၊ မင်းပဲ ဘော်ဒါတွေထဲမှာ ငါတို့ အချစ်ဆုံးဆို"



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရဲက စပ်ဖြဲဖြဲနှင့် ပြောတော့ သုရိန်က ရှုသိုးသိုး မျက်နှာထားဖြင့်...

"ဟော့ကောင် ... ချစ်တာက ချစ်တာပဲ၊ မင်းလိုကောင်မျိုးကို နမ ပေး[ရ]လောက်အောင်တော့ မချစ်နိုင်ဘူး၊ အေး ... မေဖြူကလည်း မင်းကို လုံး[ဝ]ကြည့်ရတာ မဟုတ်ဘူးကွ"

"မေဖြူ ... ကြည့်မရလည်းကိစ္စမရှိပါဘူးကွ၊ မင်းကြည့်ရရင်ပြီးပါတယ်"

"အေး ... ငါကလည်း မင်းကို ကြည့်ရလွန်းလို့ မဟုတ်ဘူးနော်၊ မင်းအတွက်ပါတနာ ကောင်းကောင်းမရှိဘဲ နေမှာစိုးလို့ငါ့မှာ ကျောင်းတစ်ဖက်နဲ့ မင်း နောက်လျှောက်လိုက်နေရတာ ကျူတိုရီယယ်တွေ အကုန်လွတ်တယ်၊ လက်ချာတွေလည်း အမြဲပြန်ကူးနေရတယ်"

"အောင်မာ ... မင်းက တက္ကသိုလ်ကျောင်းသားဆိုပြီး ငါ့ကို အထက်တလာနင်းတာပေါ့လေ၊ ဟား - ဟား မကြီးကျယ်စမ်းပါနဲ့ကွာ၊ ဖွန်ကြောင်နဲ့ ရယ်ရွှည်ချက်နဲ့ တက္ကသိုလ် သွားတက်နေတဲ့ကောင်ကများ ဟား - ဟား - ဟား"

ပိုင်ရဲ၏ရယ်သံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊ သို့တိုင်အောင် လူငယ်လေးနှစ်ယောက်ကတော့ တစ်ကမ္ဘာလုံးမှာ သူတို့နှစ်ယောက်ပဲ ရှိနေသလို ဘာကိုမှ ဂရုစိုက်ပုံ မရပေ။

သူတို့နှစ်ယောက်သည် နှစ်ယောက်တည်းနှင့် လမ်းမကြီးတစ်ခုလုံး ပြည့်အောင်တစ်ယောက်နှင့်တစ်ယောက်တွန်းတိုက် ရယ်မောကာလျှောက် လာခဲ့ကြသည်၊ လတ်တလော ဖြစ်ခဲ့သော ပြဿနာအားလုံးကို ဘာမှသတိမရတော့သလို လူသူ ရှင်းပြတ်တိတ်ဆိတ်နေသော ထိုလမ်းမကြီးက သူတို့နှစ်ယောက်အတွက် သီးသန့်ကမ္ဘာတစ်ခုလို ဖြစ်နေလေသည်၊

သူတို့သည် ထိုသို့ လျှောက်လာရင်းမှ လမ်းချိုးတစ်ခုသို့ ရောက်လာသည်၊ ထိုလမ်းချိုးကလေးသည် ဘတ်စ်ကားမှတ်တိုင်သို့ အမြန်ဆုံး ရောက်နိုင်သော သူတို့သွားနေကျ ဖြတ်လမ်းဖြစ်သည်၊

သူတို့က စကားတပြောပြောဖြင့် ထိုလမ်းချိုးလေးထဲ ကွေ့ဝင်လိုက်ချိန်မှာပင်...



သူတို့ရှေ့မလှမ်းမကမ်းမှ ကျောခိုင်းကာသွားနေသော အမျိုးသမီးတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရသည်၊

○ ○ ○

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်၊ အမျိုးသမီးသည် စလင်းဘက်ခ်အိတ်ကို ပခုံးတစ်ဖက်တွင် လွယ်ထားပြီး လက်တစ်ဖက်တွင် ဖိုင်တွဲတစ်ခုကို ကိုင်ထားတာကြောင့် ရုံးဝန်ထမ်း (သို့) ကုမ္ပဏီဝန်ထမ်း တစ်ယောက် ဖြစ်ပုံရသည်၊ သို့တိုင်အောင် ဒီအချိန်ကြီးမှာ လမ်းပေါ်ရောက်နေတာတော့ မသင်္ကာစရာပဲ ဖြစ်သည်၊

"ဟော့ကောင် ... ဘယ်လိုလဲ"

သုရိန်က ပိုင်ရဲကို လေသံတိုးတိုးဖြင့် လှမ်းပြောသည်၊ ပိုင်ရဲ့လမ်းမီးတိုင်မှ အလင်းရောင်ဖြင့် ထိုအမျိုးသမီး၏ ပုံစံကို သေချာအကဲခတ်ရင်း -

"ပုံစံကတော့ ဝန်ထမ်းလိုလို၊ ဘာလိုလိုကွ၊ ဒါပေမဲ့ - ဘယ်ဝန်ထမ်းမှ ဒီအချိန်ထိ အလုပ်မလုပ်ဘူး၊ Night Lady ပဲ ဖြစ်မယ်"

ပိုင်ရဲ့ သူတို့လူငယ်လောက အသုံးအနှုန်းဖြင့် ပြောလိုက်သည်၊ သုရိန်က...

"ဟုတ်ပါ့မလားကွ Lady က အဲဒီပုံစံတော့ မဟုတ်ဘူးနော်၊ ပြီးတော့ အသက်လည်း နည်းနည်းကြီးပုံရတယ်၊ သွားထိလို့ ရှော့ခ် ဖြစ်ကုန်ဦးမယ်"

သုရိန်က စိုးရိမ်မကင်းဟန်ဖြင့် ပြောသည်၊ အမျိုးသမီး၏ ပုံစံက ကုမ္ပဏီဝန်ထမ်းတစ်ယောက်လို ကုတ်အင်္ကျီနှင့် စကပ်တိုကို ဝတ်ဆင်ထားပြီး နောက်မှ ကြည့်ရတာတော့ ခပ်ရိုးရိုးပဲမို့ ထိုသို့ သေချာသတ်မှတ်လို့တော့ မရပေ၊

"မင်းကလည်းကွာ ... ငါ့ဘော်ဒါ ဖြစ်နေပြီး ထူလိုက်တာ၊ သူဟာသူ ဘာပုံပဲ ဖမ်းထားထား ဒီအချိန်ကြီး လမ်းပေါ်မှာ တစ်ယောက်တည်း တွေ့ခဲ့တော့ ဒါပဲပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါ့မလားကွ ... သူ့ဟာသူ အလုပ် နောက်ကျလို့ ခုမှ ပြန်လာတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

သူရိန်နှင့်ပိုင်ရဲ့ အမျိုးသမီးနောက်မှ ခပ်ခွာခွာ လျှောက်ရင်း ခပ်တိုးတိုး ငြင်းခုန်နေမိကြသည်။ အမျိုးသမီးကတော့ သူတို့ လိုက်ပါလာတာကို သိပုံမရဘဲ အေးအေးလူလူပင် ဆက်သွားနေသည်။ ပိုင်ရဲက အမျိုးသမီး၏နောက်ပိုင်းကို သေချာကြည့်ရင်း ...

"ဟော့ကောင် ... ဘယ်အလုပ်မှ ည (၁၀) နာရီထိ မလုပ်ရဘူးကွ။ ကလပ်တို့၊ ကေတီဗီတို့မှာ လုပ်ရင်တော့ ဟုတ်ချင်ဟုတ်မှာပေါ့။ အဲဒီမှာ လုပ်တဲ့သူဆိုရင် ပိုတောင် ဖယားရှောသေးတယ်။ တစ်ခွန်းလောက် ဝင်ရောလိုက်ရုံပဲ"

ပိုင်ရဲ၏ စကားကြောင့် သူရိန်က မျက်စုံးပင့်ကာ လှည့်ကြည့်ပြီး ...

"ဘာလည်း ... မင်းတကယ်ကြီး ဖန်တော့မလို့လား"

"ဖန်ကြည့်တာပေါ့ကွာ ... အခြေအနေက ပေးနေတာကို"

"ဖြစ်ပါ့မလား ... ဟုတ်မှလည်း လုပ်နော်"

၀ ○ ၀

"ဩော် ... အေးဆေးပါကွာ ငါ သွားဖန်လိုက်မယ်။ မင်းစောင့်ကြည့်နေ"

ပိုင်ရဲ့ ပြောပြီးသည်နှင့် အမျိုးသမီးကိုမီအောင် ခြေလှမ်းကို အရှိန်မြှင့်လိုက်သည်။ သူရိန်ကလည်း ပိုင်ရဲ၏နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့သည်။ စိုးရိမ်စိတ်ကြောင့်သာ တားနေရသော်လည်း သူကိုယ်တိုင် စိတ်ဝင်စားနေမိတာတော့ မငြင်းနိုင်ပါ။

သူတို့နှစ်ယောက် အမျိုးသမီးကို မီလုမီခင်လေးမှာပင် ရုတ်တရက် ...

အမျိုးသမီးက မြုံစည်းရိုးခပ်နိမ့်နိမ့် ကာရံထားသော ခြံဝင်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် ခြံတံခါးကို သော့ဖွင့်ကာ ခြံထဲ ဝင်သွားတော့သည်။



"ဟာ ... သွားပါပြီကွာ"

ပိုင်ရဲနဖူးကို လက်ဖဝါးဖြင့် ရိုက်ရင်း မချင့်မရဲ ရေရွတ်လိုက်သည်။

သူရိန်က ...

"ငါ ... မပြောဘူးလား သူ့ပုံစံက Night Lady မဖြစ်နိုင်ပါဘူးလို့"

ပိုင်ရဲခြံထဲ ဝင်သွားသောအမျိုးသမီးကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်းမှ

"စားရခါနီးမှ ပုတ်ချခံလိုက်ရတယ်လို့ကွာ ။ နှမြောလိုက်တာ"

"ဘာနှမြောတာလဲ သွားမစမိတာပဲ ကံကောင်းထယ်မှတ်၊ မဟုတ်ရင်တော့ ပါးပဲ အချခံရမလား။ ဒီရပ်ကွက်က ငနဲတွေ ပိုင်းတွယ်တာ ခံရမလားပဲ"

"ဟာ ... မင်းကလည်းကွာ ... အဲဒီလောက်တော့ အခြေအနေ မဆိုးနိုင်ပါဘူး။

သူ့ကြည့်ရတာ အဲဒီလောက် တန်ဖိုးမြင့်ပုံလည်း မပေါ်ပါဘူးကွ"

ပိုင်ရဲပြောရင်းမှ စိတ်မကုန်သေးဟန်ဖြင့် ခြံဝင်းထဲသို့ လှမ်းကြည့်နေသည်။ အမျိုးသမီးသည် ခြံတံခါးရော အိမ်တံခါးကိုပါ သူ့ဟာသူ သော့ဖွင့်ပြီး ဝင်သွားသဖြင့် သူမ တစ်ယောက်တည်းနေပုံရလေသည်။

သူမအိမ်ထဲဝင်သွားပြီးမှ မှောင်မည်းနေသော တစ်ထပ်တိုက်ကလေးက မီးလင်းလာသည်။ သူတို့နှစ်ယောက်သည် မချင့်မရဲစိတ်များဖြင့် မီးလင်းနေသော တစ်ထပ်တိုက်ကလေးကို ငေးကြည့်နေမိကြသည်။ မှန်ပြတင်းပေါက်များတွင် လိုက်ကာစလေးများ ကာရံထားတာကြောင့် အိမ်ထဲမှ အမျိုးသမီး၏ လှုပ်ရှားမှုများကို မီးရောင်ဖြင့် အရိပ်သဖွယ် မြင်နေရလေသည်။

သူတို့နှစ်ယောက် ထိုခြံရှေ့တွင် ရပ်ရင်း ငေးကြည့်နေမိစဉ်မှာပင် အမျိုးသမီး၏ အရိပ်က ကုတ်အင်္ကျီကို ချွတ်နေသည်ကို ပြတင်းပေါက်မှန်မှ လှမ်းမြင်လိုက်ရသည်။ သူတို့တစ်ယောက်၏တံတွေးမျိုချသံကို တစ်ယောက်က ကြားလိုက်ရသည်။

အမျိုးသမီးက ဆက်ပြီး ခပ်မြင့်မြင့် စည်းနှောင်ထားသော ဆံပင်ကို ဖြေချကာ လွင့်ဝဲသွားအောင် ခါယမ်းလိုက်သည်။ ကျောလယ်ထိရှည်ရှိသော



www.burmeseclassic.com

www.burmeseclassic.com

ဆံနွယ်များက သူတို့မျက်နှာကိုပင် လာရောက် ရိုက်ခတ်သွားသလို ပိုင်ရဲ တံတွေးတစ်ချက် ထပ်မံ မျိုချမိကာ အမျိုးသမီး၏အရိပ်ကို မျက်စိ မခွာတမ်း ကြည့်နေမိရင်းမှ . . .

"သူရိန် ... ငါတို့ မြှုထဲဝင်ရအောင်"

ပိုင်ရဲစကားကြောင့် သူရိန်က အံ့ဩသွားဟန်ဖြင့် . . .

"ဘာ ... မြှုထဲဝင်မယ်၊ မင်းရူးသွားပြီလား . . . သူများခြံထဲ ဘာဝင်လုပ်မှာ လဲ"

"သွားရှိုးမှာပေါ့ကွ ... ဒီလောက် အခြေအနေပေးနေတာကို"

"ဟာ ... ဖေ့ဖောင် သွားမလုပ်နဲ့နော်၊ ဒါ . . . သူများရပ်ကွက်ကွ . . . တော်ကြာသိသွားလို့ ပြဿနာတက်နေမယ်"

သူရိန်စကားကို ပိုင်ရဲက စိတ်အားထက်သန် ပြင်းပြနေဟန်ဖြင့် . . .

"ဘာမှ ... သိစရာ အကြောင်းမရှိဘူး ဖေ့ဖောင် . . . ငါက အိမ်ပြင်ကနေ မြင်ရရုံလေး သွားချောင်းမှာ၊ ပြတင်းပေါက်ကနေ အသာလေး ချောင်းကြည့် ရုံပဲ၊ ပြီးတော့ ဒီပတ်ဝန်းကျင်က အိမ်တွေလည်း အားလုံးတံခါးပိတ် အိပ်ကုန် ကြပြီ၊ ဘယ်သူမှ မြင်မှာလည်း မဟုတ်ဘူး၊ ဒါ . . . အခွင့်အရေးကောင်း ပဲကွ"

ပိုင်ရဲစကားကြောင့် သူရိန်တွေဝေသွားမိသည်၊ သူက ပြဿနာတစ်ခု တစ်ရာဖြစ်မှာစိုး၍ပိုင်ရဲကိုတားနေသော်လည်း သူ့စိတ်ထဲမှာပိုင်ရဲလိုတွေး မိသည်၊ အမျိုးသမီးကတစ်ယောက်တည်းနေတာမို့လွတ်လပ်ပွင့်လင်းစွာ နေထိုင် လှုပ်ရှားမှုများကို မြင်တွေ့ခွင့် ရနိုင်သည်မဟုတ်လား၊

"ဖြစ်ပါ့မလား ... ပိုင်ရဲရာ"

ပြောသာ ပြောလိုက်ရသော်လည်း သူရိန်လေသံက အားပျော့နေသည် ပိုင်ရဲက . . .

"သိပ်ဖြစ်တာပေါ့ကွာ၊ ဘာလည်း မင်းက ကြောက်နေတာလား၊ မိန်း တစ်ယောက်ကို ချောင်းကြည့်တဲ့အလုပ်က အဲဒီလောက် ကြောက်စရာ မကောင်းပါဘူးကွာ"



ပိုင်ရဲက သဇရော်တော်တော်ဟန်ဖြင့်ပြောတော့ သူရိန်က ခံချင်စိတ် ဖြစ်လာဟန်ဖြင့် . . .

"ဘာဖြစ်လို့ . . . ကြောက်ရမှာလဲကွ၊ ငါက ပြဿနာဖြစ်မှာစိုးလို့ ပြောနေ တာ၊ သူရိန်တို့က အဲဒီလောက် သွေးကြောင်တဲ့ကောင် မဟုတ်ဘူး"

"အေး ... ဒါပဲလေကွာ . . . ပိုင်ရဲရဲ့ဘော်ဒါလုပ်နေရင် ပိုင်ရဲနဲ့ယှဉ်ပြီး မိုက်ရဲ ရမှာပေါ့၊ ဒါမှ ဘော်ဒါပီသတာကွ"

ပိုင်ရဲက သူရိန်၏ ပခုံးကို လက်သီးဖြင့် ခပ်ဖွဖွထိုးရင်း ပြောသည်၊ အကြောင်းရင်းကို မသိလျှင်တော့ သူတို့ပြောဆိုနေသည့်ပုံစံက တစ်ခုခု အတွက် စွန့်စားတိုက်ခိုက်တော့မှာလို၊



သူမသည် မှန်တစ်ချပ်ရှေ့တွင် ထိုင်ကာ အစာနကြာအောင် မှိုင်တွေ ငေးငိုင်နေသည်။ ကော်ပတ်ချပ်လိုမျက်နှာလေးသည် ဖျော့တော့နွမ်းလျကာမျက်ဝန်းအစုံက ရှေ့မှမှန်ချပ်ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မှာတော့ သူတို့နှစ်ယောက် ခပ်နိမ့်နိမ့် သံပန်းတံခါးလေးပေါ်မှကျော်ကာခြံထဲဝင်လာခဲ့ကြသည်။ ထိုအိမ်က တခြားအိမ်တွေလိုအိမ်ဘေးနံရံများတွင် မီးလုံးတပ်ဆင်ထားခြင်းမရှိတာကြောင့် သူတို့အလွယ်တကူပင်အိမ်ဘေး ကပ်လာခဲ့ကြသည်။ အိမ်ဘေးမှ အမှောင်ရိပ်ထဲတွင် ရပ်နေသောသူတို့ကို ဘယ်သူမှ မြင်နိုင်မှာ မဟုတ်တော့။

ပိုင်ရဲက မြေကိုဖွဖွနင်းကာ ပြတင်းပေါက်တစ်ပေါက်နား တိုးကပ်သွားသည်။ သို့သော်အတွင်းမှလိုက်ကာကိုစေ့နေအောင်ထားသဖြင့်ချောင်းကြည့်လို့မရ။ ပိုင်ရဲက နောက်ပြတင်းပေါက်တစ်ပေါက်ဆီသို့ ကူးသွားရာ သူရိန်ကနောက်မှ ကပ်လိုက်လာခဲ့သည်။ တစ်ယောက်ယောက် တွေ့သွားမှာစိုးသောကြောင့် မျက်လုံးတို့ကတော့ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်နေရလေသည်။

ကံကောင်းထောက်မစွာပင် ထိုပြတင်းပေါက်က ပိတ်ထားသော်လည်းလိုက်ကာစကိုမတင်ထားသောကြောင့်ပြတင်းမှန်မှတစ်ဆင့်အိမ်အတွင်းကိုမြင်နေရသည်။ သူတို့ နှစ်ယောက် ခေါင်းချင်းပူးကာ အိမ်ထဲသို့ ချောင်းကြည့်မိသည်။ သူတို့ထပ်၍ကံကောင်းသွားသည်က သူတို့ချောင်းနေသောပြတင်းပေါက်သည် အမျိုးသမီး၏ အိပ်ခန်းပြတင်းပေါက် ဖြစ်နေခြင်းပင်။

အခန်းထဲမှာ ဘယ်သူမှ မရှိသော်လည်း အခန်းအပြင်အဆင်နှင့်အသုံးအဆောင်ပစ္စည်းများကို ကြည့်၍ ပြောရခြင်း ဖြစ်သည်။ သူရိန်က...

"ဟေ့ကောင် ...ဒါ သူ့အခန်း ဟုတ်ရဲ့လား မသိဘူး"

ဟု လေသံတိုးတိုးဖြင့် ပြောသည်။ ပိုင်ရဲက သေချာသောလေသံဖြင့် -

"သိပ်ဟုတ်တာပေါ့ကွာ ... ဒီအိမ်မှာ သူတစ်ယောက်တည်းနေတာသူ့အခန်းပေါ့ကွ ။ ခဏနေရင် သူဝင်လာပါလိမ့်မယ်"

ဟု ပြန်ပြောသည်။ သို့သော် သူမက သူ ပြောသလို ခဏနေမှ ဝင်မလာပါ။

သူတို့စကားပြော၍ မဆုံးမီမှာပင် သူမ အခန်းထဲဝင်လာသဖြင့် သူတို့ပါးစပ်ကို ဘရိတ်အုပ်ထားလိုက်ရသည်။ သူတို့က မှန်ပြတင်းပေါက်၏ ဘေးတစ်ဖက်တစ်ချက်တွင် ကွယ်ကာရပ်ရင်း အခန်းထဲသို့ ငြိမ်သက်စွာ ချောင်းကြည့်နေမိကြသည်။

သူမက အခန်းထဲ ဝင်လာပြီးသည်နှင့် အခန်းတံခါးကို ပြန်ပိတ်ကာလက်ထဲတွင် ကိုင်လာသော ကုတ်အကျီနှင့်လက်ကိုင်အိတ်ကို ခုတင်ပေါ်ပစ်တင်လိုက်သည်။ ထို့နောက် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် မှန်တင်ခုံရှေ့တွင်ထိုင်လိုက်သည်။ ထိုအခါကျမှ သူမ၏ မျက်နှာကို သူတို့ သေချာ မြင်တွေ့ခွင့်ရတော့သည်။

သွယ်လျသော မျက်နှာပေါ်တွင် ဝိုင်းစက်ကြီးမားသောမျက်လုံး၊ သေးသွယ်ချွန်မြသောနှာတံနှင့်အလွန်ပါးလျသော နှုတ်ခမ်းတို့က စနစ်တကျတည်ရှိနေပြီး သူမ၏ပုံစံက ကော်ပတ်ရုပ်တစ်ရုပ်နှင့် တူနေသည်။ ဘာပဲဖြစ်ဖြစ် သူမက သူတို့ မျှော်လင့်ထားတာထက်တော့ ပို၍လှနေသဖြင့် အပင်ပန်းခံကာ ချောင်းကြည့်ရသော သူတို့နှစ်ယောက် စိတ်ကျေနပ်သွားသည်။

သူမသည်မှန်တင်ခုံရှေ့တွင်ထိုင်ကာအတန်ကြာအောင်မှိုင်တွေငေးငိုင်နေသည်။ ကော်ပတ်ရုပ်လို မျက်နှာလေးသည် ဖျော့တော့နွမ်းလျကာမျက်ဝန်းအစုံက ရှေ့မှ မှန်ရုပ်ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေလေသည်။

ထိုသို့ ငေးငိုင်နေပြီး အချိန်အနည်းငယ်ကြာပြီးမှ သူမက ထိုင်နေရာမှ လှုပ်လှုပ်ရှရှ ဖြစ်လာသည်။ သူမက ကျောလယ်ခန့်ရှည်သော ဆံပင်များကိုလက်နှစ်ဖက်ဖြင့် စုသိမ်းကာ ဆံထုံးလေး ထုံးလိုက်သည်။ ရှေ့တွင် ကျနေသောဆံပင်များကိုလည်း ဘီးကုပ်တစ်ခုဖြင့်လှန်သိမ်းလိုက်သည်။ ထို့နောက်မွေးပွတဘက်ကြီးတစ်ထည်ကို လှမ်းယူကာ ရေချိုးခန်းဟု ထင်ရသောအခန်းတစ်ခုထဲသို့ ဝင်သွားတော့သည်။

"ရေချိုးမလို့ ... ထင်တယ်"

ပိုင်ရဲက တံတွေးတစ်ချက်မျိုချရင်း ခပ်တိုးတိုးပြောသည်။ သူရိန်က -

"ဟေ့ကောင် - ဒီလောက် အေးနေတာ ဒီအချိန်ကြီး ဘယ်သူက ရေချိုးမှာလဲကွ"





www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ပြောရမလဲကွ … ရေခွေးနဲ့ချိုးရင် ချိုးမှာပေါ့"

ပိုင်ရဲက ပြောရင်းမှ ရေချိုးခန်းရှိရာဘက်သို့ လှမ်းကြည့်ရင်း -

"ရေချိုးခန်းဘက် သွားရအောင်ကွာ၊ အဲဒီမှာ ပြတင်းပေါက်ရှိရင် ရှိမှာပဲ"

"ဟာ … သွားမနေပါနဲ့ကွာ၊ သူ ဒီအခန်းထဲ ပြန်လာမှာကို၊ ပြီးတော့ ရေချိုးခန်းတို့ အိမ်သာတို့ဆိုတာ ပြတင်းပေါက် ဘယ်လိုလုပ် ရှိမှာလဲကွ"

"ပြတင်းပေါက် မရှိလည်း ချောင်းကြည့်စရာ အပေါက်တစ်ခုခုတော့ ရှိမှာပါကွ၊ ငါတော့ သူ ရေချိုးလိမ့်မယ်လို့ ထင်တယ်"

ပိုင်ရဲက မချင့်မရဲလေသံဖြင့် ပြောသည်ကို သူရိန်က နားကြားပြင်းတပ်လာဟန်ဖြင့် …

"ငါကတော့ သူ ရေချိုးမှာ မဟုတ်ဘူးလို့ထင်တယ်၊ ဒီလောက်အေးနေတဲ့ အချိန်ကြီး ရေချိုးရင်တော့ ရူးနေလို့ပဲ ဖြစ်မယ်ကွာ"

"ဒါကတော့ သူက အသန့်ကြိုက်တတ်လို့ဖြစ်မှာပေါ့ကွ၊ မင်းလို ညစ်ပတ်တဲ့ကောင်ဆိုရင်တော့ အအေးခံပြီး ဘယ်ချိုးမလဲ"

"အံမာ … မင်းက ခုမှတွေ့တဲ့ မိန်းမဘက်ပါပြီး ငါ့ကိုတောင် ပြန်ဖဲ့တယ်ပေါ့လေ၊ တော်တော်ချစ်စရာကောင်းတဲ့သူငယ်ချင်းပဲ"

သူမ ရေချိုးမချိုးကိုစွနှင့် ပတ်သက်ပြီး သူတို့နှစ်ယောက် ငြင်းခုန်နေမိကြသည်၊ သူတို့ ဘယ်နေရာရောက်နေသည်ကို ဆိုတာကိုပင် မေ့လျော့သွားမိသလို၊

ထိုစဉ်မှာပင် သူမ အခန်းထဲ ပြန်ဝင်လာသဖြင့် သူတို့နှစ်ယောက်လုံး ပါးစပ်ပိတ်သွားသည်၊ သူရိန် ထင်သလိုပင် သူမ ရေချိုးမလာပါ၊ ကိုယ်လက်သန့်စင်ပြီးပြန်လာခြင်းသာဖြစ်သည်၊ သူရိန်ကပိုင်ရဲဘက်လှည့်ကာတစ်ချက်ပြောင်ပြလိုက်သော်လည်း ပိုင်ရဲက မြင်ပုံမရပါ၊ မျက်လုံးအစုံက သူမကိုသာ မခွာတမ်း စိုက်ကြည့်နေ၍ ဖြစ်သည်၊

သူမက မျက်နှာနှင့်လက်မောင်းမှ ရေများကို မျက်နှာသုတ်ပုဝါကြီးဖြင့် သုတ်နေသည်၊ ထို့နောက် ဝတ်ထားသော ဘလောက်အင်္ကျီကိုဆွဲချွတ်လိုက်သည်၊ ထို့နောက် စကပ်တိုလေးကိုပါ ဆွဲချွတ်နေသဖြင့် သူတို့နှစ်ယောက် မျက်လုံးပြူးသွားသည်၊ သူမကတော့ ဘယ်သူမှ မမြင်နိုင်ဟုထင်တာ လွတ်လပ်စွာ အဝတ်အစားလဲမည့်ပုံရလေသည်၊

သူမက အဝတ်အစားအားလုံးချွတ်ပြီးသည်နှင့် မျက်နှာသုတ်ပဝါကြီးကို ကိုယ်မှာပတ်လိုက်သည်၊ ထို့နောက် Body lotion ဟုထင်ရသော ဘူးတစ်ဘူးကိုယူကာ ခုတင်ပေါ်တွင် ထိုင်လိုက်သည်၊ သူမ Body lotion လိမ်းနေသည်ကိုကြည့်ရင်း သူတို့နှစ်ယောက်လုံး ပြိုင်တူတံတွေးမျိုချလိုက်မိသည်၊ ကျယ်လောင်လှသော ရင်ခုန်သံတဒိန်းဒိန်းက သူမပင်ကြားသွားမှာ စိုးရလေသည်၊

သူမက တစ်ကိုယ်လုံးက Body lotion လိမ်းပြီးသွားတော့ ဗီရိုထဲမှ ညအိပ်ဝတ်စုံကို ထုတ်ကာဝတ်သည်၊ ထို့နောက် မှန်တင်ခုံရှေ့တွင်ဝင်ထိုင်ကာ မျက်နှာကို Cream တစ်ခုလိမ်းသည်၊ သူမ၏ လှုပ်ရှားမှုများက စက်ရုပ်ဆန်နေသလို စောင့်ကြည့်နေသော သူတို့ စိတ်ထဲမှာ ခံစားမိသည်၊

"သူက … တော်တော်လှတယ်နော်"

ပိုင်ရဲ့သူမထံမှ မျက်လုံးမခွာဘဲ ခပ်တိုးတိုးပြောသည်၊ သူရိန်က -

"ခန္ဓာကိုယ်ကို ပြောတာလား၊ မျက်နှာကတော့ အဲဒီလောက် မလှပါဘူး၊ ပြီးတော့ သူက ငါတို့ထက် အသက်ကြီးပုံရတယ်"

ဟု ခပ်တိုးတိုးပြန်ပြောလိုက်သည်၊ ပိုင်ရဲက သူမဆံပင်များကိုဖြန့်ချကာ ဖြီးနေသည်ကို ငေးမောရင်း -

"အဲဒါကြောင့် ဒီလောက်လှနေတာပေါ့ကွ၊ မင်းမကြားဖူးဘူးလား၊ အသက် (၂၅) နှစ်အရွယ်ဆိုတာ မိန်းကလေးတွေရဲ့ဘဝမှာ လှပမှုတွေ အပြည့်စုံဆုံးအချိန်တဲ့၊ အဲဒီစကားကို ငါ လက်တွေ့ယုံကြည်လိုက်ပြီ"

"ဟွန့် … ငါကတော့ ဖူးသစ်စရွယ် (၁၆) နှစ်လောက်က အလှဆုံးပဲလို့ ကြားဖူးပါတယ်ကွာ မင်းကျမှပဲ"

"ဥပမာ … မင်းညီမအရွယ်လား"





www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရဲ ပြန်ပြောသော်စကားကြောင့် သူရိန်စိတ်ထဲ အောင့်မျက်သွားရသည်။ ပိုင်ရဲ့သူ ပြောသမျှကို ကန့်လန့်တိုက်နေ၍ ပြန်၍ ဘုတောလိုက်ပုံရလေသည်။

တကယ်တော့ သူရိန်က ထိုကိစ္စများဆို စိတ်အားထက်သန်လွန်းသော ပိုင်ရဲကို ကြည့်မရ၍သာ ဘုကန့်လန့်တွေ လိုက်ပြောနေခြင်းဖြစ်သည်။ သူ့စိတ်ထဲမှာတော့ ထိုအမျိုးသမီးက အတော်ဆွဲဆောင်မှုရှိသည်ကိုအပြည့်အဝ လက်ခံပြီးသား ဖြစ်လေသည်။

ထိုစဉ်မှာပင် -

ဆံပင်ဖြီးနေသော ထိုအမျိုးသမီးက သူတို့ရှိရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။ သူတို့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ နံရံဖြင့် အလျင်အမြန် ကွယ်လိုက်ရသည်။

အခန်းထဲမှ အသံဗလံများအားလုံး တိတ်ဆိတ်သွားသဖြင့် သူတို့ ထိတ်လန့်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိသည်။ သူမ သူတို့ကိုမြင်သွားပြီလား။ သူတို့က အသက်ပင်မရှူရဲပဲ နံရံတွင်ကျောကပ်ကာ ငြိမ်သက်နေမိကြသည်။ စိတ်ထဲမှာတော့ သူမ၏အော်သံကို ဘယ်တော့ ကြားရမလဲဟု တုန်လှုပ်စွာ တွေးနေမိလေသည်။

သို့တိုင်အောင်အချိန်အတန်ကြာသည်အထိအခန်းထဲမှ ဘာသံမှမကြားရပါ။ အမျိုးသမီး၏ လှုပ်ရှားသံတစ်စုံတစ်ရာလည်း မကြားရသဖြင့် သူတို့ စိတ်အေးသွားသလိုသံသယလည်းဝင်လာမိသည်။ သူမတကယ်ဘဲ သူတို့ကို မမြင်ဘူးလား။ မမြင်ဘူးဆိုရင် ဘာကြောင့် အခြားလှုပ်ရှားသံ တစ်စုံတစ်ရာ မကြားရတာလည်း သူမ ဘာလုပ်နေတာလည်း။

သူတို့က အမှောင်ထဲတွင် တစ်ယောက်မျက်နှာတစ်ယောက် မသဲမကွဲ ကြည့်ရင်း အမူအရာဖြင့် စကားပြောနေမိကြသည်။ ပိုင်ရဲက ဘယ်လိုလည်း ဟူသော အဓိပ္ပာယ်ဖြင့် လက်ဝါးတစ်ဖက်ဖြန့်ပြတော့ သူရိန်က ပခုံးတစ်ချက် တွန့်ကာ မသိဘူးလေဟု ပြန်ဖြေသည်။ ပိုင်ရဲ စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်



တော့ သူရိန်က မင်းလှမ်းကြည့်လိုက်ဟူသော အဓိပ္ပာယ်ဖြင့် အခန်းထဲသို့ မေးဆတ်ပြသည်။ ပိုင်ရဲက မအီမလည် အမူအရာကြီးဖြင့် ခေါင်းကိုသာ ဆက်ကုတ်နေလေသည်။

ခဏကြာမှ ပိုင်ရဲက မလွှဲမရှောင်သာသောဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ခပ်တိုးတိုး ရှိုက်လိုက်သည်။ ထို့နောက် နံရံအကွယ်မှ ခေါင်းကိုဖြည်းဖြည်းချင်း ထွက်ကာ အခန်းထဲသို့ ချောင်းကြည့်လိုက်လေသည်။

၀ O ၀

ရုတ်တရက်၊ ပိုင်ရဲ၏နှလုံးခုန်သံများ ရပ်တန့်သွားသလို ခံစားလိုက်ရသည်။ မထင်မှတ်သော အဖြစ်ကြောင့် ပိုင်ရဲပါးစပ်အဟောင်းသားဖြင့် ကြောင်ငေးနေမိသည်။

တစ်ဖက်နံရံတွင် ကွယ်ကာရပ်နေသော သူရိန်က ပိုင်ရဲ၏ပုံစံကို ကြည့်ကာ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ ပိုင်ရဲဘာတွေ့လို့လဲ။ ဘာကြောင့် အဲဒီလောက်တောင် ထိတ်လန့်တုန်လှုပ်သွားရတာလဲ။ သူက ပိုင်ရဲကို မျက်နှာရိပ်မျက်နှာကဲဖြင့် လှမ်းမေးဖို့ ကြိုးစားသော်လည်း ပိုင်ရဲက သူ့ကို လုံးဝလှည့်မကြည့်၍ အခက်ကြုံနေရသည်။

နောက်တော့ သူက ပိုင်ရဲ၏ပုံစံကို စိတ်မရှည်တော့သဖြင့် သူကိုယ်တိုင်ပဲ အခန်းထဲသို့ ချောင်းကြည့်လိုက်လေသည်။

"ဟာ"

သူတို့ ကံဆိုးမိုးမှောင်ကျပြီဟု သူရိန် ချောက်ချားစွာ သိရှိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် -

အမျိုးသမီးက ပြတင်းတံခါးဝတွင်ရပ်ကာ သူတို့နှစ်ယောက်ကို စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

၀ O ၀



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး၏ အထိတ်တလန့် အော်သံကို ကြားရတော့မည်ဟု သူတို့ ထင်လိုက်သည်။ သို့တိုင်အောင် ထိုနေရာမှ သူတို့ ထွက်ပြေးဖို့မကြိုးစားမိဘဲ ဖြစ်နေလေသည်။

စက္ကန့်ပိုင်းမျှ အချိန်လေးက သူတို့နှစ်ယောက်အတွက် တစ်ကမ္ဘာတ ခန့် ထင်လိုက်ရသည်။ သူတို့ မျှော်လင့်ထားသော အမျိုးသမီး၏ အော်ဟစ် သံကို မကြားရပါ။ အမျိုးသမီးကတော့ ထိုနေရာတွင် ရပ်မြဲရပ်လျက်။

မမျှော်လင့်သော အခြေအနေကြောင့် သူတို့ အံ့ဩသွားမိကာ တစ် ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိကြသည်။ အမျိုးသမီးသည် သူတို့နှင့် နီးကပ်စွာရှိနေသော်လည်း၊ အမှောင်ထဲမှ သူတို့ကို ကံကောင်း ထောက်မစွာ မြင်ပုံမရပါ။

ထိုအခြေအနေလေးကို ပျက်စီးသွားမည် စိုးသောကြောင့် သူတို့ အသက်ပင် မရှူရဲပဲ ခေတ္တအသက်အောင့်ထားလိုက်မိသည်။ ထို့နောက် သတိကြီးစွာထားကာ ခန္ဓာကိုယ်ကို နံရံနောက်တွင် အသာအရာ ပြန်ကွယ် နေလိုက်ရလေသည်။ သူမ သူတို့ကို မြင်မသွားခင် ဒီနေရာမှ အမြန်ဆုံး ထွက်ခွာသွားမှ ဖြစ်မည်။

သူရိန်က ခြေဟန်လက်ဟန်ဖြင့် ပိုင်ရဲကို အိမ်နောက်ဘက်မှ ပတ်ပြီး ထွက်လာရန် ပြောလိုက်သည်။ ဒီ ပြတင်းပေါက်ရှေ့မှ ဖြတ်သွားလျှင် သူမ သေချာပေါက် မြင်သွားနိုင်သည် မဟုတ်လား။ သူရိန်ရပ်နေသော နံရံက အိမ်ရှေ့ဘက်မှာမို့အလွယ်တကူပင်ထွက်သွားလို့ရသော်လည်းပိုင်ရဲကတော့ ထိုသို့ အိမ်နောက်ဘက်မှ ပတ်ပြီး ထွက်လာမှ ရမည် ဖြစ်သည်။

ပိုင်ရဲက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြပြီး အိမ်နောက်ဘက်သို့ တိတ်တဆိတ် ထွက်သွားသည်။ သူရိန်လည်း နံရံအမှောင်ရိပ်ကိုခိုကာ အိမ် ရှေ့ဘက်သို့ ထွက်လာခဲ့တော့သည်။ သူရိန် အိမ်ရှေ့ဘက်သို့ရောက်တော့ ပိုင်ရဲလည်း ရောက်လာသည်ကို တွေ့ရသည်။ ပိုင်ရဲ၏ မျက်နှာသည် ဆောင်းညမှာပင် ချွေးတွေပြန်နေပြီး အိမ်ဘေးမှ ပတ်လာစဉ် ပြေးလွှားလာခဲ့ ပုံရသည်။ စောစောက သူပဲ အားတက်သရော ရှိနေခဲ့ပြီး ခုကျတော့လည်း အတော် ထိတ်လန့်နေပုံရသဖြင့် ပိုင်ရဲ၏ပုံစံကိုကြည့်ကာ သူရိန် ရယ်ချင်နေ မိလေသည်။

"ဘယ်လိုလည်း ... ပိုင်ရဲ ရင်တွေ ခုန်နေသေးလား"

သူတို့နှစ်ယောက်ခြံတံခါးဝဆီသို့အတူလျှောက်လာရင်း သူရိန်က ရယ် ကျဲကျဲဖြင့် မေးလိုက်သည်။ ပိုင်ရဲက နောက်ဘက်သို့ လှည့်ကြည့်လှည့် ကြည့် လုပ်ရင်းမှ ...

"ရင်တွေခုန်လိုက်တာကတော့ ပြောမနေပါနဲ့ကွာ။ အသက်ရှူတောင် ရပ်သွားမလား။ မှတ်ရတယ်။ တောက် ... စောစောက ဗီလင်တွေတောင် ဘယ်ရောက်သွားမှန်း မသိတော့ပါဘူးကွာ"

ပိုင်ရဲစကားကြောင့် သူရိန်က တိုးကြိတ်ကြိတ် ရယ်မောရင်း ...

"အဲဒီဗီလင်တွေ ပြန်ရအောင် နောက်တစ်ခေါက် သွားရောင်းဦး မလား"

"တော်စမ်းပါကွာ ... ငါတော့ ဒီခြံထဲကနေ အမြန်ဆုံး ထွက်ချင်နေပြီ"

ပိုင်ရဲက အောင့်သက်သက် အမူအရာဖြင့် ပြောသည်။ သူရိန်ကတော့ သူတို့အဖြစ်ကို ရယ်ချင်ပက်ကျိ ဖြစ်နေမိကာ လက်ရှိပတ်ဝန်းကျင် အနေ အထားကြောင့်သာ အော်မရယ်မိခြင်း ဖြစ်လေသည်။

ခြံတံခါးရှေ့သို့ရောက်တော့ သူတို့နှစ်ယောက် သံပန်းတံခါးကို ကျော် တက်ကာ ခြံပြင်ထွက်ဖို့ပြင်သည်။ သို့သော် သူတို့သံပန်းတံခါးလေးရှေ့တွင် ရပ်လိုက်မိစဉ်မှာပင် ...

ရုတ်တရက် ...

အေးစက်သော လက်ကြီးတစ်စုံက သူတို့၏ ပခုံးတစ်ဖက်စီကို လာရောက်ဆုပ်ကိုင်လိုက်သဖြင့် သူတို့ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားမိ သည်။

"အမလေးဗျ"

o O o





www.burmeseclassic.com

www.burmeseclassic.com

သူတို့ အထိတ်တလန့် အော်ဟစ်ရင်း နောက်သို့ လှည့်ကြည့်လိုက်မိသည်၊ ထိုအခါသူတို့၏ပခုံးများကိုဆုပ်ကိုင်ထားသောလူကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်၊

"မင်းတို့ ... ဒီခြံထဲမှာ ဘာလုပ်နေတာလဲ"

သူတို့နှစ်ယောက်စာခန့် ထွားကြိုင်းလှသော ထိုလူကြီးက သူတို့နှစ်ယောက်ကိုသေချာကြည့်ရင်းမေးသည်၊ ရုတ်တရက်တော့သူတို့ဘာပြန်ဖြေရမှန်းမသိ၊ စောစောက ခြံထဲမှာ လူတစ်ယောက်မှ မတွေ့ရဘဲ ယခု ဒီလူကြီးဘယ်လိုရောက်လာမှန်း မသိပါ၊

"ဟေ့ကောင်လေးတွေ...ငါမေးနေတယ်လေ - မင်းတို့ဒီခြံထဲကိုဘာဝင်လုပ်တာလဲ"

ထိုလူကြီးက သူတို့ပခုံးများကို ခပ်ကြမ်းကြမ်း လှုပ်ခါရင်းထပ်မေးသည်၊ သူတို့ ထိတ်လန့်သွားမိကာ အထစ်ထစ်အငေါ့ငေါ့ဖြင့် -

"ဟို - ဟို - ဘာ - ဘာမှ မလုပ်ပါဘူး၊ ကျွန် - ကျွန်တော်တို့လူကောင်းတွေပါ"

"ဘာလူကောင်းတွေလဲ - ဒီအချိန်ကြီး သူများခြံထဲ ခိုးဝင်တာ လူကောင်းတွေလား၊ ဘာလဲ - မင်းတို့က သူခိုးတွေလား၊ ခိုးမလို့ဒီခြံထဲဝင်လာတာလား"

ထိုလူကြီး၏စကားကြောင့်ပိုင်ရဲကထိတ်လန့်သွားပြီးပျာပျာသလဲဖြင့် -

"ဟာ ... မဟုတ်ပါဘူး၊ ကျွန်တော်တို့ သူခိုး မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ... ဦးလေး ကျွန်တော်တို့ ဒီခြံထဲကို ခိုးမလို့ ဝင်တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ လက်ထဲမှာလည်း ဘာမှ ယူမလာပါဘူးခင်ဗျာ၊ ယုံပါ ဦးလေး"

သူရိန်ကပါ အထိတ်တလန့်ဟန်ဖြင့် ဝင်ပြောသည်၊ သူများရပ်ကွက်ထဲမှာ သူခိုးဟု စွပ်စွဲပြီး ဝိုင်းအတွယ်ခံရလျှင် မသက်သာနိုင်ဘူး မဟုတ်လား၊

ထိုလူကြီးက သူတို့ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ထားရာမှလွှတ်ကာလက်နှိပ်ဓာတ်မီးဖြင့် သူတို့မျက်နှာတွေကို သေချာ ထိုးကြည့်သည်၊ သူတို့တစ်ကိုယ်လုံးကို ဓာတ်မီးအလင်းရောင်ဖြင့် အပြန်ပြန် အလှန်လှန်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်ကာ လက်နှိပ်ဓာတ်မီးဖြင့် သူတို့ မျက်နှာတွေကို သေချာထိုးကြည့်သည်၊ သူတို့ တစ်ကိုယ်လုံးကို ဓာတ်မီးအလင်းရောင်ဖြင့် အပြန်ပြန်အလှန်လှန်ကြည့်ပြီး -

အီး အဲနှင့် ဖြစ်နေမိကြသည်၊

"ပြောလေကွာ ... မင်းတို့မပြောရင် ငါသူခိုးလို့ပဲ ထင်တော့မှာနော်"

ထိုလူကြီး၏စကားကြောင့် သူတို့ လန့်သွားပြီး သူရိန်က -

"ဟို ... ပြောပါ့မယ်ခင်ဗျ - ဒီလိုပါ" ဟု ပြောလိုက်သည်၊

သို့တိုင်အောင် တကယ်တမ်း ဘာဆက်ပြောရမှန်းမသိ၊ မိန်းကလေး တစ်ယောက်တည်း နေသည့် အိမ်ကို ဝင်ရှောင်းသည်ဆိုလျှင် အပြစ်က ပိုကြီးသွားနိုင်သည်၊ သူရိန်က အကြောင်းပြချက်တစ်ခုခုကို ဖျစ်ညှစ်စဉ်းစားနေရင်းမှ အကြံရသွားကာ

"ဟို ... ဒီလိုပါခင်ဗျ ... ကျွန်တော်တို့နှစ်ယောက် အမှန်တော့ ဒီရပ်ကွက်က သူငယ်ချင်းတစ်ယောက်အိမ်လာတာပါ၊ အဲဒါ သူငယ်ချင်း တစ်ယောက်နဲ့ စကားကောင်းနေတော့ ပြန်တာနောက်ကျတယ်လေ၊ အဲဒီလို ပြန်လာတုန်း ဒီအိမ်က အစ်မတစ်ယောက်တည်း လမ်းမှာ တွေ့တာနဲ့ မိန်းကလေး တစ်ယောက်တည်း အန္တရာယ်များတယ်ဆိုပြီး စေတနာနဲ့ အိမ်လိုက်ပို့ပေးတာပါ၊ ခုလေးတင်ပဲ အစ်မကို နှုတ်ဆက်ပြီး ထွက်လာတယ် ခင်ဗျ"

သူရိန်၏ လုပ်ကြံဇာတ်လမ်းကို ပိုင်ရဲက ပါဝင်ပြီး -

"ဟုတ်ပါတယ် ဦးလေး ... အစ်မကတောင် ကျွန်တော်တို့ကို ကျေးဇူးတင်လို့ဆိုပြီး ကော်ဖီဖျော်တိုက်လိုက်သေးတယ်ခင်ဗျာ"

သူတို့က ဟုတ္တိပတ္တိပင် ဇာတ်လမ်းဆင်ပြောလိုက်သည်၊ လူကြီးက သူတို့နှစ်ယောက်မျက်နှာကို အထူးအဆန်း တွေ့ရသလို စိုက်ကြည့်ပြီး -

"မင်းတို့ ... ရူးများနေပြီလား"

ဟု ပြောသည်၊





www.burmeseclassic.com

www.burmeseclassic.com

သူတို့က လူကြီး၏စကားကို နားမလည်စွာ "ဗျာ" ဟု ရေရွတ်လိုက်မိသည်။

"ဒီအိမ်မှာ ဘယ်သူမှ မနေဘဲ ပိတ်ထားတာ တစ်လလောက် ရှိပြီကွ"

လူကြီး၏စကားကြောင့် သူတို့ ထပ်မံ၍ "ဗျာ" လိုက်မိသည်။ ပိုင်ရဲက -

"ဟာ ... ဦးလေးကလည်း မဟုတ်တာ၊ ခုလေးတင်ပဲ အဲဒီအိမ်ကအစ်မနဲ့ ကျွန်တော်တို့ တွေ့ခဲ့သေးတာကို လူရှိပါတယ်ဗျ"

လူကြီးက သူတို့ကို မသက်သာသလို စိုက်ကြည့်ရင်း -

"ဒီမှာကောင်လေးတွေ ... မင်းတို့ လိမ်ချင်ရင်လည်း တခြားအကြောင်း မသိတဲ့သူကို သွားလိမ်ကွ၊ ငါက ဒီခြံရဲ့ဘေးခြံမှနေတာ အားလုံးသိတယ်၊ ဒီအိမ်မှာ ဘယ်သူမှ မရှိဘူး"

လူကြီးစကားကြောင့် သူတို့တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိရင်း -

"ကျွန်တော်တို့ ... မလိမ်ပါဘူးဦးလေး ဒီအိမ်မှာနေတဲ့အစ်မကိုကျွန်တော်တို့ တကယ်တွေ့ခဲ့တာပါ။ ဟို - မျက်လုံးဝိုင်းဝိုင်း၊ နှာတံချွန်ချွန်နဲ့ကော်ပတ်ရုပ်နဲ့တူတဲ့ အစ်မလေ"

သူရိန်က အနိုင်အမာ ပြောလိုက်သည်။ သို့တိုင်အောင် လူကြီးက သူတို့ကို ယုံကြည်ပုံမရပါ၊ သူတို့နှစ်ယောက်ကို မလောက်လေး မလောက်စား ဟူသော ပုံစံဖြင့် ပြုံးကြည့်ပြီး -

"မင်းတို့က ငြိမ်းဆုကို ပြောနေတာကိုး၊ အေး - မင်းတို့မသိရင် ငါကပဲ ပြန်ပြီး ပြောပြလိုက်ဦးမယ်၊ အဲဒီ ငြိမ်းဆုဆိုတဲ့ကောင်မလေးက ဒီအိမ်မှာ တစ်ယောက်တည်းနေတာတော့မှန်တယ်ကွ၊ ဒါပေမဲ့ - သူဆုံးသွားတာတော့ တစ်လလောက်ရှိပြီ၊ ဒီအိမ်မှာပဲ အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေသွားတာလေ"

"ဗျာ"



သူတို့နှစ်ယောက်၏ရေရွတ်သံက ကျယ်လောင်စွာထွက်ပေါ်လာသည်။ သူတို့က လူကြီး၏ မျက်နှာကို မျက်လုံးအပြူးသားဖြင့် မယုံနိုင်သလို စိုက်ကြည့်နေမိကြသည်၊ လူကြီးက ဆက်ပြီး -

"အေး ... မင်းတို့ ငြိမ်းဆုကို တွေ့ခဲ့တယ်ဆိုရင်တော့ အဲဒါတစ္ဆေပဲ ဖြစ်မယ်ကွ၊ ငြိမ်းဆုတစ္ဆေလေ"

သူတို့နှစ်ယောက် တိုင်ပင်မထားဘဲ အိမ်လေးဆီသို့ပြိုင်တူ လှည့်ကြည့်လိုက်မိသည်၊ ထိုအခါ မှောင်မည်း တိတ်ဆိတ်နေသော အိမ်လေးကိုသာ ခြောက်ခြားဖွယ်ရာ တွေ့လိုက်ရသည်၊

သို့တိုင်အောင် သူတို့မျက်လုံးထဲမှာတော့ ပြတင်းပေါက်ဝတွင် ရပ်ကာ ငေးငိုင်နေသော ငြိမ်းဆုဆိုသော အမျိုးသမီးကို မြင်တွေ့နေရသလို၊

ရေးသူ ➡ နတ်မိစတ်

စာရှုရှင်များသို့

ရွေးချယ်ထောစာစုများကို ပြန်လည်ဝေမျှ ခြည်တော့တ်ဝါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ မယဉ်ရွှေ ရှာမှထွက်လာချိန်မှာ မောင်ရှိမျ
အချိန် ဖြစ်နေသည်။ ဆရာမ မယဉ်ရွှေသည် ဇာ
ကနုတ်ရွေ မိတ်ရုက်တွင် မိခင်ကြီး၏ရှာကတိရှာနှင့်ဖြစ်
မိမိ၏ဆင်ခြေအလုပ် လုပ်နေသော ရှာကလေး
ထွက်လာခဲ့ခြင်းဖြစ်ပါသည်။



ငွေတာယဉ်

# တရွေမော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှာ သောကြာနေ့ညနေခင်းဖြစ်လေသည်၊ ညနေလေးနာရီအချိန်ကတည်းက ကျောင်းဆင်းခဲ့သော်လည်း ကလေးများ၏ ဒုတိယအစမ်း စာမေးပွဲအတွက် ပြင်ဆင်စရာရှိသည်များကို ရွာခံဆရာမကြီးနှင့် တိုင်ပင်နေရပါ၍ မှောင်ရီပျိုးစ ခြောက်နာရီထိုးမှပင် ရွာမှထွက်လာဖြစ်လေသည်၊

❧

ဆရာမ မယဉ်ရွှေ အလုပ်လုပ်သော တမာတန်းရွာကလေးသည် ရန်ကုန်-မန္တလေးလမ်းမကြီးနံဘေး၌ရှိသည်၊ သူမ၏ ဇာတိရွာကလေးမှာလည်း ရန်ကုန်-မန္တလေးကားလမ်းမကြီးနံဘေးမှ ရွာကလေးတစ်ရွာပင် ဖြစ်ပါသည်၊

တစ်ရွာနှင့်တစ်ရွာမှာ မိုင် ၂၀ ကျော်မျှသာ ဝေးပါသည်၊ အသွားအလာ အဆင်ပြေသည်၊ လမ်းမကြီးပေါ်ထွက်၍ ကားကြုံကိုတားပြီး တက်လိုက်ရုံသာဖြစ်ပါသည်၊

ဆရာမ မယဉ်ရွှေတို့လို ကျောင်းဆရာများအဖို့ မည်သည့်ကားကို တက်စီးစီး ကားခပေးရန်မလိုပါ၊ ကားအတော်များများက ကျောင်းဆရာ ဆရာမများကို လမ်းကြုံတင်ခေါ်သွားကြမြဲဖြစ်သည်၊

ဆရာမ မယဉ်ရွှေသည် ညနေခင်းအချိန် ဖြစ်သော်လည်း မိမိကို ကျောင်းဆရာမတစ်ဦးမှန်း သိသာစေရန် ကျောင်းဝတ်စုံအဖြူနှင့် အစိမ်းကိုပင် ဝတ်ဆင်လာခဲ့လေ၏၊

သွားနေကျလမ်းဖြစ်၍ မယဉ်ရွှေက တစ်မိုင်ခန့်ဝေးသော အဝေးပြေးလမ်းမကြီးဆီသို့ အဖော်မခေါ်ပဲ တစ်ယောက်တည်းပင် လျှောက်လာခဲ့လေသည်၊

ရန်ကုန် - မန္တလေး အဝေးပြေးလမ်းမကြီးသို့အရောက်တွင် လမ်းဘေးမှနေ၍ ကားကြုံကို စောင့်နေလိုက်လေသည်၊



မယဉ်ရွှေပြန်ရမည့်ရွာမှာလည်း လမ်းမကြီးဘေး၌ပင် ရှိလေသည်၊ မြို့ကို မရောက်မီ ငါးမိုင်ခန့်အကွာတွင်ရှိသော ညောင်ပင်ဝိုင်းရွာ ဖြစ်ပါသည်၊

မယဉ်ရွှေသည် လမ်းမကြီးအရောက်တွင် ကားကြုံကို တစ်ယောက်တည်းရပ်စောင့်နေခဲ့သည်၊ ယခုလိုအချိန်များတွင် ရန်ကုန်မှလာသော အဝေးပြေးကားကြီးများသည် မယဉ်ရွှေတို့ မြို့ကို ဖြတ်သွားသည့်အချိန် ဖြစ်ပေ၏၊ သို့သော် အဝေးပြေးကားကြီးများက လမ်းကြုံခရီးသည်များကို တင်လေ့မရှိပါ၊ မယဉ်ရွှေ စောင့်မျှော်နေသည့် ယာဉ်အကြုံမှာ ခရီးတိုသွားသော ကားများ၊ ကိုယ်ပိုင်ကားများနှင့် ပစ္စည်းတင်သော ထော်လာဂျီယာဉ်များသာ ဖြစ်ပါသည်၊

မယဉ်ရွှေကတစ်ဖက်မှလာမည့်ကားကြုံကိုမျှော်ရင်းလမ်းဘယ်ဘက်သို့ ကြည့်နေလေသည်၊ စောင့်မျှော်နေစဉ်မှာပင် တစ်စတစ်စဖြင့် အမှောင်ထုစိုးမိုးလာလေ၏၊ ဆောင်းကာလဖြစ်၍ ညနေခင်းခြောက်နာရီခွဲလောက်သာရှိသေးသော်လည်း မှောင်လာခဲ့ပြီဖြစ်သည်၊ ထိုစဉ် မြို့ဘက်သို့ဦးတည်၍ မောင်းလာသော ကားလေးတစ်စီးကို မယဉ်ရွှေ မြင်လိုက်ရလေသည်၊

ထိုကားလေးတွေ လူချောင်လျှင်ဖြင့် မယဉ်ရွှေ လိုက်ခွင့်ရပါလိမ့်မည်၊ မယဉ်ရွှေသွားမည့် ညောင်ပင်ဝိုင်းရွာသည် မြို့အထိရောက်အောင် လိုက်စီးစရာမလို၊ မြို့ထဲမရောက်မီ ငါးမိုင်ခန့်မှာ ညောင်ပင်ဝိုင်းရွာရှိ၍ လမ်းမှာပင် ဆင်းရမည်ဖြစ်သည်၊

ကားလေးက တဖြည်းဖြည်း နီးလာသည်နှင့် မယဉ်ရွှေက ရေနွားကို ရွှေရပ်ကာ ကားကို လက်ပြ၍ တားလိုက်သည်၊ ကားကလေးက မယဉ်ရွှေ ရှေ့မှာပင် တိခနဲ ရပ်သွားလေသည်၊

❧



www.burmeseclassic.com

www.burmeseclassic.com

ကားလေးမှာ လေးယောက်စီး ဖယ်မလီယာကားလေးဖြစ်ပါ၏။ ကား ရှေ့ခန်း၌မောင်းသူ တရုတ်အမျိုးသားကြီးနှင့် တရုတ်အမျိုးသမီးကြီးတစ်ဦး တို့ ထိုင်လျက်ရှိသည်။ သူတို့မှာ လင်မယားမှန်းသိသာပါသည်။ ကားပေါ် တွင် လင်မယားနှစ်ယောက်သာပါသဖြင့် မယဉ်ရွှေ ပျော်သွားသည်။

"ကျွန်မ ညောင်ပင်ဗိုင်းအထိ လိုက်ပါရစေရှင့်"

ကားမှာ ညာမောင်းမို့ မောင်းသူဒရိုင်ဘာတရုတ်ကြီးက မယဉ်ရွှေနှင့် နီးသည့်ဘက်တွင်ရှိနေသည်။

---

မယဉ်ရွှေက ထိတ်လန့်တကြားအော်ဟစ်လိုက်သော်လည်း ရှေ့ခန်းမှ တရုတ်ကြီးသည် မကြားသယောင် ကားကို ဘေးသို့တိမ်းမပေးဘဲ



မောင်းမြဲအတိုင်း ဆက်မောင်း နေလေသည်။ နောက်မှလိုက် လာသော အဝေးပြေး ကားကြီး၏ ခေါင်းပိုင်းသည် မယဉ်ရွှေ ပါလာသော ကားလေး၏နောက်ပိုင်းကို လျှပ်မြန်စွာ ဝင်တိုက်မိသွားလေ၏။



တရုတ်ကြီးသည် ဘာမှပြန်မပြော။ ခေါင်းညိတ်ပြကာ လက်တစ်ဖက် ကို ကားနောက်ဘက်သို့ ထိုးပြလိုက်၏။ လိုက်ခဲ့ဖို့ ခွင့်ပြုသည့်သဘောနှင့် နောက်ခန်းမှာတက်ထိုင်ရန် အမူအရာပြလိုက်ခြင်းဖြစ်သည်။

ဆရာမ မယဉ်ရွှေသည် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင် လိုက်၏။ မယဉ်ရွှေ ထိုင်လိုက်သည်နှင့် ကားလေးက မောင်းထွက်ခဲ့လေ သည်။

"ကျေးဇူးတင်ပါတယ် ... ကျွန်မ ညောင်ပင်ဗိုင်းအထိပဲ လိုက်မှာပါ။ ညောင်ပင်ဗိုင်းရွာထိပ်က ညောင်ပင်ကြီးနားမှာ ကျွန်မဆင်းမယ်နော်"

မယဉ်ရွှေက ကားရှေ့ခန်းမှ လင်မယားကို ကျေးဇူးတင်စကားပြော လိုက်သည်။

သို့သော် လင်မယားနှစ်ယောက်စလုံး မယဉ်ရွှေကို ဘာမှပြန်မပြောပါ။ နောက်ကိုလည်း လှည့်မကြည့်ပါ။

တရုတ်ကြီးက ကားမောင်းပြီး တရုတ်မကြီးက တိတ်ဆိတ်စွာထိုင်၍ လိုက်ပါလာသည်။

သူတို့အချင်းချင်းလည်း စကားမပြောကြ။ မယဉ်ရွှေသည် တရုတ်ကြီး လင်မယားမှာ စကားများတာ မကြိုက်လို့ပဲဟုထင်ကာ တိတ်ဆိတ်စွာပင် လိုက်ပါလာခဲ့လေ၏။

ကိုယ်ပိုင်ကားလေးက တရိပ်ရိပ်ပြေးလျက် ရှိလေသည်။ မယဉ်ရွှေ သည် ကားပိုင်ရှင်လင်မယားမှာ မြို့ပေါ်ကလား၊ မန္တလေးအထိ ခရီးဆက်ကြ မယ့် သူတွေလားဆိုတာ စဉ်းစားနေမိသည်။ ထိုလင်မယားကို မြို့ပေါ်မှာ တော့ မယဉ်ရွှေမတွေ့မိချေ။ မြို့ကလေးမှာ သေးသောကြောင့် ဆရာမမယဉ် ရွှေအနေဖြင့် တစ်မြို့လုံးကို သိနေပါသည်။

သို့သော် တရုတ်ကြီးလင်မယားမှာ သူတို့အချင်းချင်းပင် စကားစမြည် မပြောပဲ ငူငူငေါင်ငေါင်ကြီးတွေ ရှိနေကြသည်မို့ မယဉ်ရွှေက မစပ်စုမိ တော့ချေ။ ခပ်မဆိတ်ပင်လိုက်ပါလာခဲ့၏။ ထိုအချိန်တွင် မယဉ်ရွှေတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူမြို့ဘက်မှရန်ကုန်ဘက်သို့မောင်းသွားသောကားတစ်စီးနှစ်စီးကိုသာ တွေ့ရပေ၏။ ခရီးတစ်ဝက်ကျိုးချိန်လောက်တွင် နောက်မှ စူးရှသော ကားမီးရောင်တစ်ခုကြောင့် ကားတစ်စီးနောက်တွင် လိုက်ပါလာသည်ကို သိလိုက်ရသည်။ မယဉ်ရွှေက နောက်မှလိုက်ပါလာသောကားကို လှည့်ကြည့်လိုက်၏။

ရန်ကုန် - မန္တလေးအဝေးပြေးကားကြီးပင်ဖြစ်ပါ၏။ လေအေးစက်တပ် မှန်လုံ အဆင့်မြင့်ပို့ဆောင်ရေး ကားကြီးတစ်စီး ဖြစ်ပါသည်။ ကားကြီး၏ရှေ့ နောက်ဝဲယာမှ မီးများအားလုံး လင်းလက်နေသလို၊ ကားအတွင်းမှ မီးများ မှာလည်း ထိန်ထိန်ညီးလျက်ရှိပေ၏။

အဝေးပြေးကားကြီးက လျင်မြန်သော အဟုန်ဖြင့် နောက်မှလိုက်ပါ လာလျက်ရှိလေသည်။ အဝေးပြေးကားကြီးဆီမှ ကားမီးရောင်ကိုမြင်မှပင် မိမိ စီးနင်းလာသော ကားတွင် ကားရှေ့မီးများ ဖွင့်မထားရသေးသည်ကို မယဉ်ရွှေသတိပြုမိလိုက်၏။

"မှောင်နေပြီ၊ ကားရှေ့မီးတွေ မဖွင့်ရသေးဘူးနော်"

မယဉ်ရွှေက သတိပေးသလို ပြောလိုက်သော်လည်း တရုတ်ကြီးလင် မယားက ဘာမှပြန်မပြောရေး၊ ကားမီးများကိုလည်း မဖွင့်ပါ၊ နောက်ကို လည်း လှည့်မကြည့်၊ အရုပ်ကြီးများလို အသေထိုင်ရင်း လိုက်ပါလာသည်။ ကားမီးတွေပဲ ပျက်နေလို့လား၊ ဒီအတိုင်းဆို အဝေးပြေးလမ်းမကြီး၌ အန္တရာယ်ရှိနိုင်ပေသည်။

မယဉ်ရွှေ တွေးနေစဉ်မှာပင် နောက်မှပါလာသော အဝေးပြေးကား ကြီးသည် မယဉ်ရွှေစီးလာသော ကားလေးနှင့် တဖြည်းဖြည်းနီးကပ်လာ ချေပြီ၊ သို့သော် တရုတ်ကြီးသည် နောက်ကားကျော်တက်နိုင်အောင်ရှောင်



ပေးခြင်း၊ လမ်းဘေးသို့ တိမ်းပေးခြင်းမပြုဘဲ ကားကို အရှိန်မပျက် ဆက် မောင်းမြဲ မောင်းနေပေ၏။

"နောက်မှာ...ကားကြီးပါလာတယ်"

မယဉ်ရွှေက မနေနိုင်၍ သတိပေးလိုက်မိပြန်သည်။

တရုတ်ကြီးက တုပ်တုပ်မျှပင် မလှုပ်ပဲ ကားကို ဆက်မောင်းနေသည်။

အဝေးပြေးကားကြီးမှာတစ်စတစ်စနီးကပ်လာချေပြီ။ အဝေးပြေးကား ကြီးကလည်း ဟွန်းတီးသတိပေးခြင်းမျိုးမရှိပဲ အရှိန်မှန်မှန်ဖြင့် ပြေးလာနေ ခြင်းဖြစ်လေသည်။

မယဉ်ရွှေသည် ယာဉ်နှစ်စီး၏ အခြေအနေကိုကြည့်ကာ ထိတ်လန့် သွားသည်။ ဒီအတိုင်းဆိုလျှင်ကားလေးကိုနောက်မှပါလာသောအဝေးပြေး ကားကြီးက အရှိန်ပြင်းစွာ ဝင်တိုက်မိတော့မည်။

"နောက်မှာ...နောက်မှာ ကားကြီး၊ ကားကြီး သိပ်နီးလာပြီ၊ လမ်းဘေး ကပ်ပြီး ရှောင်ပေးလိုက်ပါ၊ အို..."

မယဉ်ရွှေက ထိတ်လန့်တကြားအော်ဟစ်လိုက်သော်လည်း ရှေ့ခန်းမှ တရုတ်ကြီးသည် မကြားသယောင် ကားကို ဘေးသို့တိမ်းမပေးဘဲ မောင်းမြဲ အတိုင်း ဆက်မောင်းနေလေသည်။ နောက်မှလိုက်လာသော အဝေးပြေး ကားကြီး၏ ခေါင်းပိုင်းသည် မယဉ်ရွှေပါလာသော ကားလေး၏နောက်ပိုင်း ကို လျင်မြန်စွာ ဝင်တိုက်မိသွားလေ၏။

နောက်သို့ လှည့်ကြည့်နေသော မယဉ်ရွှေသည် ကားချင်းတိုက်မိ လိုက်သည်ကို အမြင်တွင် စူးရှစွာ အလန့်တကြား အော်လိုက်မိလေသည်။ မျက်လုံးကိုလည်း စုံပိတ်ထားလိုက်၏။ နောက်မှ ဝင်အောင်းသော ကားကြီး အရှိန်ကြောင့် မိမိစီးလာသောကားလေး လွင့်စဉ်ထွက်သွားကာ ကား[illegible] လာသော သူမနှင့်အတူ တရုတ်ကြီး လင်မယားလည်း မရှုမလှ [illegible]ဝင်ရ



www.burmeseclassic.com

www.burmeseclassic.com

တော့မည်ကို တွေးလိုက်မိကာ အသည်းအူများပင် တုန်လှုပ်သွားတော့လေသည်။

သို့သော်...

သို့သော်...

ဘာမှဖြစ်မသွားပါ။ ဘာဆိုဘာမှ ဖြစ်မသွားပါ။

မယဉ်ရွှေ ရူးရူးစွာ အော်လိုက်သံကိုလည်း ရှေ့မှ တရုတ်လင်မယားက သတိထားမိဟန်မတူ။ ကားလေးသည် အရှိန်မပျက် ဆက်ပြေးနေမြဲ။

မယဉ်ရွှေ မျက်လုံးဖွင့်ကြည့်လိုက်ချိန်၌ အဝေးပြေးကားကြီး၏ ခေါင်းပိုင်းသည် မယဉ်ရွှေတို့ကားလေးအတွင်းထဲသို့ ဝင်လာနေခဲ့ပြီဖြစ်သည်။ သို့သော် ကားကြီး၏ ကိုယ်ထည်သည် ကားလေးအတွင်း ဝင်လာသော်လည်း တစ်စုနှင့်တစ်စု ထိခိုက်မိမသွားဘဲ နစ်စင်းစလုံးသည် ကိုယ့်အရှိန်နှင့်ကိုယ် ဆက်လက်ရွေ့လျားနေလေ၏။

မယဉ်ရွှေက အဖြစ်အပျက်ကို မယုံကြည်စွာ စိုက်ကြည့်နေမိသည်။ ပို၍အရှိန်မြန်သော ကားကြီးသည် တစ်စတစ်စဖြင့် မိမိတို့ကားလေးနောက်ပိုင်းကို ဝါးမျိုလျက်ရှိလေသည်။ ခဏချင်းမှာပင် ကားလေးသည် ကားကြီး၏ ကိုယ်ထည်အတွင်းသို့ လုံးလုံးရောက်သွားလေ၏။

ကားရှေ့ခန်းမှ တရုတ်လင်မယားသည် ထိုအဖြစ်ကို မသိသည့်သဖွယ် (သို့မဟုတ်) သိပါလျက် အမှုမထားသည့်သဖွယ် အေးဆေးစွာပင် ကားကို အရှိန်မပျက် ဆက်မောင်းနေပေသည်။ ကားကြီးပေါ်မှ ဒရိုင်ဘာသည် လည်းကောင်း၊ ခရီးသည်များသည်လည်းကောင်း ထိုအဖြစ်ကို သိပုံမရပါ။

သူတို့စီးနင်းလာသောကားကြီး၏ အတွင်းပိုင်းတွင် ကားငယ်လေး တစ်စီး ဝင်ရောက်ကာ ကားနှစ်စီးအပြိုင်သွားနေသည့်အဖြစ်ကို မည်သည့် ခရီးသည်မှ သတိထားမိပုံမပေါ်ပေ။

ကားကြီးနှင့်ကားငယ်တို့၏ အရွယ်အစား အနိမ့်အမြင့်မှာ ကွာခြားလှပေရာ မယဉ်ရွှေတို့သည် ကားကြီးပေါ်တွင်ပါလာသော ခရီးသည်များ၏



အောက်၌ ရောက်နေပေသည်။ မယဉ်ရွှေ၏ ဦးခေါင်းပိုင်းမှာ ခရီးသည်များ၏ ခြေထောက်များနှင့် တစ်တန်းတည်းတွင် ရှိနေ၏။

မယဉ်ရွှေက ကားကြီးအတွင်းဘက်ဆီသို့ မော်၍ကြည့်လိုက်သည်။

ထိုအခါ . . . ကားကြီးအတွင်းမှ ခရီးသည်များသည် မြို့တစ်မြို့သို့ ဝင်ရောက်ခါနီးပြီဖြစ်၍ နီးနီးကြားကြား ရှိနေသည်ကို တွေ့ရလေ၏။

ကားကြီးအတွင်း၌လည်း ရုပ်မြင်သံကြားစက်ဖြင့် ဗီဒီယိုဇာတ်ကား တစ်ကားပြသနေသည်ကို တွေ့နေရလေသည်။ အဝေးပြေးကားများ၏ ထုံးစံအတိုင်း ဒရိုင်ဘာခုံ၏နောက်ကျောဘက်အထက်တွင် ရုပ်မြင်သံကြားစက်ကို ချိတ်တွဲထားကာ ခရီးသည်များအား ဖျော်ဖြေပေးနေခြင်းပင်ဖြစ်ပါသည်။ မယဉ်ရွှေက ပြသနေသော ဗီဒီယိုကားကို လှမ်းကြည့်လိုက်ရာ ဇာတ်ကားမဟုတ်ပဲ ဟာသအငြိမ့်ဖြစ်နေသည်ကို တွေ့ရလေသည်။ အငြိမ့်ထဲတွင် မိုးဒီ၊ မော့စ်နှင့်အဖွဲ့က ဟာသများလုပ်ပြနေပေသည်။ ခရီးသည်များက ရယ်မောနေကြ၏။

မယဉ်ရွှေက အပေါ်ကို မော့ကာ ခရီးသည်တွေကို တစ်ယောက်ချင်း လှမ်းကြည့်အကဲခတ်လိုက်၏။ မယဉ်ရွှေတို့ကားလေးက ကားကြီးထက်စာလျှင် နိမ့်နေပေရာ မယဉ်ရွှေ၏ဦးခေါင်းသည် ခရီးသည်များ၏ ခြေသလုံးလောက်ဆီ၌ ရောက်နေပေသည်။ မယဉ်ရွှေ ပါလာသောကားလေးက ကားကြီး၏အလယ်တည့်တည့်လောက်ဆီမှ မောင်းနှင်နေပေရာ မယဉ်ရွှေသည် ကားကြီး၏ အလယ်အူကြောင်း လူသွားလမ်းတွင် ရောက်ရှိနေပေသည်။

ခရီးသည်အားလုံးကို မယဉ်ရွှေက ထင်ထင်ရှားရှားပင်မြင်နေရပေ၏။ သူတို့ပြောသောစကားများကိုလည်း ပကတိအတိုင်း ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

အငြိမ့်ထဲမှ ပြက်လုံးများကို ရယ်မောနေသည့်အသံများကိုလည်း ကြားနေရသည်။ မယဉ်ရွှေလည်း ရုပ်မြင်သံကြားထဲမှ ပုံရိပ်များကို လှမ်းကြည့်မြင်တွေ့နေရပေသည်။ မယဉ်ရွှေသည် ဘယ်လိုအဖြစ်မျိုးပါလိမ့်ဟုတွေးကာ ထိတ်လန့်လာသည်။

ကြုံတွေ့နေရသော မြင်ကွင်းများသည် ထိတ်လန့်စရာ မဟုတ်သော်လည်း အဖြစ်အပျက်မှာ သဘာဝနှင့် ဆန့်ကျင်နေပါသဖြင့် ကြောက်ရွံ့လာရခြင်းဖြစ်ပါသည်။

တရုတ်လင်မယားကတော့ ကြုံနေရသည့်အဖြစ်များကို ဘာမှမဆန်းကြယ်သလို ဘေးဘီသို့ပင် လှည့်မကြည့်ဘဲ အရုပ်ကြီးတွေလို ငုတ်တုတ်ထိုင်လျက်ပင် ရှိပေသည်။ မယဉ်ရွှေသည် မိမိအထက်မှ ခရီးသည်များကို မော်ကြည့်လိုက်ရာ...

သူငယ်ချင်းဖြစ်သူ သီသီမာကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။ သီသီမာသည်ကားအတွင်းဘက်ခုံတွင်ထိုင်လျက်ရှိရာမယဉ်ရွှေနှင့် နီးကပ်စွာရှိနေပေ၏။ တစ်ဆက်တည်းမှာပင် ယခင်အပတ်က ရုံးချုပ်အစည်းအဝေး တက်ရောက်ရန် သီသီမာ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည် သတိရလိုက်သည်။ ယခု ဤအဝေးပြေးကားကြီးဖြင့် သီသီမာ ရန်ကုန်မှ ပြန်လာခြင်းဖြစ်ပေ၏။

သီသီမာနှင့် မယဉ်ရွှေမှာ တစ်ရွာတည်းသူ ငယ်သူငယ်ချင်း ရွယ်တူတန်းသူများဖြစ်ကြသည်။ သီသီမာက စိုက်ပျိုးရေးဘွဲ့ရခဲ့ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် မြို့နယ်မန်နေဂျာဖြစ်နေပေပြီ။ မယဉ်ရွှေရော သီသီမာပါ မြို့နှင့်ငါးမိုင်ဝေးသောဇာတိရွာမှာပင်နေထိုင်ကြသည်။ သီသီမာကရုံးတက်လျှင် မော်တော်ဆိုင်ကယ်ဖြင့် ရွာမှ ရုံးတက်သည်။

မယဉ်ရွှေက သီသီမာ၏ ဘေးထိုင်ခုံတွင် ထိုင်နေသော သီသီမာ့အထက်အရာရှိ ခရိုင်မန်နေဂျာ ဒေါ်မြင့်မြင့်စိန်ကိုပါ မြင်တွေ့လိုက်ရလေသည်။ ဒေါ်မြင့်မြင့်စိန်က ပြတင်းပေါက်နှင့် ကပ်ရပ်ခုံတွင် ထိုင်ကာ သီသီမာက



အတွင်းဘက်ခုံတွင် ထိုင်၍လိုက်ပါလာခြင်းဖြစ်ပါသည်။ သူတို့နှစ်ယောက်အတူ ရန်ကုန်ရုံးချုပ် အစည်းအဝေးသို့ သွားရောက်ကြခြင်း ဖြစ်ပါသည်။

မယဉ်ရွှေသည် တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူကို ကားပေါ်မှာ တွေ့လိုက်ရ၍ ဝမ်းသာသွားသည်။ မိမိကြုံတွေ့နေရသော အဖြစ်ဆန်းထဲမှ ရုန်းထွက်ဖို့ သီသီမာ့ကို အကူအညီတောင်းနိုင်ကြောင်း တွေးလိုက်မိ၍ အားတက်သွားလေသည်။ ယခုအချိန်တွင် မယဉ်ရွှေသည် သီသီမာနှင့် လက်တစ်ကမ်းအကွာ၌ရှိနေပေ၏။ မိမိသည် သီသီမာ့ ခြေထောက်များနှင့် တစ်ညီတည်းနေရာတွင်ရှိနေပေသည်။မိမိဦးခေါင်းနှင့် သီသီမာ့ခြေထောက်များတန်းလျက်ရှိနေသည်။သီသီမာ့ခြေထောက်များကိုမယဉ်ရွှေလှမ်းကိုင်လိုက်လျှင် အလွယ်တကူ ရနိုင်ပေသည်။

ထိုစဉ်တစ်ဖက်မှဒေါ်မြင့်မြင့်စိန်ကသီသီမာရှိရာဘက်သို့လှည့်၍ပြောလိုက်သံကို ကြားလိုက်ရသည်။

"ညီမတို့ ရွာကိုရောက်တော့မယ်၊ ဆင်းဖို့ပြင်တော့လေ ညီမ"

ဒေါ်မြင့်မြင့်စိန်က သီသီမာကို သတိပေးလိုက်ခြင်းဖြစ်သည်။

သီသီမာက ကိုယ်ကိုကြွကာ ကားရှေ့ပိုင်းသို့ လှမ်းအော်လိုက်သည်။

ညောင်ပင်ဝိုင်းပါတယ်နော်၊ ညောင်ပင်ဝိုင်းမှာ ဆင်းမယ်၊ ညောင်ပင်ကြီးရှိတဲ့ဂိတ်မှာ ရပ်ပေးပါ၊

မိမိတို့ရွာကို ရောက်တော့မည်၊ သီသီမာက ကားအမိုးတန်းပေါ်မှာ လက်ဆွဲအိတ်များကို ချကာ ဆင်းဖို့ အသင့်ပြင်နေလေပြီ။

မယဉ်ရွှေသည် သီသီမာကို အကူအညီတောင်းရန် သီသီမာထံ လက်လှမ်း၍ ခြေထောက်များကို လှမ်းဆွဲလိုက်သည်။

မယဉ်ရွှေ၏လက်သည် လေထဲ၌ ဝဲပျံသွားလေသည်၊ သီသီမာ၏ခြေထောက်အစုံဆီ သူမလက်ရောက်သွားသော်လည်း ဖမ်းဆုပ်ကိုင်၍မရပဲရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com

မယဉ်ရွှေ ပို၍ထိတ်လန့်လာလေသည်။

ရှေ့ကိုကြည့်လိုက်တော့ တရုတ်ကြီးလင်မယားမှာ မလှုပ်မယှက် ငုတ်တုတ်ထိုင်လျက်ပင်။ တရုတ်ကြီးက ရှေ့တည့်တည့်ကိုကြည့်ရင်း ကားကို မောင်းနေမြဲ၊ တရုတ်မကြီးကလည်း ဖက်ကြီးနိုင်ကာ ကျောက်ရုပ်တစ်ရုပ်နယ် ထိုင်နေမြဲ၊

မယဉ်ရွှေသည် မိမိစီးနင်လာသောကားမှာ ပုံမှန်အနေအထား မဟုတ်ကြောင်း၊ တရုတ်လင်မယားမှာလည်း လူသား စင်စစ်များမဖြစ်နိုင်ကြောင်းကို ရိပ်မိသိရှိလိုက်လေပြီ။

"ကျွန်မ ကားပေါ်က ဆင်းတော့မယ်၊ ကျွန်မကို ကားရပ်ပေးပါ"

မယဉ်ရွှေက လှမ်းအော်ပြောလိုက်သည်။ တရုတ်လင်မယားက တုတ်တုတ်မျှမလှုပ်၊

မယဉ်ရွှေသည် ဘုရားမှတစ်ပါး အားကိုးရာမရှိတော့ဟုတွေးမိကာ ဘုရားစာရွတ်ရန် ကြိုးစားလေသည်။

သို့သော် . . . နှုတ်မှ မည်သည့်ဘုရားစာမှထွက်မလာချေ။ ရွတ်ဆိုရန်အတွက် ဘုရားစာများကိုလည်း မမှတ်မိတော့ပေ။

မယဉ်ရွှေက ကားကြီး၏ ထိပ်ပိုင်းဆီမှ ဘုရားပုံတော်နှင့် ကားမှန်ပေါ်တွင် ရေးထားသော . . .

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုသော စာတန်းကိုမြင်လိုက်ရလေသည်။ မယဉ်ရွှေသည် စာတမ်းကို အသံထွက်၍ လှမ်းဖတ်လိုက်လေ၏။

"ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"

မယဉ်ရွှေနှုတ်မှ ဘုရားစာရေရွတ်သံဆုံးသည်နှင့် ကားလေးသည် လေးညို့မှပစ်လွှတ်လိုက်သောမြားတစ်စင်းသဖွယ်ရှေ့သို့တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။ ကားလေး၏လျင်မြန်သောအဟုန်ကြောင့် ခရီးသည်တင်ကားကြီးမှာနောက်၌ပြတ်ကျန်ခဲ့လေ၏။ ကားကြီးအုပ်မိုးထားမှုမှလွတ်



သွားသောကြောင့် ဘေးပတ်ဝန်းကျင် မြင်ကွင်းများကို ထင်ထင်ရှားရှားမြင်၍ မြင်တွေ့လိုက်ရလေသည်။

ထိုအခါ မိမိရွာညောင်ပင်ပိုင်းအနီးသို့ ရောက်နေပြီဖြစ်ကြောင်းကို မယဉ်ရွှေတွေ့လိုက်ရလေသည်။

"ကျွန်မ ဆင်းတော့မယ်၊ ကျွန်မ ရွာရောက်ပြီ၊ ကျွန်မကို ရှေ့က ညောင်ပင်ကြီးနားမှာ ရပ်ပေးပါ"

မယဉ်ရွှေက ပြောလိုက်သည်။

ကားလေးသည် လမ်းဘေးသို့ ကပ်သွားကာ ရပ်ရန်အရှိန်လျှော့လိုက်၏။

ကားရပ်လိုက်သည့်အခါ ညောင်ပင်၏ အတော်လှမ်းလှမ်းနေရာသို့ ရောက်သွားလေသည်။

မည်သို့ပင်ဆိုစေ ကားရပ်ပေးလိုက်ပြီဖြစ်၍ ဤကားပေါ်မှဆင်းခွင့်ရပေတော့မည်၊ ဘာမှန်းမသိသော မှုမမှန်သည့်ကားပေါ်မှ လွတ်မြောက်ခွင့်ရပေတော့မည်။

ကားရပ်လိုက်သည်နှင့် မယဉ်ရွှေသည် ကားတံခါးကို အလျင်အမြန်ဖွင့်ကာ ဆင်းလိုက်လေသည်။ မယဉ်ရွှေ ကားပေါ်မှ ဆင်းသည်နှင့် နောက်မှပါလာသော ခရီးသည်တင် အဝေးပြေးကားကြီးက ညောင်ပင်နှင့် တည့်တည့်ဂိတ်တွင် ထိုးဆိုက်လိုက်သည်ကိုမြင်လိုက်ရပေသည်။ သီသီမာ ဆင်းနိုင်ရန် ရပ်ပေးလိုက်ခြင်းဖြစ်၏။

မယဉ်ရွှေသည် တစ်ဆက်တည်းပင် ညောင်ပင်ရှေ့ကားဂိတ်၌ ရပ်စောင့်နေကြသော သီသီမာ၏ မိခင်ကြီး၊ မောင်ဖြစ်သူနှင့် ညီမဖြစ်သူတို့ကိုပါမြင်တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မယဉ်ရွှေက ကားလေးပေါ်မှ ဆင်းမိသည်နှင့် ကားတံခါးကို ဆောင့်ပိတ်လိုက်ကာ ကားအနီးမှ ခွာရန်ပြင်လိုက်လေ၏။ ကားကြုံတင်ခေါ်သော တရုတ်ကြီးလင်မယားကို နှုတ်ဆက်ရန်ပင် သတိမရတော့ပါ။ မယဉ်ရွှေစိတ်တွင် ထွေပြားဝေဝါးမှုဖြင့် ဘာတွေမှန်းမသိသော တရုတ်ကြီးလင်မယားကိုလည်း ကြောက်ရွံ့နေမိသည်။

သို့သော်... မယဉ်ရွှေကားဆီမှထွက်ရန် ခြေလှမ်းပြင်ဆဲမှာပင် တရုတ်မကြီးဆီမှ စကားသံကို ကြားလိုက်ရလေသည်။

"ဆရာမ..."

မယဉ်ရွှေ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ တရုတ်မကြီးသည် မယဉ်ရွှေကို ပထမဆုံးအကြိမ် စကားပြောခြင်းပင် ဖြစ်ပေ၏။ တစ်လမ်းလုံး ဇက်ကြီးနိုင်ကာ အရုပ်တစ်ခုလို မလှုပ်မယှက်လိုက်ပါလာသော တရုတ်မကြီးသည် မယဉ်ရွှေကို ပြုံးပြလျက်ရှိသည်။

"ဆရာမပွဲကြည့်ချင်ရင် ဒီညလာခဲ့လေ။ ဇာတ်ခုံနောက်မှာ ကျွန်မတို့ရှိတယ်"

မယဉ်ရွှေက တရုတ်မကြီးစကားကို ချက်ချင်းနားမလည်ပဲ တွေကြည့်နေလေသည်။

"မြို့ထဲမှာ ဘုန်းကြီးပျံပွဲရှိတာ ဆရာမမသိသေးဘူးထင်တယ်။ မြို့ထောင့်ကျောင်းက ဘုန်းကြီးပျံလွန်တော်မူ သွားတာလေ။ ကျွန်မတို့ဇာတ်ကို ငှားထားလို့ ကျွန်မတို့လာတာ၊ ကျွန်မတို့လင်မယားက ဇာတ်ပိုင်ရှင်တွေလေ။ ဇာတ်အဖွဲ့က သွားနှင့်ပြီ။ ပန်တျာကြည်ရွှင်ဇာတ်လေ - ဆရာမ သိမှာပေါ့"

ပန်တျာကြည်ရွှင်ဇာတ်ကို မယဉ်ရွှေ ကြားဖူးပါသည်။ မြို့ထောင့်ကျောင်းက ဘုန်းကြီးပျံလွန်တော်မူသွားတာကိုတော့ မယဉ်ရွှေမသိပေ၊

"ပွဲက တစ်ရက်တည်းကမှာ ဆရာမ။ တစ်ရက်တည်းမို့လို့ အကောင်းဆုံးတွေချည်း ကကြမှာ၊ နောက်ပိုင်းဇာတ်က ပန်တျာကြည်ရွှင်ရဲ့အကောင်းဆုံးဇာတ်လေ၊ သိုက်နန်းရှင် မမြစိမ်း။ ပြဇာတ်မင်းသားက လူငယ်နီနိုင် လေ။ ပြဇာတ်က "တပေါင်းလ၏ ရောင်နီဦး" တဲ့။ တော်လှန်ရေးဇာတ်လမ်းလေ၊ ဝံ့ဖောက်ခွဲတဲ့ အခန်းတွေပါတယ်။ သိပ်ကောင်းတာပဲ၊ ဆရာမ လာကြည့်လှည့်ပါ။ ဇာတ်ရုံနောက်ကိုလာခဲ့၊ ဇာတ်ပိုင်ရှင် မရှုလွမ်လို့သာ မေးလိုက်"

တရုတ်မကြီး၏ စကားဆုံးသည်နှင့် ကားက ဝူးခနဲထွက်သွားလေသည်။ ကားမှာ လျင်မြန်လွန်း၍ မယဉ်ရွှေမျက်စိရှေ့မှ ရုတ်ခနဲ ပျောက်သွားလေ၏။

မယဉ်ရွှေက နေရာတွင်ပင် ကြောင်ငေးလျက် ရပ်ကျန်ရစ်သည်။

✿

မယဉ်ရွှေသည် သီသီမာ ကားပေါ်ကဆင်းလာတာ ကားကြီးမောင်းထွက်သွားတာ၊ သီသီမာ့ကို သူ့မိသားစုက ကြိုဆိုနေကြတာတွေကို အားလုံးမြင်နေရသည်၊ သီသီမာတို့ကို လှမ်းခေါ်ဖို့ ကြိုးစားသော်လည်း အာခေါင်ထည့်ထားသလိုဖြစ်နေသည်၊ အလိုလိုနေရင်းလည်း အားငယ်နေသည်၊ ငိုချင်စိတ်ပေါက်နေမိသည်။ မယဉ်ရွှေ၏ နဖူးဝယ် ချွေးများလည်း သီးနေပေ၏၊ မယဉ်ရွှေသည် ရပ်နေရာမှ ရွှေ့လို့ လှုပ်လို့မရဘဲ ကျောက်သားလို နိုင်နိုင်ကြီးဖြစ်နေလေ၏၊ မယဉ်ရွှေစိတ်ထဲမှာ သီသီမာတို့မိသားစုကို လှမ်းခေါ်လိုသော်လည်း ပါးစပ်ကို လှုပ်လို့မရ၊ သူတို့ကတော့ မယဉ်ရွှေကိုမြင်မှမြင်ပါလေစ၊ အမှန်မှာ မယဉ်ရွှေရပ်နေရာနှင့် သီသီမာတို့ မိသားစုမှာ မဝေးလှချေ၊

"ဟင်...အရွှေ...အရွှေ"

သီသီမာက မယဉ်ရွှေကို မြင်သွားသည်။

"အရွှေ...မိုးချုပ်လှပါရော၊ တို့လည်း ခုပဲရန်ကုန်က ပြန်ရောက်တာလာလေ...အရွှေ...သွားကြစို့"





www.burmeseclassic.com

www.burmeseclassic.com

“သူတို့ပြောတဲ့ ဘုန်းကြီးပျံဟာ အခုလက်ရှိဘုန်းကြီးကိုပြောတာ မဟုတ်ဖူးဟဲ့။ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးကိုပြောတာ။ အခုဘုန်းကြီးက ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီး လွှဲခဲ့လို့ ကျောင်းထိုင်လုပ်နေတာ။ အရင်ဘုန်းကြီး ပျံလွန်တော်မူတုန်းက ပန်တျာကြည်ရှင်ဇာတ်ကခဲ့တယ်ဆိုတာ တကယ်ပဲ”



သီသီမာက နှုတ်ဆက်ရင်း ရွာထဲအတူ ဝင်ရန် လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ မယဉ်ရွှေသည် တစ်စုံတစ်ခု ပြန်ပြောချင်သော်လည်း ပြောလို့မရပေ။ သီသီမာ့ကိုသာ အားငယ်သော မျက်လုံးများဖြင့် ကြည့်နေမိသည်။

မယဉ်ရွှေ အမူအရာထူးခြားနေ၍ထင်သည်။ သီသီမာက မယဉ်ရွှေရှိရာသို့ လျှောက်လာလေသည်။

“အရွှေ... မင်းဘာဖြစ်”

သီသီမာ စကားမဆုံးလိုက်ပေ။ မယဉ်ရွှေအနီးအရောက်တွင် သီသီမာက...



မယဉ်ရွှေ၏ ပုံမှန်မဟုတ်သော အနေအထားကို အကဲခတ်မိလိုက်သောကြောင့် နှုတ်ဆွံ့သွားခြင်း ဖြစ်လေ၏။

“အရွှေ...သူငယ်ချင်း၊ နေမကောင်းဘူးလား...ဘာဖြစ်လို့လဲ”

သီသီမာက မယဉ်ရွှေလက်မောင်းကို လှမ်းကိုင်ရင်း မေးလိုက်သည်။

“ဟင်...တစ်ကိုယ်လုံးလည်း အေးစက်လို့...အရွှေ”

“သီသီ... သီသီ”

မယဉ်ရွှေက ပြန်ပြောရင်း ဝမ်းနည်းလာသည်။ မျက်ရည်များ အလိုလိုကျလာသည်။

တစ်ကိုယ်လုံးမှာလည်း နှတ်ပူးသလို တဆတ်ဆတ်တုန်လာလေ၏။

“အို...အရွှေ ဘာဖြစ်တာလဲ၊ အမေ...အမေ...လာပါဦး၊ ဒီမှာ...အရွှေ”

သီသီမာ့မိခင်ကြီးပြေးလာတာ မြင်လိုက်ရပြီးနောက် မယဉ်ရွှေသည် စိတ်ကို လျှော့ချလိုက်ရာ သတိလစ်မေ့မြောသွားလေသည်။

“အရွှေ... အရွှေရေ...”

သီသီမာတို့မိသားစုကပင် ရွာထဲက လူတချို့ပြန်ခေါ်ကာ မယဉ်ရွှေကို ပွေ့ချီ၍ အိမ်အထိခေါ်ခဲ့ရ၏။ သတိပြန်လည်လာချိန်တွင် မယဉ်ရွှေက သူ့အတွေ့အကြုံများကို ပြောပြရာ အားလုံးအံ့အားသင့်ကုန်ကြသည်။ အိမ်နီးချင်းများလည်း မယဉ်ရွှေ အိမ်သို့ စုပြုံရောက်လာကြ၏။

“တကယ်ပါ... ကားပေါ်မှာ အငြိမ့်ခွေပြနေတာကော၊ ရွာရောက်ခါနီးမင်းဆင်းဖို့ လှမ်းပြောလိုက်တာရော၊ ဒေါ်မြင့်မြင့်စိန်က ရွာရောက်ခါနီးလို့ မင်းကို သတိပေးတာတွေ အားလုံးကို ကိုယ်မြင်နေရတာသီသီ”

မယဉ်ရွှေ ပြောတာတွေ အားလုံးမှန်ကန်ကြောင်းကို သီသီမာက ထောက်ခံသည်။

“အဲဒါဖြင့် အရွှေတက်စီးလာတဲ့ကားဟာ တရွှေသရဲတွေမောင်းလာတဲ့ ကားပေါ့။ တို့ကြားဖူးတာကတော့ သရဲတစ္ဆေ၊ နာနာဘာဝတွေက လမ်း



www.burmeseclassic.com

www.burmeseclassic.com

မှာ ကားတားစီးတာတဲ့၊ အရှေ့ကတော့ ပြောင်းပြန်၊ သရဲမောင်းလာတဲ့ကား ကိုမှ တားစီးမိတာကိုး"

"ကျွန်မ စီးလာတဲ့ကားပေါ်က လူတွေဟာ တစ္ဆေသရဲတွေဆိုရင် ဘယ်လို နာနာဘာဝမျိုးတွေပါလိမ့်ရှင်၊ သူတို့က ကျွန်မကို ကြောက်အောင် လန့်အောင်တော့ မခြောက်လှန့်ခဲ့ပါဘူး၊ သူတို့ ခရီးသူတို့သွားနေတုန်းမှာ ကျွန်မက တားစီးလို့ တင်ခေါ်လာရတဲ့ပုံပဲ"

မယဉ်ရွှေက တွေးတွေးဆဆဖြင့်ပြောသည်၊ တစ်လမ်းလုံး အရုပ်ကြီး တွေလို ပါလာကြတာတွေ၊ သူက စကားပြောသော်လည်း မကြားဟန်ဖြင့် ဘာမှပြန်မပြော ပြန်မဖြေတာတွေကို ပြန်မြင်ယောင်နေမိသည်၊

"ဒါနဲ့ မြို့ထောင့်ကျောင်းက ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွား တယ်ဆိုတာကော တကယ်လားဟင်"

"မဟုတ်ပါဘူး . . . မနက်ကတောင် ဆရာတော်ကြီးကို ဖူးခဲ့ရသေး တယ်၊ ဒီည မြို့ထဲမှာ ဆရာတော်ဘုရားကြီး တရားပွဲရှိတယ်"

"ဒါဖြင့် . . . ဘယ်လိုပါလိမ့်"

ထိုစဉ် လူတချို့ အကြောင်းကြားလိုက်သောကြောင့် ဘသက်တင် ဆို သော အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးတစ်ဦးရောက်လာသည်၊

"ယဉ်ရွှေ . . . ဘာဖြစ်သတုံး"

မယဉ်ရွှေက သူ့အတွေ့အကြုံကို တစ်ဖန်ပြန်ပြောပြလိုက်ရာ ရှေ့မီ နောက်မီဖြစ်သော ဘသက်တင်က ချက်ချင်းသဘောပေါက်လိုက်လေ၏၊

"ယဉ်ရွှေ . . . နင်တွေ့ခဲ့တွေဟာ နာနာဘာဝတွေဆိုတာ သေချာသဟ၊ သူတို့ဖတ် ဘုန်းကြီးပျံမှာ လာကတယ်ဆိုတာလည်း တကယ်ပဲ"

"ဘုန်းကြီးက ပျံလွန်တော်မမူသေးဘူးဆို"

"သူတို့ပြောတဲ့ ဘုန်းကြီးပျံဟာ အခုလက်ရှိ ဘုန်းကြီးကို ပြောတာ မဟုတ်ဘူးဟဲ့၊ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က ပျံလွန်တော်မူသွားတဲ့



ဆရာတော်ကြီးကို ပြောတာ၊ အခုဘုန်းကြီးက ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီး လွှဲခဲ့လို့ ကျောင်းထိုင်လုပ်နေတာ၊ အရင်ဘုန်းကြီး ပျံလွန်တော် မူတုန်းက ပန်တျာကြည်ရှင်ဇာတ်ကခဲ့တယ်ဆိုတာ တကယ်ပဲ"

"ဟင် . . ."

"ရှင် . . ."

"ဒါ့လို အသက်ကြီးတဲ့လူတွေ ပြန်စဉ်းစားရင် မှတ်မိကြဦးမှာပါ၊ ဘုန်း ကြီးပျံမှာ ပန်တျာကြည်ရှင်ဇာတ်ကို ငှားတယ်၊ ပြဇာတ်မင်းသားကလည်း လှလှယ်နီနိုင်ပဲ၊ အဲဒီပွဲကို ငါသွားကြည့်ခဲ့တာပေါ့၊ ဘုန်းကြီးပျံပွဲဆိုတော့ ဇာတ်က တစ်ညတည်း ကတာလေ၊ ပန်တျာကြည်ရှင်ရဲ့ သိုက်နန်းရှင် မြစိမ်း၊၊ နောက်ပိုင်းဇာတ်တောင် မကလိုက်ရပါဘူး၊ အဲဒီညက ဇာတ်စင် ပေါ်မှာ မီးလောင်မှုဖြစ်တယ်လေ၊ မီးလောင်လို့ ပွဲလည်းပျက်သွားရတယ်၊ အဲဒီဇာတ်လည်း ဇာတ်ခေါင်းကွဲသွားတယ်၊ ဇာတ်ထဲက လူတချို့လည်း သေတယ်"

"ဘသက်တင်ပြောတာမှန်တယ်၊ ကျွန်တော်လည်း သေချာမှတ်မိ တယ်"

"အဲဒီအဖြစ်တွေဟာ ကြာပြီပေါ့နော် အဘ"

"နှစ်သုံးဆယ်မျှော့မျှော့ရှိရောပေါ့၊ နင်တို့တောင် မွေးမှာမဟုတ်သေး ဘူး ယဉ်ရွှေ"

"ကျွန်မ အသက်က ခုမှ နှစ်ဆယ့်ရှစ်နှစ်လေ အဘ၊ ဆက်ပြောပါဦး အဘ၊ ဇာတ်အဖွဲ့ဘယ်လိုမီးလောင်သွားတာလဲ"

"ပြဇာတ်ထဲမှာ မိုင်းဗုံးခွဲတဲ့အခန်းလုပ်ရင်း ဇာတ်ကန့်လန့်ကာတွေကို တကယ်မီးစွဲပြီး လောင်သွားတာပဲ၊ ပြဇာတ်က ဂျပန်တော်လှန်ရေးဇာတ် ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဟုတ်ပါပြီ၊ ဖာတ်ပိုင်ရှင်ဆိုတဲ့ တရုတ်မကြီးက ကျွန်မကို ခေါ်ပြဖာတ်က တပေါင်းလရဲ့ ရောင်နီဦးဆိုလား၊ အရုဏ်ဦးဆိုလား ပြောသွားတယ်အဘ..."

"အေးလေ...အဲဒါ အဲဒီခေတ်က လူငယ်နီနိုင်ရဲ့နာမည်ကြီးပြဖာတ်ပဲဟာ၊ လူငယ်နီနိုင်လည်းအခုသေပြီဟာ၊ ပန်တျာကြည်ရွှင်တော့သေမသေမသိဘူး၊ ရှိရင်တောင် ပန်တျာကြည်ရွှင်ဟာ အသက် (၇၀)ကျော် (၈၀) ရှိရောပေါ့"

"ဒါဖြင့် ကျွန်မတွေ့ခဲ့တဲ့ တရုတ်လင်မယားက သရဲတစ္ဆေတွေပေါ့"

"သူတို့ဟာ တကယ်ပဲ ဖာတ်ပိုင်ရှင်လင်မယားဖြစ်ပါလိမ့်မယ်၊ အဲဒီတုန်းက ဖာတ်ရုံမီးလောင်တဲ့အထဲမှာ ပါသွားပုံပဲ၊ အဘတို့ကတော့ ပွဲကြည့်ပရိသတ်ဆိုတော့ စင်ပေါ်က မင်းသားမင်းသမီးပဲ စိတ်ဝင်စားတာကို၊ မီးလောင်လို့ ဖာတ်ထဲကလူတွေ သေတာတော့ သေတယ်၊ လေးငါးခြောက်ယောက်လောက် သေတယ်ထင်တယ်၊ ပိုင်ရှင်လင်မယားလည်း အဲဒီထဲ ရောပါသွားသလားပဲ"

"နှစ်ပေါင်းပဲ အတော်ကြာပြီပဲအဘရယ်၊ သူတို့က အခုမှ ဘာလို့တစ္ဆေဖြစ်နေကြတာလဲ"

"ခုမှ တစ္ဆေဖြစ်တယ်လို့ ပြောလို့ရမလားဟ၊ ဒီလိုပဲ မကျွတ်မလွတ်ဖြစ်နေတာနေမှာပေါ့၊ ကြည့်ရတာတော့ အစွဲအလမ်းနဲ့ ကားလမ်းပေါ်မှာ သူတို့ကားကိုမောင်းပြီး သွားနေကျထင်ပါရဲ့၊ ဒီတစ်ခါမှ နင်နဲ့တိုက်တိုက်ဆိုင်ဆိုင် တွေ့တာဖြစ်မှာပေါ့ ယဉ်ရွှေ"

ဘသက်တင်ပြောပြ၍ အဖြစ်အပျက်ကို ခြေရာကောက်လို့ ရသွားကြသည်၊ ရှင်းလည်းရှင်းသွားကြသည်၊

"တော်ပါပြီ . . . တော်ပါပြီ၊ နောင်ဆို ညမှောင်ရင် ကားလမ်းပေါ်ကို မထွက်ရဲတော့ပါဘူး"

မယဉ်ရွှေက ရင်ဘတ်ကို ဖိရင်း ပြောလိုက်သည်၊



"ယဉ်ရွှေ...နင် ခုပြောတာတွေ ဟုတ်၊ မဟုတ် သိရအောင် မြို့တက်ပြီး ပွဲသွားကြည့်ပါလားဟ၊ တရုတ်မကြီးက နင့်ကို ဖိတ်ထားတယ်မဟုတ်လား"

ဘသက်တင်က ပြန်ရန် ထိုင်ရာမှထရင်း မယဉ်ရွှေကို နောက်လိုက်သည်၊

"တော်ပါတော့ အဘရယ်၊ နောက်တစ်ခါသာကြုံရရင် ကျွန်မလိပ်ပြာလွင့်သွားပါလိမ့်မယ်"

ဆရာမ မယဉ်ရွှေသည် ဘယ်သောအခါမှ မှောင်ရီပျိုးချိန်တွင် ခရီးမထွက်တော့ပေ၊

BURMESE CLASSIC .com

။။မမ⇨ နွေတမာန်

စာရှုသူများသို့

ရွေးချယ်ထောတာစုများထို ပြန်လည်ဝေးဝို့ ညည်မတွတ်ဝါ၍ မိတ္တူပွားထားဖြစ်ပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

www.burmeseclassic.com